# လူငယ်များနှင့် အနာဂတ်ကမ္ဘာ–၂

( ဘာသာရေး နိုင်ငံရေး အတွေးအမြင်များ )



စာပေချစ်သူများအဖွဲ့၊ စာပေနှင့်ပရဟိတကွန်ရက်

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ရွှေပေစာအုပ်တိုက်၊ ဦးနိုင်မိုး (၀၀၁၇၅)
ကျောက်ကုန်းလမ်း၊ ၁၄-ရပ်ကွက်၊ ရန်ကင်း။
ဖုန်း-၀၉ ၄၀၂၅၀၅၀၂၉၊ ၀၉ ၇၉၈၄၄၃၅၃၈

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
အမှတ်(၈)၊ မြေညီ၊ အိမ်ကြီးလမ်း၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ကိုမောက်ကြီး

မျက်နှာဖုံးဒီဇိုင်း - ပီတိ(ပေကြီး)

စီစဉ်သူ - ပီတိ(ပေကြီး) (၀၉ ၄၀၂၅၀၅၀၂၉)

အတွင်းအပြင်အဆင် - ပုံရိပ်ရှင် (၀၉ ၄၂၀၀ ၅၂၀၈၇)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၈ ခုနှစ်၊ မေလ။

ဖြန့်ချိရေး - ရွှေပေစာအုပ်တိုက်၊ ရန်ကုန်။ ၀၉ ၄၀၂၅၀၅၀၂၉
- ညီဖွဲ့စာပေ၊ လှထွေးတိုက်၊ ဘ၀တံခွန်ကျောင်း၊
၃၄-လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
၀၉ ၂၅၆၂၆၄၆၇၃

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

၀၀၈.၀၄
တက္ကသိုလ်တေဇာလင်းနှင့် အခြားစာရေးဆရာများ
လူငယ်များနှင့် အနာဂတ်ကမ္ဘာ ၂၊
တက္ကသိုလ်တေဇာလင်းနှင့် အခြားစာရေးဆရာများ၊ ရန်ကုန်။
ရွှေပေစာအုပ်တိုက်၊ ၂၀၁၈။
စာ-၂၁၉၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) လူငယ်များနှင့် အနာဂတ်ကမ္ဘာ ၂

# မာတိကာ


❒ စီစဉ်သူနှင့် လူငယ်အတွေး ၇

◆ ကောင်းကွက်များကိုသာ
***တက္ကသိုလ်တေဇာလင်း*** ၁၁

◆ လူငယ်နှင့် ပြည်သူ့နီတိ
***မင်းချမ်းမွန်*** ၂၁

◆ လူငယ်နှင့်ဘာသာရေး
***အရှင်ဓမ္မိက(လောင်းလုံ)*** ၂၉

◆ ထာဝစဉ်စီးဆင်းနေသော ခေတ်များ၊ အဖြစ်များ၊ သက္ကရာဇ်များ
***မေဖွန့်အေး*** ၄၁

◆ လူငယ်နှင့်ပြဿနာ
***ရွှေတိဂုံ(မောင်စံ)*** ၅၁

◆ တိုင်းပြည်မချာ ပညာကောင်းဖို့
***အေဇာချို*** ၇၁

◆ လူငယ်နှင့်စိတ်ကူး
***ရာမညာ-ကိုအောင်*** ၇၉

◆ မြတ်သရဏဂုံ
***ကဗျာယန်းခင်း(စာပေချစ်သူ)*** ၈၇

◆ လူငယ်နှင့် အလှရပ်ဝန်း
***မြတ်မင်းကျော်ထင်လင်း*** ၉၅

◆ မြတ်စေတနာ
***ကြည်သိမ့်*** ၁၀၁

◆ လူငယ်နှင့် ၂၁ ရာစု အတွေး
***ဆန်းအေး(သာကေတ)*** ၁၀၇

✦ အနာဂတ်အုတ်မြစ်
***နွေမြူ*** ၁၁၅
✦ လူငယ်နှင့် ဂုဏ်
***အရှင်သုမန(ကန့်ဘလူ)*** ၁၂၁
✦ လူ့သောကမ္ဘာ
***နှင်းသီရိကျက်သရေ*** ၁၂၅
✦ အနာဂတ်ပန်းတို့ လှစေချင်
***ကြယ်စင်သွန်း*** ၁၃၃
✦ အဖိုးတန်သော ဆုံဆည်းမှုနှင့်အတူ
***မယ်သုခ*** ၁၃၉
✦ လူငယ်၊ လူလည်၊ လူကြွယ်
***နတ်တန်ခိုး*** ၁၄၅
✦ စီစဉ်တင်ဆက်သူတစ်ယောက် ဖြစ်ချင်ပါသလား
***မေ(ပြင်ဦးလွင်)*** ၁၅၃
✦ ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝ
***ဖွဲ့မာန်(အင်းဝ)*** ၁၅၇
✦ လူငယ်နှင့် အနာဂတ်
***ရွှေပုံ့လေး*** ၁၆၃
✦ လူငယ်နှင့် စံပြ
***ပီတိ(ပေကြီး)*** ၁၆၉
✦ မိမိအနာဂတ်လှပဖို့ စိတ်ကူးလှလှ ဖန်တီးစို့
***အေးအေး(ဥက္ကလာ)*** ၁၇၉
✦ ခေတ်နှင့်လူငယ်
***သာကီနွယ်(နတ်မောက်)*** ၁၈၉
✦ ယဉ်ကျေးမှုပျောက်မှာ စိုးကြောက်လှတယ်
***မနော်မြူ(မြိတ်)*** ၁၉၇
✦ လူငယ်နှင့် အနာဂတ်နိုင်ငံတော်
***ခက်ဆစ်လင်း(ပြည်)*** ၂၀၇
✦ ပျောက်ဆုံးနေသူများ
***မောင်စိန်ကြိုင်*** ၂၁၅

# စီစဉ်သူနှင့် လူငယ်အတွေး

စာချစ်သူ မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါလို့ ရှေးဦးပဏာမ နှုတ်ခွန်းသပါရစေ။

လူငယ်များအတွက် ဦးတည်ထုတ်ဝေလာတဲ့ **'လူငယ်များနှင့် အနာဂတ်ကမ္ဘာ-ဘာသာရေးနိုင်ငံရေး အတွေးအမြင် စာစုများ'** စာအုပ်ဟာ အခုဆိုရင် အမှတ် ၂ သို့တိုင် ရောက်ရှိလို့လာပါပြီ။ ဒါဟာ စာပေချစ်သူ မိဘညီအစ်ကို မောင်နှမများ အတွက်ရော ခေတ်လူငယ်များအတွက်ပါ ကောင်းမွန်တဲ့ လက်ဆောင်တစ်ရပ်လို့ သုံးသပ်မိပါတယ်။

လူငယ်များနှင့် အနာဂတ်ကမ္ဘာ အမှတ် ၁ ကို စာပေချစ်သူများအဖွဲ့၊ စာပေနှင့်ပရဟိတကွန်ရက်ရဲ့ စာပေ ပရဟိတ အကျိုးသယ်ပိုးခြင်း ဒုတိယမြောက် စာအုပ်အဖြစ် ၂၀၁၄ ခုနှစ်က ထုတ်ဝေခဲ့ပါတယ်။

အဖွဲ့အနေနဲ့ နှစ်စဉ်အများအကျိုးပြု စာအုပ်များထုတ်ဖို့ ရည်ရွယ်ထားသည်အားလျော်စွာ ဆောင်းပါးစုစည်းမှု။ ဝတ္ထုစုစည်းမှု၊ ကဗျာစုစည်းမှု စာအုပ်များနဲ့ မဂ္ဂဇင်းများပါ ထုတ်ဝေနိုင်ခဲ့ကြပါတယ်။ ထုတ်ဝေခဲ့ကြတဲ့ စာအုပ်များစွာအနက် စာအုပ်အရေအတွက် အလုံးအရင်းလိုက် အမှာများအဝယ်လိုက်ခဲ့ဆုံးစာအုပ်မှာ **လူငယ်များနှင့်အနာဂတ်ကမ္ဘာ** စာအုပ်ပဲ ဖြစ်ပါတယ်။ ထုတ်ဝေသည့်နှစ်မှာပဲ အုပ်ရေတစ်ထောင် ကုန်ခဲ့ပါတယ်။

ဒုတိယအကြိမ်ရိုက်ဖို့ စိုင်းပြင်းခဲ့ကြပေမဲ့ အဖွဲ့အနေနဲ့ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်များလည်း ရှိနေတာမို့ အဟောင်းကို ဒုတိယအကြိမ် ထုတ်ဝေခြင်းထက် အခြားအမျိုးအစားကွဲအသစ် စာအုပ်များ ထုတ်နိုင်ဖို့ကိုသာ ဦးတည်ခဲ့ပါတယ်။

သို့သော်လည်း ယနေ့ ၂၀၁၈ ခုနှစ်ရောက်သည့်တိုင် စာအုပ်ဆိုင်များက **လူငယ်နှင့်အနာဂတ်ကမ္ဘာ** စာအုပ် မရသေးဘူးလားဟု မေးကြဆဲ၊ မှာကြဆဲ။ ဒီတော့ အဖွဲ့နာယကများနှင့် ဒုတိယအကြိမ် ထုတ်ဝေမလား၊ အမှတ် ၂ အဖြစ် ထုတ်မလား တိုင်ပင်ရပါတယ်။ အမှတ် ၁ ထုတ်ဝေခဲ့သည်မှာ ၄ နှစ်ကြာခဲ့ပြီ ဖြစ်တဲ့အတွက် ယနေ့ခေတ်ရေစီးနဲ့ မကိုက်ညီတော့တာတွေ ရှိကောင်းရှိနေနိုင်တာမို့ ခေတ်သစ် အတွေးအမြင်သစ်များနဲ့ ခေတ်ကို တပြေးညီဖြစ်စေရန် အမှတ် ၂ ထုတ်ဝေဖို့ ဖြစ်လာခဲ့ပါတယ်။

စာပေချစ်သူများအဖွဲ့ ရဲ့ မူလရည်ရွယ်ချက်အတိုင်း စာတစ်အုပ် ထုတ်မယ်ဆိုရင် အဖွဲ့ဝင်များနဲ့အတူ ဝါရင့် ဆရာ ဆရာမများရဲ့ စာမူများ တောင်းခံဖော်ပြခြင်း၊ စာပေမျိုးဆက်သစ်များထံက ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်၍ ဆုရစာမူများကို ထည့်သွင်းဖော်ပြခြင်း အဆင့်ဆင့်ပြုလုပ်ပြီး ဒီစာအုပ်လေးကို အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်ပါတယ်။

အနာဂတ်ကမ္ဘာ ကောင်းဖို့အရေးဟာ လူငယ်အခန်းကဏ္ဍက အင်မတန်အရေးကြီးပါတယ်။ ဒီအတွက် လူငယ်အကျိုး ပြုလုပ်ငန်းစဉ်တွေကို အဖွဲ့အနေနဲ့ ဦးစားပေးဆောင်ရွက်ဖြစ်ခဲ့ပါတယ်။ **လူငယ်များနှင့် အနာဂတ်ကမ္ဘာ** စာအုပ်ဟာ အဓိကအားဖြင့် လူငယ်အကျိုးပြုစာအုပ်ပဲဖြစ်ပါတယ်။ လူငယ်များအတွက် လူကြီးအတွေးများပါသလို၊ လူငယ်များအတွက် လူငယ် အတွေးများလည်း ပါဝင်ပါတယ်။

လူငယ်များအတွက်ဟု ပြောသောအခါ လူကြီးများအတွက်ကော မပါဘူးလား၊ လူကြီးတွေကို ပစ်ပယ်တာလားလို့ မေးစရာရှိပါတယ်။ အဲဒီလို မဟုတ်ပါဘူး။ လူကြီးများသိဖို့ အကြောင်းအရာတွေလည်း ပါဝင်ကောင်း ပါဝင်မှာပါ။ ဒါပေမဲ့ စနစ်သစ်တစ်ခုကို ပြောင်းလဲပစ်ဖို့ ဆိုသည်မှာ နှစ်ပေါင်း များစွာ ပုံစံကျနေပြီး အတွေးအမြင်ရှိတဲ့ လူကြီးများကို ပြုပြင်နေခြင်းထက် လူငယ်များကိုပြုပြင်ခြင်းကသာ ပိုထိရောက်လိမ့်မယ်လို့ ယူဆမိပါတယ်။ လူကြီးတိုင်းက မကောင်းတဲ့အတွေးအမြင် တွေရှိနေတယ်လို့လည်း မယူဆ ပါဘူး။ လူငယ်များအတွက် လူကြီးတွေဆီမှာ အတုယူသင့် ယူထိုက်တဲ့ အချက်တွေများစွာ ရှိနေတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ လူကြီးများ ဆီက မထင်မှတ်ဘဲရတဲ့ အသိအမြင်တွေနဲ့ လူကြီးတွေကို ပြန်ထိန်းကျောင်းဖို့ ဆိုတာ ဘယ်လိုမှ အဆင်မပြေတော့ပါဘူး။ ပုံစံကျနေတဲ့ အတ္တမာန အသီးသီး ကလည်း အင်နဲ့အားနဲ့ ရှိနေကြတဲ့ အတွက်ပါ။

နောက်တစ်ချက်က နှုနယ်စဉ်ပြုပြင်ရတာက လိုရာခရီးကို ပိုရောက်နိုင်ပါတယ်။ လူငယ်ဆိုတာ ပန်းပုအဖြစ် ထွင်းထုမထားတဲ့ သစ်ရိုင်းတုံးနဲ့ တူပါတယ်။ ပုံစံချထားတာ မရှိသေးတဲ့အတွက် ကောင်းမွန်ပြီး အကျိုးရှိမဲ့ လိုရာအရုပ်ကို ထုဆစ်နိုင်ပါတယ်။ ပုံစံကျပြီးသား ပန်းပုထုပြီးသား အရုပ်များကို ပြန်လည် ပြောင်းလဲဖို့ကတော့ သူ့ရဲ့မူလ ရုပ်သဏ္ဍာန်ရဲ့ ထွင်းရာ ထုရာ မှို့ရာမောက်ရာ ချိုင့်ရာခွက်ရာများကြောင့် လိုရာအရုပ်ကို ထုဆစ်ပုံဖော်လို့ မရနိုင်တော့ပါဘူး။ သူ့အသွင်ရဲ့ မူလရုပ် ကောက်ကြောင်းအတိုင်း အနီးစပ်ဆုံးလောက်သာ ထုဆစ်ပုံဖော်လို့ရမှာ ဖြစ်ပါတယ်။

ဒီတော့ အားနဲ့အင်နဲ့ တိုးတက်မှုမြန်ဆန်ပြီး ပိုထိရောက်ဖို့အတွက် အရိုင်းတုံးလေးများကို မှန်ကန်သော သရုပ်သဏ္ဍာန် ရရှိဖြစ်ပေါ်လာဖို့ ပိုအရေးကြီးပါတယ်။ လူငယ်ပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ အင်မတန် တာဝန်ကြီးပါတယ်။ အကယ်၍ ကိုယ်ပေးမိတဲ့ အတွေးအမြင်တွေကသာ မှားခဲ့မယ်ဆိုရင် မတွေးဝံ့စရာပါ။ ဒီစာအုပ်ပါ အတွေးအမြင်တွေလည်းမှာ မှားတဲ့ အတွေးအမြင် တစ်စွန်းတစ်စ ပါကောင်းပါသွားနိုင်ပါတယ်။ သို့သော် အများစုက အနာဂတ်လမ်း တိုးတက်အောင်မြင်နိုင်ဖို့အကြောင်းကိုသာ ဦးတည်နေလိမ့်မယ်လို့ယုံကြည်ပါတယ်။

လူငယ်များတိုးတက်ဖို့ အနာဂတ်ကမ္ဘာကြီးလှပဖို့ **လူငယ်များနှင့် အနာဂတ်ကမ္ဘာ** စာအုပ်ဟာ တစ်ထောင့်တစ်နေရာကနေ အကျိုးပြုနေမှာတော့ အမှန်ပါ။

**လူငယ်ဆိုတာ အနာဂတ်ကမ္ဘာရဲ့ ဗိသုကာဖြစ်ပါတယ်။**

**ကောင်းသော အတွေးသစ် အမြင်သစ်များနဲ့ တိုးတက် အောင်မြင်သောအနာဂတ်ကို တည်ဆောက်ကြပါစို့။**

ချစ်ခင်လေးစား တန်ဖိုးထားလျက်
ပီတိ(ပေကြီး)
(တာဝန်ခံ)
စာပေချစ်သူများအဖွဲ့၊ စာပေနှင့်ပရဟိတကွန်ရက်။

# ကောင်းကွက်များကိုသာ

တက္ကသိုလ်တေဇာလင်း

လူသည် အပြစ်ကင်းခဲ၏။

အနည်းနှင့်အများ အမှားအယွင်းများကြောင့်

အပြစ်အနာအဆာများ ရှိတတ်ကြ၏။

ယင်းမပြောပလောက်သော အပြစ်များကို ပုံကြီးချဲ့နေကြလျှင်

လောကသည် မည်သည့်အခါမှ ငြိမ်းချမ်းမည် မဟုတ်၊

သာယာဝပြော စိုပြေမှုများလည်း...

# ကောင်းကွက်များကိုသာ

မကောင်းမင်းအိမ်၊ ကောင်းမင်းအိမ်တည်း
မင်းအိမ်ရွှဲစို၊ အမိုးယိုသော်
မငြိုသင့်ပါ၊ မင်းတက်ဖာပေ့။
အကာအခင်း၊ ပျက်ယိုယွင်းသော်
မငြင်းစေချင်၊ မင်းဆက်ပြင်ပေ့။
အခွင်အနဲ့၊ အရွဲ့အစောင်း
မကောင်းမပြေ၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ ဉာဏ်ဖြင့်ဆ၍
လုံ့လသက်သွင်း၊ သစ်စေမင်း။

ဆရာဇော်ဂျီ၏ 'မင်းအိမ်' ကဗျာသည် မိသားစုနေထိုင်ရာ ကိုယ့်အိမ်ကိုလည်း ဆိုလိုဟန်ရှိ၏။ ပြည်ထောင်စု အိမ်မဟာကိုလည်း ဆိုလိုဟန်ရှိသည်။ ထေရဝါဒ သာသနာအိမ် ဗိမာန်ကိုလည်း ဆိုလိုဟန်ရှိ၏။ တွေးခေါ် စဉ်းစားနိုင်စွမ်း ရှိသလောက် လိုရာဆွဲယူနိုင်သော စွယ်စုံရအကျိုးပြု ရသ ကဗျာကောင်း ဖြစ်သည်။

မိသားစုနေထိုင်ရာအိမ် ယိုယွင်းပျက်စီးလျှင် ပတ်ဝန်းကျင်ကို မျှော်လင့်အားကိုးမနေဘဲ ကိုယ်တိုင်ကြိုးစား ပြုပြင်ဆောက်လုပ်ရမည်ဖြစ်သည်။ ပြည်ထောင်စုအိမ်မဟာ ယိုင်နဲ့နေလျှင်လည်း 'ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်' ဆိုသည့်အတိုင်း ပြည်ထောင်စုသားအချင်းချင်း သွေးစည်း ညီညွတ်ကြ၍ ဝိုင်းဝန်းကာကွယ် စောင့်ထိန်းသိမ်းရမည် ဖြစ်သည်။ ထေရဝါဒ သာသနာအိမ်ဗိမာန် ညှိုးနွမ်းအိုမင်း ယိုယွင်းနေလျှင်လည်း ဗုဒ္ဓဘာသာဝင်

တိုင်းသည် **'ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ညီညာငါတို့ ပြုကြစို့'** ဟု သဒ္ဓါပညာ ညီညွှတ်ထက်သန်စွာ ဆရာဒကာ လက်တွဲလျက် လန်းဆန်းနုပျို တည့်မတ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လောကသည် လူအမျိုးမျိုး၊ စိတ်အထွေထွေ၊ ရှုမြင်မှုအသီးသီးခံစားမှု အသွယ်သွယ်ဖြင့် ယှက်နွယ်နေသော လောကဖြစ်သည်။ အခံရှိမှ အမှန်သိဟု ဆိုကြသည်။ ဝါသနာဘာဂီ ဆက်တိုင်းမှီဟုလည်း ပြောကြသည်။

နိုင်ငံရေးသမားက နိုင်ငံရေးအမြင်ဖြင့် ကြည့်သည်။ စီးပွားရေးသမားက စီးပွားရေးမျက်စိဖြင့် ကြည့်သည်။ ဘာသာရေးသမားက ဘာသာရေးရှုထောင့်ဖြင့် ကြည့်သည်။ ကိုယ့်အမြင် ကိုယ့်ရှုထောင့် ကိုယ့်ခံစားချက်ဖြင့် ကြည့်ကြသည်။ ကိုယ့်အမြင်၊ ကိုယ့်ရှုထောင့်၊ ကိုယ့်မျက်စိဖြင့် ကြည့်သောကြောင့် ကိုယ်မြင်တာ၊ ကိုယ်သိတာ၊ အမှန်၊ အကောင်း၊ အမြတ်ဟု ထင်ကြ၊ ခံယူကြသည်။ ကိုယ့်အကြိုက် ကိုယ့်စရိုက်နှင့် ကိုက်ညီလျှင် မည်မျှပင် လွဲမှားယုတ်ညံ့စေကာမူ မှန်သည်၊ ကောင်းသည်၊ မြတ်သည်ဟု မှတ်ယူကြသည် မဟုတ်ပါလော။

ကိုယ်အားသန်ရာကို ရှုမြင်တတ်တာ သဘာဝပါ။ လွတ်လပ်စွာ ကွဲလွဲခွင့်ရှိပါသည်။ သို့သော် ငါနှင့်မတူ ငါ့ရန်သူဟု သဘောမထားဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ဖို့တော့ လိုပါသည်။ မတူကွဲပြား ခြားနားမှုများကို နားလည်သဘောပေါက်ကာ သူ့အတိုင်းအတာနှင့်သူ၊ သူ့အဆင့်နှင့်သူ အသိအမှတ် ပြုပေးရမည်ဖြစ်သည်။ အပြန်အလှန် လေးစားရိုသေကြရမည်။ အမြင်မှန်သော်လည်း အမှန်မြင်ဖို့ ခက်လှသည်။ လောကသည် အရုပ်မျက်နှာ၊ ပန်းမျက်နှာ သဘာဝများကို ဖော်ပြတတ်သည် မဟုတ်ပါလား။

အမြင်သည် -

၁။ အကောင်းမြင်၊

၂။ အဆိုးမြင်၊

၃။ အမှန်မြင်ဟု သုံးမျိုးရှိသည်။

ကမ္ဘာမှာ -

၁။ အကောင်းမြင် ဝါဒ၊

၂။ အဆိုးမြင်ဝါဒဟု နှစ်မျိုးရှိသည်။

အကောင်းမြင်ဝါဒကို Optimism ဟုခေါ်သည်။ 'ကောင်းတာဖြစ်လိမ့်မည်၊ အောင်မြင်မှာပါ' ဟူသော စိတ်ခံစားချက်မျိုးဖြစ်သည်။

အဆိုးမြင်ဝါဒကို Pessimism ဟုခေါ်သည်။ 'ပျက်နေသည်၊ ဆုတ်ယုတ်နေသည်၊ ဖျက်ဆီးနေသည်' ဟူသော စိတ်ခံစားချက်မျိုးဖြစ်သည်။ အကောင်းမြင်ခြင်းသည် ရလာဒ်ကောင်းကို မျှော်တွေးခေါ်နေခြင်းမျိုး ဖြစ်သည်။ အဆိုးမြင်ခြင်းသည် ရလာဒ်ဆိုးကို စဉ်းစားစိုးရိမ်နေခြင်းမျိုး ဖြစ်သည်။ အကောင်းမြင်စိတ်သည် မဖြစ်နိုင်တာကို စိတ်ကူးယဉ်နေခြင်းမျိုး မဟုတ်။ လေထဲ တိုက်အိမ်ဆောက်နေခြင်းမျိုးလည်း မဟုတ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားပေးနေခြင်းမျိုးဖြစ်သည်။

မကောင်းမြင်စိတ်သည် အမှောင်ဓာတ်လွှမ်းမိုးနေသလိုဖြစ်ကာ အမှန်မြင်ဖို့ ခက်ခဲလွဲချော်သွားနိုင်သည်။ အကောင်းမြင်စိတ်သည် ယုံကြည်သန်းနေသောကြောင့် အမှန်အတိုင်း ရှုမြင်တတ်ဖို့မခက်ခဲ။ လွယ်ကူစွာ ကူးပြောင်းသွားနိုင်သည်။ အကောင်းမြင်ခြင်းကို ယောနိသော မနသိကာရ-သင့်တင့်လျောက်ပတ်မျှတစွာ နှလုံးသွင်းခြင်း၊ စိတ်ကူးခြင်းဟု ဆိုနိုင်အံ့ ထင်သည်။ အဆိုးမြင်ခြင်း၊ မကောင်းမြင်ခြင်းကို အယောနိသော မနသိကာရ-မသင့်လျော်၊ မလျောက်ပတ်၊ မမျှတစွာ နှလုံးသွင်းခြင်း စိတ်ကူးခြင်းဟု ဆိုနိုင်အံ့ထင်သည်။

'အမှန်မြင်တတ်ခြင်းသည် လောကဓံအဆိုးဒဏ်ကို ခံနိုင်အား ရှိစေပါသည်။ မီးကို ပူမှန်းသိပြီးမှ မလွဲသာ၍ ကိုင်ရသော်လည်း အပူသက်သာအောင် ကိုင်သွားတတ်ခြင်းမျိုး ဖြစ်ပါသည်။ လောကမှာ အဆိုးနှင့် အကောင်းသည် ကျောချင်းကပ်လျက် ယှဉ်တွဲနေသည်။ ယင်းသဘာဝကို ပီပြင်စွာမြင်တတ်ဖို့ အရေးကြီးသည်။

အရှိကို အရှိတိုင်း၊ အဖြစ်ကို အဖြစ်တိုင်း မြင်တာ၊ သိတာကို 'သမ္မာဒိဋ္ဌိ' ဟုခေါ်သည်။ အမြင်မှန်ဖြစ်သည်။ 'ဘူတံ ဘူတတော ပဿတိ- အရှိကို အရှိတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း မြင်ရ၏။ သိရ၏' ဟု ပိဋကစာပေက ဖော်ပြသည်။

သမ္မာဒိဋ္ဌိသည် လွန်စွာအရေးကြီးကြောင်း မြတ်ဗုဒ္ဓဟောသော သစ္စာလေးပါးတွင် မဂ္ဂသစ္စာကို ဖော်ပြရာ၌ ဦးစွာထားခြင်းက သက်သေပြနေသည်။ အရှင်သာရိပုတ္တရာကလည်း မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ ပါဠိတော်၌ သမ္မာဒိဋ္ဌိသုတ်ကို ရဟန်းတို့အား ဟောပြတော်မူရာတွင် -

၁။ ဖြစ်နေတာကိုလည်း သိ၊

၂။ ဖြစ်ကြောင်းကိုလည်း သိ၊

၃။ ချုပ်ရာကိုလည်း သိ၊

၄။ ချုပ်ကြောင်းကိုလည်း သိခြင်းကို သမ္မာဒိဋ္ဌိ-အမှန်မြင်ခြင်း ဟု ခေါ်ကြောင်းရှင်းပြထားသည်။

အကောင်းမြင်ခြင်းဖြင့် ပန်းမွေ့ရာလမ်း အနာဂတ်စခန်းကို မျှော်မှန်း လှမ်းမြင်နိုင် တည်ဆောက်နိုင်သည်။ အဆိုးမြင်ခြင်းက အပျက်ကိုသာမြင်နေ၍ ဆုတ်နစ်စိတ်များဖြင့် အားအင်ခွမ်းရည် ယုတ်လျော့နေသောကြောင့် ဘာကိုမှ ပီပီပြင်ပြင် မတည်ဆောက်၊ မဖန်တီး မစွမ်းဆောင်နိုင်ပါ။

ထို့ကြောင့် အဆိုးမြင်ခြင်းထက် အကောင်းမြင်ခြင်းက သက်သာပါ သည်။ ဘဝမှာ နေပျော်ပါသည်။ အနေတတ်၍ ကျေနပ်စရာတွေ မြင်တတ်ပါ သည်။ သို့သော် ဘဝမှာ မလုံလောက်သေးပါ။ အကောင်းဆုံးက အမှန် မြင်တတ်ဖို့ ဖြစ်သည်။

အမှန်ကိုသာ မြင်တတ်ပါလျှင် လောကခံလှိုင်း မည်မျှပင် ရိုင်းရိုင်း၊ လောကခံမုန်တိုင်း မည်မျှပင်ထန်ထန်၊ လောကခံလမ်း မည်မျှပင်ကြမ်းကြမ်း ဘဝစခန်းမှာ အေးချမ်းစွာပင် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဟု ယုံကြည်သည်။

မြတ်ဗုဒ္ဓ၏သာသနာသည် ရှင်ရဟန်းနှင့် သတ္တဝါအားလုံးတို့အတွက် ကောင်းကျိုးကိုဖြစ်စေသည့် သာသနာဖြစ်သည်။ လူသားအားလုံး၏ လူ့ စွမ်းအားအရင်းအမြစ်ကို ဖွံ့ထွားစေနိုင်သည့် သာသနာလည်းဖြစ်သည်။ လူသားတို့ မျှော်လင့် တောင့်တသော စစ်မှန်သည့် ငြိမ်းချမ်းရေး အသီးအပွင့် ကိုလည်း ရှင်သန်ဖွံ့ဖြိုးစေနိုင်သည့် သာသနာလည်းဖြစ်၏။ ယင်းသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ပြုလုပ်ရမည့်တာဝန်သည်လည်း လူသားတိုင်းမှာ ရှိသည်။ တစ်ဦး တစ်ယောက်တည်းဖြင့် ပြုလုပ်၍မရ 'သမဂ္ဂါနံ တပေါ သုခေါ-စည်းလုံးညီညာ အောင်ကြောင်းဖြာ' ဆရာဒကာ လက်တွဲ ညီညာစွာ ပြုလုပ်မှသာ အောင်မြင်မည်ဖြစ်သည်။

သီရိမ္ဗာသောကမင်းကြီးနှင့် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်တို့သည် 'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ' ဆိုသကဲ့သို့ ဆရာဒကာ လက်တွဲ ညီညာစွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ပြုလုပ်ခဲ့ကြ၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဆေးပစ္စည်းလေးပါးကို ထောက်ပံ့ခြင်းနှင့် သာသနာ တော်အတွက် ရန်ဆူးရန်ငြောင့်များကို နှိမ်နင်းဖယ်ရှား သုတ်သင်ကာကွယ် ပေးခြင်းဖြင့် သီရိမ္ဗာသောကမင်းကြီးသည် ဒကာတာဝန်ကို ပြည့်ဝစွာ ထမ်းဆောင်ခဲ့သည်။ စစ်မှန်သော ဗုဒ္ဓဒေသနာတော်ကို ဟောကြားခြင်း၊ အမှား

အမှန်ကို ခွဲခြားသိစေနိုင်ရန် ကထာဝတ္ထုဒေသနာတော်ကို ဟောပြောခြင်း၊ ပြန့်ကျဲနေသော ပိဋကတ်တော်များကို စုစည်းခြင်း၊ အမှားများ ရောထွေးနေသော ပိဋကများကို သုတ်သင်သန့်ရှင်းစေခြင်း-ဟူသော တတိယသင်္ဂါယနာတင်ခြင်း စသည့်တာဝန်များကို ရှင်မဟာမောဂ္ဂလိပုတ္တတိဿစသော ရဟန်းတော်တို့က တာဝန် ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည်။ ယင်းကြောင့် အိန္ဒိယပြည်၌ သာသနာတော်သည် နေရောင်လဝါပမာ တင့်တယ် ထွန်းလင်းခဲ့ခြင်းဖြစ်သည်။

သာသနာတော်ပြန့်ပွားစေရန် မိမိနိုင်ငံအတွင်း၌သာ လုပ်ဆောင်ကြရမည် မဟုတ်သေး။ အတိုင်းတိုင်းအပြည်ပြည် အနယ်နယ်အရပ်ရပ်သို့ အရည်အချင်းပြည့်ဝသော သာသနာပြု သူရဲကောင်း အာဇာနည်များ စေလွှတ်၍ ဖြန့်ကျက်သာသနာ ပြုရမည်လည်းဖြစ်သည်။ ယင်းကို သီရိဓမ္မာသောကမင်းကြီးနှင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်တို့က ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်းဖြင့် စံနမူနာအဖြစ် သက်သေပြတော်မူခဲ့ကြသည်။

အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်တို့သည် သာသနာပြုစိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့တာဝန်ကျရာ သုဝဏ္ဏဘုမ္မိသို့ ကြွရောက်ကာ သာသနာပြု တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည်။ ရာမညတိုင်း၏ မျိုးဆက်သစ်များကို သမုဒ္ဒရာမှလာ၍ လုယက် စားသောက်ကြသော ရက္ခိုသ်ဘီလူးတို့၏ ရန်တို့ကိုလည်းငြိမ်းအေးအောင် စွမ်းအားပြ၍ ဆောင်ရွက်ခဲ့ကြ၏။ လူသားတို့၏ သန္တာန်၌ ကိန်းဝပ်နေတတ်သည့် အယူအဆများကိုလည်း အမှားအမှန် ခွဲခြားဝေဖန်နိုင်ရန် မြတ်ဗုဒ္ဓ၏ ဒေသနာတော်ဖြစ်သော ဗြဟ္မဇာလသုတ်တော် စသည်ကို ဟောပြောခြင်းဖြင့် မီးမောင်းထိုးပြခဲ့ကြသည်။ ယင်းအလင်းရောင်ဖြင့်ပင် အမှားကိုပယ်၍ အမှန်ကိုသွယ်စေခဲ့သည်။ အလွဲကိုရှောင်၍ အတည့်ကို ဆောင်ယူစေခဲ့ကြသည်။ အတုကိုဖယ်၍ အစစ်ကိုတွယ်စေခဲ့ကြသည်။

မြန်မာစကားပုံ၌ **'ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားက၊ နောက်နွားတစ်သိုက်၊ ဖြောင့်ဖြောင့်လိုက်၏၊ ရှေ့ဆောင်နွားလား၊ ကောက်ကောက်သွားသော်၊ နောက်နွားတစ်သိုက်၊ ကောက်ကောက်လိုက်၏'** ဟု အဆိုရှိသည်။ သတ္တဝါတို့သည် ခေါင်းဆောင်အကြီးအကဲ၏ အမူအကျင့် အလိုဆန္ဒအတိုင်း ပြုကျင့်လေ့ရှိပုံကို ဖော်ပြထား၏။ ခေါင်းဆောင် အကြီးအကဲကောင်းလျှင် နောက်လိုက်ငယ်သားသည်လည်း သက်သာချောင်ချိ၏။

ချမ်းသာပျော်ရွှင်ကြရ၏။ ကြီးပွားအောင်မြင်တိုးတက်ကြရ၏။ ခေါင်းဆောင် ညံ့လျှင်ကား တပည့်တို့သည်လည်း သူတစ်လူ ငါတစ်မင်းဖြစ်၍ ဖရိုဖရဲ ပြိုကွဲကာ ပျက်စီးဆုံးရှုံးကြရ၏။ ဆုတ်ယုတ်မဲ့တေဆင်းရဲကြရ၏။ ခိုက်ရန် ဖြစ်ပွား အချင်းများကြရ၏။ ထို့ကြောင့် ခေါင်းဆောင်သည် လွန်စွာ အရေး ကြီး၏။

လောကရေးရာ၌သာ ခေါင်းဆောင်သည် အရေးပါသည်မဟုတ်၊ သာသနာတော်နှင့် ဆက်နွယ်ပတ်သက်ရာ၌လည်း ခေါင်းဆောင်သည် ပဓာနကျ၏။ အမြင်မှန်ခြင်း-သမ္မာဒိဋ္ဌိရှိ၍ ယုံကြည်ခြင်း သဒ္ဓါတရားနှင့်ပြည့်စုံစွာ သဒ္ဓါပညာညီမျှသော ခေါင်းဆောင်ကောင်းသည် သာသနာတော် သန့်ရှင်း တည်တံ့ တိုးတက်ပြန့်ပွားရေးကို ဆောင်ရွက်လေ့ရှိကြ၏။ ယင်းသို့ ဆောင် ရွက်ရာ၌ အရည်အချင်းနှင့်အရေအတွက်သည် အတူရှိနေမှသာ မျှတညီညွတ် အောင်မြင်ကြီးပွားမည် ဖြစ်သည်။ သာသနာတော်၏ အမာခံတပ်သားဖြစ်သည့် ရှင်ရဟန်းသည် လွန်စွာအရေးကြီး၏။ ရှင်ရဟန်းများ အရည်အချင်းပြည့်ဝ၍ အရေအတွက်များပြားလျှင် လုပ်ဆောင်မှုစွမ်းအားလည်း ထက်မြက် ပြည့်စုံ လာသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်၌ မာနသည် စေတသိက်တစ်လုံး အဖြစ် ပါဝင်နေ၏။ ယင်းသည် 'ငါသာ အတတ်၊ ငါသာအမြတ်' ဟု နားထင်သွေးရောက်ကာ 'ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား'ဟု စိတ်ကြီးဝင်ပြီး လောကကို မထီမဲ့မြင်ပြုလေ့ရှိသည်။ ၎င်းမာနသည် မင်္ဂလာတရားတော်၌ လာသော 'ဂါရဝ နိဝါတ ရိုသေကျိုးနွံခြင်း' မင်္ဂလာကို ဖျက်ဆီးပြစ်လေ့ရှိ၏။

ရှင်ဆပဒသည် သီဟိုဠ်သို့ကြွကာ ပညာသင်ယူမှုဖြင့် ပိဋကစာပေများ တစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့သည်။ ပညာပြည့်စုံ၍ အမိမြန်မာပြည်သို့ ပြန်လာသည့်အခါ ပညာမာန်တက်ခြင်းကြောင့် ကြိုတင်အကွက်ချပြီး ရှင်သီဝလိ စသော သီဟိုဠ်ရဟန်းတော်များခေါ်ဆောင်ခဲ့ကာ ဂိုဏ်းသီးခြားထောင်ခဲ့သည်။ သီဟိုဠ်ဂိုဏ်းနှင့် မြန်မာဂိုဏ်းဟု ကွဲပြားသွားကြသည်။ ယင်းသည် ပညာမာန ကြောင့် ဖြစ်သည်။ သီဟိုဠ်ရဟန်းတော်တို့သည်လည်း ပုဂံပြည်သို့ ရောက်သော အခါ မပြောပလောက်သော ဖြစ်ရပ်ကို အကြောင်းပြု၍ မိမိတို့အချင်းချင်း စိတ်ဝမ်းကွဲကာ ဂိုဏ်းသီးခြားထောင်ကြသည်။ ယင်းသို့ဂိုဏ်းကွဲခြင်းသည် ဂါရဝနိဝါတကင်းမဲ့၍ မာနထောင်လွှားမှုကြောင့် ဖြစ်သည်ဟု သုံးသပ် ဝေဖန်မိပါသည်။

လောက၌ 'ငှက်ပျောပင်စိုက် မိလိုက်ဖပါ' ဆိုသည့်အတိုင်း ဗီဇ နိယာမသည် လွန်စွာအရေးကြီး၏။ ဗီဇနှင့်ပတ်ဝန်းကျင် မျှတညီညွတ်မှု ရှိရန်လည်း အဓိကကျလှ၏။ ပတ်ဝန်းကျင်ကောင်းမွန်သော်လည်း ဗီဇ နိယာမ ချို့တဲ့လျှင်ကား ရှင်သန်ကောင်းမြတ်သည့် အသီးအပင်ဟူသော သားကောင်း သမီးမွန်များ ဖြစ်လာကြမည်မဟုတ်၊ ဗီဇနိယာမ သန့်ရှင်း ကောင်းမွန်ပါက သားကောင်း-သမီးမွန်များ တပည့်ကောင်း-တပည့်မြတ်များ ဖြစ်လာကြမည် ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ ၃၈-ဖြာမင်္ဂလာတွင် ကတညုတာ-သူတစ်ပါး၏ ကျေးဇူး သိခြင်း၊ ယင်းကျေးဇူးကို အသိအမှတ်ပြု ပြန်လည် ပေးဆပ်ခြင်းသည် မင်္ဂလာ မည်၏-ဟု ဟောကြားထားသည်ကို တွေ့ရ၏။ ရာမညတိုင်းသူ-တိုင်းသား များသည် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်ကို တိကျစွာ လိုက်နာကြသူများဖြစ်သည်ဟု ဆိုချင်ပါသည်။ ၎င်းတို့သည် မိမိတို့၏ မျိုးဆက်သစ်များကို ရေစောင့်ဘီလူးတို့၏ အန္တရာယ်မှ ကင်းဝေးစေကာ ချမ်းသာစွာ ကြီးပွားစေခြင်း စစ်မှန်သော မြတ်ဗုဒ္ဓ၏ အယူအဆတော်များကို ဟောပြောပေးခြင်းဖြင့် ဘဝအလင်းရောင်ကို တောက်ပြောင်စေရန် ကျေးဇူးပြုခဲ့ ကြသည့် အရှင်သောဏနှင့် အရှင်ဥတ္တရတို့၏ ကျေးဇူးကို အသိအမှတ်ပြု အစဉ်ထာဝရ အမှတ်ရနေရန် ကျေးဇူးတဖန် တုံ့ပြန်သော အားဖြင့် မိမိတို့၏ သားသမီးများကို သောဏုတ္တရ-ဟု နာမည်မှည့်ခဲ့ကြခြင်းက ထင်ရှားစွာ ဖော်ပြနေသည်။

'လူတစ်ယောက်မှာ၊ အပြစ်ရှာ၊ ရာထောင်ချီ၍တွေ့၊ လူတစ်ယောက် မှာ၊ ကောင်းကွက်ရှာ၊ ရာထောင်ချီ၍ တွေ့တတ်သည်'

လူသည် အပြစ်ကင်းခဲ့၏။ အနည်းနှင့်အများ အမှားအယွင်းများ ကြောင့် အပြစ်အနာအဆာများ ရှိတတ်ကြ၏။ ယင်းမပြောပလောက်သော အပြစ်များကို ပုံကြီးချဲ့နေကြလျှင် လောကသည် မည်သည့်အခါမှ ငြိမ်းချမ်းမည် မဟုတ်၊ သာယာဝပြော စိုပြေမှုများလည်း ခမ်းခြောက်သွားမည်ဖြစ်သည်။ နိုင်ငံလည်း ဆုတ်ယုတ်မည်။ သာသနာတော်လည်း ညှိုးနွမ်းပျောက်ကွယ်သွားမည် ဖြစ်သည်။

ထို့ကြောင့် အပြစ်ကိုမကြည့် ကောင်းကွက်များကိုသာ ပုံကြီးချဲ့ ကြည့်၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာများ အရင်းခံထားလျက် ဂါရဝ နိဝါတ- မင်္ဂလာကို လက်ကိုင်စွဲကာ သဒ္ဓါပညာ ညီမျှစွာ အချင်းချင်း ချစ်ကြည်

လက်တွဲမှုဖြင့် နိုင်ငံနှင့် သာသနာကို ပြုစုစောင့်ရှောက်ကြရမည် ဖြစ်သည်။ သို့မှသာ နိုင်ငံလည်းစည်ပင်၊ သာသနာလည်း တိုးတက်ပြန့်ပွား၊ လောကလည်း ငြိမ်းချမ်းသာယာမည် ဖြစ်သည်။

တက္ကသိုလ်တောဇာလင်း
အရှင်တေဇနိယ(တက္ကသိုလ်တောဇာလင်း)
ဘာဝနာဂုဏ်ရည် တောဇာလင်းမေ့ရိပ်သာ
လှေထွေတိုက်၊ ပြည်ကြီးမျက်ရှင်၊ မန္တလေး။
၀၉-၂၅၀၃၈၃၇၀၅

# လူငယ်နှင့် ပြည်သူ့နီတိ

မင်းချမ်းမွန်

ယနေ့ခေတ်လူငယ်တွေတော်တာ

ကျွန်တော် လုံးဝထောက်ခံပါသည်။

နီတိတရားဘက်မှာပါ ကုံလုံကြွယ်ဝသည်ဟု

ခွန်းဆင့်လာပြောက၊ ကျွန်တော် ခေါင်းခါဖို့မည်သာ ဖြစ်၏။

မရှိဘူးလား ဆိုပါလျှင်၊ ...

# လူငယ်နှင့် ပြည်သူ့နီတိ

"ဒီကနေ့ခေတ် လူငယ်တွေ သိပ်တော်တယ်၊ တော်လိုက်ကြတာ ပျံနေတာပဲ"

မိတ်ဆွေတစ်ယောက်က ဆိုသည်။

"ဟုတ်တယ်၊ ပျံထွက်နေအောင် တော်ကြတာ"။

တစ်ဦးက ထောက်ခံပြန်သည်။ အရာရာဝယ် ကန့်လန့်တိုက်တတ်သော အခြားတစ်ယောက်က ဝင်ထောက်ပြန်သည်။

"ပျံထွက်နေအောင် တော်ကြတာက တစ်ပိုင်း၊ လန်ထွက်နေအောင် ရှော်နေကြတာက တစ်ပိုင်းပါဗျာ..."

"ဟာ... ခင်ဗျားက လုပ်ပြန်ပြီ" ဆိုတော့ -

"ကျွန်တော် ရှင်းပြမယ်။ ဒီလိုဗျ။ ဒီကနေ့ခေတ် လူငယ်တွေ တော်တာမှန်တယ်။ ကျွန်တော်လည်း လက်ခံတယ်။ ဒါကတစ်ပိုင်း။ လောကမှာ ဘယ်သူမှ အရာရာမပြည့်စုံနိုင်ဘူးဆိုသလို၊ သူတို့မှာလည်း ရှော်တာလေးတွေ၊ ချော်တာလေးတွေ ရှိတယ်ဗျ"

"ဘာတုန်းဗျ...၊ ခင်ဗျားကလဲ..." ဆိုတော့

"ပြည်သူ့နီတိလေ..." ဟု ထိုမိတ်ဆွေက ထောက်လိုက်ရာ၊ အားလုံး ငြိမ်ကျသွားကြတာ တွေ့လိုက်ရသည်။ မီးကို ရေနဲ့ငြှိမ်းလိုက်သလိုပါပဲ။ ဘယ်သူမှ စကားဟဟဖြင့် ခုခံချေပခြင်းမပြုကြတော့ပေ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာရောက်သည့် အဓိပ္ပာယ်ကို ဆောင်သည်မဟုတ်လား။ သူတို့ ပြန်လည်ခုခံချေပခြင်း မပြုတော့သည်မှာ ဒီယနေ့လူငယ်များ၏ ခါးသက်သက် လူမှုဆက်ဆံရေးတုန့်ပြန်မှုများ၊ မသိဆိုးရွားနိုင်မှုများ၊ ခေါင်းပါး

လှသော သူတို့လေးတွေ၏ နီတိတရားများနှင့်တစ်ကြိမ်မဟုတ်တစ်ကြိမ်၊ သို့မဟုတ် အခါခါ နဖူးတွေ့ ဒူးတွေ့ ကြုံကြိုက်မြည်းစမ်း ခံစားခွင့် ရရှိခဲ့ခြင်းတို့ကြောင့် ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

မိတ်ဆွေတွေပြောသလိုပါပဲ။ ယနေ့ခေတ်လူငယ်တွေတော်တာ ကျွန်တော် လုံးဝထောက်ခံပါသည်။ နီတိတရားဘက်မှာပါ ကုံလုံကြွယ်ဝသည်ဟု ခွန်းဆင့်လာပြားက၊ ကျွန်တော် ခေါင်းခါမိမည်သာ ဖြစ်၏။ မရှိဘူးလားဆိုပါလျှင်၊ ရှိတော့ ရှိတယ်။ ရှားတယ်ဟုသာ ကျွန်တော်ပြန်ဖြေမိပါလိမ့်မည်။ အဘယ်ကြောင့်နည်းဆိုသော်… ရှင်းရှင်ကလေးပင်ဖြစ်သည်။ သူတို့လေးတွေနှင့် နီတိတရားအဆုံးအမထိတွေ့မှုအားနည်းခြင်းကြောင့်ဟု ကျွန်တော်ဆိုချင်သည်။ ဒါက ခေတ်အခြေအနေ၊ မိသားစု လူမှုစတိုင်၊ ယဉ်ကျေးမှု ရေစီးတို့ကြောင့် ပြောင်းလဲလာသည့်စိတ်အလျဉ်ဟု ဆိုချင်သည်။

ဖြစ်နေပုံတွေကို ပြန်တွေးကြည့်လိုက်ပါ။ အိမ်မှာဆိုလျှင် လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသူတွေကလည်း မိသားစုစားဝတ်နေရေး မြစ်ပင်လယ်၌ နစ်မြုပ်လုံးပန်းနေကြရရှာ၊ ရင်နှစ်သည်းချာတွေဘက် ပြန်လှည့်မကြည့်နိုင်။ ကျောင်းဘက် ဆရာ ဆရာမတွေလက်ထဲသာ ဝကွက်အပ်နှံထားရသည်။ ဆရာ ဆရာမတွေကလည်း ကြုံကြိုက်တိုက်ဆိုင်လာခါမှ ဝတ်ကျေတန်းကျေ ပြောဆိုဆုံးမ၊ သင်ရိုးညွှန်းတမ်းတွေ၌လည်း ပြည်သူ့နီတိကို အတိအကျ ပြဋ္ဌာန်းထားသည်မဟုတ်မူ၍ အရေးတယူ ဂရုတစိုက်မရှိတာ မဆန်းလှပါပေ။

ထိုအခါ တစ်လမ်းသွား ပညာရေး လမ်းမပေါ်မှာ သူတို့လေးတွေ စာတော်ပြီး လူမှုဆက်ဆံရေး၊ နီတိတရားဘက် ဆွံ့လိုသွားခဲ့ကြတာ ဘာများ ဆန်းပါမည်နည်း။ ဤသို့ဖြင့် ကျွန်တော်တို့ကလေးတွေ ဂျစ်တစ်တစ် မိုက်တိုက်တိုက် ခပ်ရိုင်းရိုင်း ရေယှဉ်ကြောတွင် မျောခဲ့ကြတာ… ကြာလှပေါ့။

*

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့…

အိမ်မှာ… အမြင်မတော်သည်နှင့် အဖေကလည်း မျက်မှောင်ကုပ်ကြည့်သည်။ အမေကလည်း သင်သည်။ အစ်ကိုအစ်မတွေကလည်း ညွှန်ပြသည်။ ထိုအခါ… ဪ… ငါလုပ်မိတာ မဟုတ်သေးဘူး။ မှားနေပါလား။ ဟုတ်တယ် အမေဆုံးမသလို အဖေသွန်သင်သလို လိုက်နာကျင့်သုံးသင့်သည့်စိတ်၊ နှလုံးသားထဲ အသိတရားထဲ တိုးဝင်စီးဆင်းသွားတော့သည်။

ကျောင်းမှာဆိုလျှင်လည်း… မတော်မလျော်တာတွေ့သည်နှင့် ဆရာဆရာမတွေက တဟဲ့ဟဲ့…နှင့် ပဲပြင်ဆုံးမကာ၊ တော်သင့်ရာကို ပြောပြကြလေသည်။ ပြီးတော့ ကုန်းအော်ရွတ်ဆိုခဲ့ရသည့် ကဗျာလေးတွေကလည်း ကိုယ်အမူအရာ၊ စိတ်အမူအရာ၊ ယဉ်ကျေးလိမ္မာဖို့၊ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကိုသနားတတ်ဖို့၊ ဘယ်သို့သွား၊ ဘယ်သို့နေ၊ ဘယ်သို့ထိုင်၊ ဘယ်သို့ပြော စသည့်နည်းလမ်းကလေးတွေနှင့် ပါးပါးလေး ပညာပေးကြတော့၊ ကျွန်တော်တို့ကလေးတွေ ကြားနေကျပေမို့ နားရည်ဝခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

တကယ်တော့ ဟိုတုန်းက ပညာရေးက စာတတ်ဖို့တစ်ခုတည်းသာ မကဘဲ၊ လောကထဲနေထိုင်နည်းကိုပါ ကျကျနနသင်ပေးခဲ့လို့ ပညာတတ်ခဲ့၊ လူရေးလူရာ ကျွမ်းကျင်လိမ္မာခဲ့တာအားလုံးအသိ။ ဒီလိုဖြစ်လာခဲ့ဖို့၊ လက်ဦးဆရာတွေက ကျွန်တော်တို့ကို ယဉ်ကျေးမှု အလေ့အကျင့်ကောင်းတွေ အမွေပေးခဲ့သည်။ အိမ်မှာဆိုလျှင် ဘယ်လိုယဉ်ကျေးရမည်။ ကျောင်းမှာဆိုလျှင် ဘယ်လိုနေထိုင်ရမည်။ လမ်းမှာဆိုလျှင် ဘယ်လိုသွားလာရမည်။ နောက်ဆုံး ကစားပျော်ပါးဆော့ကစားရာ၌ပင် ဘယ်လိုအချက်အလက်တွေကို စောင့်ထိန်းလိုက်နာရမည်ဆိုသည့်အထိ နားဝင်အောင်သွင်းခဲ့ကြသည်မဟုတ်လား။

နမူနာအဖြစ် အနည်းငယ်တင်ပြပါမည်။

**အိမ်၌ယဉ်ကျေးခြင်းဆိုရာတွင်…**

မိမိနှင့်သင့်လျော်သောနေရာ၌နေရာ၏။ လူကြီးများညှိသည်များထံသို့ မခေါ်ဘဲမသွားရ။ ရွှင်ပျသောမျက်နှာထားအမူအရာရှိအပ်၏။ ကျယ်လောင်စွာ စကားမပြောရ။ ဆူညံခြင်းမရှိစေရ။ လူကြီးများ၏ အလုပ်ကိုတတ်နိုင်သမျှ ကူညီရာ၏။ အိပ်ရာကို သန့်ရှင်းစေရာ၏။ မကြာမကြာ နေလှန်းရာ၏။ အိပ်ရာမှထလျှင် ခြင်ထောင်ကိုတင်၍ စောင်၊ ခေါင်းအုံးတို့ကို နေရာတကျရှိစေရာ၏။ သူများမနိုးမီ မိမိနိုးလျှင် အသံကျယ်စွာမပြုရ။ လူကြီးပေးလျှင် လက်နှစ်ဖက်ဖြင့် ခံယူရာ၏။ မိမိကပေးလျှင် လက်နှစ်ဖက်ဖြင့်ပေးရာ၏။ ထမင်းကိုပလုတ်ပလောင်းမစားရ။ ထမင်းစားစဉ် စကားမပြောရ။ ထမင်းစားသည့်အခါ ပျပ်ပျပ်မြည်အောင် မစားရ။ ထမင်းစားသောလက်ဖြင့် ဟင်းခပ်သောဇွန်းကို မကိုင်ရ။ ဟင်းရည်သောက်လျှင် မမြည်စေရ။ ဟင်းခွက်ကို လက်ဖြင့်မနှိုက်ရ။ သူတစ်ပါးထမင်းစားနေစဉ် တံတွေးထွေးခြင်း၊ ချွဲသလိပ်ဟပ်ခြင်းတို့မပြုရ။

**ကျောင်း၌ ယဉ်ကျေးခြင်းဆိုရာတွင်...**

စာသင်ခန်းသို့ အချိန်မှန်စွာ ရောက်ရမည်။ နောက်ကျရောက်လျှင် ခွင့်တောင်းရမည်။ အတန်းထဲတွင် စကားမပြောရ။ ငြိမ်သက်စွာ နေရမည်။ အခြား ကျောင်းသားများအား အနှောင့်မယှက်မပြုရ။ စာအုပ်စာရေးကိရိယာ များကို ရိုသေစွာကိုင်တွယ်ပါ။ ညစ်ညမ်းပျက်စီးအောင်မပြုလုပ်ရ။ စာအုပ်ကို ဖွင့်လျှင် တံတွေးဆွတ်၍မဖွင့်ရ။ စာရွက်ထောင့်ကဖွင့်ရမည်။ စာရွက်ကို ချိုးခေါက်၍ မမှတ်ရ။ စာရွက်လွှတ်တစ်ခုဖြင့်ညှပ်၍ ထားရမည်။ တစ်ယောက် နှင့်တစ်ယောက် ပြောင်လှောင်ခြင်း၊ သရော်ခြင်းမပြုရ။ ကျောင်းသားသစ်များ ငယ်သောကျောင်းသားများကို စောင့်ရှောက်ရာ၏။

**လမ်း၌ ယဉ်ကျေးခြင်းဆိုရာတွင်...**

လမ်းသွားစဉ် ကျယ်လောင်စွာ စကားမပြောရ။ လမ်းတွင်ရပ်၍ စကားပြောလျှင်၊ လွတ်ရာသို့ရှောင်၍ ပြောရမည်။ ရဟန်းသံဃာတော်များ၊ သူအိုများ၊ မိန်းမများနှင့် ကလေးသူငယ်များကို မိမိက လမ်းဖယ်ပေးရာ၏။ ကား၊ ရထားပေါ်၌ တွေ့လျှင် နေရာဖယ်ပေးရာ၏။ ဝန်လေးသယ်ဆောင်လာသူ အား မိမိကရှောင်ဖယ်ပေးရမည်။ ထီး၊ တုတ်စသည်တို့ကို ယူဆောင်သွား ပါက အချွန်ကိုအောက်ဘက်သို့စိုက်ကာ ကိုင်ဆောင်ရမည်။ လမ်းပေါ်တွင် သစ်သီးခွံများကို ပစ်မထားရ။ အမှိုက်စက္ကူစုတ်စသည်တို့ကို လမ်းမပေါ်တွင် မပစ်ပါနှင့်။ ယာဉ်ရထားပေါ်မှ တံတွေးမထွေးရ။ လမ်းဘေးရှိ အမှိုက်စွန့်ရာ ပုံးများထဲသို့ အမှိုက်များထည့်ပါ။ လူကို ဒုက္ခပေးနိုင်သော ခဲ၊ ဆူး၊ ခလုတ်၊ ပုလင်းကွဲတို့ကို လမ်းပေါ်တွင် တွေ့ရှိပါက ဖယ်ရှားပေးရမည်။ လမ်းဖြတ်ကူး လျှင် မော်တော်ကား၊ မီးရထား၊ ဆိုင်ကယ်၊ စက်ဘီးစသည်တို့၏ အန္တရာယ် ကို သတိထား၍ ကူးရာ၏။ လူသွားရန်သတ်မှတ်ထားသောနေရာရှိလျှင်၊ ထိုနေရာမှသာ ဖြတ်ကူးရာ၏။ တစ်ဦးတစ်ယောက်အား မတော်တဆ ထိခိုက်မိ လျှင် ယဉ်ကျေးစွာတောင်းပန်ရမည်။

**ခရီးသွားစဉ် ယဉ်ကျေးခြင်းဆိုရာတွင် ...**

ကား၊ ရထား၊ သင်္ဘောတို့ဖြင့် ခရီးသွားသောအခါ အတင်းတိုး၍ မဝင်၊ မတက်ရ။ အားနည်းသူများကို ဦးစွာအခွင့်အရေးပေးရာ၏။ မိမိအတွက် သင့်လျော်သည်ထက်ပို၍ နေရာမယူသင့်။ ထိခိုက်မိ၍သော်လည်းကောင်း၊ တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း တောင်းပန်စရာရှိခဲ့လျှင် နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ တောင်းပန်ရမည်။ ကျေးဇူးတင်သင့်လျှင် တင်ကြောင်း

အပြစ်မှခွင့်လွှတ်ကြောင်း ယဉ်ကျေးစွာပြောရာ၏။ လူအများနှင့်ဆက်ဆံနေရာများတွင် တံတွေးမထွေးပါနှင့်။ ကား၊ ရထား၊ သင်္ဘောအတွင်း လူအများနှင့်ဆံဆက်ရာနေရာများတွင် စကားကျယ်လောင်စွာ မပြောရ။ အော်ဟစ်ခြင်းမပြုရ။ မိမိတို့ကြားရုံမျှသာ စကားပြောရာ၏။

ပါးစပ်ထဲတွင် တစ်စုံတစ်ရာ ရှိစဉ် စကားမပြောရ။ သူတစ်ပါးမခံသာသည့် ရနံ့ရှိသော ပစ္စည်းများကိုပင် အသုံးမပြုရ။ ချောင်းဆိုး နှာချေခြင်းကို လူရှေ့တွင် မပြုလုပ်ရ။ အခြားနေရာများသို့ ထသွားခြင်းငှာ မတတ်နိုင်လျှင် လက်ကိုင်ပဝါဖြင့်အုပ်၍ ပြုလုပ်ရာ၏။ လူစည်းကားရာအရပ်တွင် မိန်းကလေးများရှိရာသို့ အတင်းဝင်၍ တိုးခြင်း၊ နောက်ပြောင်ပြောဆိုခြင်းမပြုရ။ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ စသည်တို့၌ လက်မှတ်ခံခြင်း၊ ဝင်ခြင်း၊ ထွက်ခြင်းတို့တွင် တိုးဝှေ့ခြင်းမရှိဘဲ တစ်ယောက်နောက်တစ်ယောက်စီကာ၊ မိမိအလှည့်ကို စောင့်ဆိုင်းရမည်။ မိမိအတွက် အလျင်ရရန်၊ ရောက်ရန် တိုးဝှေ့ကျော်တက်ခြင်း၊ ရောက်နှင့်ပြီးသူတို့ကို ကျော်၍ တက်ခြင်း၊ နေရာဟောင်းကိုလုခြင်း၊ နေရာရွေးခြင်း၊ မိမိကိုသာလျှင် ဦးစွာ ဆောင်ရွက်စေလိုခြင်း မပြုရ။

ထို့အပြင် ...

**လူမှုဆက်ဆံရေးနယ်ပယ်၌ ယဉ်ကျေးရာတွင်...**

ဆရာမိဘ လူကြီးများနှင့် စကားပြောလျှင် ထိုသူကိုကြည့်၍ ရိုသေစွာ ပြောဆိုရာ၏။ လူကြီးများနှင့်ဆရာများကို နှုတ်ဆက်ရာတွင် ဦးညွှတ်၍လည်းကောင်း မင်္ဂလာပါဟုလည်းကောင်း၊ ပြောဆိုနှုတ်ဆက်ရာ၏။ သူတစ်ပါးစကားပြောလျှင် ကြားဖြတ်၍မပြောရ။ မနှစ်သက်ဖွယ်သောစကား၊ အကျိုးမရှိသောစကားကို မပြောရ။ ရိုင်းပျသော စကားအသုံးအနှုန်းကို ရှောင်ကြဉ်ရာ၏။ ပါးစပ်ထဲသို့ လက်ထည့်၍ ကိုက်ခြင်း၊ လက်သည်းကိုကိုက်ခြင်း မပြုရ။ ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောဆိုဆက်ဆံရာ၏။ သူတစ်ပါး၏ ပျော်ရွှင်မှုကို မနှောင့်ယှက်ရ။ စိတ်စေတနာ ကောင်းထား၍ ဆက်ဆံရာ၏။

ဤသို့...နေရာတကာဝယ်၊ စည်းနှင့်ကမ်းနှင့် အယဉ်ကျေးအလိမ္မာနှင့် ပျူငှာစွာ ပြောဆိုကျင့်ကြံနေထိုင်တတ်ရန် သတ်မှတ်ထားသော အသေးစိတ်အချက်အလက်လေးတွေရှိသည်။ ဒါတွေကို လေးစားလိုက်နာပါမှ နိုင်ငံကြီးသား ပီသမည်။ အဓိပ္ပာယ်ရှိသော လိမ္မာယဉ်ကျေးသော လူရည်မွန်ကလေးများဖြစ်ပေမည်။

ဆိုခဲ့ပါ လူမှုဝန်းကျင်၌ ဆောင်ဖွယ်ရှောင်ဖွယ် ပြည်သူ့နီတိတို့ကား ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်မဟုတ်စေကာမူ၊ ဥပဒေကဲ့သို့ လေးစားလိုက်နာဖွယ်ရာတွေဖြစ်သည်။ အချို့သောအသိတရားတွေက တရားဥပဒေထက် လေးနက်သည်။ လူသည် အသက်နှင့်လူလုပ်သည်မဟုတ်ဘဲ အရှက်နှင့်လူလုပ်မဟုတ်လား။ ဒီတော့ မေးစရာတစ်ခုရှိသည်။ မလေးစားမလိုက်နာလျှင် ဘာဖြစ်မလဲ။ ဘာမှတော့မဖြစ်ပါ။ မိမိ၏ လူမှုဥပမိရုပ်ကို၊ မိမိဘာသာ ဖော်ပြသလိုသာဖြစ်ပါလိမ့်မည်။ အခြားလူတွေ ရှုံ့ရှာစက်ဆုတ် နှာခေါင်းရှုံ့ရုံသာရှိပါလိမ့်မည်။

သို့ပါ၍… နိဂုံးချုပ်အနေဖြင့် ကမ္ဘာ့ကုလသဂ္ဂအတွင်းရေးမှူးလည်းဖြစ်၊ ပန်းတနော်အမျိုးအသားအထက်တန်းကျောင်းအုပ်ဆရာကြီးဟောင်းလည်းဖြစ်သည့် ဦးသန့်၏ နှလုံးလှဖွယ်ဆုံးမစကားကို၊ ချစ်ခြင်းအားဖြင့် မျှဝေကမ်းလိုက်ပါသည်။

"တပည့်တို့… လူတော်လူကောင်းဖြစ်အောင် ကြိုးစားပါ။ လူတော်မဖြစ်ရင်တောင်မှ လူကောင်းတော့ဖြစ်အောင်ကြိုးစားပါ။ ဒီနေ့တို့တိုင်းပြည်မှာ လူတော်လည်း သိပ်ရှားတယ်။ လူဆိုးတွေလည်းအများကြီးပဲ…"တဲ့။

ကဲ…ဘယ်လိုလဲ။

မောင်တို့ စဉ်းစားကုန်လော့

မယ်တို့ စဉ်းစားကုန်လော့…။

မင်းချမ်းမွန်

⁜

စာပေချစ်သူများအတွက် စာပေနှင့် ပန်းချီကဏ္ဍရက်မှ စီစဉ်ထုတ်ဝေသော

# ဆာယာ

သုတ • ရသ • စာပေ • အနုပညာ ၂



# လူငယ်နှင့် ဘာသာရေး

အရှင်ဓမ္မိက(လောင်းလုံ)

လူငယ်တို့ ပါးစပ်ဖျားတွင် တွဲခိုနေသော စကားလုံးမှာ

'လူ့အခွင့်ရေး' ဟူသောစကားလုံးပင်ဖြစ်သည်။

အရာရာကို လူ့အခွင့်ရေး ပေတံနှင့် တိုင်းတာလာကြ၏။

သူတို့စိတ်ထဲတွင်ရှိသော ခံစားချက်မှန်သမျှကို

ပြုလုပ်လိုက်ခြင်းသည်ပင် လူ့အခွင့်ရေးတစ်ရပ်အနေဖြင့်

သတ်မှတ်နေလာကြသည်ကို တွေ့ရသည်။

လူဆိုသည်မှာ ပတ်ဝန်းကျင်အသိုင်းဝိုင်းနှင့်

နေထိုင်ကြသောသူများ ဖြစ်သောကြောင့်

မိမိအခွင့်ရေးသည်...

# လူငယ်နှင့်ဘာသာရေး

လူကြီးတို့၏ အိပ်မက်များသည် အနာဂတ်လူငယ်များအတွက် ဖြစ်၏ ဟုဆိုလျှင် လူငယ်တို့၏ အိပ်မက်သည်ကား မည်သို့သောအရာ ဖြစ်နိုင်ပါသနည်း…။

သည်မေးခွန်းကို အခုတလောဖြစ်ရပ်လေးတွေကတဆင့် မိမိစိတ်ထဲ မေးနေမိသည်။

*

အစအရာရာပြောင်းလဲမြန်သည့် ယနေ့ကာလသည် မနေ့ကအခြေအနေနှင့် ယနေ့အခြေအနေသည်မတူတော့၊ ယနေ့အခြေအနေနှင့် မနက်ဖြန်အခြေအနေတို့သည်လည်း ကွာခြားနေကြပြီ။ လူမှုဝန်းကျင်သည် ကျယ်သည်ထက် ကျယ်လာသည်။ IT ပစ္စည်းများသည်လည်း တစ်နေ့တခြားပြောင်းလဲလာနေကြသည်။ ကမ္ဘာ၏ အနောက်ဘက်ခြမ်းက အဖြစ်ပျက်သည် ကမ္ဘာ့အရှေ့ခြမ်းသို့ ရုတ်တရက်ကူးသန်းကာ လာရောက်ရိုက်ခတ်နေပြီ။ မြန်မာစကားပုံ၌ 'ညောင်ဦးကမ်းပါးပြို၍ စပ္ပါနဂိုက နွားမပေါင်ကျိုး' ခြင်းသည် ဘာမျှမဆိုင်ဟု ဆိုသော်ငြားလည်း ယနေ့အချိန်သည် မဖြစ်နိုင်သောဟု ထင်ရသောအရာများ ဖြစ်နိုင်ချေများလာသည်။

လူငယ်တို့ ကမ္ဘာကြည့်ကြည့်နေသောအချိန်တွင် လူကြီးတို့၏ နှလုံးသားထဲ စိုးရိမ်မှုကွန်ရက်တချို့ ရစ်ပတ်နေ၏။ တောရောမြို့ပါ ဆန်းသစ်လာနေသော လူနေမှုဘဝ၊ နိုင်ငံရေးခံယူချက်၊ ဘာသာရေးခံယူချက်များသည် ရွေ့လျားလာသော အတွေးအခေါ်များနှင့်အတူ အပြုအမူအပြောအဆိုများပါ သိသိသာသာရော မသိမသာပါ လူငယ်တို့စိတ်အစဉ်တွင် ပြောင်းလဲ

လာသည်။ ကောင်းသော ပြောင်းလဲမှုသည် ကြိုဆိုလက်ခံရမည်ဖြစ်သော်လည်း မကောင်းသောပြောင်းလဲမှုတို့ ရစ်ပတ်ချည်နှောင်မှု များလာသောအခါ လူကြီးတို့ စိတ်နှလုံးရေချိန်က စိုးရိမ်အမှတ်သို့ ရောက်ရှိသွားခဲ့ကြရသည်။

ကျောင်းသူကျောင်းသား လူငယ်တက်သစ်စအရွယ်လေးများသည် ပင်လျှင် ကျောင်းဆင်းလျှင် ဘောလုံးကွင်းဆီ ရောက်တတ်သော ခြေလှမ်းများက (ကျုံ့ဝင်သွားသော အားကစားကွင်းများကြောင့်) ဆွဲဆောင်မှု အားကောင်းသော လူမှုကွန်ရက်ဆီ ခြေဦးလှည့်နေကြပြီ။ ကာယစွမ်းရည်တို့သည် ကျုံ့လိုလာသကဲ့သို့ ပညာရေးစနစ်အရ ဉာဏစွမ်းရည်များမှာလည်း အတွေးခေသည့်ဘက်တွင် ဖွံ့ဖြိုးတိုးတက်မှု ကျဉ်းမြောင်းသွားခဲ့ပြီ။ ဂုဏ်နှင့် ရုပ်ဝတ္ထုတို့၏ ပြိုင်ဆိုင်မှုစွမ်းအားတွေကလည်း အားအလွန်ပြင်းသည်။ မိဘနှင့် သားသမီး လူငယ်တို့အကြား ဘဝအပူတွေက ပိုင်းခြားလိုက်သည့် အချိန်ကာလများသည် ရှည်ကြာလာသည်နှင့်အမျှ လူငယ်တို့သည် လူကြီးမိဘတို့၏ အဆုံးအမများကို ကျော်ခိုင်းလာကြကာ တိုရှည်မညီသော လူ့အခွင့်အရေး ပေတံကို အသုံးပြုလာကြသည်။ အဆုံးအမများသည် လူကြီးတို့နှလုံးသားထဲ အစုအပုံ အမှိုက်ပုံကြီးသဖွယ်ဖြစ်နေပြီ။ တန်ဖိုးရှိရှိ မသုံးစွဲတတ်ကြတော့။ သင်္ကေတမျိုးစုံကို မှတ်သားနေရသော နားစည်သည် ဟစ်ဟော့တစ်ပုစ်လောက်ပင် နားဝင်မချိုတော့။ လူကြီးနှင့် လူငယ်တို့အကြား အေးစက်မှုများက နေရာယူလာကြသည်။

ဂုဏ်အချင်းချင်း ထပ်ကြရာက ကျရောက်လာသည့် လူကြီးတို့၏ ပုံရိပ်တို့သည် လူငယ်တို့စိတ်အစဉ်သို့ ထိုးကျလာသည်ကိုလည်း။ စဉ်းစားတွေးခေါ်မှုများသည် လူငယ်တို့နှင့်ဝေးကွာလာတိုင်း ဘာသာတရား အဆုံးအမများသည် အေးစက်သွားကြသည်။ တချို့ ဘာသာရေးထုံးတမ်း အစဉ်အလာများ ယဉ်ကျေးမှုဓလေ့ထုံးစံများကို အပိုလုပ်သဖွယ် မြင်လာကြသည်။ နှလုံးသား နူးညံ့မှုမရှိသော လူငယ်တို့အဖို့ လူ့အဖွဲ့အစည်းကို လှပအောင် မည်သို့မျှ အရောင်ခြယ်နိုင်လိမ့်မယ် မဟုတ်။

လူငယ်တို့သည် ဘဝကိုမြှင့်တင်ပေးမည့် သင်တန်းပေါင်းစုံ မအားမလပ် ရှိနေကြသည်။ ထိုသင်တန်းတို့သည် အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်နေသောကြောင့် အရေးပါလာသော အရာများအဖြစ် သတ်မှတ်ထားကြသည်။ သို့သော် ဘဝလမ်းကြောင်းကို ဖြောင့်ဖြူးအောင် လျှောက်လှမ်းတတ်ဖို့ရန်အတွက် ဘာသာရေးနှင့် စပ်ဆိုင်သော အသိကို မြှင့်တင်ပေးမည့်နေရာ

များသို့ သွားရောက်သည့် ခြေလှမ်းများမှာ လေးတွဲ့တွဲ့ရှိနေပြီ။ ဘာသာရေးနှင့် ဆေးကွာနေသော လူငယ်တစ်ယောက်အတွက် အနာဂတ် လူ့အဖွဲ့စည်းတွင် ပါဝင်ဖို့ဆိုရန်မှာ အလားအလာ မကောင်းနိုင်ပါမည်လား။ လူမှုပတ်ဝန်းကျင်တွင် ဆောင်ရွက်နေကြသည့် အနှစ်သာရ အားနည်းသည့် ဘာသာရေးအသွင်သဏ္ဌာန် အပြင်အဆင် အပြုအမူတို့ကို ကြည့်၍လည်း ဘာသာရေးအပေါ် အမြင်ပြောင်းသွားသည်လည်း ရှိသည်။

မိမိဖြစ်လိုသော ရည်မှန်းချက်များအတိုင်း ဖြစ်မလာသောအခါမျိုးတွင်လည်း မိမိယုံကြည်ပါသည် ဆိုသော ဘာသာရေးကို ပစ်ပယ်သွားပြီး အခြားအယူဆသို့ ပြောင်းလဲသွားသည်လည်း ရှိပါသည်။ စီးပွားရေးကြောင့်လည်း မျက်ကွယ်ပြုသည်။ လူမှုရေးကြောင့်လည်း မျက်ကွယ်ပြုသည်။ ဘာသာရေး၏ ဦးတည်ချက်ကို မသိ။ အသွင်သဏ္ဌာန်တို့၏နောက်ကွယ်တွင် ရှိသော စစ်မှန်သော အမှန်တရားတို့ကို မြင်အောင် ကြည့်နိုင်စွမ်းမရှိလျှင် ဘာသာတရားအပေါ် တန်ဖိုးထားမှု ယုတ်လျော့လာမည်မှာ အမှန်ဖြစ်သည်။ ထိုသို့ဆိုလျှင် မိဘရိုးရာဘာသာကို လုံးဝပစ်ပယ်လိုက်ကာ အခြားဘာသာသို့ ပြောင်းလဲတတ်ကြသည်။

အချို့က ဘာသာရေးသည် လွတ်လပ်မှုကို ထိန်းချုပ်ထားသလိုမျိုး ခံယူလာကြသည်။ ဘာသာတရား၏ အဆုံးအမမှသွေဖယ်ပြီး မိမိတို့စိတ်ဆန္ဒ စိတ်ခံစားမှု ရှိသည့်အတိုင်း လုပ်ဆောင်ကြမည့် လူငယ်တို့ များလာပါက အနာဂတ် လူ့အဖွဲ့အစည်းသည် အေးချမ်းတည်ငြိမ်သော လူ့အဖွဲ့အစည်း ဖြစ်လာနိုင်မည် မဟုတ်တော့ပေ။

အခုအချိန်သည် လူငယ်တို့ ပါးစပ်ဖျားတွင် တွဲခိုနေသော စကားလုံးမှာ 'လူ့အခွင့်ရေး' ဟူသောစကားလုံးပင်ဖြစ်သည်။ အရာရာကို လူ့အခွင့်ရေး ပေတံနှင့် တိုင်းတာလာကြ၏။ သူတို့စိတ်ထဲတွင်ရှိသော ခံစားချက်မှန်သမျှကို ပြုလုပ်လိုက်ခြင်းသည်ပင် လူ့အခွင့်ရေးတစ်ရပ်အနေဖြင့် သတ်မှတ်နေလာကြသည်ကို တွေ့ရသည်။

လူဆိုသည်မှာ ပတ်ဝန်းကျင်အသိုင်းဝိုင်းနှင့် နေထိုင်ကြသောသူများ ဖြစ်သောကြောင့် မိမိအခွင့်ရေးသည် အရေးကြီးသည် မှန်သော်လည်း မိမိအခွင့်ရေးကနေ ပတ်ဝန်းကျင် ထိခိုက်နိုင်သည်ကိုလည်း သတိပြုရမည် ဖြစ်သည်။ မိမိအခွင့်ရေးကိုသာ ကြည့်ပြီး ပတ်ဝန်းကျင်ကို အလေးဂရုမပြုသော အခွင့်ရေးသမားများသည် 'လူ့အခွင့်ရေးသမား' များ ဖြစ်လာကြပေမည်။

မိမိမြင်မိသော လူ့အခွင့်ရေးဆိုသည်မှာ အချင်းချင်း ကိုယ်ချင်းစာ တရားများ ထားကာ ကူညီရိုင်းပင်းတတ်သော စိတ်ထားများ မရှိခြင်းပင် ဖြစ်သည်ဟုမြင်မိသည်။ ဆရာမကြီးတစ်ယောက်ပြောသလို **"ဆေးလိပ်သောက်ခြင်းသည် ကိုယ်ပိုင်အခွင့်ရေး ဖြစ်သည်မှန်သော်လည်း လူကြားထဲ ဆေးလိပ်သောက်ပါက သူတပါးအခွင့်ရေးကို ချိုးဖောက်နေခြင်းဖြစ်သည်"** ဟုသောအဆိုကိုသဘောကျမိသည်။ ဘာသာတရားကပေးသော အသိဉာဏ် နည်းလမ်းများဖြင့် ဘဝကို တည်ဆောက်နိုင်မှလည်း အနာဂတ်အတွက် စိတ်ကောင်းရှိ ထူးချွန်သောလူငယ်များ ဖြစ်လာကြပေလိမ့်မည်။

လူငယ်များအတွက် စဉ်းစားနေရင်း ဂျာမနီမှာ သာသနာပြုနေသည့် မိတ်ဆွေဆရာတော် အရှင်ကုသလသာမိက သာသနာ့တက္ကသိုလ် နှစ်ပတ်လည် တွေ့ဆုံပွဲ ၊ အာစရိယပူဇော်ပွဲ၊ စာတမ်းဖတ်ပွဲတွင် ဖတ်ခဲ့သည့် မှတ်သားချက်များကို သတိရလာမိသည်။ ထိုအကြောင်းရာနှင့်ထပ်တူ မဂ္ဂါဗုဒ္ဓဘာသာပါဠိ ကောလိပ်သင်တန်းတွင် အရှင်ကုသလသာမိ ပို့ချမှုအကြောင်းအရာကို ဆရာ သစ္စာနီက ၂၇.၁.၂၀၁၈ စနေနေ့ထုတ် News Watch Weekly စောင့်ကြည့် သတင်းဂျာနယ်မှာ 'မြန်မာနိုင်ငံ အနာဂတ်ဗုဒ္ဓဘာသာ အလားအလာ' ဆောင်းပါးမှာ ထည့်သွင်းရေးသားခဲ့သေးသည်။

အနောက်တိုင်း ဆုတ်ယုတ်လာသော ဘာသာရေးနှင့် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ၏ အနာဂတ်အလားအလာအကြောင်း ဖြစ်သည်။ ဆုတ်ယုတ်လာသည့် ဘာသာရေးမှာဟူသော ရည်ညွှန်းသည့် ဘာသာရေးမှာ အနောက်တိုင်း (အထူးသဖြင့် ဥရောပ) မှ ခရစ်ယာန် Community အတွင်း ယုတ်လျော့လာသော ယုံကြည်ကိုးကွယ်မှုကို ဆိုလိုခြင်းဖြစ်သည်။ ဥရောပတွင် တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း သွားကြသောအလေ့သည် ကြာလေ အားလျော့လာလေ ဖြစ်လာသည်ဟု ဆိုသည်။ မိတ်ဆွေလေ့လာရသလောက် တချို့သည် နှစ်ကာလရှည်ကြာစွာပင် ဘုရားရှိခိုးကျောင်းသို့ မရောက်ကြတော့။ ဥရောပတွင် တနေ့တခြား ဘာသာမဲ့ဆိုသူတွေ တိုးပွားလာသည်။

ပြင်သစ်တွင် ဘာသာမဲ့ ၄၀ ရာခိုင်နှုန်းရှိသည်ဟု စာရင်းဇယားအရ ပြောပါသည်။ ဘာသာမဲ့ဟု အမည်မခံကြသော်လည်း အများစုမှာ ဘာသာရေး အပေါ် အလေးအနက်မထားတော့ဟု သိရသည်။ ခရစ်ယာန် ဘုရားရှိခိုး ကျောင်းအများစုမှာ အစိုးရအထောက်အပံ့နှင့် ရပ်တည်နေရရာက ယခင်က ကဲ့သို့ အစိုးရကလည်း မထောက်ပံ့နိုင်သဖြင့် တစ်စထက်တစ်စ ဖျက်သိမ်း

ပိတ်သိမ်းနေကြရသည်။ တချို့ကို မြန်မာဗုဒ္ဓဘာသာဝင်များက ဝယ်၍ ဘုန်းကြီးကျောင်းအဖြစ် ပြုပြင်ယူကြသည်ဟု ဆိုသည်။ ဂျာမနီတွင် လေ့လာသည့်အနေဖြင့် လူငယ်များကို ဘာသာရေးနှင့်ပတ်သက်၍ ယုံကြည်မှု ရှိပါသလားဟု မေးခွန်းထုတ်တိုင်း သူတို့က မား (Mah) မြန်မာလိုတော့ 'ခေါက်ထားစမ်းပါ' ဟု အဓိပ္ပာယ်ရသည့်စကားဖြင့် ဖြေလေ့ရှိသည်ဟု ဆိုပါသည်။

ဖန်ဆင်းရှင်ဝါဒကို မယုံကြည်ဘူးဆိုတော့ ဘာကိုယုံကြည်သနည်း။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံ ကြည်လာကြသလားဆိုတော့ ဒီလိုလည်း မဟုတ်ပြန်။ တခုတော့ရှိသည်။ သူတို့သည် 'တရားထိုင်ရခြင်း' ကိုတော့ အလွန်အမင်း စိတ်အားထက်သန်လာကြသည်ဟု ဆိုသည်။ သူနေထိုင်ရာ ဖရန်းဖွတ်မြို့ကလေးမှာပင် တရားထိုင်နိုင်သည့် Meditation စင်တာပေါင်း အတော်များများရှိသည်။ တချို့မှာ ဟင်ဒီယောဂတရား ပြစခန်းများဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာကျောင်းများတွင်သာ တရားအလကား (အခမဲ့) ထိုင်ခွင့်ရသော်လည်း တခြားစင်တာများတွင် တစ်နာရီ တရားထိုင်လျှင်ပင် ယူရိုဒေါ်လာ ၃၀ ကျော် ၄၀ ပေးကြရသည်ဟု ဆိုပါသည်။ ဒါလည်း တရားထိုင်မှုတွေ တိုးပွားလာနေသည်။ တရားထိုင်မှုမှရရှိသော စိတ်ငြိမ်းချမ်းမှုအရသာနှင့် တခြားအကျိုးဆက်များကို သူတို့နှစ်သက်နေကြသည်။ ဒါက သူတို့ဆီတွင် Godless Community (ဘုရားမဲ့လူ့အဖွဲ့အစည်း) အထိ သွားမည့်အခြေအနေဖြစ်သည်။

ထိုသို့သော လက်ရှိဖြစ်ပေါ်နေသော ဥရောပအခြေအနေကိုကြည့်ခြင်းဖြင့် ဗုဒ္ဓ၏အဆုံးအမကို ခံယူပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူထားကြသော မြန်မာနိုင်ငံရှိလူအများအတွက် ထိုသို့ဖြစ်မလာနိုင်ဘူးလားဟု စံနမူနာယူ၍ စဉ်းစားရမည့်အချက် ဖြစ်သည်။

လက်ရှိ နိုင်ငံ၏ နိုင်ငံရေးသည် ဘင်္ဂလီအရေးစသည့် အခြားများစွာသော အရေးကိုကိုအကြောင်းပြု၍ အဖက်ဖက်မှ ထိုးမှုများလည်သောကြောင့် 'ဆန်စင်ရာန ကျည်ပွေ့လိုက်ရ' သလိုဖြစ်နေသည်။ ထိုအရေးများကြောင့် လက်ရှိစီးပွားရေး လူမှုရေးအရ မြင်တွေ့နေရမှုသည် အားရမှုမရှိ။ ဒုစရိုက်အမှုတွေကလည်း တစ်နေ့ထက်တစ်နေ့ (လူမှုကွန်ရက်၏ ပွင့်လင်းမြင်သာ၍လားမသိ) များပြားလာသည်ကို တွေ့ရသည်။ အဆိုးဆုံးမှာ အသက်ငယ်ရွယ်သူ အမျိုးသမီးတို့အား မဖွယ်မရာ ပြုကျင့်သော အမှုပင်

ဖြစ်သည်။ ပြည်သူအချို့က ထိထိရောက်ရောက် ဥပဒေပြဋ္ဌာန်းဖို့ တောင်းဆိုလာသည့်အထိပင် ရှိနေပြီ။ အနောက်တိုင်းယဉ်ကျေးမှုများလည်း ကူးစက်လာသည်နှင့်အမျှ လူမှုအနေအထိုင်တို့သည် ပြောင်းလဲလာနေပြီ။

ပုထုဇဉ်တို့၏ စိတ်ဓာတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။ မကောင်းမှု၌ မွေ့လျော်တတ်သည့် စိတ်ကို ဘာသာရေးအဆုံးအမ ကိုယ်ကျင့်တရားတို့က အမြဲချုန်းအုပ်ထားရမည်။ မကောင်းမှု၌ မွေ့လျော်တတ်သောသူအဖို့ ဘာသာတရားအဆုံးအမနှင့် ကင်းဝေးသွားက စိတ်ယဉ်ကျေးမှုရောရုပ်ယဉ်ကျေးမှုပါ ပရမ်းပတာ ဖြစ်သွားလိမ့်မည်။ ထို့ထက် ပိုကြောက်စရာကောင်းတာက ဘာသာရေးနယ်ပယ်က လွတ်ပြီး ဘာသာမဲ့ခံယူကာ မိမိစိတ်ထဲ ရှိသမျှလုပ်ဆောင်ပါက ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းမှု ဆိတ်သုဉ်းသွားလိမ့်မယ်။ ဘာသာတရားကို ကိုယ်တိုင်ကျင့်သုံးလိုက်နာခြင်း (personal morality) မှုနှင့်သက်ဆိုင်သော စောင့်ထိန်းခြင်း သဘောသက်ရောက်နေသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် မစောင့်ထိန်းလျှင် မလိုက်နာလျှင် ဖြစ်လာနိုင်သည့် မကောင်းသောအကျိုးဆက်ကိုပါ သွယ်ဝိုက်သောနည်းဖြင့် စောင့်ထိန်းပြီး ဖြစ်သည်ဖြစ်ရာ အများပတ်ဝန်းကျင်အတွက်ပါ ကောင်းကျိုးပြုနေခြင်း ဖြစ်သည့်အတွက် (Social morality) သဘော သက်ရောက်နေပြန်သည်။

ငါးပါးသီလ စသည့် လူမှုကျင့်ဝတ်များကို ကျင့်သုံးနေခြင်းသည် ထိုသဘောပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာတရားသည် လူငယ်တို့အတွက် အလွန်ရေးကြီးသည်။ ဘာသာတရားနှင့် ကမ်းဝေးလူငယ်သည် အနာဂတ်အတွက် တန်ဖိုးရှိသော လူငယ်တစ်ယောက်အဖြစ် မွေးဖွားနိုင်မည်မဟုတ်ပေ။

*

တလောက ဗီဒီယိုဖိုင်လေးတစ်ခုကို မြင်လိုက်ရသည်။ အမျိုးသမီးတစ်ဦး ဗုဒ္ဓ၏မေတ္တာရိပ်အောက်ကနေထွက်ခွာပြီး ဘာသာတစ်ခု၏ အရိပ်အောက် ဝင်ရောက်ခိုနားသွားခဲ့ပုံအကြောင်းကို ပြန်လည်မျှဝေနေသည်။ မျှဝေသည်ဆိုခြင်းထက် ထိုဘာသာ၏ အရိပ်အောက်လာရောက်ကြဖို့ မဲဆွယ်သည်ဆိုက ပိုမှန်လိမ့်မည်။ ဗုဒ္ဓဘာသာဝင်ဖြစ်စဉ်က ကုသိုလ်ပြု တရားထိုင်ခဲ့သည့်အကြောင်း စသည် စသည်ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုနေပြီး ဗုဒ္ဓဘာသာ၌နေစဉ်က စိတ်ချမ်းမြေ့မှုမရခဲ့ကြောင်း အခုမှ သခင်၏ အရိပ်အောက်သို့ရောက်ရှိပြီးအချိန်တွင် စိတ်ချမ်းသာရသွားကြောင်း ဒါကြောင့် သခင် အရိပ်

အောက်သို့ လာရောက်ခိုဝင်ပါစေလိုကြောင်း စသဖြင့် မျက်ရည်စီးကြောင်း တွေနဲ့အတူ ပြောဆိုနေသည်ကို တွေ့ရသည်။

သူ့ကိုမြင်ဖူးသလိုလို သိသလိုလိုရှိနေသည်။ မိမိစဉ်းစားကြည့်သည် ဘယ်တွေရာမှာ တွေ့ဖူးပါလိမ့် ကြာကြာမစဉ်းစားလိုက်ရ ဟုတ်ပြီ… သိပြီ။ အင်တာနက်ဘလော့ခေတ်က သူ့ကိုသိသည်။ စာရေးရာကတစ်ဆင့် မိတ်ဆွေ ဖြစ်သည်။ သူက ပြည်ပမှာ အလုပ်လုပ်နေသည်။ မိမိကလည်း အိန္ဒိယမှာ ပညာသင်နေသည်။

တစ်နေ့ သူနေထိုင်ရာနိုင်ငံသို့ အိန္ဒိယကနေ မိမိ မမျှော်လင့်ဘဲ ရောက်သွားသည်။ သူဆီကို သွားသည်တော့မဟုတ်။ သူနေထိုင်ရာမြို့ကို မိမိရောက်ရှိနေကြောင်း သိရပြီး သူ့နေထိုင်သော နေရာသို့ ဆွမ်းစားပင့်သည်။ သူငယ်ချင်း နှစ်ပါးနဲ့အတူ ဆွမ်းစားကြွသွားသည်။ သူ့မှာ ခင်ပွန်းရှိသည်။ သူ့ခင်ပွန်းက မြန်မာတိုင်းရင်းသား အခြားဘာသာဝင်။ သူ တတိယနိုင်ငံ ဖြစ်သော အနောက်နိုင်ငံသို့ အလွန်သွားလိုသည်။ သူ အလွန်ချမ်းသာချင် သည်။ မိခင်ကြီးကို ချမ်းချမ်းသာသာ ထားချင်သည်။ အနောက်နိုင်ငံသို့ သွားဖို့ရန်မှာ ထိုသူမျိုးကို လက်ထပ်မှအဆင်ပြေမည်။ အခု သူနေသော နိုင်ငံအနေထားအရ သူယူထားသော သူ၏ ဘာသာဝင်တွေကို ဦးစားပေး ရွေးချယ်သောကြောင့် သွားခွင့်ရမည်။

မိမိတို့ကို ဆွမ်းကပ်ရာတွင် သူ့ခင်ပွန်းကလည်း ဝိုင်းဝန်းကူညီသည်။ မိမိတို့အားဆွမ်းကပ်ပုံ တရားဟောပုံတွေကို မြန်မာနိုင်ငံရှိ သူ၏မိခင်ကြီးကို Viber ကတစ်ဆင့် ထုတ်လွှင့်ပြသည်။ သူ၏မိခင်နှင့်လည်း မိမိ စကား ပြောခွင့် ရသည်။

သူသည် မိမိလုပ်ဆောင်မည့် သာသနာပြုလုပ်ငန်းများတွင် တစ်နေ့ အမိမြေပြန်လာရင် ပါဝင်ကူညီမည်ဟု ပြောဖူးသည်။ သူသည် ဘယ်အချိန်ပဲ ရောက်ရောက် သူယုံကြည်တဲ့ ဗုဒ္ဓဘာသာကို ဆည်းကပ်မည်။ အကယ်၍ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ရရှိပါကလည်း သူယုံကြည်သည့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စေမည်ဟု အားတက်သရော ဖုန်းဆက်ပြောဖူးသည်။

မိမိမြန်မာပြည်ပြန်ရောက်ပြီး သူနဲ့ အဆက်သွယ် ခဏပြတ်သွားသည်။ နောက် Facebook ကနေ ဆက်သွယ်ပြန်ရချိန်တွင် သူသွားချင်နေသော အနောက်နိုင်ငံကြီးတစ်ခုကို ရောက်ရှိနေပေပြီ။ သူသည် သားလေးတစ်ယောက် ပါ ပိုင်ဆိုင်ထားပြီ။ သူ့ Facebook ပရိုဖိုင်တွင် နိုင်ငံခြားရုပ်ခြားက

အမျိုးသမီးတစ်ဦးပုံကနေ မိသားစုပုံလေး ဖြစ်နေပြီ။ သူ့သားလေးကို တစ်နေ့ အမိနိုင်ငံသို့ပြန်ပို့ပြီး ရှင်ပြုချင်သည်ဟု သူပြောသည်။ နောက်တော့ သူနှင့်မိမိ Facebook က အဆက်သွယ် ပြတ်သွားသည်။

မိမိနှင့်အတူ နေဖူးသော သူငယ်ချင်းတစ်ပါးကလည်း သူနဲ့ခင်မင်သည်။ သူ့ခင်ပွန်းက ဘုန်းကြီးတွေနှင့် ဆက်သွယ်သည်ကို မနှစ်သက်ဟု သူငယ်ချင်းဆီကတစ်ဆင့် သိရသည်။ နောက် သူက အလွန်အားနာကြောင်း ပြောသည်ဟုဆိုသည်။

အခုတော့ သူသည် ဗီဒီယိုဗိုင်အရဆိုပါက မြတ်ဗုဒ္ဓ၏ မေတ္တာရိပ် အောက်ကနေ သခင်၏မေတ္တာရိပ်အောက်သို့ ခိုဝင်သွားချေပြီ။ သူရောက်ချင်သော တတိယနိုင်ငံသို့ ရောက်ခွင့်ရခဲ့ပြီ။ အခု သူချမ်းသာနေပြီလားဆိုသည်ကိုတော့ မိမိမသိရသော်လည်း သူပိုင်ဆိုင်ချင်သော သားလေးတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ သို့ရာတွင် သူပြုလုပ်ဆောင်ရွက်ချင်သော မြန်မာ့ရိုးရာ ထုံးစံအတိုင်း ဗုဒ္ဓဘာသာဝင်တို့၏ ရှင်ပြုပွဲမျိုးကို သူပြုလုပ်နိုင်ခွင့် ဆုံးရှုံးခဲ့ပြီ။ ဒီမိုကရေစီ သဘောအရ လူတိုင်းလွပ်လပ်စွာ ကိုးကွယ်နိုင်ခွင့်ကို သူ မိမိရရ အသုံးပြုသွားခဲ့ပြီ။ မိမိအနေနဲ့တော့ သူဖြစ်ချင်သည်များကို ဖြစ်ခွင့်ရသွား၍ ဝမ်းမြောက်ရသော်လည်း သူမိရိုးဖလာ ကိုးကွယ်ဆည်းကပ်ခဲ့သည့် ဗုဒ္ဓအရိပ် အောက်ကနေ ဝေးကွာသွားခဲ့သည်ကိုတော့ စိတ်မကောင်းဖြစ်မိသည်။

သူငယ်ချင်းကို ထိုအကြောင်းကို ဖုန်းဆက်ပြောမိသည်။ သူငယ်ချင်းက 'ဟုတ်လို့လား' ဟု မယုံကြည်သောလေသံဖြင့် တုန့်ပြန်သည်။

"ဟုတ်တယ် သူငယ်ချင်းရေ သူမှာသူအစစ်ပါ။ တပည့်တော်လည်း တော်တော်အံ့ဩနေမိတယ်"

"ဒါဆို သူက အခြေအနေ အသိုင်းအဝိုင်း အဆင်ပြေအောင် ပြောင်းတာလားမသိ၊ လက်ရှိခံယူထားတာကို စွန့်မယ်လို့မထင်ဘူး"

ဟု သူငယ်ချင်းက ကောက်ချက်ဆွဲသည်။

သူငယ်ချင်းကောက်ချက်ချသလို ဖြစ်ရင်ကောင်းမှာပဲဟု စိတ်ထဲက ပြောမိသည်။ နောက် ဆက်စဉ်းစားမိသည်က ဒါဆိုရင် သူ အခုယူသွားတဲ့ သခင်အရိပ်အောက်ကို ယုံယုံကြည်ကြည် မဟုတ်ခဲ့ဘူးဆိုရင် ချမ်းသာ ချင်သော သူ့ဘဝအတွက် ဘာသာရေးကို အသုံးချခဲ့လေသလား ဒီလိုမျိုး ဖြစ်မည် ဆိုပါက သူအတွက်စိတ်မကောင်းရပြန်သည်။ သူ့ဗီဒီယိုအရ ဆိုရင်တော့ ထိုသို့လည်းမဖြစ်နိုင်။ သူ သခင်အရိပ်အောက် ယုံယုံကြည်ကြည်

ဝင်သွားသည်ဟု ပြန်မြင်လိုက်သည်။ လူတိုင်း လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ပိုင်ခွင့် ရှိသော်လည်း သူငယ်ငယ်ကတည်းက မိဘအမွေ ရိုးရာဘာသာကို တန်ဖိုးနိမ့်ပြီး ပြောသည်ကိုတော့ မိမိ လက်မခံလို။

သူဖြစ်ချင်သည်ကို ဖြစ်ခွင့်ရ၍ စိတ်ချမ်းသာပါစေလို ဆုတောင်းမေတ္တာ ပို့ပေးရုံမှတပါး မိမိမတတ်နိုင်။

*

"ဗုဒ္ဓတရားတော်များကို သိရှိနားလည်ပြီး ဘာသာတရားကို တန်ဖိုးထားချစ်ခင်မြတ်နိုးကာ ယဥ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်၊ မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်သောစစ်မှန်သည့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပေါ်လာစေရန်" ဟူသော ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ အနာဂတ်မျှော်မှန်းချက်များထဲက သည်အချက်များကို သတိရမိနေသည်။ မိမိလည်း ဓမ္မစကူးလ်လုပ်ငန်းကို ထဲထဲဝင်ဝင် လုပ်ဆောင်နေသည်။ အသက်မွေးဝမ်းကြောင်းပညာကို အဓိကထားသင်ကြားနေရသော ကလေးလူငယ်များအဖို့ တစ်ပတ်တစ်ကြိမ် ဘုန်းတော်ကြီးကျောင်းနှင့် နီးစပ်ဖို့ရန်မှာ ဓမ္မစကူးလ်သာလျှင်ရှိသည်။ ဘာသာရေးကို ပညာရေးအသွင်ပြောင်းကာ လူမှုနေ့စဥ်ဘဝနှင့် ထိစပ်အောင် ကလေးဗဟိုပြုချည်းကပ်နည်းဖြင့် သင်ပေးနေသည်။ လမ်းမှန်မှန်လျှောက်တတ်ရန်အတွက် ဘာသာရေးမှ မြတ်ဗုဒ္ဓလမ်းညွှန်ချက်သည် အလွန်အရေးပါနေသည်။

မိမိသည် လူငယ်တို့ အနာဂတ်ကို လှပစေချင်သည်။ ပညာလည်း ပြည့်ဝစေချင်သည်။ စိတ်နှလုံးပါ လှပစေချင်နေသည်။

'ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများပေါ်ထွန်းပြီး ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာရန်' ဟူသော ဓမ္မစကူးလ် ရည်မှန်းချက်သည် မိမိနှလုံးသားထဲ၌ အမြဲပဲ့တင်ထပ်နေ၏။

ယနေ့ ဥရောပ၏ ယနေ့လူငယ်နှင့်ဘာသာရေး၊ မိမိ သိရှိခင်မင်ခဲ့သူတစ်ဦး၏ယနေ့ သူမနှင့် ဘာသာရေး သည်နှစ်ခုကိုချိန်ထိုးနေကြည့်နေမိသည်။ မိမိသည် လူငယ်တို့၏ အနာဂတ်သည် အမိမြန်မာနိုင်ငံတော်ကြီးအတွက် နိုင်ငံရေး၊ စီးပွားရေးပါ ကိုယ်ခံအားပြည့်သော အနာဂတ်ကို လှပအောင် ထုဆစ်နိုင်သူများအဖြစ် ဖြစ်စေချင်နေမိသည်။

*

လူကြီးတို့၏ အိပ်မက်များသည် အနာဂတ်လူငယ်များ အတွက် ဖြစ်၏ ဟုဆိုလျှင် လူငယ်တို့၏ အိပ်မက်သည်ကား မည်သို့သောအရာ ဖြစ်နိုင်ပါသနည်း။

သည်မေးခွန်းကို အခုတလောဖြစ်ရပ်လေးတွေကတစ်ဆင့် မိမိစိတ်ထဲ မေးနေမိသည်။

အရှင်ဓမ္မိက(လောင်းလုံ)

⁂

# ထာဝစဉ်စီးဆင်းနေသော
# ခေတ်များ၊ အဖြစ်များ၊ သက္ကရာဇ်များ

---

မေဌွန်ဒွေး

---

"သူ့ကျွန်ဖြစ်ခဲ့တဲ့ကိစ္စ ဘာကြောင့်ဖြစ်ခဲ့ရသလဲ။

သုံးကြိမ် အင်္ဂလိပ်နဲ့ စစ်တိုက်တာ သုံးကြိမ်စလုံး ရှုံးတယ်။

ဘာဖြစ်လို့ ရှုံးလဲ။ ပညာမတတ်လို့ ရှုံးတာ။ ဒါပဲ။

ဗန္ဓုလလောက် မျိုးချစ်စိတ် ရှိဦးမလား။ ဗန္ဓုလထက် ဘယ်သူ

သတ္တိကောင်းဦးမလဲ။ 'ထုန်း' ဆို(ပစ်လိုက်တော့) သေရော။

ကိုယ်ကမှ ပြန်မ 'ထုန်း' နိုင်ဘဲ။ ..."

# ထာဝစဉ်စီးဆင်းနေသော ခေတ်များ၊ အဖြစ်များ၊ သက္ကရာဇ်များ

ခေတ်တစ်ခေတ်၊ သမိုင်းတစ်ခု . . .။

ခေတ်တစ်ခေတ်၏ပုံရိပ်သည် သမိုင်းပဲဖြစ်သည်။

သမိုင်းဆိုတာကလည်း လူသားများအကြောင်းရေးဖွဲ့ထားသည့် မှတ်တမ်းရှည်ကြီးပဲ မဟုတ်ပါလား။

ထိုလူသားများသည် သမိုင်းကို ထုဆစ်ပုံဖော်နေကြသူများဖြစ်သလို ခေတ်အဆက်ဆက်၏ ဆိုးမွေ၊ ကောင်းမွေများကိုလည်း ပေးစွမ်းနိုင်သူများ ဖြစ်ကြပါသည်။ ထို့အတူ နိုင်ငံသားအားလုံးမှာလည်း မိမိတို့နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်၊ နိုင်ငံတိုးတက်ကြီးပွားလိုစိတ်၊ အမျိုးဘာသာသာသနာကို အစွန့်ရှည်တည်တံ့စေချင်သည့် စိတ်များရှိနေကြသည်မှာ မလွဲပါချေ။

သို့သော် လူ့သဘော၊ သဘာဝတိုင်း လူတစ်ဦးချင်း၊ လူတစ်ယောက်ချင်း၏ ယူဆချက်၊ ဗီဇနှင့် စိတ်နေသဘောထား မတူကွဲပြားမှုများစွာ ရှိနေကြသည်။ သို့ဖြင့် ခေတ်အဆက်ဆက်ပြောင်းလဲမှုများရှိနေခဲ့ရသည်မှာ ဓမ္မတာပင်ဖြစ်၏။ ခေတ်တွေ၊ စနစ်တွေ မည်မျှပင်ပြောင်းလဲစေကာမူ မြန်မာတို့သည် ဘယ်အချိန်အခါမဆို ရောက်သည့်နေရာ၌ ဘယ်တော့မှ ရပ်တန့်မနေဘဲ အစဉ်ရှင်သန် နိုးကြားကာ ရှေ့သို့သာ ချီတက်နေမြဲ၊ နေဆဲပါပဲ။

မိမိတို့နိုင်ငံမှာလည်း တစ်ခေတ်တစ်ခါက ဘုန်းမီးနေလ တောက်ခဲ့သည့် ဘုရင်ဧကရာဇ်များလက်ထက်ကို ပြန်တွေးဆကြည့်လျှင် သိနိုင်ပါသည်။ ထိုခေတ်အချိန်က လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့မှအစ ဘုရင့်နောင်၊ အလောင်းဘုရားအလယ်၊ ရတနာပုံ

ခေတ် မင်းတုန်းမင်း၊ သီပေါမင်းတို့အဆုံး အားလုံးမှာ မြန်မာနိုင်ငံတော်ကြီးကို စွမ်းသမျှ ထူထောင်ခဲ့ကြသည်။ မင်းအဆက်ဆက် အုပ်စိုးမှုအောက်တွင်လည်း သူရဲကောင်းများစွာ ပေါ်ပေါက်လာသလို သူရသတ္တိပြည့်စုံသူများလည်း ရှိခဲ့သည်။

သို့သော် ထိုသောဘုရင်မင်းများနှင့် သူရဲကောင်းများသည် တိုးတက်သောအမြင်နှင့် ခေတ်မီသောလက်နက်များ မရှိခဲ့ကြ၍ နိုင်ငံသည် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့လေသည်။ သူ့ကျွန်ဖြစ်ခဲ့ရသည့် ကိစ္စနှင့်ပတ်သက်ပြီး သမိုင်းစာမျက်နှာများ၌ တွေးဆစရာများစွာ ထင်ကျန်ရစ်ခဲ့ရသည်။ အရှုပ်ဆိုးအကျည်းတန်ခဲ့ရသည်။ ထိုသို့ တိုင်းတစ်ပါးလက်အောက် သူ့ကျွန်ဘဝရောက်ခဲ့ရသည်နှင့် စပ်လျဉ်းပြီး ဆရာဦးအောင်သင်းပြောခဲ့သည့် စကားကလည်း ဆင်ခြင်သုံးသပ်စရာကောင်းလှပါသည်။ ဆရာက ပြောသည်မှာ...

"သူ့ကျွန်ဖြစ်ခဲ့တဲ့ကိစ္စ ဘာကြောင့်ဖြစ်ခဲ့ရသလဲ။ သုံးကြိမ် အင်္ဂလိပ်နဲ့ စစ်တိုက်တာ သုံးကြိမ်စလုံး ရှုံးတယ်။ ဘာဖြစ်လို့ ရှုံးလဲ။ ပညာမတတ်လို့ ရှုံးတာ။ ဒါပဲ။ ဗန္ဓုလလောက် မျိုးချစ်စိတ် ရှိဦးမလား။ ဗန္ဓုလထက် ဘယ်သူ သတ္တိကောင်းဦးမလဲ။ 'ထုန်း' ဆို(ပစ်လိုက်တော့) သေရော။ ကိုယ်ကမှ ပြန်မ 'ထုန်း' နိုင်ဘဲ။ ခံရတာပေါ့"

မြန်မာတွေ မျိုးချစ်စိတ်ဓာတ် ရှိခဲ့ကြသော်လည်း အသိအမြင် ဗဟုသုတနှင့် ဉာဏ်ပညာနည်းပါးခြင်း၊ ခေတ်မီလက်နက်များ မရှိခြင်းတို့ကြောင့် အညံ့ခံသွားခဲ့ရသည်မှာ ထင်ရှားပါသည်။ သို့သော် မြန်မာတို့၏ ရပ်တန့်မနေသည့် စိတ်ဓာတ်ကတော့ အံ့ဖွယ်ဘနန်း။ တတိယမြန်မာနိုင်ငံတော်ကို ပြန်လည်ထူထောင်ခဲ့သော အလောင်းဘုရား၏ပြောသောစကားက ကြက်သီးမွေးညင်းထလောက်ဖွယ် မဟုတ်ပါလား။ ထိုစကားမှာ...။

"အမျိုး၏ဂုဏ်ကို မဖျက်ပါနှင့်။ မြန်မာလူမျိုးတို့၏ ဦးခေါင်းနှင့်တူသော ငါသည် စစ်တလင်း၌ ပျက်စီးခြင်းရောက်ငြားလည်း အမြီးနှင့်တူသော ငါ၏ လူမျိုးတို့ လှုပ်ရှားလုပ်ကြံ ကြံဆောင်ထူထောင်ချိမ့်မည်ဟု ငါယုံကြည်သည်" တဲ့။

အလောင်းဘုရား၏ ကျူးရင့်သံကလည်း မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို တပ်လှန့်နှိုးဆော်လိုက်သလို ရောက်သည့်နေရာမှာ ရပ်တန့်ခြင်းမရှိတော့ဘဲ ရှေ့သို့သာ ချီတက်မည်ဟူသော သံမဏိစိတ်ဓာတ်အလံကို တလူလူလွှင့်ထူလိုက်ခြင်းပဲ ဖြစ်ပါသည်။

အခြားမကြည့်ပါနှင့်။ သီပေါမင်းလက်ထက် မြန်မာ့ဦးစွန်းအနောက်သို့ ယွန်းခဲ့ရပြီး နယ်ချဲ့ဖဝါးအောက် ကျရောက်ခဲ့ကြရသော်လည်း အလောင်းဘုရားပြောခဲ့ဖူးသလို ငါမရှိတော့ပေမဲ့ ငါ၏လူမျိုးတို့ ဆက်လက်လှုပ်ရှားကြဦးမည်ဟု ဆိုလိုက်သကဲ့သို့ နောက်ထပ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ကြသူများ၊ ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးကို သူ့ကျွန်လက်အောက်မှ လွတ်မြောက်ရန် ကယ်တင်ဖို့ ပေါက်ဖွားလာကြပြန်သည်။

အမှန်ဆိုရလျှင် ကိုယ့်တိုင်းပြည်သည် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းကားသောယဉ်ကျေးမှု အဆင့်အတန်းမြင့်သည့် နိုင်ငံလည်း ဖြစ်သည်။ ရေမြေတောတောင် သဘာဝနှင့် ရာသီဥတုမျှတမှုလည်း ရှိနေပြန်သည်ဆိုတော့ဘာများ လိုပါသေးသလဲ။ ထိုသို့ ဘက်ပေါင်းစုံက ကောင်းမွန်ပြည့်စုံသောနိုင်ငံတော်ကြီးတစ်ပါး တစ်ပါးသူလက်ဝယ်သို့ အလွယ်တကူ ရောက်ရှိသွားခဲ့ရခြင်းမှာ ခေတ်မီသော အသိပညာ၊ အတတ်ပညာများ ဆုံ့ပါးသောကြောင့်သာဖြစ်ပါသည်။

ထိုအခါ နိုင်ငံတစ်လွှားမှ တိုင်းရင်းသားပြည်သူများသည် နယ်ချဲ့တို့ မိမိတို့မြေပေါ် တလွှားလွှားဖြင့် မင်းမူအုပ်ချုပ်နေခြင်းကို လုံးဝမလိုလားကြ။ သူတို့၏ လှောင်ချိုင့်ထဲမှ လွတ်မြောက်ရန် နည်းလမ်းအမျိုးမျိုးဖြင့် လက်တွဲကာ ကြိုးပမ်းလာကြသည်မှာ အထင်အရှား။ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဆရာစံ ဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံ၊ ရေနံမြေအလုပ်သမားသပိတ်တို့ကား မှန်ဆန်ပုန်ကန်မှု၏ ကြေးမုံပုံရိပ်များပင် မဟုတ်ပါလား။

ထိုမှတစ်ဆင့် သခင်ဘသောင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ဦးဆောင်သည့် တို့ဗမာအစည်းအရုံးကြီး ပေါ်ထွက်လာပြီး ထိုအစည်းအရုံးတွင် မျိုးချစ်စိတ်ရှင်သန်သည့် လူငယ်အများအပြား စုစည်းမိကြသည်။ တို့ဗမာအစည်းအရုံးဝင်များသည် မြန်မာလူမျိုးတို့၏ သူ့ကျွန်မခံဇာတိမာန်ဖြင့် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းနှင့်နေသည့် လူမျိုးဖြစ်ကြောင်း ကမ္ဘာသိအောင် မိမိတို့၏ အမည်ရှေ့၌ သခင်ဆိုသော ဝိသေသဂုဏ်ထူးကို တပ်လိုက်ကြသည်။

ဘသောင်းမှသည် သခင်ဘသောင်း၊ မစ္စတာမောင်မှိုင်းမှသည် သခင်ကိုယ်တော်မှိုင်းဟူ၍ အသွင်ပြောင်းလိုက်ကြ၏။ နောင် တို့ဗမာ အစည်းအရုံးဝင်တစ်ယောက်ဖြစ်မည့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းပင်

သခင်အောင်ဆန်းဘဝသို့ ရောက်ရှိကာ လွတ်လပ်ရေးလမ်းစကို ရှာကြံသော အဖိုးတန် တက်ကြွသော လူငယ်အဖြစ်သို့ ရောက်ရှိ ထင်ရှားလာခဲ့သည်။

"*နောင်ဥဒါန်း ဘယ်မကြေစရာ၊ ရာဇဝင်တင်ထား၊ မျိုးနွယ်လာ၊ ကမ္ဘာတစ်ခွင်မှာဖြင့် ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညွှံကြတော့မှာလား*"

ဝိုင်အမ်ဘီ ဆရာတင်ကလည်း ဓာတ်မာန်တက်ကြွဖွယ် 'တို့ဗမာ' သီချင်းဖြင့် လူငယ်များကို တို့ခေတ်တွင်မှ ညှိုးရတော့မှာလားဟု လှုံ့ဆော်မာန်သွင်းပေးခဲ့ရာ လူငယ်ထုတစ်ရပ်လုံး အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် လက်ချင်းချိတ်တွဲ စုစည်းမိခဲ့ကြသည်မှာ အားလုံးအသိ။ မည်မျှအားကျဖွယ် ကောင်းလိုက်ပါဘိသနည်း။ ပြီတော့ နဂါးနီစာအုပ်အသင်း ပေါ်လာပြီး နိုင်ငံရေးနှင့် နိုင်ငံတကာအတွေးအမြင်၊ အသိပညာများရရှိအောင် လူငယ်တို့၏ နား၊ မျက်စိကို ဖွင့်ပေးခဲ့ကြပါသေးသည်။ ဤသို့ဖြင့် ပြည်သူလူထုတစ်ရပ်လုံး ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင်နိုင်လာခဲ့ကြပြီး ဓာတ်မာန်တို့ ဟုန်းဟုန်းထ နိုးကြွလာကြပေ၏။

တစ်ဖက်မှ လှုပ်ရှားနေသည့် သခင်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့သည်လည်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို စာမျက်နှာ သစ်ဖွင့်နေခဲ့ကြသည်။ သခင်အောင်ဆန်းနှင့် အဖွဲ့တို့သည် စစ်ပညာသင်ကြားရန် ဟိုင်နန်သို့ ထွက်ခွာသွားခဲ့ပြီး (၁၉၄၂)ခုနှစ်မှာ ဂျပန်နှင့်အတူ မြန်မာပြည်သို့ ပြန်လာကာ အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့ကြသည်။ သို့သော် အင်္ဂလိပ်တို့ ဆုပ်ခွာသွားသည့်အခါ ဂျပန်တို့ပေးသော ရွှေရည်စိမ်လွတ်လပ်ရေးကိုလည်း ကောင်း၊ ဂျပန်တို့၏ ဖက်ဆစ်စနစ်ကိုလည်းကောင်း မလိုလား မနှစ်သက် ခဲ့ကြပြန်သဖြင့် စစ်မှန်သော လွတ်လပ်ရေးကို ရရှိရန် ဆက်လက်တိုက်ပွဲ ဝင်ကြရပြန်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ခရီးကြမ်းကြီးကို မရပ်မနားဆက်လက်တိုက်ပွဲဝင်ခဲ့ရာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီး (၁၉၄၈)ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင်မှ စစ်မှန်သော လွတ်လပ်ရေးအလံကို လွှင့်ထူနိုင်ခဲ့ကြပေရာ လူငယ်တို့၏ တကယ့်အောင်ပွဲပင်ဖြစ်တော့သည်ဟု ဆိုချင်ပါသည်။

တစ်ခေတ်တစ်ခါက အလောင်းဘုရားသည် 'ငါသည် စစ်တလင်း၌ ပျက်စီးခြင်းသို့ ရောက်ငြားလည်း အမြီးနှင့်တူသော ငါ၏လူမျိုးတို့ လှုပ်ရှားလုပ်ကြံထူထောင်ချိမ့်မည်ဟု ငါယုံကြည်သည်' ဟု နိုင်ကျည်စွာ မိန့်ကြားခဲ့

သလို အောင်ဆန်းဇာနည် ကျဆုံးခဲ့သော်လည်း ကျန်သည့်လူငယ်များက တွေဝေခြင်းဖြင့် ရောက်ရှိနေသောနေရာမှာ ရပ်တန့်မနေဘဲ ပန်းတိုင်ဆီအရောက် ဆက်လက်ချီတက်ကြသည်။

ဒါတွေကလည်း တစ်ခေတ်တစ်ခါက လူငယ်နှင့် ပြည်သူတွေ ဖြတ်သန်းခဲ့ရသော သမိုင်းဝင်ဇာတ်ဝင်ခန်းများပင် ဖြစ်သည်။ ဆရာကြီး ဒေါက်တာသန်းထွန်းကတော့ ကျွန်တော်တို့သမိုင်းကို ဘာကြောင့် သင်ကြပါသလဲ။ လူတွေ မ 'အ' မှ ခေတ်သမိုင်းကို အမှန်အတိုင်း မြင်နိုင်မည်။ ဒါမှ ဝေဖန်သုံးသပ်နိုင်မည်မဟုတ်လား။

မှန်ပါသည်။ သမိုင်း၌ဖြစ်ပျက်ခဲ့သော အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာထုတ်ယူပြီး အမှန်ကန်ဆုံး ခွဲခြမ်းစိတ်ဖြာကာ လက်တွေ့နယ်ပယ်များတွင် အသုံးချရမှာ ဖြစ်သည်။ ဒီနေ့ မိမိတို့သမိုင်းကိုပဲ ကြည့်ကြပါစို့။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖွဲ့ချိတ်ဆက်သည့်သဘောဖြင့် အဘက်ဘက်မှ တိုးတက်ပြောင်းလဲလာခဲ့သည်။ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာပိုင်းဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်လာခဲ့တာ ယှဉ်နိုင်ဖွယ်ရာပင်မရှိ။ ခလုတ်ကလေးတစ်ချက် နှိပ်လိုက်ရုံဖြင့် တစ်ကမ္ဘာလုံးကအဖြစ်အပျက်တွေ မိမိတို့မျက်စိရှေ့ ရောက်လာနေပြီမဟုတ်လား။ သို့ဖြင့် ကမ္ဘာကြီးပြားပြီ။ ကမ္ဘာကြီးဟာ ဝါယာကြိုးများဖြင့် ရစ်ပတ်ထားသော (Global wired village) ရွာတစ်ရွာဖြစ်သွားပြီ။

ဒါကြောင့်မို့ ကမ္ဘာကြီးကို အနီးကပ်လှမ်းမြင်နေရပြီ။ လက်တစ်ကမ်းမှာ။ ပြီးတော့ ကွန်ပျူတာခေတ်၊ အင်တာနက်ခေတ်ကို ရောက်ရှိလာသည်။ ကွန်ပျူတာရှေ့၌ထိုင်ကာ Network ထဲ ဝင်လိုက်ရုံနှင့် တစ်ကမ္ဘာလုံးရှိ လူငယ်များကို မိတ်ဆွေဖွဲ့နိုင်စွမ်းသည်။ လိုအပ်သည့်အချက်အလက် မြန်မာ့အရေး၊ ကမ္ဘာ့အရေးကို တစ်ခဏချင်းသိရှိနိုင်အောင် လုပ်နိုင်ကြသည်။ လူတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြခွင့်၊ သိရှိခွင့်များလည်းရကြသည်မှာ တိုးတက်မှုတစ်ရက်ပါပဲ။

လူငယ်တွေအမြင်ကျယ်လာတော့ ရှေးမြန်မာကြီးများ၏ အားနည်းချက်၊ အားသာချက်များကို သူတို့တွေ မြင်လာကြသည်။ အချို့လူငယ်များ ပြည်ပ၌ အလုပ်သွားလုပ်ကြသည်။ အချို့ကား ပညာသင်ကြားဖို့ ပြည်ပသို့ထွက်ကြသည်။ သူတို့မှာ ယုံကြည်ချက်ကိုယ်စီနှင့်။

ခေတ်နောက်ကျနေသော အမိတိုင်းပြည်အတွက် လူငယ်များက ရောက်သည့်နေရာမှာ တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ကြတော့။ ပို၍ ခေတ်မီတိုးတက်သောနိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းချင်ကြသည်။ ခေတ်ရေစီးကြောင်းနှင့်အညီ စီးမျောလာသော စာပေ၊ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖမ်းယူဆုပ်ကိုင်ခဲ့ကြသည်။

ပြီးတော့ ရှိသေးသည်။ ကမ္ဘာပြားခေတ်ကြီး၌ လူငယ်များအမြင်ကျယ်လာသည့်အတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍရပ်များကို အထူးအလေးထားလာကြသည်။ နိုင်ငံခြား၌ ပညာသင်ကြားဖို့ သွားရောက်ကြသူ အများအပြားရှိလာသည်။ အလင်းပွင့်လာသော မိဘများကိုယ်တိုင် မိမိတို့ သားသမီးများကို ငွေကုန်ကြေးကျခံကာ ခေတ်မီတိုးတက်သော နိုင်ငံများသို့ သွားရောက်ပညာသင်ကြားစေသည်။ နိုင်ငံတော်ဘက်ကလည်း ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များအား ပြည်ပတက္ကသိုလ်များသို့ ပညာသင်ကြားရန် ပို့လွှတ်သည့် အစီအမံများလည်း ထွက်ပေါ်လာခဲ့သည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ စကောလားရှစ်ဆိုသည့် ပညာသင်ကြားခွင့်များ ရှင်သန်လာခဲ့ခြင်းဖြင့် လူငယ်တို့၏ ကြိုးစားချင်စိတ်များ နိုးကြားလာကြသည်။

နိုင်ငံတကာ၌ပြုလုပ်သော ဘာသာရပ်ဆိုင်ရာ ဆီမီနာ၊ ဝပ်(ခ်)ရှော့များသို့ တက်ရောက်လေ့လာပါဝင် ဆွေးနွေးခွင့်များလည်း ရရှိလာကြသည်။ စီးပွားရေး ကဏ္ဍများတွင်လည်း ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွန်းလာသည့်အတွက် နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၌ စီးပွားအတွက် အလုပ်ရုံ၊ စက်ရုံများတည်ဆောက်ကာ ရင်းနှီးမြှုပ်နှံမှုများ လုပ်လာကြသည်။ ယနေ့စီးပွားရေး အတော်များများတွင် နိုင်ငံခြားသားများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်သည့် လုပ်ငန်းများလည်း ရှိသလို စီးပွားရေးဦးဆောင်လုပ်ကိုင်ပြီး ကြီးပွားတိုးတက်လာသည့်သူများအတွင် အတော်များများမှာ လူငယ်များဖြစ်နေသည်ကို တွေ့မြင်နေရသည်။

လူငယ်များသည် ဤမျှနှင့်ရပ်တန့်မနေဘဲ လူမှုရေးစာမျက်နှာတွင်လည်း ပညာရေး၊ ကျန်းမာရေး ဖောင်ဒေးရှင်းများကိုလည်း ထူထောင်လာကြတာ အံ့ဖွယ်ပါပဲ။ နိုင်ငံတကာမှရရှိသည့် အတွေ့အကြုံ၊ အသိပညာများက မိမိနိုင်ငံအတွက် အကျိုးရှိစွာ အသုံးချနိုင်ခြင်းဖြစ်သည်။ ကျန်းမာရေး ဖောင်ဒေးရှင်း၌ အထူးသဖြင့် ကင်ဆာဖောင်ဒေးရှင်း၌ AIDS ရောဂါဆိုးကြီးအတွက် စောင့်ရှောက်သည့် အသင်းအဖွဲ့များက နာမည်ကြီးလှသည်။

AIDS ရောဂါဝေဒနာစွဲကပ်ပြီး အနာဂတ်မဲ့နေသော သူတို့၏ နောက်ဆုံးနေဝင်ချိန်ဘဝများကို စာနာကရုဏာစိတ်ဖြင့် ညင်သာစွာ ဖြတ်သန်းသွားစေနိုင်ရန် ကူညီပံ့ပိုးပေးသည့်အဖွဲ့များ များစွာရှိသည်။ ထိုလူနာများအား လှူဒါန်းဘောင်နှင့်ကင်းကွာပြီး ပတ်ဝန်းကျင်က ဖယ်ကြဉ်မသွားစေရန် ပညာပေးဟောပြောချက်များ၊ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများဖြင့် လူထုတစ်ရပ်လုံးအား ပညာပေးကြတာကလည်း သူတို့ မရပ်မနား လေ့လာ သိရှိထားသော အသိပညာ ဗဟုသုတကြွယ်ဝမှုကြောင့်ပဲ ဖြစ်ပါသည်။

ထို့အပြင် ပညာရေးကဏ္ဍများ၌လည်း အားရဖွယ်ရာပြောင်းလဲလာသည်။ ယခင်က တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာ အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရကြမည်ဖြစ်သော်လည်း ချို့တဲ့သူတစ်ယောက်အဖို့ မည်မျှထက်မြက်ပြီး ထူးချွန်စေကာမူ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အိပ်မက်ပင် မမက်ဝံ့ပါပေ။ ယခုအချိန်မှာတော့ ပုဂ္ဂလိက ဖောင်ဒေးရှင်းများက ထိုလူငယ်များ၏ အိပ်မက်များကို အကောင်အထည်ဖော်ပေးခဲ့သည်မှာ မည်မျှပီတိဖြစ်စရာ ကောင်းလိုက်ပါသနည်း။

ဒါတင်မကသေး။ ဘုန်းတော်ကြီးကျောင်းများ၌ ပညာသင်ကြားနိုင်ကြသလို၊ သီလရှင်ကျောင်းများ၌လည်း ပညာသင်ကြားနိုင်ကြသေးသည်။ သွားလာခက်ခဲသည့် တောင်ပေါ်ဒေသများမှ တိုင်းရင်းသားပြည်သူများ၏ ရင်သွေးငယ်များ၊ ရပ်ကွက်ထဲတွင် ပညာလိုလားသော်လည်း ချို့တဲ့နွမ်းပါး၍ ပညာမသင်ကြားနိုင်သော ကလေးများအပြင် ရင်ခွင်ကလေးများအတွက် အခမဲ့ ပညာသင်ကြားခွင့်များ ပိုင်ဆိုင်လာကြပါပြီ။

သာသနာ့ဦးသျှောင်ကြီးများက ဦးဆောင်ပြီး ပညာဒါနအလှူပွဲကြီးက ဟိုမှဒီမှပေါ်ပေါက်လာကြသည်။ သင်ကြားပို့ချသည့် ဆရာ၊ ဆရာမများကလည်း အခကြေးငွေမပါ ဝါသနာ၊ စေတနာ၊ အနစ်နာအရင်းခံကာ ပညာဒါနထဲ အလှူပါဝင်ကြသည်။ ခေတ်ပညာတတ် လူငယ်လူရွယ်တို့၏ စိတ်ဓာတ်က သာဓုခေါ်စရာပင်ဖြစ်သည်။

လူမှုရေးကဏ္ဍကိုလည်း ကြည့်လိုက်ပါဦး။ ခေတ်အဆက်ဆက်တစ်ခါမှ ဤသို့ကြီးကျယ်စွာ မပေါ်ပေါက်ခဲ့ဖူးသော'နာရေးကူညီမှု' အသင်းပေါ်ပေါက်ခြင်းကလည်း ထူးခြားလှပါသည်။ လူသားအချင်းချင်း စာနာသနားစိတ်ဖြင့် ဤအသင်းကြီးက ဖေးမကူညီပေးခဲ့ပုံက လူသာဓု၊ နတ်သာဓု

ခေါ်ဖွယ်ပါပဲ။ ဖုန်းတစ်ချက်ဆက်လိုက်ရုံနှင့် ဈာပနာအတွက် ကိစ္စအဝဝ အေးငြိမ်းရသည်။ နည်းနည်းနောနော မေတ္တာ၊ စေတနာတွေတဲ့လား၊ ပရိဒေဝ သောကမီး တောက်လောင်ပြီး ပူဆွေးသောကရောက်ကာ အလောင်း မြေကျရုံနှင့် မပြီးသေးဘဲ ရက်လည်ဆွမ်းသွတ်ခြင်း သွားလေသူအား အမျှတန်း ဝေပေးဖို့ပင်မရှိသော နွမ်းပါး မိသားစုများအတွက် စိတ်ချမ်းမြေ့အောင် ကူညီရန်လည်း အဆင်သင့်ပါပဲ။ 'နာရေးကူညီမှု'အသင်း၏ အလှုစေတနာ ဘယ်အရာတွေနှင့် နှိုင်းရပါမည်နည်း။

ဤသို့ဖြင့် အဘက်ဘက်မှ ဟာမိုနီကျကျ အင်နှင့်အားနှင့် တိုးဝင်လာ သော ကဏ္ဍအသီးသီးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြပါပြီ။ အားလုံးတို့ သည်လည်း ရောက်သည့်နေရာမှာ ရပ်တန့်မနေတာ သေချာနေပါသည်။ ထို့အပြင် 'တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော် ရ၏' ဟူသော ဆိုရိုးစကားလို 'ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်' ဆိုသော ငယ်ငယ်တုန်းက ကုန်းအော်ခဲ့ရသည့် သူငယ်တန်းဖတ်စာထဲကလို ညီညီ ညာညာ သောင်းသောင်းဖြဖြ ပါဝင်ကြရပါမည်။

သမိုင်းသည် ဘယ်တော့မှ ရပ်တန့်မသွားသလို ခေတ်သည်လည်း အမြဲတမ်းပြောင်းလဲ စီးဆင်းနေဦးမည်သာ။ ခေတ်ကိုဖန်တီးသည့် ဖန်တီးရှင် လူငယ်များကလည်း ဘယ်တော့အခါမှ ရပ်တန့်နေမည်မဟုတ်။ အစဉ်နိုးကြား စွာဖြင့် ရှေ့သို့ ... ရှေ့သို့ ... ဆက်လက်လှမ်းနေကြမှာ အမှန်ပါပဲ။

မငွေနှင်းအေး

# လူငယ်နှင့် ပြဿနာ

ရွှေဘြိုဂံ မောင်စံ

တာဝန်သည် လူငယ်တစ်ယောက်၏ ရဲရင့်တက်ကြွမှုကို

စမ်းသပ်သောအရာဖြစ်ပြီး

ဝတ္တရားသည် လူငယ်တစ်ယောက်၏ နူးညံ့ သိမ်မွေ့မှုကို

စစ်ဆေးသောအရာဖြစ်သည်။

တစ်နည်းဆိုရလျှင် လူငယ်တစ်ယောက်၏ တတ်မှုနှင့် သိမှုကို

တာဝန်နှင့်ဝတ္တရားတို့ဖြင့် တိုင်းတာ…

# လူငယ်နှင့် ပြဿနာ

'လူငယ်' ဟုဆိုလိုက်သည်နှင့် စာဖတ်သူတို့တွင် ပြောစရာစကားများစွာ ရှိကြပါလိမ့်မည်။ 'အနာဂတ်' ဟူသော စကားလုံးသည် ကြီးကျယ်လှသည်။ ထို့ထက် 'လူငယ်' ဟူသောစကားက ပို၍ကြီးကျယ်မည်ဟု ထင်သည်။ လူငယ်သည် အရွယ်ပင်ငယ်သော်လည်း အနက်အဓိပ္ပာယ်မငယ်သော လူတန်းစားတစ်ရပ် ဖြစ်ပါသည်။ မိသားစု၏ ဂုဏ်ကျက်သရေ၊ အိမ်၏ ဆည်းလည်း၊ ရပ်ရွာ၏ အဆင်းတန်ဆာ၊ နိုင်ငံ၏မျိုးဆက်၊ အနာဂတ်၏ ရတနာများဖြစ်ကြသည်။ လူငယ်သည် လောကအတွက် မဆိတ်သုဉ်းသင့်သော အလင်းရောင် ဖြစ်ပါသည်။

လောကကြီး၏ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်အများစုတွင် လူငယ်မျိုးဆက်သစ်များ၏ အခန်းကဏ္ဍသည် အဓိကကျခဲ့သည်။ လကွယ်သန်းခေါင်ညအမှောင်သည် မှောင်မိုက်လွန်းပါသည်။ ထို့ထက် မောဟအမှောင်၊ အမှန်မသိခြင်းအမှောင်သည် မနှိုင်းယှဉ်သာအောင် မှောင်မိုက်ပါသည်။ သိဒ္ဓတ္ထမင်းသားဟူသော လူငယ်တစ်ယောက်ကြောင့် မသိနိုင်ခြင်း မောဟအမှောင်တွင်းမှ လွတ်ကင်းကာ အလင်းကိုရခဲ့ကြသည်။

စစ်မက်မကင်းသောနိုင်ငံ၊ အချုပ်အခြာ အာဏာမဲ့သောနိုင်ငံ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်မရှိသော နိုင်ငံများသည် သာယာမှု၊ ဖွံ့ဖြိုးမှု၊ တိုးတက်ထွန်းကားမှု၊ အေးချမ်းမှု မရှိနိုင်ပါ။ မြန်မာနိုင်ငံသည် သူ့ကျွန် အဖြစ်သို့ ရောက်ခဲ့ရသည်။ သို့သော် သခင်အောင်ဆန်းအစရှိသော သခင်လူငယ်လေးများ၏ လွတ်လပ်ရေး ကြိုးပမ်းမှု ဖြစ်စဉ်ကြီးကြောင့် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

မလွတ်လပ်သော နိုင်ငံတစ်ခုထက် အဂတိမကင်းသော နိုင်ငံတစ်ခုသည် ပို၍လွတ်လပ်မှုမရှိ။ ပတ်ဝန်းကျင်တွင် အဂတိမကင်းခြင်းသည် သစ္စာဖောက်မှုဖြစ်သည်။ မိမိကိုယ်မိမိ အဂတိမကင်းခြင်းသည်ကား သစ္စာမဲ့မှုဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပတ်ဝန်းကျင်အပေါ်၌ဖြစ်စေ၊ မိမိအပေါ်၌ဖြစ်စေ အဂတိကင်းအောင် ရှေ့ဆောင်ပြသော လူငယ်ခေါင်းဆောင် တစ်ဦးဖြစ်ပေသည်။

စာရေးသူတို့သည် လူငယ်များနှင့်ပတ်သက်၍ သိဒ္ဓတ္ထမင်းသားအကြောင်း၊ သခင်အောင်ဆန်း အကြောင်း၊ သခင်နုအကြောင်း၊ ဦးချစ်မောင်အကြောင်း၊ ဦးသန့်အကြောင်း၊ ဂျူးလီးယပ်ဆီဇာအကြောင်း၊ နပိုလီယန်အကြောင်း၊ ဟစ်တလာအကြောင်း၊ ချန်ကေရှိတ်အကြောင်း၊ ဂျော့ဝါရှင်တန်အကြောင်း၊ လင်ကွန်း အကြောင်းမှစ၍ ဘီဂိတ်အကြောင်း၊ ဇူကာဘတ်အကြောင်း၊ ဂျက်မားအကြောင်း၊ စီရော်နယ်ဒိုအကြောင်း၊ လီယွန်နယ်မက်ဆီအကြောင်းများပါမကျန် ပြောကြဆိုကြရသည်။ ထိုပုဂ္ဂိုလ်များ၏အကြောင်းသည် အတုယူဖွယ်၊ အားကျဖွယ်၊ ဂုဏ်ယူဖွယ်ချည်းတော့မဟုတ်။ သို့သော် ထိုပုဂ္ဂိုလ်များသည် လူ့သမိုင်းကို အထူးပြုအောင် စွမ်းဆောင်နိုင်ခဲ့သူများသာဖြစ်သည်။ သို့သော် ထိုထိုကမ္ဘာကျော်ပုဂ္ဂိုလ်များတွင်လည်း ပြဿနာများစွာရှိနေသည်ကို မမေ့သင့်ကြ။

ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများသည် ဘုရားအလောင်း နုစဉ်အခါကဖြစ်ပျက်ခဲ့သော အကြောင်းအရာများဖြစ်သည်။ ဇာတ်တော်များကို လေ့လာကြည့်လျှင် ဘုရားလောင်းဖြစ်လင့်ကစား တိရစ္ဆာန်ဘဝ ရောက်ခဲ့ရသည်များကိုလည်း တွေ့ရပေမည်။ လူဆိုး လူသတ်သမား ဖြစ်နေသည်ကိုလည်း တွေ့မြင်နိုင်သည်။ ဘုရားလောင်းသည်လည်း ငယ်နုစဉ်အခါက ပြဿနာများစွာရှိခဲ့ဖူးသည်ကို သတိထားကြရပါလိမ့်မည်။ ဤသို့ဆိုလျှင် လူငယ်များသည် ပြဿနာနှင့်မကင်းနိုင်။ ပြဿနာဖြစ်သောအခါ "ပြဿနာ မရှိပါဘူး၊ ရပါတယ်" ဟုပြောတတ်ကြသည်။ သို့သော် ပြဿနာနှင့်ကင်းသောလူဟူ၍မရှိ။ လူနှင့်ပြဿနာ၊ လူငယ်နှင့် ပြဿနာများသည် မကင်းနိုင်သောအပေါင်းအဖော်များဖြစ်ကြသည်။

ယခု စာရေးသူနှင့်တကွ စာဖတ်သူများ လူငယ်အကြောင်း ပြောနေချိန်၌ လူငယ်အချို့သည် အလင်းရောင် မဲ့နေကြပြီ။ ရတာ နာနေကြပြီ။ မျိုးမဆက်သင့်သော သွေးသားများ စီးဆင်းနေကြသည်။ နိုင်ငံအတွက်

ရပ်ရွာအတွက် အိမ်အတွက် မိသားစုအတွက် အမှိုက်သရိုက်များအဖြစ် ကျက်သရေမဲ့စွာ ဘဝကို လျှောက် လှမ်းနေကြသည်။ ထိုသို့ဖြစ်နေခြင်းမှာ လူငယ်များတွင် ပြဿနာတက်နေကြသောကြောင့်ဖြစ်သည်။ အဘယ်ကဲ့သို့သော ပြဿနာများက လူငယ်များကို သတ်ဖြတ်နေကြပါသနည်း။

ပညာရေးသည် လူငယ်နှင့် ပြဿနာများတွင် အဓိကဇာတ်ဆောင်ဖြစ်သည်။ ပညာရေးဟုဆိုလိုက်လျှင် အရွယ်ရောက်လာသည့်ကလေးကို ကျောင်းဝတ်စုံဆင်ပေးကာ ကျောင်းအပ်၊ ဆရာ ဆရာမများသင် ပေးသမျှ ပြန်ဆိုပြ၊ တစ်နှစ်တစ်တန်းအောင်၊ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်၊ အမှတ်များများရဖို့အဓိက ဟူသော ပညာရေးကိုသာ ပညာရေးအဖြစ် မြန်မာပြည်ရှိ လူကြီးမိဘ ခြောက်ဆယ့်ငါးရာနှုန်းခန့်က လက်ခံထားကြသည်။ ယခုအခါ ကလေးဗဟိုပြုပညာရေးစနစ်များပြောင်းလဲချိန်တွင် ထိုအချက်ကို အထူးသိသာ မြင်သာခဲ့ရသည်။ ကလေးမိဘများက ၎င်းတို့၏ကလေးများကို ဆရာမက စာမသင်ရကောင်းလားဟုဆိုကာ တိုင်တန်းမှုများကို တွေ့ကြုံခဲ့ရသည်။ အထက်ပါပညာရေးဖြင့် ပညာသင်အရွယ်ကိုဖြတ်သန်းခဲ့ရသော စာရေးသူတို့၏ ညီငယ် ညီမငယ်များသည် ကိုယ်ပိုင်ဆုံးဖြတ်ဉာဏ် အားနည်းခြင်း၊ အရာရာတွင် စွန့်စားရန် ကြောက်လန့်နေတတ်ခြင်း၊ တီထွင်ထိုးထွင်းဉာဏ် နည်းပါးခြင်း၊ စဉ်းစားတွေးခေါ်တတ်မှုမရှိခြင်း ဟူသော ပြဿနာများနှင့် ရင်ဆိုင်နေရသည်ကို ကိုယ်တွေ့ တွေ့ကြုံနေရသည်။ ထိုကဲ့သို့သော ပြဿနာရှိသော ပညာရေးကို အတန်းအောင်ပညာရေး၊ အမှတ်ဖြင့် တန်ဖိုးဖြတ်သောပညာရေး၊ ဒါသင်ဒါကျက်ပညာရေး၊ ကလေးများ၏ ထက်မြက်သောဉာဏ်အညွန့်ကို အညွန့်တုံး ညှိုးခြောက်စေသော ပညာရေးဟု ဆိုချင်ပါသည်။ အဆိုပါ ပညာရေးကြောင့် ယနေ့ခေတ်မြန်မာ့လူငယ်များ လောကအလယ်မှာ မျက်နှာငယ်ကာ ပြဿနာတက်နေကြရသည်။

လူငယ်များကို ဒုတိယပြဿနာ ဖြစ်စေသောအရာမှာ စီးပွားရေးဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးချို့တဲ့မှုက လူငယ်များ၏ဘဝကို အထောက်အကူ မဲ့စေခဲ့သည်သာမက လူငယ်များအထံမှ အထောက်အကူရရေးကိုပင် မျှော်လင့်ရသည့် အနေအထားသို့ ရောက်စေခဲ့သည်။ ယခုအခါ အခြေခံလူတန်းစား လူငယ်များစွာတို့သည် အရွယ်မတိုင်မီ အလုပ်ခွင်ဝင်နေကြရသည်။ ငွေအကြောင်းနားမလည်မီ ငွေနောက်သို့ တကောက်ကောက် လိုက်နေရသော လူငယ်များကိုကြည့်ကာ ရင်လေးနေမိသည်။

စီးပွားရေးဟုဆိုလျှင် ရောင်းခြင်း ဝယ်ခြင်း ကုန်ကူးသန်းခြင်းမျှကိုသာ ပြော၍မရ။ နိုင်ငံခြားမှ ကုန်သေတ္တာများကို သင်္ဘောကြီးများဖြင့် သယ်ကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်လာနိုင်ခြင်းမျှကိုကြည့်ကာ စီးပွားရေးအဆင်ပြေသည်ဟု ပြော၍မရ။ အမှန်တကယ် နိုင်ငံတစ်ခုကို ဦးမော့စေနိုင်သော စီးပွားရေးသည် နိုင်ငံအတွင်းမှ ထုတ်ကုန်မည်မျှ ထုတ်လုပ်နိုင်သနည်း။ နိုင်ငံခြားသို့ ကုန်စည်မည်မျှပို့ရသနည်း။ ထို့အတူ နိုင်ငံသူနိုင်ငံသားများ မိမိနိုင်ငံထုတ်ပစ္စည်းများကို မည်မျှလောက်ထိ ချမ်းချမ်းသာသာသုံးစွဲနိုင်သနည်း စသည့် အချက်များဖြင့် တွက်ချက်ရပါလိမ့်မည်။ မြန်မာနိုင်ငံတွင် သဘာဝ သယံဇာတထွက်ကုန် များစွာရှိပါသည်။ သို့သော် မိမိတို့နိုင်ငံ၌ ထိုကုန်ကြမ်းများကို ကုန်ချောဖြစ်အောင် လုပ်နိုင်သော ပညာမရှိပါ။ ထို့ကြောင့် မိမိပစ္စည်းကို နိုင်ငံခြားသို့လျှော့ဈေးဖြင့်ပို့၊ နိုင်ငံခြားမှပြုလုပ်ထားသော ကုန်ချောကို ပြန်လည် ဝယ်ယူကာ သုံးစွဲနေကြရသည်က များသည်။

ယခုအချိန်တွင် နိုင်ငံ၏စီးပွားရေးသည် ချွတ်ခြုံကျနေသည်။ နိုင်ငံ၏စီးပွားရေး ချွတ်ခြုံကျရခြင်း အကြောင်းရင်းမှာ တံခါးပိတ်စီးပွားရေးစနစ်၊ အရင်းရှင်စီးပွားရေးစနစ်ဆိုးနှင့် စီးပွားရေးနယ်ပယ်တွင် အထက်လူကြီးများနှင့်ပေါင်းကာ လက်ဝါးကြီးအုပ်ခဲ့ကြသော ခရိုနီစီးပွားရေးသမားများ၏ အတ္တမကင်းခဲ့မှုကြောင့်ဟုပြောလျှင် မှန်သင့်သလောက် မှန်ကန်ပါလိမ့်မည်။ ထို့ပြင်လူငယ်စီးပွားရေးသမားများ နေရာ မရခြင်းသည်လည်း အဓိကပြဿနာဟုမြင်မိသည်။

စီးပွားရေးပြန်လည်ဦးမော့အောင် နိုင်ငံ့ခေါင်းဆောင်များက ကြိုးစားအားထုတ်နေကြသည်။ သို့သော် ယနေ့အချိန်ထိ လူငယ်များကို နိုင်ငံအတွင်း၌ ထိုက်တန်သောအလုပ်ရအောင် မလုပ်ပေးနိုင်သေးပေ။ ထိုသို့ဖြစ်ရခြင်းမှာ နိုင်ငံ၏ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းများ မထွန်းကားခြင်းနှင့် မြန်မာ့စီးပွားရေးစနစ်၏ အားနည်းမှုများ ရှိနေသေးသောကြောင့်ဖြစ်သည်။ ယနေ့ခေတ်တွင် လူငယ်အများစုမှာ သူတစ်ပါးနိုင်ငံများတွင် ရရာအလုပ်များကို ဝင်လုပ်ကာ ဝင်ငွေရှာနေကြရသည်။ သူတစ်ပါးနိုင်ငံများတွင် ပြဿနာများစွာ၊ အခက်အခဲများစွာကို ခေါင်းငုံ့ကျော်ဖြတ်ကာ ငွေရရေးကိုသာ ဦးစားပေးနေကြရသော အဖြစ်များကို တွေ့မြင်နေရသည်။ ထိုသို့ဖြစ်ကြရခြင်းမှာ မြန်မာနိုင်ငံမှ အလုပ်သမားအများစုသည် မည်သည့်အသက်မွေးဝမ်းကျောင်း

ပညာရပ်ကိုမှ ပရော်ဖက်ရှင်နယ်ဖြစ်အောင် မတတ်မြောက်ကြခြင်းကြောင့် ဖြစ်သည်။

မြန်မာလူမျိုးအများစု ပြောလေ့ရှိသော စကားတစ်ခွန်းရှိသည်။ 'ကြုံရာ ကျပန်းပေါ့' ဟူ၍ဖြစ်သည်။ ထိုစကားသည် မြန်မာလူမျိုးများ၏ ပညာအားနည်းမှု၊ ပညာမာနမရှိမှုကို မီးမောင်းထိုးပြသော စကားဖြစ်သည်ဟု စာရေးသူ တွေးမြင်မိသည်။ သူတစ်ပါးနိုင်ငံမှ အလုပ်သမားအများစုသည် မိမိတို့ လုပ်သောလုပ်ငန်းအတွက် တတ်ကျွမ်းမှုကို ထောက်ခံမှုပေးနိုင်သည့် ပညာရေး ထောက်ခံချက် လက်မှတ် တစ်ခုစီကို ကိုင်ဆောင်နိုင်ကြသည်။ ထို့ကြောင့် သူတို့သည် လုပ်ငန်းနှင့်ပတ်သက်၍ 'ကြုံရာကျပန်း၊ အဆင်ပြေသလိုပေါ့' ဟူ၍ လုံးဝမပြောကြ။ တန်ရာတန်ကြေးရမှသာ လုပ်မည် ဟူသော မာနမျိုး သူတို့တွင် ရှိကြသည်။

မြန်မာလူမျိုးများသည် ပညာအားနည်းသောကြောင့် စီးပွားရေး အားနည်းသည်။ စီးပွားရေး အားနည်းသောကြောင့် သူတစ်ပါးနိုင်ငံများတွင် သွားရောက်ကာ ရရာအလုပ်ကို ကြုံရာကျပန်း လုပ်ကိုင်ကြရသည်။ နိုင်ငံ့စီးပွားရေး ကျဆင်းမှုကြောင့် နိုင်ငံအတွင်းမှ လူငယ်များ သူတစ်ပါးနိုင်ငံသို့ ထွက်ကာ ခက်ခဲစွာအလုပ်လုပ်နေကြရသည်။ ယခု စာရေးသူတို့ တောရပ်ရွာများတွင် လူငယ်လူရွယ်များ ရှားပါးခြင်း ပြဿနာကို ရင်ဆိုင်နေကြရသည်။ နိုင်ငံအတွင်းမှ လူငယ်များ၏ခွန်အားများ သူတစ်ပါးနိုင်ငံသို့ စီးဆင်းနေရသည့်အတွက် နိုင်ငံအတွက် နစ်နာမှုဖြစ်ရသည်။ ထို့အတူ သူတစ်ပါးနိုင်ငံမှ ပါလာသော အသွင် မတူသည့် အကျင့်စရိုက်များကြောင့် ထိုလူငယ်များ မိမိရပ်ရွာပြန်ရောက်လာသည့် အခါ၌လည်း ရပ်ရွာနစ်နာသည့်အဖြစ်များ မတွေ့ချင်မမြင်ချင်လည်း တွေ့မြင်နေကြရသည်။ စီးပွားရေး ဆုတ်ယုတ်မှုကြောင့် မိအေးနစ်ခါနာနေရသော နိုင်ငံဟုသာ ဆိုချင်ပါတော့သည်။

စာရေးသူတို့ မြန်မာလူမျိုးများသည် ရေ၊ မြေ၊ သယံဇာတနှင့် စွမ်းအင်များ ဆုံးရှုံးနစ်နာနေရသည်ကိုသာ ထည့်တွက်စဉ်းစားကြ၊ အရေးလုပ်ပြောဆိုကြသည်။ လူငယ်သယံဇာတနှင့် မျိုးဆက်သစ်စွမ်းအင်များ ဆုံးရှုံးလေလွင့်နေရခြင်းကို မရေတွက်မိကြ၊ မစဉ်းစားမိကြ၊ မနမြောမိကြ၊ မျက်ကွယ်ပြုနေကြသည်။ ရေမြေ သယံဇာတနှင့်စွမ်းအင်များ ဆုံးရှုံးနစ်နာခြင်း၊ လူငယ်သယံဇာတနှင့် မျိုးဆက်သစ်စွမ်းအင်များ ဆုံးရှုံးနစ်နာ ကြရခြင်းသည် စီးပွားရေးဆုတ်ယုတ်မှု၏ ပြယုတ်များဖြစ်ပေသည်။

လူငယ်များတွင် ပြဿနာအဖြစ်များနေသည့် နောက်တစ်ခုမှာ အလုပ်အကိုင် အခွင့်အလမ်းဖြစ်သည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူတိုင်း အလုပ်လုပ်ကြရပါမည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဘွဲ့မရ အလုပ်သမားနှင့် ဘွဲ့ရအလုပ်သမားဟူ၍ နှစ်မျိုးရှိပါသည်။ သို့သော် အလုပ်နှင့် ထိုက်တန်သော ပညာအရည်ချင်း ရှိခြင်း၊ မရှိခြင်းက အလုပ်အကိုင်အခွင့်အလမ်းအတွက် အဓိကပြဿနာဖြစ်သည်။ အချို့က ဘွဲ့လက်မှတ်ရပြီး ဖြစ်သည်။ သို့သော် အလုပ်နှင့်ထိုက်တန်သော အရည်အချင်းမရှိ။ အရည်အချင်း မရှိပါဘဲလျက် ရာထူးနေရာကောင်းကောင်း ရလိုကြသည်။

အလုပ်လုပ်ရာတွင် ဘွဲ့လက်မှတ်သည် အလုပ်ရရေး အထောက်အပံ့မျှသာ ဖြစ်သည်။ အမှန်တကယ် အလုပ်လုပ်သောအခါ အလုပ်ကျွမ်းကျင်မှုသည်သာ အဓိက ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အလုပ်ရှင်ရော အလုပ်သမားပါ မှတ်ယူမှု လွဲမှားနေသေးသည်ဟုထင်သည်။ အချို့မှာမူ ပညာအရည်အချင်း ပြည့်ဝပါလျက်နှင့် ထိုက်တန်သော လုပ်အားခ မရကြ။ ပညာအရည်အချင်း ပြည့်ဝပါလျက် လုပ်အားခနည်းခြင်းကို ပြဿနာ ရှာကြပြန်သည်။ အမှန်မှာ မိမိပညာရေးသည် အလုပ်ကို အထောက်အကူ မဖြစ်သောကြောင့်သာ ပညာနှင့် ထိုက်တန်သောလစာမျိုး မရဘဲ အလုပ်နှင့်သာ တန်သောလစာမျိုး ရနေသည်ကို နားလည်နိုင်ရပါမည်။ အချို့မှာ အလုပ်ရှင်များက အဂတိလိုက်စားခြင်းကြောင့် လူမှန်နေရာမှန် မပေးနိုင်ဘဲ ပြဿနာတက်ကြရခြင်းဖြစ်သည်။

ခြုံငုံ၍ ဆိုရပါလျှင် အလုပ်အကိုင် အခွင့်အလမ်းပြဿနာတွင် အဂတိတရားမကင်းခြင်းနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်းတို့သည် အဓိကတရားခံဖြစ်သည်ဟု ထင်မြင်မိသည်။ ထိုအချက်များကို မပြင်ဆင်နိုင်သေးသမျှ လူငယ်များနှင့် အလုပ်ရှင်များအကြားတွင် အလုပ်အကိုင် အခွင့်အရေး ပြဿနာများ ရှိနေဦးမည်မှာ အမှန်ပင်ဖြစ်သည်။

ယနေ့ခေတ်လူငယ်များတွင် လူမှုရေးပြဿနာများ ကြီးမားစွာ ရှိနေကြသည်။ မိသားစုအကြား၊ သူငယ်ချင်းများအကြား၊ ဆရာ၊ဆရာမများနှင့်၊ လူကြီးများနှင့် စသည်ဖြင့် ပြဿနာကြီးမားစွာ ရှိနေသည်။ ထိုသို့ဖြစ်နေရခြင်းမှာ လူငယ်များ အသိတရားနည်းပါးခြင်းနှင့် စိတ်ခံစားမှုကို ဦးစားပေးခြင်းတို့ကြောင့်ဟု ယေဘုယျ သတ်မှတ်ရပါမည်။ လူငယ်သည် စိတ်ခံစားမှုကို ဦးစားပေးတတ်သော အရွယ်ဖြစ်သည်။ မိမိ စိတ်ခံစားမှုနှင့် မတိုက်

ဆိုင်လျှင် ပတ်ဝန်းကျင်နှင့် ပြဿနာတက်တတ်ပါသည်။ လူငယ်သည် သဘာဝကို သဘာဝအတိုင်း လက်ခံနိုင်ရန် အသိတရား ဖွင့်ပေးမှုမျိုး လိုအပ်သည်။ သဘာဝကို သိနားလည်မှ လောကကို သိနားလည်မည်။ လောကကိုသိနားလည်မှ ပတ်ဝန်းကျင်ကိုနားလည် မှုပေးနိုင်ပါလိမ့်မည်။ လူငယ်များကို 'ဒါက ဒီလိုရှိတယ်၊ ဒီလိုမှတ်ထား' ဟု တရားသေသင်ပြမှုမျိုး မလုပ်သင့်။ ဖြစ်ပေါ်လာသော အကြောင်းအရာပေါ်တွင် သဘာဝတရားနှင့် အညီ တွေးတောစဉ်းစားတတ်ရန်၊ ဆုံးဖြတ်တတ်ရန် သင်ပေးရမည်သာဖြစ် သည်။

သို့သော် စာရေးသူတို့သည် ဆုတ်ယုတ်ပျက်ယွင်းနေသော ပညာရေး စနစ်အောက်တွင် သင်ကြားမှုများကို နာခံမှတ်ယူခဲ့ကြရသည်။ အသိဉာဏ်ကို ဖွင့်ပေးနိုင်သော သင်ကြားမှုမျိုးကို မရရှိခဲ့ကြ။ စာကိုသာသင်ရပြီး ပညာကို မသင်ကြရ။ မှန်မှန်ကန်ကန် စိတ်ဓာတ်ကိုသင်ပေး ပြုပြင်ပေးသော သင်ကြား မှုကို မခံခဲ့ကြရပေ။ စိတ်ကိုသင်ခြင်းသည် အရာအားလုံးကို သင်ခြင်းနှင့် ထပ်တူကျသည်ဟု ဆိုချင်ပါသည်။ စိတ်သင်မှုကို ခံယူခဲ့ရသောကလေးသည် အဘိဓမ္မာစိတ်ထားကို သင်ကြားခံရသည်ဖြစ်၍ လောကသဘာဝကြီးကို ရှုမြင် ရာတွင် အကြောင်းသင့် အကျိုးသင့် ရှုမြင်တတ်သွားပါလိမ့်မည်။

ထိုသို့ ရှုမြင်တတ်သွားပါက စိတ်ခံစားမှု (Emotion) ကို နားလည် သိမြင်နိုင်ပါလိမ့်မည်။ စိတ်ခံစားမှု (Emotion) ကို နားလည်သော လူငယ် တစ်ယောက်သည် စိတ်ခံစားမှုကြောင့် ဖြစ်ပေါ်လာသော လူမှုရေးပြဿနာ များကို ရှောင်ကွင်းလာနိုင်ပါလိမ့်မည်။ ယခုမူ အတန်းအောင်ရန်အတွက် စာကိုသာ သင်ယူခဲ့ရပြီး လူတွင် အဓိကအရေးအကြီးဆုံးဖြစ်သော စိတ်ဓာတ် ရေးရာ သင်ကြားမှုများကို မသင်ကြားခဲ့ရသောလူငယ်များ လူမှုရေးပြဿနာ ကြီးမားစွာ ကြုံတွေ့နေကြရသည်မှာ မဆန်းဟုသာ ဆိုချင်ပါသည်။

လူငယ်များတွင်တွေ့ကြုံနေရသော ပြဿနာများအကြောင်းပြောလျှင် တာဝန်နှင့်ဝတ္တရား ပြဿနာသည်လည်း ချန်ထား၍မရသော ပြဿနာ ဖြစ်သည်။ စိတ်သွန်သင်မှု၊ စာကိုသာသင်ပြီး စိတ်ကိုသင်ကြားမှု မခံခဲ့ရသော လူငယ်များတွင် တာဝန်နှင့်ဝတ္တရား မကျေပွန်မှုပြဿနာများ ကြီးမားစွာ ရှိနေကြသည်။ လူငယ်များတွင် ရဲရင့်တက်ကြွမှုနှင့် နူးညံ့သိမ်မွေ့မှုများ ယှဉ်တွဲ တည်ရှိနေတတ်သည်။ တာဝန်သည် လူငယ်တစ်ယောက်၏ ရဲရင့်တက်ကြွမှုကို စမ်းသပ်သောအရာဖြစ်ပြီး ဝတ္တရားသည် လူငယ်တစ်ယောက်၏ နူးညံ့

သိမ်မွေ့မှုကို စစ်ဆေးသောအရာဖြစ်သည်။ တစ်နည်းဆိုရလျှင် လူငယ်တစ်ယောက်၏ တတ်မှုနှင့် သိမှုကို တာဝန်နှင့်ဝတ္တရားတို့ဖြင့် တိုင်းတာစမ်းသပ်ရပါသည်။

နည်းလမ်းမကျသော ရဲရင့်မှု၊ သိမ်မွေ့ နူးညံ့မှုများကား လူငယ်များကို တာဝန်နှင့်ဝတ္တရားမှ ကင်းဝေးအောင် ပို့ဆောင်ပေးနိုင်ကြသည်။ စနစ်ကျသော ရဲရင့်တက်ကြွမှုနှင့် နူးညံ့သိမ်မွေ့မှုများသည်ကား လူငယ်များကို တာဝန်ကျေအောင် ဝတ္တရားမလွတ်အောင် တွန်းပို့ပေးတတ်ကြသည်။ ထို့ကြောင့် တာဝန်ဝတ္တရားကျေပွန်သော လူငယ်များ ပေါ်ပေါက်လာစေရန် လူငယ်များ ရဲရင့်မှုရှိအောင် စည်းကမ်းတကျ သင်ပြရန်လိုအပ်သကဲ့သို့ လူငယ်များ နူးညံ့သိမ်မွေ့စေရန် နည်းလမ်းကျသော သင်ကြားမှု၊ သွန်သင်မှုများကိုသာ ပြုလုပ်ကြရန် လူကြီးများအနေဖြင့် သတိထားဆောင်ရွက်ကြရမည် ဖြစ်သည်။

တာဝန်ဝတ္တရာမကျေသော လူငယ်များကို လူကြီးများက 'ယဉ်ကျေးမှုကို မရှိကြဘူး' ဟု မြည်တွန် တောက်တီးတတ်ကြသည်။ တာဝန်ဝတ္တရားနှင့် ယဉ်ကျေးမှုသည် ဆက်စပ်နေပါသလော စဉ်းစားစရာပင်။

'ယဉ်ကျေး' ခြင်းသည် လူငယ်တစ်ယောက်၏တာဝန်ကျေပွန်မှုဖြစ်သည်။ တစ်နည်းဆိုရသော် 'ယဉ်ကျေး' ခြင်းသည် သင်ယူခြင်း၏ အထွတ်အထိပ်ဖြစ်သည်။ ထိုသို့ဖြစ်လျှင် တာဝန်ဝတ္တရားကျေပွန်မှုနှင့် ယဉ်ကျေးမှုသည် ဆက်စပ်နေသည်ဟု ဆိုရပါမည်။

ယနေ့ခေတ်လူငယ်အများစုတွင် ယဉ်ကျေးမှုပြဿနာများ အလွန်များပြားလှန်းလှသည်။ အနေအထိုင်၊ အပြောအဆို၊ အသွားအလာမတတ်သော လူငယ်များကို မယဉ်ကျေးသူဟု လူကြီးများက သတ်မှတ်တတ်ကြသည်။ ထို့ပြင် ခေတ်နှင့်အညီ ဝတ်စားနေထိုင်မှုများကိုလည်း မယဉ်ကျေးမှုဟုဆိုကာ အပြစ်ဖို့တတ်ကြပြန်သည်။ ယဉ်ကျေးမှုသည် မည်သည့်အရာကို ဆိုပါသနည်း။ ယဉ်ကျေးမှု၏သဘောကို လူကြီးများအားလုံး နားလည်ကြပါ၏လော မေးချင်မိသည်။ ပါချုပ်ဆရာတော်၏ တရားတစ်ပုဒ်တွင် ဆရာတော်က 'ယဉ်ကျေးမှုကိုစောင့်ရှောက်တယ်ဆိုတာ အတွေးအခေါ်နှင့် ကိုယ်ကျင့်တရားကို ကောင်းအောင် လုပ်ရမှုရတာ' ဟူ၍ ဟောပြထားသည်။

ဥပမာအနေနှင့် ယနေ့ခေတ်တွင် အတောင်သုံးဆယ် ရှိသော တောင်ရှည်ပုဆိုးကို ဝတ်ကာ အလုပ်လုပ်၍ မလွယ်ကူကြောင်း ပြောပြထားသည်။ ထို့ကြောင့် အဝတ်အစား အပြင်အဆင်တွေဆိုတာ ယဉ်ကျေးမှု

အစစ်အမှန်ကို ကိုယ်စားမပြုကြောင်း၊ ကာလဒေသအလိုက် ဝတ်စားနေထိုင်ရမှာဖြစ်ကြောင်းနှင့် ကိုယ်ကျင့်သီလနှင့် အတွေးအကြံများ ကောင်းမွန်အောင်သာ ကြိုးစားကြရမှာဖြစ်ကြောင်း မိန့်ထားသည်။ မှတ်သားစရာပင်။

ယနေ့ခေတ်အနေအထားအားဖြင့် ပြောရလျှင် ယဉ်ကျေးမှုနှင့် ပတ်သက်၍ လူကြီးရော လူငယ်ပါ ယဉ်ကျေးမှုပြဿနာရှိသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့် ဆိုသော် ကိုယ်ကျင့်တရား ချွတ်ယွင်းခြင်းနှင့် အတွေးအကြံ နိမ့်ပါးခြင်းတို့ကြောင့်ဖြစ်သည်။ ကိုယ်ကျင့်တရား မရှိခြင်း၊ အတွေးအကြံ နိမ့်ပါးခြင်းတို့ကြောင့် လူငယ်များအနေဖြင့် တာဝန်ဝတ္တရားကျေပွန်မှု နည်းပါးတတ်ကြပါသည်။ တာဝန်ဝတ္တရား မဲ့ခြင်းသည်ပင် မယဉ်ကျေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တာဝန်ဝတ္တရားမကျေပွန်သော လူငယ်များကို မယဉ်ကျေးသူများဟု ဆိုကြခြင်းဖြစ်သည်။

ယဉ်ကျေးမှုမရှိသော လူငယ်များတွင် နောက်ထပ်ပြဿနာတစ်ရပ်မှာ ကိုယ်ကျင့်တရားမဲ့ခြင်း ဖြစ်သည်။ ယဉ်ကျေးမှုမရှိသောကြောင့် ကိုယ်ကျင့်တရား မဲ့သည်။ ကိုယ်ကျင့်တရားမဲ့သောကြောင့် အတွေးအခေါ် ညံ့ဖျင်းနိုင်သည်။ အတွေးအခေါ်ညံ့ဖျင်းသောကြောင့် ကိုယ်ကျင့်မဲ့သည်။ ကိုယ်ကျင့်တရားမဲ့သောကြောင့် မယဉ်ကျေးသူ ဖြစ်ရသည်။ ဤသို့ဖြင့် ကိုယ်ကျင့်တရားမဲ့နေသော လူငယ်များကို မြင်တွေ့နေကြရပါသည်။ ကိုယ်ကျင့်တရားမဲ့ခြင်းမှာ လူငယ်များ၏စိတ်ကို အဖြူမှအမည်းသို့ ပြောင်းပေးလိုက်သော အရောင်ပြောင်းပစ္စည်းဖြစ်သည်။ လူငယ်များ ကိုယ်ကျင့်တရားပျက်ယွင်းမှုတွင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းသည် အဓိကဖြစ်သည်။

မျိုးဆက်သစ်လူငယ်များတွင် ကိုယ်ကျင့်တရားပြဿနာ ကင်းဝေးလိုပါက လူငယ်များ၏ အပေါင်းအသင်း ပတ်ဝန်းကျင်ကို အထူးဂရုပြုစောင့်ကြည့်ပေးကြရပါမည်။ စာရေးသူတို့ငယ်စဉ်က ကိုယ်ကျင့်ပျက်ယွင်းသူများနှင့် ပေါင်းဖော်မိလျှင် လူကြီးမိဘများက တားမြစ်ဆုံးမမှုများ ပြုလုပ်ကြသည်။ ပတ်ဝန်းကျင်မှ လူကြီးမိဘတို့၏ ဂရုစိုက်ပြုပြင်ပေးမှုကြောင့် ကိုယ်ကျင့်တရားမကောင်းသူကိုတွေ့ပါက ကြောက်လန့်စရာ လူတစ်ယောက်အဖြစ်သတ်မှတ်ကာ ဝေးဝေးမှပင် ရှောင်ကြဉ်တတ်ခဲ့ကြပါသည်။ ကိုယ်ကျင့်တရားသည် လောကအလယ်တွင် ဝင့်ထည်ရဲစွမ်းမှုကို ဖြစ်ပေါ်စေသော အစွမ်းသတ္တိကို ပေးပါသည်။ ကိုယ်ကျင့်တရားမှာ မိမိတို့ ဘဝသံသရာ တစ်လျှောက်လုံး ရဲရင့်တက်ကြွမှုစွမ်းအား၊ ကျန်းမာလန်းဆန်းမှု ခွန်အားများကို

ပေးနိုင်သောကြောင့် အချိန်တိုင်းစောင့်ရှောက်ထိန်းသိမ်းသင့်သောတရားဟူ၍ သဘော ပေါက်သိမြင်ကြရန် လိုအပ်ပါသည်။ လောကတွင် ဖြစ်ပေါ်နေသော ဖြစ်မှုများကို လေ့လာကြည့်ပါက ကိုယ်ကျင့်တရား ပျက်ယွင်းမှုကြောင့် ဖြစ်နေသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါလိမ့်မည်။

ထို့ကြောင့် လူငယ်တစ်ယောက်သည် ကိုယ်ကျင့်တရားနှင့် ပြဿနာ တက်နေပါက လူဆိုးလူယုတ် ကလေးအဖြစ် ရောက်နေပြီဖြစ်သည်။ ထို လူဆိုး လူယုတ်ကလေး ကြီးလာပါက လူဆိုးကြီး လူယုတ်ကြီး ဖြစ်လာ ပါတော့သည်။ ထိုလူဆိုးလူယုတ်များကြောင့် အမှုအခင်းများ မငြိမ်းနိုင်အောင် ဖြစ်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် လူငယ်နှင့် ကိုယ်ကျင့်တရား ပြဿနာ သည်လည်း ကြီးကျယ်သော ပြဿနာ ဖြစ်ကြောင်း နားလည်ထားကြရ ပါမည်။

ကောင်းမွန်သော ပညာရေးစနစ်ဖြင့် သင်ကြားခြင်းကိုလည်း မခံခဲ့ရ၊ စီးပွားရေးကလည်းအဆင်မပြေ၊ အလုပ်အကိုင်အခွင့်အရေးကလည်း နည်းပါး၊ လူမှုရေးပြဿနာ၊ တာဝန်ဝတ္တရားကင်းမဲ့မှု၊ ယဉ်ကျေးသိမ်မွေ့မှုမဲ့ခြင်းနှင့် ကိုယ်ကျင့်တရားမရှိခြင်း စသော ပြဿနာနှင့် ရင်ဆိုင်ခဲ့ရလူငယ်များသည် ထွက်ပေါက်ပိတ်နေသူများ ဖြစ်သည်။ ထိုလူငယ်များသည် ထွက်ပေါက်ရှာ သောအနေအားဖြင့် မှားယွင်းသော လုပ်ဆောင်မှုများကို လုပ်ဆောင်လာတတ် ကြသည်။ မှားယွင်းသောလုပ်ဆောင်မှုများထဲတွင် မူးယစ်ဆေးသည် တစ်ခု အပါအဝင်ဖြစ်သည်။ မူးယစ်ဆေးသည် မီးနှင့်တူသည်။ သုံးတတ်ပါက ဆေး အဖြစ် အသုံးဝင်၍၊ မသုံးတတ်ပါက ယစ်မူးစေသော အဆိပ်ဖြစ်သွား တတ်သည်။

စာရေးသူတို့ ဆယ်နှစ်သားအရွယ်တွင် ရစ်ဆယ့်ရှစ်အရေးအခင်းကြီး ဖြစ်ပွားခဲ့သည်။ အရေးအခင်းကြီးပြီးသည့်နောက်တွင် မြို့ပေါ်မှ အစ်ကိုကြီးများ စာရေးသူတို့ ရွာများဘက်သို့လာကာ ဆေးခြောက်ပင် မျိုးစေ့များကို စိုက်ပျိုးရန် လိုက်လံဝေငှကြသည်ကို ကလေးမှတ်ဉာဏ်ဖြင့် မှတ်မိနေသည်။ ထိုအချိန်မှစ၍ မူးယစ်ဆေးလောကတွင် ဆေးခြောက်ပြဿနာကြီးထွားလာခဲ့သည်။ စာရေးသူ တို့ အလယ်တန်းအဆင့် ရောက်သောအခါ သူငယ်ချင်းအချို့ ဆေးခြောက် ရှူတတ်နေကြသည်ကို မှတ်မိနေသည်။ စာရေးသူတို့ခေတ်သည် လူငယ်များကို စနစ်တကျဖျက်ဆီးခံခဲ့ရသော ခေတ်များလားဟုစဉ်းစားရင်း ခေတ်ကို ခဏ ခဏ သံသယဝင်မိသည်။

ယခုခေတ်တွင် မူးယစ်ဆေးမျိုးစုံသည် လူငယ်များအကြားတွင် ပျံ့နှံ့နေသည်။ မူးယစ်ဆေးကို အလွယ်တကူဝယ်ယူသုံးစွဲ၍ရနေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ လူကြီးများက လူငယ်များကို သစ္စာဖောက်ခြင်းကြောင့် ဖြစ်သည်။ စာရေးသူတို့ငယ်စဉ် အဘိုးက ဆေးလိပ်ဝယ်ခိုင်း၍ သွားဝယ်ပေးရလျှင် ဆေးလိပ်ရောင်းသော ဆိုင်ရှင်များ၏ မေးမြန်းစစ်ဆေးမှုကို ခံကြရသည်။ ဘယ်သူဝယ်ခိုင်းတာလဲ။ မင်းသောက်မှာလား စသည်ဖြင့် မေးမြန်းစစ်ဆေး ကြသည်။ အကယ်၍ ကိုယ်တိုင်သောက်ရန် ဝယ်ပါက မာန်မဲငေါက်ငမ်းကာ ပြန်လွှတ်တတ်ကြသည်။ စာရေးသူတို့ငယ်စဉ်က လူကြီးအများစုမှာ လူငယ်များ အပေါ် သစ္စာရှိခဲ့ကြသည်။ လမ်းတွင် ကလေးများ မကောင်းတာလုပ်နေပါက ဟိန်းဟောက်ငေါက်ငမ်းကာ တားမြစ်တတ်ကြသည်။

ထို့ကြောင့် စာရေးသူတို့ ကလေးများကလည်း မကောင်းတာ လုပ်ရမည်ကိုလည်းကောင်း၊ ဆေးလိပ် သောက်ခြင်းကိုလည်းကောင်း အပြစ်ကြီး အဖြစ် မှတ်ယူကာ ရှက်ခဲ့ကြောက်ခဲ့ကြသည်။ ရှေးအခါက လူကြီးများ၏ ရပ်သိရွာသိစိတ်ဖြင့် စောင့်ရှောက်ခြင်းကို ခံခဲ့ရသဖြင့် လူငယ်များဘေးကင်းကာ အေးချမ်းသာယာသော လူငယ်ဘဝများကို ရခဲ့ကြပါသည်။

ယခုခေတ်တွင်ကား စီးပွားရေးသမား အများစုမှာ ပိုက်ဆံရရေး ကိုသာ ကြည့်ကြတော့သည်။ လူကြီး အများစုမှာလည်း ရပ်သိရွာသိစိတ် မရှိကြတော့။ ကိုယ်နှင့်မှမဆိုင်တာဟုဆိုကာ လျစ်လျူရှုနေတတ်ကြသည်။ ရပ်သိရွာသိစိတ်ဆိုသည်မှာ ကိုယ့်ရွာသူရွာသား ကိုယ့်နိုင်ငံသူနိုင်ငံသား ဘေးမရောက်အောင် စောင့်ရှောက်ကာကွယ် ထိန်းသိမ်းပေးတတ်သောစိတ်ကို ဆိုလိုပါသည်။ ယနေ့ခေတ် လူကြီးအများစု၏ ရပ်သိရွာသိစိတ် နိုင်ငံသိစိတ် ကင်းမဲ့မှုကြောင့် လူငယ်အများ လမ်းမှားရောက်ရန် လွယ်ကူနေကြပေပြီ။ လူငယ်အများ မူးယစ်ဆေးသုံးစွဲတတ်ရန် လွယ်ကူနေကြပေပြီ။ လူငယ်များ မူးယစ်ဆေးပြဿနာများမှ ကင်းဝေးစေရန် နိုင်ငံတော်အနေဖြင့် အရေးတကြီး ဆောင်ရွက်ပေးသင့်ပေပြီ။ လူငယ်များကြားတွင် မူးယစ်ဆေး သုံးစွဲတတ်ရန် လမ်းစမှာ ကွမ်းယာဆိုင် ဆေးလိပ်ဆိုင်များပေါများခြင်းဖြစ်သည်။ လမ်းဘေး ကွမ်းယာဆိုင်များသည် မည်သူကကွမ်းယာကိုဝယ်သည်ဖြစ်စေ လွယ်လင့် တကူ ရောင်းချပေးနေကြသည်။

ထို့ပြင် လူကြီးမိဘအများစုမှာ ဆေးလိပ်ကွမ်းယာ စသည့် မူးယစ် ပစ္စည်းများကို ကလေးလူငယ်များရှေ့တွင် ထင်ထင်ပေါ်ပေါ် သောက်စား

သုံးစွဲပြခြင်းကလည်း ကလေးလူငယ်များ အတုယူမှားစေနိုင်သည်။ အားကစားရုံများ၊ စာအုပ်ဆိုင်များပေါများရမည့်အစား လမ်းဆုံ လမ်းဝတိုင်းတွင် အရက်ဘီယာဆိုင်များ၊ စားသောက် ဆိုင်များ ပေါများနေခြင်းက လူငယ်များကို မူးယစ်ဆေးစွဲစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထက် အဆပေါင်းများစွာ ကြီးကျယ်ကာ လူဦးရေများပြားသော နိုင်ငံဖြစ်သည်။ စာရေးသူ အိန္ဒိယတွင် ပညာသင်နေစဉ်က အိန္ဒိယနိုင်ငံ၏ လူနေမှုနှင့် ဓလေ့စရိုက်များ၊ ယဉ်ကျေးမှုများ၊ စီးပွားရေးများ၊ ဥပဒေများကို လေ့လာခဲ့ဖူးသည်။ ယခု တိုက်ဆိုင်နေ၍ အိန္ဒိယနိုင်ငံ၏ ယစ်မျိုးဥပဒေစီမံချက် စနစ်ကျပုံကို ဖော်ပြလိုပါသည်။ အိန္ဒိယတွင် နေရာတိုင်း၌ အရက်ဆိုင်ဖွင့်ခွင့်မရှိပါ။ နိုင်ငံတော်က ခွင့်ပြုထားသောနေရာ၌သာ အရက်ဆိုင်ဖွင့်ကြရသည်။ အရက်ကိုလည်း အိန္ဒိယနိုင်ငံရှိ ပြည်နယ်များ၏ အပူချိန်နှင့်တိုင်းတာကာ ထုတ်လုပ်ထားကြသည်။ ဗီဟာပြည်နယ်တွင်ရောင်းချသော အရက်သည် အခြားပြည်နယ်သို့ သယ်ယူရောင်းချခွင့်မပြုပေ။ ထို့ပြင် အရက်တစ်ပုလင်း၊ ဘီယာတစ်ပုလင်းတွင် ပါဝင်သော အယ်ကိုလ်ဟော၏ အတိုင်းအတာကိုကြည့်၍ လူတစ်ဦးလျှင် တစ်လုံးသာသောက်ခွင့်ရှိသည်ဟု ဆိုပါသည်။ လူတစ်ယောက်ကို နှစ်ဗူးဝယ်ခွင့် သောက်ခွင့်မရှိဟု ဆိုသည်။ စည်းစနစ် ကျပေစွ။

မြန်မာနိုင်ငံတွင် အနာဂတ်လူငယ်များ မူးယစ်ဆေးအန္တရာယ်ကင်းဝေးစေရန် ယစ်မျိုးဥပဒေနှင့် မူးယစ်ဆေးဥပဒေများကို တိကျပြင်းထန်စွာချမှတ်လုပ်ဆောင်သင့်ပြီဟု ထင်သည်။ မူးယစ်ဆေးသုံးစွဲမိသော လူငယ်တစ်ယောက်၏ ဘဝကို ကိုယ်တိုင်တွေ့မြင်ဖူးသဖြင့် အလွန်ရင်နာခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ယစ်မျိုးဥပဒေနှင့်မူးယစ်ဆေးဥပဒေများကို တိကျပြတ်သားစွာမချမှတ်နိုင်သေးသရွေ့ လူငယ်များ မူးယစ်ဆေးသုံးစွဲရန် လွယ်ကူနေပါလိမ့်မည်။ ထို့ထက် လူကြီးများက လူငယ်များအပေါ် သစ္စာမဲ့နေဦးမည်၊ ငွေမျက်နှာကိုသာ ကြည့်၍ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသည့်သဘောဖြင့် စီးပွားရှာနေကြဦးမည်၊ ကိုယ်နှင့်မဆိုင်ဟုတွေးကာ လူငယ်များကို မျက်နှာလွဲ လျစ်လျူရှုထားကြဦးမည်ဆိုလျှင် မြန်မာ့လူငယ်များ မူးယစ်ဆေးအန္တရာယ်မှ ကင်းလွတ်နိုင်ဦးမည် မဟုတ်ပေ။ လူငယ်နှင့်မူးယစ်ဆေးအန္တရာယ်သည် အင်မတန် ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း အထူးနှလုံးသွင်းထားကြစေလိုသည်။

မြန်မာလူမျိုးအချို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအချို့ကလည်း လူငယ်များကို မူးယစ်ဆေးသုံးစွဲတတ်ရန် တွန်းပို့နေသကဲ့သို့ ရှိပါသည်။ စာရေးသူ သာသနာပြုတာဝန် ထမ်းဆောင်ခဲ့ဖူးသော ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ လားဟူတိုင်းရင်းသားလူမျိုးများနေထိုင်ရာ ရွာတစ်ရွာတွင် ငါးနှစ်အရွယ် ယောကျ်ားလေးများမှာ စီးကရက်ဗူးကို အိတ်ထောင်ထဲထည့်ဆောင်ကာ ဆေးလိပ်သောက်တတ်သော အလေ့အကျင့်ကို တတ်ကျွမ်းနေသည်ကို တွေ့ကြုံ ခဲ့ရဖူးသည်။ ထိုရွာလေးတွင် တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြသည့်အခါ အိတ်ထောင်ထဲမှ ဆေးလိပ်အဖြူတစ်လိပ်ကို ထုတ်ကာ ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ ကျွန်တစ်ယောက်ကလည်း ဆေးလိပ်အလွယ် တကူပါက ပေးခြင်းဖြင့်လည်းကောင်း၊ အပြန်အလှန် ဆေးလိပ် သောက်ကာ မိတ်ဆွေဖွဲ့ကြသည်ကို အံ့ဩစွာ တွေ့ကြုံခဲ့ရပါသည်။

စာရေးသူက ဆေးလိပ် မသောက်တတ်သည်ကိုကြည့်ကာ 'ဆေးလိပ် မသောက်ရင် အမျိုးမကြိုက်၊ အရက်မသောက် ယောကျ်ားမဟုတ်၊ ဘိန်းမရှူ လူမဟုတ်' ဟူ၍ သူတို့၏ ဆောင်ပုဒ်သဖွယ် ရွတ်ဆိုပြသော စကားကို ယနေ့တိုင် မှတ်မိနေပါသေးသည်။ တောင်ပေါ်ဒေသနေ လားဟူတိုင်းရင်းသား အများစုသည် ဆေးလိပ်သောက်ခြင်းမှ စ၍ ဘိန်းရှူခြင်းအဆုံး မူးယစ်ဆေး သုံးစွဲမှုကို ဓလေ့ရိုးရာပမာ ပြုလုပ်နေကြသည်ကို စိတ်မကောင်းစွာ တွေ့ကြုံ ခဲ့ရပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအချို့၏ မူးယစ်ဆေးမကောင်းသော ဓလေ့ထုံးစံများကိုလည်း ပြောင်းလဲပေးသင့်ပါသည်။

ယနေ့ခေတ် စစ်ပွဲများတွင် မူးယစ်ဆေးပြဿနာများ မကင်းနိုင်။ စစ်ပွဲဖြစ်နေသော ဒေသများကို ကြည့်ပါက မူးယစ်ဆေးကို အဓိကစီးပွားရေး အဖြစ် လုပ်ကိုင်နေသော ဒေသများဖြစ်သည်။ မည်သည့်အတွက်ကြောင့်ဖြစ်စေ စစ်ပွဲများ အဆက်မပြတ်ဖြစ်နေခြင်းသည် လူငယ်များတိုးတက်ရေးအတွက် ပြဿနာ တစ်ရပ်ဖြစ်သည်။ စာရေးသူသည် လာအိုနိုင်ငံ ရွှေတြိဂံဒေသတွင် သာသနာပြုနေသူဖြစ်သည်။ ထိုအကြောင်းကိုသိသဖြင့် အငြိမ်းစား ဗိုလ်မှူးကြီး တစ်ဦးက 'အရှင်ဘုရား လာအိုက စီးပွားရေးမှာ မြန်မာထက် သာသွားပြီ ဘုရား။ အဲဒါ ဘာကြောင့်လို့ထင်လဲ' ဟု မေးလာသည်။ 'သူတို့နိုင်ငံ ငြိမ်းချမ်းလို့' ဟု စာရေးသူက အဖြေပေးလိုက်သည်။

မှန်ပါသည်။ စစ်ပွဲဖြစ်နေသောနိုင်ငံနှင့် ငြိမ်းချမ်းသောနိုင်ငံ မည်သို့မှ ယှဉ်၍မရနိုင်။ စစ်ဖြစ်နေသောနိုင်ငံတွင် လူငယ်အများစုမှာ စစ်၏သားကောင်

ဖြစ်နေကြရသည်။ လူငယ်များ တိုးတက်သင့်သည့်အရွယ် မတိုးတက်မဖွံ့ဖြိုး နိုင်ဘဲရှိရသည်။ လူငယ်မဖွံ့ဖြိုးသော ဒေသသည် စီးပွားရေးဖွံ့ဖြိုးရန် မလွယ် ကူနိုင်ပေ။

လာအိုနိုင်ငံသည် မည်သည့်သယံဇာတမှမရှိသော ကုန်းတွင်းပိုင်း နိုင်ငံငယ်လေးတစ်ခုဖြစ်သည်။ သို့သော် လာအိုနိုင်ငံတွင် လူပုဂ္ဂိုလ်လောက် ကိုပင် တွေ့ရန်ခဲယဉ်းလှသည်။ အလွန်ငြိမ်းချမ်းစွာနေတတ်သော နိုင်ငံဖြစ်သည်။ ထိုသို့ငြိမ်းချမ်းခြင်းကပင် နိုင်ငံတိုးတက်ကြောင်း လူငယ်မျိုးဆက်သစ်တို့ အတွက် တိုးတက်ရေးဆောင်ရွက်ရန် အခွင့်ထူးရနေခြင်းဖြစ်သည်။ ထို့ကြောင့် လာအိုနိုင်ငံသည် စီးပွားရေးတွင် မြန်မာနိုင်ငံထက် တိုးတက်သွားခြင်း ဖြစ် သည်။ လူငယ်များ အချိန်မှန်မှန် တိုးတက်ဖွံ့ဖြိုးခွင့်ရနိုင်ရန် မြန်မာပြည်တွင်း စစ်များ ရပ်တန့်ရန် လိုအပ်ပါသည်။ အကယ်၍ စစ်ပွဲများ မရပ်တန့်နိုင်သေး ပါက လူငယ်များအတွက် စစ်ပွဲပြဿနာများသည် အနှောင့်အယှက် ဖြစ်နေ ပါလိမ့်မည်။

လူငယ်များသည် နိုင်ငံရေးတွင် မပါသင့်ဟု အချို့ပြောကြသည်။ ထိုသို့ပြောခြင်းမှာ နိုင်ငံရေးကြောင့် လူငယ်များ ထောင်ချခံခဲ့ရသော ခေတ် စနစ်ဆိုးကြီးကိုကြည့်ကာ မိဘများက စိုးရိမ်မကင်း၍ ပြောကြခြင်း ဖြစ်ပါ လိမ့်မည်။ အမှန်မှာ လူငယ်များသည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု ရှိရ ပါမည်။ နိုင်ငံရေးကိုနားလည်သော လူငယ်မျိုးဆက်သစ်များ များစွာ လိုအပ် ပါသည်။ နိုင်ငံရေးကို နားလည်တတ်ကျွမ်းသော လူငယ်မျိုးဆက်သစ် ရှိမှသာ နိုင်ငံတော်ကြီး အရှည်ခံတည်တံ့နိုင်ပါလိမ့်မည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော နိုင်ငံရေးကိုနားလည်သော၊ နိုင်ငံရေးကို စူးစမ်း တတ်သော၊ နိုင်ငံရေးကို ဝါသနာပါသော လူငယ် မျိုးဆက်သစ် ပေါ်ထွက် လာခဲ့သောကြောင့်သာ မြန်မာနိုင်ငံကြီး လွတ်လပ်ရေး ရခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လူငယ်များ နိုင်ငံရေးကို မိမိတို့အရေးကဲ့သို့ သဘော ထားက ပါဝင်ပတ်သက်နေကြရပါမည်။ သို့သော် လူငယ်များ အသိကြွယ်ဝရန် လိုအပ်သည်။ ဗဟုသုတရှိရန် လိုအပ်သည်။ နိုင်ငံရေးတွင် ဝါသနာပါသော်လည်း အသိဉာဏ် ဗဟုသုတ မကြွယ်ဝပါက မှန်ကန်စွာ တွေးတော ဆုံးဖြတ် နိုင်မည်မဟုတ်။ မှန်ကန်စွာ တွေးတော ဆုံးဖြတ်နိုင်ခြင်း မရှိလျှင် ပရိယာယ် များသော နိုင်ငံရေးလောကကြီးအတွင်းတွင် မသမာသူ နိုင်ငံရေးသမားများ၏ အသုံးချသားကောင် ဖြစ်သွားတတ်သည်။

နိုင်ငံရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောဖူးခဲ့သော စကားရပ်ကို ဖော်ပြလိုပါသည်။ ဗိုလ်ချုပ်က "လူဆိုတာ အရစ္စတိုတယ်ပြောသလို နိုင်ငံရေး သတ္တဝါဖြစ်တယ်။ နိုင်ငံရေးဆိုတာ ကျုပ်တို့ရဲ့ဘဝ၊ ကျုပ်တို့ရဲ့ အလုပ်ထဲမှာ ရှိနေတယ်။ လယ်သမားများက သူ့မြေနဲ့ သူ့အခြေနေကို တိုးတက်အောင်လုပ်ချင်တယ်။ စာရေးစာချီတွေက သူတို့ရဲ့ ပင်ပန်းတဲ့ ရုံးအလုပ်နဲ့ တင်းတိမ်မနေကြဘူး။ ချို့တဲ့ကြောင့်ကြနေရတဲ့ ဘဝက လွတ်ချင်ကြတယ်။ ကုန်သည်ပွဲစားတွေက ရောင်းရေးဝယ်ရေး အလုပ်အတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းတွေကို လိုချင်ကြတယ်။ အဲ့ဒီလူတွေအားလုံး သူတို့ရဲ့ ဘဝတိုးတက်ဖို့အတွက် ကြိုးစားကြတာ။ ချမ်းမြေ့သာယာရေးအတွက် ကြိုးစားကြတာတွေဟာ နိုင်ငံရေးပဲ" ဟူ၍ ပြောခဲ့ဖူးသည်။

လူငယ်များ၏ တိုးတက်ဖြစ်ထွန်းမှုသည် နိုင်ငံရေး၏ တိုးတက်ဖြစ်ထွန်းမှုပင်ဖြစ်သည်။ လူငယ်များ တိုးတက်မှု မရှိပါက နိုင်ငံရေးတိုးတက်မှု နှေးကွေးနေသည်ဟု မှတ်ယူရပါမည်။ ထိုသို့မဖြစ်အောင် နိုင်ငံရေးတွင် လူငယ်များ မှန်မှန်ကန်ကန်ပါဝင်ကာ ကြိုးစားအားထုတ်နိုင်ရန် အခွင့်အလမ်းများ ပေးသင့်ပါသည်။ လူငယ်များကလည်း နိုင်ငံရေးတွင် မှန်မှန်ပါဝင်တတ်ရန် သင်ယူကြရပါမည်။ လူငယ်မပါသော နိုင်ငံရေးကို ပြဿနာရှိသော နိုင်ငံရေးဟုသာ ဆိုချင်ပါသည်။

ယခုခေတ်တွင် ဘာသာရေးပြဿနာများမှာ လွန်စွာများပြားလှသည်။ ဘာသာရေးသည် လူသားတို့အတွက် အရေးကြီးသော အားကိုးရာတစ်ခု ဖြစ်သည်။ ဘာသာရေးသည် ယုံကြည်သူလူသားတို့အတွက် စိတ်ခွန်အားကို ထောက်ပံ့ပေးရာ စက်ရုံကြီးဖြစ်သည်။ ဘာသာရေး၏အနှစ်သာရသည် ငြိမ်းချမ်းခြင်းနှင့် ပြည့်ဝခြင်းဖြစ်သည်။ ငြိမ်းချမ်းသောဘဝ ပြည့်ဝသော ဘဝကို ရရှိနိုင်ရန် ယုံကြည်ရာ ဘာသာတရားတစ်ခုခု ရှိရန်လိုအပ်သည်။ စာရေးသူတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်စွာ လိုက်နာကျင့်ကြံသော ထေရဝါ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရမှာ မြတ်ဗုဒ္ဓ လမ်းညွှန်ပြသည့်အတိုင်း လိုက်နာကျင့်ကြံကာ ငြိမ်းချမ်းခြင်းနှင့် ပြည့်ဝခြင်းကို ရရှိရန်ဖြစ်သည်။

ယခုမျက်မှောက်ကာလတွင် မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်တွင် တွေ့ကြုံနေရသော ပြဿနာတစ်ခုမှာ ဘာသာရေးကို အသုံးချခံရခြင်း ပြဿနာဖြစ်သည်။ လူသားတို့၏စိတ်နှလုံးကို သိမ်းယူဆွဲဆောင်နိုင်သော

အရာမှာ ဘာသာရေးသာဖြစ်သည်။ ထို့ကြောင့် လူယုတ်မာများက ဘာသာရေးကို အသုံးချကာ ဘာသာဝင်များကို ဆွဲခေါ်သည်။ ဘာသာဝင်များကို နှင်းချေကာ မိမိတို့လိုချင်သော ပန်းတိုင်သို့ရောက်အောင် ချီတက်ကြသည်။

ထိုကဲ့သို့သော ဘာသာရေးပြဿနာများကြားတွင် အသိမကြွယ်သော လူငယ်များ ပါဝင်ပတ်သက်နေကြသည်ကိုကြည့်ကာ လူငယ်များအတွက် ရင်လေးနေမိသည်။ လူငယ်များ ဘာသာရေး၏အနှစ်သာရကို နားမလည်သေးမီ လူငယ်များ၏ စိတ်တက်ကြွမှုကိုအသုံးချကာ ဘာသာရေးလှုပ်ရှားမှုဆန်ဆန် နိုင်ငံရေး လှည့်ကွက်များကို အသုံးပြုနေကြသည်မှာလည်း အင်မတန် ရွံစရာကောင်းလှသည်။ ဘာသာရေးတွင် ဆူပူအကြမ်းဖက်မှုမရှိ။ ဘာသာရေးတွင် အေးချမ်း တည်ငြိမ်မှုသာ ရှိသည်။ အေးချမ်း တည်ငြိမ်မှုမရှိသော ဘာသာရေးမှာ အတုအယောင် ဘာသာရေးသာဖြစ်သည်။

ဘာသာရေးသည် စိတ်နှလုံးကို နူးညံ့ သိမ်မွေ့စေရန်သာ ဖြစ်သည်။ စိတ်နှလုံးကြမ်းတမ်းစေသော ဘာသာရေးသည် ဘာသာရေး အစစ်မဟုတ်။ ဘာသာရေးသည် ငြိမ်းချမ်းရေးသို့သာ ရှေးရှုသည်။ မငြိမ်းချမ်းသော ဘာသာရေးသည် ဘာသာရေးအယောင်ဆောင်မှုသာ ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာသည် နိုင်မာတိကျပြတ်သားသော ဘာသာတရား၊ ပြည့်စုံမွန်မြတ်သောဘာသာတရား၊ လူသားတိုင်း သတ္တဝါတိုင်းနှင့်သက်ဆိုင်သော ဘာသာတရားဖြစ်သည်။ ဗုဒ္ဓဘာသာတရားကို နားမလည်သူအပြင်လူများက ဝင်ရောက်ဖျက်ဆီး၍မရနိုင်။ နားလည်သူ အတွင်းလူများက ဖျက်ဆီးမှသာ ဘာသာတရားမှာ ပျက်စီးနိုင်သော ဘာသာတရားဖြစ်သည်။

ဘာသာရေးနှင့် နိုင်ငံရေးသည် ဆက်စပ်မှုရှိသလား ဆိုသည်ကို စဉ်းစားမိသည်။ ပုံသဏ္ဍာန်အားဖြင့် ဆက်စပ်မှု ရှိနိုင်ပါသည်။ သဘောတရားအားဖြင့်ကား နိုင်ငံရေးနှင့်ဘာသာရေးသည် လုံးဝဆက်စပ်မှုမရှိနိုင်။ နိုင်ငံရေးသည် နိုင်ငံရေးသာဖြစ်၍ ဘာသာရေးသည် ဘာသာရေးသာဖြစ်သည်။

ယနေ့ခေတ်လူငယ်များသည် ဘာသာရေးအတွက် အင်မတန် စိတ်တက်ကြွနေတတ်ကြသည်။ လူငယ်အများစုမှာ အမိုးရှင်းခေါ် စိတ်ခံစားမှုကို ဦးစားပေးလွန်းကြသည်။ စိတ်ခံစားချက်ကို လက်ကိုင်ပြုကာ ဘာသာရေးများကို လုပ်ကိုင် ဆောင်ရွက်ကြမည်ဆိုပါက အမှားများ ကြုံတွေ့နိုင်ပေသည်။ ဘာသာရေး၏ အနှစ်သာရသည်ကား အီမိုးရှင်း ခေါ် စိတ်ခံစားချက်ကို ဝေဖန် ဆန်းစစ်ကာ စိစစ်လက်ခံတတ်ရန် ညွှန်ပြထားသည်။ ဘာသာရေး

လုပ်နေသော လူငယ်များအနေနှင့် ဘာသာရေးအနှစ်သာရကို နားလည် လက်ခံနိုင်မည် ဆိုလျှင် ဘာသာရေးနှင့် ပတ်သက်သောပြဿနာများ ကြုံတွေ့ ရတော့မည် မဟုတ်ပေ။

ဘာသာရေးတွင် လူငယ်ကဏ္ဍ ဆိတ်သုဉ်းသွား၍ မရပါ။ ဘာသာ ရေးကို ဦးဆောင်နေကြသော သံဃာတော်များသည် လူငယ်အများစုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ထို့အတူ ဘာသာရေးကို တည်တံ့ပြန့်ပွားအောင် အထောက်အပံ့ပြုရန်မှာလည်း လူငယ်များ၏ အင်အားသည်သာ အဓိက ဖြစ်သည်။ ယနေ့ခေတ် တောရွာဘုန်းတော်ကြီးကျောင်းများတွင် သာသနာ့ မျိုးဆက် ရှင်သာမဏေများ ရှားပါးလာခဲ့ပြီဖြစ်သည်။ တောရွာဘုန်းတော်ကြီး ကျောင်းများတွင် ရှင်သာမဏေရှားပါးမှုကြောင့် သာသနာတော်၏အဓိက ပင်မသွေးကြောလည်းဖြစ်၊ ပင်မရေသောက်မြစ်လည်းဖြစ်သော ပရိယတ္တိ စာသင်တိုက်များတွင် စာသင်သားသံဃာ ရှားပါးမှုများ ဖြစ်ပေါ်လာနေသည်။ ထိုသို့ဖြစ်ရခြင်းမှာ သာသနာ့အမွေကို ဆက်ခံမည့် မျိုးဆက်သစ်လူငယ်များ ဆုတ်ယုတ်သွားခြင်းကြောင့်ဖြစ်သည်။

လူငယ်များအနေဖြင့် ပြဿနာကင်းစွာ ဘာသာတရားကို လိုက်နာ ဆောင်ရွက်လိုပါက အတ္တကိုယ်ကျိုး စွက်ဖက်ထားသော၊ နိုင်ငံရေးရောစွက် ထားသော၊ ဆူပူလှုံ့ဆော်မှုကို ဖောင်းပေးထားသော၊ မိမိအား ကောင်းကျိုး ထက် အပြစ်သာတိုးပွားစေနိုင်သော ဘာသာရေးမျိုးကို ရှောင်ရှားကြရမည်။ မိမိဘဝငြိမ်းချမ်းဖို့၊ မိမိပတ်ဝန်းကျင်လောက သာယာဖို့၊ မိမိနိုင်ငံ ငြိမ်းချမ်း သာယာဖို့၊ မိမိသံသရာ သာယာဖြောင့်ဖြူးဖို့ ကောင်းကျိုးတရားများကို ပေးစွမ်း နိုင်သော စစ်မှန်သော ဘာသာရေးကိုသာ ဆောင်ရွက်ကြရမည် ဖြစ်သည်။

စာရေးသူတို့သည် မျိုးဆက်သစ်လူငယ်များကို စနစ်တကျ မွေးမြူရန် အရေးတကြီး ဆောင်ရွက်ကြရပါတော့မည်။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့်က စာရေးသူကို ဆရာသမားက မိန့်ကြားဖူးသော စကားတစ်ခွန်း ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်များတွေ့လျှင် အင်္ဂုလိမာလသုတ်ကိုရွတ်ကာ မေတ္တာ ပို့ပေးရန် ဖြစ်သည်။ ထိုအလုပ်သည် ကိုယ်ဝန်သာသနာပြုနည်းဖြစ်ကြောင်း ပြောပြဖူးသည်။ ဆရာသမားသည် လွန်ခဲ့သော နှစ်နှစ်ဆယ်ကာလမှနေ၍ ယနေ့ကာလကို တွေးမြင်ပြေးမြင်ကာ ပြောခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

အနာဂတ်ကမ္ဘာကြီးက မျိုးဆက်သစ်လူငယ် လူတော်လူကောင်း များကို များစွာလိုအပ်ကြောင်း တောင်းဆိုနေပါပြီ။ ဤနေရာ၌ စာရေးသူ

တွေးမြင်သတ်မှတ်ထားသော မျိုးဆက်သစ်လူငယ်၏ အဓိပ္ပာယ်ကို ပြောပြလိုပါသည်။ လူငယ်သည် မိမိလူမျိုး၏ ယဉ်ကျေးမှု၊ အကျင့်စာရိတ္တနှင့် အစဉ်အလာကောင်းများ၊ ဘာသာအယူဝါဒ စသည်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကာ ဆက်လက်ပြန့်ပွားအောင် ပြုလုပ်နိုင်မှသာ မျိုးဆက်သစ်လူငယ်ဟု ခေါ်ဆိုရပါမည်။ အထက်ပါကဲ့သို့ မိမိလူမျိုး၏ တာဝန်ကို မဆောင်ရွက်နိုင်သူမှာ လူငယ်ပင် ဖြစ်လင့်ကစား မျိုးဆက်သစ်ဟု မခေါ်ဆိုထိုက်ပါ။ အချို့သောလူငယ်များမှာ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ပျက်သုဉ်းအောင် ဖျက်ဆီးနေကြရာ ထိုလူငယ်မျိုးကို အမျိုးဖြတ်သူ၊ အမျိုးဖျက်သူဟုသာ ခေါ်ဆိုရပါမည်။

လူငယ်များရင်ဆိုင်နေရသော ပြဿနာများကို ခြုံငုံသုံးသပ်ကြည့်လျှင် လူကြီးများ၏ တာဝန်မကျေပွန်မှု၊ လူငယ်များ၏ နာခံမှုကင်းမဲ့ခြင်းနှင့် စိတ်ခံစားမှုကို အလိုလိုက်ခြင်းဟူသောအချက်များကို အဓိကအားဖြင့် တွေ့ကြရပါမည်။ လူငယ်များ ပြဿနာနည်းပါးပြီး မှန်မှန်ကန်ကန် ရှင်သန်ကြီးထွားနိုင်ရန်အတွက် မျိုးဆက်သစ်တော်လှန်ရေး (Revolution of generation) ကို နိုင်ငံ့ခေါင်းဆောင်များကဦးဆောင်ကာ တက်ညီလက်ညီဖြင့် စနစ်တကျဆောင်ရွက်ကြရန်လိုအပ်ပါသည်။ မျိုးဆက်သစ်တော်လှန်ရေး (Revolution of generation) တွင် အဓိကအားဖြင့် လူငယ်များ၏စိတ်ခံစားမှု (Emotion)များကို ပြန်လည်သုံးသပ်သောအားဖြင့် ခံစားချက်မှန်ကန်အောင် တည့်မတ်ပေးခြင်းနှင့် လူငယ်များ၏ ကိုယ်စိတ်ကြံ့ခိုင်မှု၊ သန္နိဋ္ဌာန်ခိုင်မာမှု၊ ဆုံးဖြတ်ချက် မှန်ကန်ပြတ်သားမှု (Resolution)များ ကောင်းမွန်လာစေရန် ထူညီပေးခြင်းများကို ပြုလုပ်ပေးကြရပါမည်။

ထိုကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် ဦးစွာ ပညာရေးစနစ်သစ်ကို ကြိုဆိုပြောင်းလဲကြရမည်။ ယခုအခါ လူငယ်ဗဟိုပြုသင်ကြားရေး ပညာရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးလာနေချိန် ဖြစ်သည်။ ထိုပညာရေးစနစ် အောင်မြင်လာရန် ဝိုင်းဝန်းကြိုးစားအားထုတ်ကြရပါမည်။ သည်းခံလိုက်နာကြရပါမည်။ ပညာရေးစနစ် တည့်မတ်ကောင်းမွန်သွားမည်ဆိုပါက အနာဂတ်မျိုးဆက်သစ်လူငယ်များသည် မိမိတတ်မြောက်လိုသော ပညာရပ်များကို သင်ကြားခွင့်ရလာပါမည်။ မိမိ သင်ကြားတတ်မြောက်ထားသော ပညာဖြင့် နိုင်ငံတော်ကို အကျိုးပြုလာနိုင်တော့မှာဖြစ်ပါသည်။ မိမိသင်ယူလိုသော ပညာများ သင်ကြားခွင့် ရလာသောအခါ မိမိပညာဖြင့်

နိုင်ငံ၏စီးပွားရေး စသည်များကို ဦးဆောင်လာနိုင်ကြတော့မည်ဖြစ်သည်။ ပညာရေးစနစ် စီးပွားရေးစနစ်များ ကောင်းမွန်လာပြီဆိုပါက အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာမည်။ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ စစ်ရေးစသည့် ပဋိပက္ခများ ငြိမ်းအေးကာ မြန်မာလူမျိုးတို့၏ အစဉ်အလာ အတိုင်း လူမှုပတ်ဝန်းကျင်အပေါ် တာဝန်ဝတ္တရားကျေပွန်သော နိုင်ငံ့ သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာပါတော့မည်။

ထို မြန်မာ့ သားကောင်း သမီးမွန်တို့ကသာ ယဉ်ကျေးမှု ထွန်းကား တိုးတက်သော မြန်မာနိုင်ငံတော်သစ်ကြီးကို ကိုယ်ကျင့်တရားပြည့်ဝစွာဖြင့် တည်ဆောက်နိုင်ကြမည် ဖြစ်သည်။ ထိုသို့ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်သဖြင့် လူငယ်များကို ခြိမ်းခြောက် နေသော မူးယစ်ဆေး စသည့် အန္တရာယ်များလည်း ကင်းဝေးကာ သာယာ စိုပြည် ပွင့်သစ်ဝေသော အနာဂတ်ပန်းခင်းသစ်ကြီးဝယ် လူကြီး, လူငယ် လူရွယ်, လူလတ်အားလုံး ပြုံးပျော်ကြည်နူး ပျော်ရွှင်မြူးကာ ထူးခြားသော လူသားဘဝကို ရရှိနိုင်ကြပါမည့်အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ရွှေတြိဂံ မောင်စံ

✣

# တိုင်းပြည်မချာ ပညာကောင်းဖို့

ဒေါက်ဂျီ

ပညာရေးစနစ်တွေ ပြောင်းလာတယ်လို့ ဆိုပေမယ့်လည်း
အမှန်တကယ် ပြောင်းလဲဖို့ကတော့ လိုအပ်ပါတယ်။
ကျွန်တော်တို့တွေ လက်သန်း မင်စွန်းပြီး မျှော်လင့်တကြီးနဲ့
ရွေးချယ်ခဲ့ကြတဲ့ အစိုးရလက်ထက်မှာရော။

# တိုင်းပြည်မချာ၊ ပညာကောင်းဖို့

'ပညာသမာ အာဘာနတ္ထိ' တဲ့။ မြတ်စွာဘုရားကတော့ ဟောခဲ့တာပါပဲ။ ပညာနှင့်တူသောအရာသည် လောကတစ်ခွင်တွင် မရှိတဲ့။ ပညာဆိုသည့်အနက်ကိုလည်း မြန်မာအဘိဓာန်တွင် 'ခွဲခြားသိမြင်နိုင်သော အသိဉာဏ်' ဟု ဖော်ပြထားသည်။ ပညာကို ကျွန်တော်တို့ ထပ်မံခွဲခြမ်းစိတ်ဖြာကြည့်မိတော့ 'မှတ်တတ်သော သဘော' လို့ မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားပြန်တယ်။ ဒါဆိုကျွန်တော်တို့ မြန်မာနိုင်ငံမှာ သင်ကြားနေတာကရော 'ပညာလား' ဆိုတာ စဉ်းစားကြည့်ကြပါစို့။

လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်က စာမေးပွဲမှာမေးခွန်းကို နှစ်စုံပေး၊ တစ်စုံဖြေရတဲ့ပုံစံ။ ဒီဟာမြင် ဒီဟာရေး ဒါတွေကိုပဲ အမှတ်တွေပေးပြီး အမှတ်မကောင်းမှာ စိတ်ပူမနေနဲ့ အတန်းပိုင်ကျူရှင်ကိုသာ ပြေးပြီးတက်။ စားပြီးအိပ်နေ ဆိုတဲ့ ပညာရေးစနစ် ဖြစ်နေတာပါ။ ကျောင်းသားတွေကို သင်တိုင်းညာနေတဲ့ 'သညာ'ရေးစနစ် မဟုတ်ပါလား။

မြန်မာ့ပညာရေးလို့ ပြောလိုက်တာနဲ့ ကျွန်တော်ကတော့ နှစ်မျိုးပဲ တွေးမိပါတယ်။ သင်ပြီးညာတာနဲ့ ပြင်ပြီးညာတာပါ။ ယခင်အစိုးရလက်ထက် အဆက်ဆက်တည်းက ပြင်ခဲ့တာပါ။ ယခုချိန်ထိလည်း ပြင်နေဆဲပါပဲ။ ပြင်ရင်းနဲ့ပဲညာနေတာလား။ ညာရင်းနဲ့ပဲ ပြင်နေတာလား။ သေချာတာကတော့ ကျွန်တော် မြင်သလောက်ပြောရရင် သင်လိုက်ညာလိုက်ပါပဲ။

ဟိုတစ်လောတုန်းက ကျွန်တော်ကြားလိုက်မိတာ တစ်ခုရှိတယ်။ ဘာတဲ့ .....။ ကျောင်းသား လေးယောက် ငါးယောက်ပေါင်းပြီး စာမေးပွဲဖြေတဲ့စနစ်တဲ့။ ဟုတ်တယ်လေ။ အခြားနိုင်ငံမှာလည်း ဖြေတဲ့ပုံစံပဲပေါ့။

ဒီလိုပြောင်းလိုက်တဲ့ ပညာရေးစနစ်ကိုကြားတော့ ကျွန်တော် ဝမ်းသာအားရ လက်ခုပ်တီး ပျော်ရွှင်လို့မှ မဆုံးခင် တစ်လတောင် မကြာလိုက်ပါဘူး။ ပြောင်းသွားပြန်ပါရော။ လေးကြိမ် ဖြေစာမေးပွဲတဲ့။ သြော်… ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းနေတဲ့ ပညာရေးပါလား။

ပညာရေးစနစ်တွေ ပြောင်းလာတယ်လို့ ဆိုပေမယ့်လည်း အမှန် တကယ်ပြောင်းလဲဖို့ကတော့ လိုအပ်ပါတယ်။ ကျွန်တော်တို့တွေ လက်သန်း မင်စွန်းပြီး မျှော်လင့်တကြီးနဲ့ ရွေးချယ်ခဲ့ကြတဲ့ အစိုးရလက်ထက်မှာရော။ 'အသစ်တွေ ဘယ်လိုပြောင်းပြောင်း အဟောင်းတလည်လည်' ဆိုတဲ့ ဆိုထုံး ကိုပဲ လက်ကိုင်ထားလေရော့သလားလို့ ထင်မှတ်ရတဲ့ ပညာရေးမဟုတ်ပေ ဘူးလား။

ယနေ့ခေတ်မှာ လူတော်တော်များများပြောနေကြတာ ရှိပါတယ်။ လူငယ်တွေစာဖတ်ဖို့လိုတယ်တဲ့။ ဟုတ်ပါတယ်။ လူငယ်တွေ စာဖတ်ဖို့ သိပ် လိုတာပေါ့။ ဒါပေမယ့်လည်း ကျွန်တော်တို့လို လူငယ်တွေမှာ စာဖတ်ဖို့ အခွင့်အရေးရော ရကြပါရဲ့လားဆိုတဲ့ မေးခွန်းလေးကို အရင်မေးပါရစေ။ အင်း… ပထမဆုံး လူငယ်တွေ စာဖတ်ဖို့ရာအတွက်ဆို စာဖတ်အလေ့ အကျင့်ရှိဖို့ လိုအပ်ပါတယ်။ စာဖတ်အလေ့ကျင့်ရှိဖို့ဆိုတာကလည်း အခြေခံ ပညာကျောင်းတွေကနေ စရမှာဖြစ်ပါတယ်။

ကျောင်းသားတွေ တော်တော်များများ ဖြစ်လေ့ရှိတဲ့ ပြဿနာ လေးတွေ ရှိပါတယ်။ ကျောင်းသားတွေက 'ဆရာမရယ် စာဖတ်ချင်လို့ စာကြည့်တိုက်သွားလို့ရလား' လို့ မေးတဲ့အခါ ဆရာမတွေက 'စာမေးပွဲ နီးနေပြီ။ တခြားစာတွေ ဖတ်နေလို့ စာမေးပွဲအောင်မှာ မဟုတ်ဘူး။ ကျောင်း စာပဲကျက်' လို့ဆိုတာကြောင့် ကျောင်းပြင်ပစာတွေ လေ့လာခွင့်မရတဲ့ ကျောင်းသားတွေကတော့ ဒုနဲ့ဒေးပါပဲ။

အမှန်တကယ် စာဖတ်ဝါသနာပါလို့၊ စာရေးတာဝါသနာပါလို့ ကျောင်းစာကြည့်တိုက် သွားပါရစေလို့ ခွင့်တောင်းလာတဲ့အခါ တာဝန်ယူမှု၊ တာဝန်ခံမှုတွေမရှိဘဲ ကျောင်းစာကြည့်တိုက်တွေ ပိတ်ထားတာဟာ ကျောင်းသားတွေရဲ့မျက်လုံးတွေကို ပိတ်ထားခြင်းပဲ မဟုတ်ပေဘူးလား။

ကျောင်းသားတစ်ယောက် စာဖတ်ဝါသနာထုံလာတဲ့ချိန် အခြေခံ ပညာအဆင့်မှာ စာစီစာကုံးကောင်းတွေ ရေးနိုင်ပြီး အပြင်လောကမှာလည်း ရသ၊ သုတစာပေတွေ ရေးနိုင်ပြီး နိုင်ငံအတွက် အထောက်အကူပြုတဲ့

ကလောင်ကောင်း တစ်လက် ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူက အတတ်ပြောနိုင်မှာတုန်း။

ဒါဆို ကျောင်းသားတွေကရော ဘာလို့ စာဖတ်အားနည်းနေတာလဲဆိုတာ ပြန်လည်စဉ်းစားကြည့်ကြရအောင်။ အဖြေကတော့ ရှင်းရှင်းလေးပါ။ ကျောင်းသားတစ်ယောက်ဟာ မနက်လင်းလို့ မျက်စိနှစ်လုံးဖွင့်လိုက်တာနဲ့ ကျောင်းချိန်၊ ကျူရှင်ချိန်၊ အချိန်ပို Guide ရဲ့ အချိန် စတဲ့အချိန်တွေနဲ့ပဲ တစ်နေ့တာပတ်လုံး လုံးချာလည်လိုက်ပြီး ကုန်ဆုံးနေရတာ။ ကျောင်းသားတစ်ယောက်ရဲ့ ကိုယ်ပိုင်ချိန်ဆိုတာ စားချိန်နဲ့အိပ်ချိန် (၂)မျိုးပဲ ကျန်ပါတော့တယ်။ ဒါတောင် ဘော်ဒါတက်တဲ့ကျောင်းသားတွေဆိုရင် အဲ့(၂)ချိန်တောင်မှ ကိုယ်ပိုင်ချိန်ဖြစ်ဖို့ မလွယ်ပါဘူး။

အဲ့ဒီလိုမျိုး ကျူရှင်ချိန်တွေ၊ ကျောင်းချိန်တွေနဲ့ ပြည့်နေတဲ့ ကျောင်းသားတစ်ယောက်ဟာ ပတ်ဝန်းကျင်းမှာ လူမှုဆက်ဆံရေးမှာ အားနည်းလာမယ်။ ကျောင်းစာမဟုတ်တဲ့ ပြင်ပစာတွေ ဖတ်ရှုဖို့ အချိန်မရှိ တော့တဲ့အခါ ကျောင်းသားတွေ တော်တော်များများ စာဖတ်အားနည်းလာကြတော့တာပဲ။ ဟုတ်ပါပြီ။ ဒီလိုဆိုရင် ကျူရှင်တွေကရော ဘာလို့ ထောင်းထောင်းထနေရတာလဲ။ အဓိကအားဖြင့် အစိုးရဆရာ၊ ဆရာမတွေ ဘာလို့ ကျူရှင်သင်ချင်နေကြတာလဲ။

အဲ့ဒီအဖြေကို ရှာလိုက်တော့။ ဟော… တွေ့ပါပြီ။ ကျောင်းဆရာ၊ ဆရာမတစ်ယောက်ရဲ့လစာဟာ မိသားစုတစ်စုလုံးကို ထောက်ပံ့ဖို့မပြောပါနဲ့။ တစ်ယောက်တည်း သုံးရင်တောင် တစ်လလုံးအတွက် မလောက်ငှပါဘူး။ ကျောင်းဆရာ၊ ဆရာမတွေလခက နည်းတော့ ငွေကြေးလိုအပ်ချက်အရ ကျူရှင်သင်ကြတာပေါ့။ လက်ရှိအနေအထားကလည်း ပညာကို ပိုက်ဆံနဲ့ ဝယ်ကြရတဲ့ခေတ်လေ၊ ကျူရှင်မတက်တဲ့ ကျောင်းသား ဆယ်တန်းအောင်ဖို့ မလွယ်ဘူးဆိုကတည်းက ဆရာ၊ ဆရာမတွေ ကျူရှင်သင်ဖို့အတွက် တိုက်တွန်းထားသလိုပဲလေ။

'သင်လိုသူက အာစရိယ၊ တက်နိုင်သူက မိနှင့်ဘ၊ အတင်းတက်သူက အမောင်ကျောင်းသား၊ အကြဲတူညာဏ်တူ ဤသုံးဦးမှာ ဆရာတွေကပဲ ခံရမှာလား' ဆိုတဲ့ ကျွန်တော်ကြားဖူးတဲ့ သကြိန်သံချပ်တွေထဲက စာသားလေးအတိုင်းပါပဲ။ စဉ်းစားစရာတော့ဖြစ်နေပြီလို့ ပြောရမှာပဲ။ ကျူရှင်ဆိုတာဖြစ်လာဖို့အတွက် ဆရာ၊ မိဘ၊ ကျောင်းသားဆိုတဲ့ သုံးနားညီတြိဂံမှာ

ဆရာတွေကိုပဲ အပြစ်ပြောခံရတယ်ဆိုရင်တော့ သိပ်တော့ သဘာဝမကျပါဘူး။ အဲဒီတော့ အစိုးရ ဆရာ/ဆရာမတွေကို ကျူရှင်မသင် စေချင်ရင်၊ ဆရာ၊ ဆရာမတွေကို ချမ်းသာချင်လို့မရဘူး ဆိုရင်တော့ ဆရာ၊ ဆရာမတွေရဲ့လစာတွေကို အရင်မြှင့်ပေးဖို့တော့ လိုမယ် ထင်ပါတယ်။

ဒါ့အပြင် ကျောင်းသူ၊ ကျောင်းသားတွေရဲ့ ရွေးချယ်မှုအခွင့်အလမ်းတွေလက်ရှိမှာ လျော့နည်းနေပါတယ်။ အလယ်တန်းအောင် ကျောင်းသားတစ်ယောက်ဟာ အထက်တန်းကို တက်ရောက်တဲ့အခါမှာ ရွေးချယ်စရာဘာသာတွဲ (၈) မျိုး ရှိပါတယ်။ လက်ရှိအချိန်မှာ ကျောင်းတော်တော်များများမှာ အတွဲ(၁) နဲ့ အတွဲ(၇)နှစ်မျိုးကိုသာ အဓိကသင်ကြားပေးပြီး သင်ယူတဲ့ ကျောင်းသားတွေကလည်း ဒီ(၂)မျိုးကိုပဲ ဦးစားပေးယူနေကြတာကိုပဲ တွေ့ရပါတယ်။ အချို့ကျောင်းသား၊ ကျောင်းသူတွေဆိုရင်တောင် ဘာသာရပ် (၈)တွဲ ရှိတယ်ဆိုတာတောင် မသိကြတော့ပဘူး။ အဲဒီလိုအခြေအနေမှာ တိုင်းပြည်အတွက် သမိုင်းပညာရှင်၊ ပထဝီပညာရှင်စတဲ့ ပညာရှင်ပေါင်းများစွာ နစ်နာဆုံးရှုံးတော့တာပါပဲ။ အဲဒီထဲကမှ အတွဲ(၇)တွဲ (Bio) ယူမှ တော်တယ်ထင်တဲ့အသိက တက္ကသိုလ်ရောက်သွားတဲ့အခါမှာရော၊ ဘွဲ့ရပြီးတဲ့အခါမှာရော…။ ဘာတွေဆက်ဖြစ်ကြမှာလဲ။

မြန်မာနိုင်ငံကရတဲ့ ဘွဲ့ကလေးတစ်ခုလောက်နဲ့တော့ ကမ္ဘာတစ်ခွင် ပတ်ပြီး အိုးတိုက်၊ ပန်းကန်ဆေးရာထူးသာ ရနိုင်ပါတယ်။ ယခုခေတ်က ဘွဲ့နှစ်ခု၊ သုံးခုရမှ လူရာဝင်မယ့်ခေတ်။ ဒါကြောင့် ဘွဲ့ရပြီး အလုပ်အကိုင် ရှားပါးနေတဲ့ လူငယ်တွေ၊ ဘွဲ့ရပြီး ဆိုက္ကားနင်း၊ ကားမောင်း၊ ဈေးရောင်းစားနေတဲ့ လူငယ်တွေ မြန်မာပြည်ဝယ် ဒုနဲ့ဒေး။ ဒါ့ကြောင့် ကျွန်တော်မေးခွင့်ရမယ်ဆိုရင် မေးလိုက်ချင်တာက ဘွဲ့ရတိုင်းရော ပညာတတ် ဖြစ်ပြီလား။ ဘွဲ့ရမှသာ ပညာတတ်ဖြစ်မှာတဲ့လား။

ဒါ့အပြင် နောက်ထပ်အရေးကြီးတာတစ်ခုက မြန်မာနိုင်ငံရဲ့ မြန်မာကဏ္ဍပါ။ လက်ရှိမြန်မာနိုင်ငံမှာက မြန်မာလူမျိုးမြန်မာနိုင်ငံသား စစ်စစ်ဖြစ်ပြီး မြန်မာစာကို တုန်နေအောင် ကြောက်တဲ့ ကျောင်းသားတွေအများစု ရှိပါတယ်။ 'ချစ်သူနည်းပါး၊ ယူသူရှားသည့်၊ သနားစရာ မြန်မာစာ' လို့ ဆိုရလောက်တဲ့အထိ တက္ကသိုလ်တွေမှာ မြန်မာစာယူတဲ့ လူအတော်ကို ရှားပါးနေပါပြီ။ အများစုရဲ့အမြင် အထူးသဖြင့် ကျောင်းသားမိဘအများစုရဲ့အမြင်က မြန်မာစာဆို အထင်မကြီး။ မြန်မာစာဆိုတာ တက္ကသိုလ်ဝင်တန်းမှာအမှတ်နည်း

လို့ ယူရသည့်ဘာသာရပ်လို့ ထင်နေကြတာ အလွန်တရာ ဝမ်းနည်းစရာ ကောင်းလှပါတယ်။

ဒါဆို ကျွန်တော် ထပ်မေးလိုက်ချင်သေးတယ်။ အဲဒီလို မြန်မာစာကို အထင်သေးချင်နေတဲ့ လူတွေကရော ကိုယ့်ရဲ့မြန်မာစာ၊ ကိုယ်ရဲ့ မြန်မာ စကားကို တကယ်ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ်၊ ဖတ်တတ်၊ ပြောတတ် နေကြပြီလား။

ကျွန်တော်တို့ မြန်မာစာဟာ ဝေါဟာရအလွန်ကြွယ်ဝတဲ့ ဘာသာရပ် ဖြစ်တာကြောင့် စာလုံးပေါင်းတစ်ခုချင်းတစ်ခုချင်းဆီမှာ သူ့အနက်နဲ့သူရှိပါ တယ်။ ယခုလက်ရှိအချိန်မှာ ပုံနှိပ်ထုတ်ဝေပြီးဖြစ်တဲ့ စာအုပ်တွေမှာ မကြာ မကြာဆိုသလို စာလုံးပေါင်းသတ်ပုံအလွဲလေးတွေ တွေ့နေရပါတယ်။ ဥပမာ အားဖြင့် 'ကိုယ်တို့နှစ်ယောက် ပေါင်းရဖို့ နီးလာပါပြီကွာ' လို့ ရေးရမယ့် အစား 'ကိုယ်တို့နှစ်ယောက်ပေါင်းရဖို့ အရေးနည်းလာပါပြီကွာ' လို့ ရေး လိုက်တဲ့ အတွက် အနက်တစ်မျိုး ပြောင်းသွားတော့တာပါပဲ။ ဒါကြောင့် မြန်မာစာ စာလုံးပေါင်း သတ်ပုံမှန်ကန်ဖို့အတွက် စာစီစာရိုက်သမားတွေ ပုံနှိပ်သမားတွေဟာ မြန်မာစာလုံးပေါင်း သတ်ပုံကို ကျေညက်အောင် လေ့လာထားဖို့ လိုပါတယ်။

ယခုချိန်မှာ လူမှုကွန်ရက်မှာ တွေ့မြင်နေရတဲ့ စကားအသုံးအနှုန်း လေးတွေ တွေ့နေရတယ်။ 'ကွီးမွီးညလေးစမီး' စတဲ့ စကားလေးတွေ အသုံး လေးတွေကလည်း နောင်တစ်ချိန် မြန်မာစာအတွက် ရင်းလေးစရာပါ။ လူငယ် တွေအနေနဲ့ တတ်နိုင်သမျှတော့ ဆင်ခြင်ပြင်စေချင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ 'ရေးတော့အမှန် ဖတ်တော့အသံ' ဆိုတာ ရှိပါသေးတယ်။ အဲ့ဒီစကား လုံးတွေကို နောင်လာနောင်သား လူငယ်တွေဟာ အသံအရေးကို အမှန်လို့ ကောက်ချက်ချမိသွားရင် မြန်မာစာကဏ္ဍမှာ ထိခိုက်နစ်နာမှုများစွာ ဖြစ် တော့မှာ မလွဲပါဘူး။

ဒါကြောင့်မို့လို မြန်မာ့ပညာရေးလမ်းကြောင်းကို ကောင်းအောင်ကြိုး စားချင်တယ်ဆိုရင်တော့ မြန်မာစာကပဲ စပြင်ဆင်သင့်တယ်လို့ ကျွန်တော် ထင်တာပဲ နောက်ဆုံးအနေနဲ့ **'တိုင်းပြည်မချာပညာကောင်းဖို့ မြန်မာစကား စပြင်စို့'** လို့ တိုက်တွန်းဆန္ဒပြုလျက်။

စာကြွင်း ။ ။ တိုင်းပြည်မချာပညာကောင်းဖို့ ဟူသည့်ဆောင်းပါးသည် မြန်မာ့ပညာရေးနှစ် မြန်မာ့ပညာရေးလောက၏ မြင်သမျှ

တွေ့သမျှကို အပြုသဘောဆောင် ထောက်ပြထားခြင်း ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ခြင်း တိုက်ခိုက်ခြင်းအလျှင်းမရှိပါကြောင်း ဝန်ခံပါသည်။

အေဇာချို

# လူငယ်နှင့် စိတ်ကူး

ရာမည–ကိုအောင်

လူတိုင်း လူတိုင်း ညီမျှစွာရရှိပိုင်ဆိုင်ထားခြင်းသည်ကား

အချိန်ပင် ဖြစ်သည်။

အချိန်တိုင်း သင်ခန်းစာများ ရနေကြသည်။

ဤသို့ သင်ခန်းစာယူသည့်ခါ ကိုယ်တိုင်လည်း

တိုးတက်မြင့်မား ဖွံ့ဖြိုးမှုကို ရနိုင်ပါသည်။

အချိန်ထဲတွင် မိမိတို့အတွက် အခွင့်အရေးများစွာ...

# လူငယ်နှင့် စိတ်ကူး

စာပေချစ်သူများအဖွဲ့၊ စာပေပရဟိတာ ကွန်ယက်က စီစဉ်ထုတ်ဝေမည့် လူငယ်များနှင့် အနာဂတ်ကမ္ဘာ၊ ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေး၊ အတွေးအမြင်စာစုများ အမှတ်(၂) စာအုပ်အတွက် ပြိုင်ပွဲ စာမူခေါ်ခဲ့သလို အဖွဲ့ဝင်များလည်း ပါဝင် ရေးသားကြဖို့ ကမ်းလှမ်းထားရာ မိမိကိုယ်တိုင် တွေးမှာလား၊ ရေးမှာလား ဆိုသည်ကို စဉ်းစားမိလေသည်။

စာမူခေါင်းစဉ်က ဘယ်လိုပေးရမည်မသိ ဖြစ်ခဲ့ရပေသည်။ ရေးတော့ ရေးရပါမည်။ သို့သော် ဆရာကြီး၊ ဆရာမကြီးတွေကဲ့သို့ လူငယ်များအတွက် အကျိုးပြုရေးရမည်ကို အနည်းငယ်တွန့်တိုနေပေသည်။ သို့သော် ယနေ့လူငယ်၊ နောင်သော် လူကြီးဖြစ်လာမည့် လူငယ်တို့အတွက် အကျိုးရှိစေချင်သည့် စေတနာဖြင့် ရေးသားလိုက်မိပါသည်။

'သိ၊ မြင်၊ တွေး၊ ကြံ၊ ကြိုး၊ ကျင့်၊ မှန်' နှင့် ကိစ္စကြီးငယ်ဆောက်သဖွယ်ဟူသော ခေါင်းစီးနှစ်ခုကို စဉ်းစားခဲ့ပါသည်။ စဉ်းစားသကဲ့သို့ ဦးတည်ရမည့် အကြောင်းကိုလည်း တွေးမိလေသည်။

သို့အတွက်ကြောင့် ယနေ့ အယူအဆနှင့် နက်ဖြန် အယူအဆတို့မှာ တူချင်မှတူပေမည်။ အမှန်က လူတစ်ဦး၏ ဘဝတွင် ကျွန်တော်တို့သည် အယူအဆပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုလူသည် သမာဓိမတည် ရှေ့နောက် မညီဟု ထင်မှားမိပေမည်။ သမာဓိမတည်ခြင်းမှာ ကိုယ်ကျင့်တရား ဖောက်လွဲဖောက်ပြန်တတ်ခြင်းပေတည်း။ အယူအဆပြောင်းလဲမှုမှာ ဉာဏ်အမြင်၏ ပြောင်းလဲမှုကြောင့် သမာဓိမတည်ခြင်း မဟုတ်ပေ။ တစ်နည်းဆိုရသော် တိုးတက်ခြင်းပင်ဖြစ်သည်။

မွေးကတည်းက သေသည်အထိ အယူအဆပြောင်းလဲခြင်း မရှိသော သူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတစ်ယောက်၏ သက်တမ်းတွင် ပထမဆုံး သိလာသော စိတ်နေစိတ်ထား၊ အယူအဆတို့သည် အမှန်မဟုတ် ပြုပြင်ပြောင်းလဲပေးရပါမည်။

တကယ်တော့ သမာဓိဆိုသည့် စကားကို လေ့လာကြည့်ပါက၊ လောကရှိ လူတို့သည် သမာဓိရသူ ရှားလှပါသည်။ သမာဓိဆိုသည် လောက၏ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အပျက်တို့ကို ပိုင်းခြားသိမြင်ပြီး၊ ဆင်းရဲသော်လည်း ဝမ်းနည်းမှုမရှိ။ ချမ်းသာသော်လည်း ဝမ်းမသာ၊ ချီးမွမ်းကဲ့ရဲ့မှုဘေးမှ၊ တသမတ်တည်း တည်ငြိမ်စွာရှိခြင်းကို ဆိုလိုပါသည်။ ဘုရားအစရှိသော သူတော်ကောင်းတို့၏ စိတ်ဖြစ်တည်နေပုံမျိုး ပင်ဖြစ်သည်။

ထို့အပြင် တစ်ချို့က ကိုယ်ကျင့်အမူအယာ၊ အပြောအဆိုကို လူအများရှေ့၌ တည်ကြည်ငြိမ်သက်သည့် ပုံ၊ ဟန်မျိုးရှိကြရာ၊ သမာသမတ်ရှိသည်ဟု ထင်ဟန်ပြကြလေသည်။ အမှန်က ထိုတည်ငြိမ်မှုနောက်ကွယ်တွင်၊ ဖောက်လွဲ ဖောက်ပြန်မှုများ ရှိသည်ကို လူတို့မစဉ်းစား၊ မတွေးတောမိကြချေ။

ကျွန်တော်သည် ဣန္ဒြေကြီး၍၊ မျက်နှာထား အလွန်တည်သူတစ်ယောက်ဟု လူတိုင်းက မြင်ကြပေမည်။ ကျွန်တော်၏ အမူအယာ၊ ဖောက်လွဲဖောက်ပြန်သည့် သဘောကို ဖော်မပြပေ။ မိမိကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်ပေမည်။

သို့သော် ပုထုဇဉ်တို့လည်း အမှားမရှိသူမရှိ။ အမှားသိမှ၊ အမှန်ကို သိမြင်လာမည်ဖြစ်သည်။ အမှားတစ်ခါပြုမိလျှင်၊ နောက်ထပ်အမှားထင်ဖြစ်သည့် အခါမှသာ၊ အမှန်ဘက်သို့ သိမြင်လာပေမည်။ မည်မျှပင်မှားစေကာမူ မိမိဉာဏ်အမြင်အလျောက် ပြောင်းလဲမှုရှိသည်ကို တွေ့လာရပေမည်။ လေ့နှံခေါ်းထစ်ဆိုသည်ကား အလုပ်၊ အပြော၊ အတွေးတို့တွင် ပညာ၏ အစိပ္ပာယ်ကို ဆန့်ကျင်ရာ ရောက်ပေသည်။

ဗုဒ္ဓဂေါတမသည်ပင် ခြောက်နှစ်တိုင်တိုင် အမှားအမျိုးမျိုးကို ဖြတ်ကျော်ကာ၊ သဗ္ဗညုတရွှေဉာဏ်တော်ကို နောက်ဆုံး ရှာဖွေတွေ့ရှိခဲ့လေသည်။ နေရာမှန်သို့ရောက်ရှိခဲ့သည်ဟု ဆိုရပေမည်။

နေရာမှန်မှသာ သူ့နေရာနှင့်သူ အဆင်ပြေချောမောလာပါလိမ့်မည်။ နေရာမှန်ရှိလျှင် နေရာမှားလည်း ရှိပေမည်။ ကိုယ်ထိုင်နေမည့်နေရာတွင် နေပါက နေရာမှန်သည်ဟု ပြောနိုင်ပါသည်။ မနေသင့်၊ မနေအပ်သည့်နေရာမှာ

နေခဲ့သော် နေရာမှားဟု ဆိုရပေမည်။ သို့သော် နေသင့်သည့် နေရာမှန် ကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပါ။ တခြားသူအတွက် နေရာမှန် သော်လည်း ကိုယ့်အတွက်က နေရာမှားချင် မှားပေလိမ့်မည်။ တစ်ဖန် တစ် ယောက်တည်းမှာပဲ တစ်ချိန်နှင့်တစ်ချိန်၊ တစ်နေရာနှင့်တစ်နေရာ၊ နေရာမှန်က ကွဲပြားနေသေးသည်။

ဥပမာဆိုရသော် ကလေးတစ်ယောက် မွေးဖွားလာသည် ဆိုပါစို့။ ထိုကလေး၏ နေရာမှန်ကား သူ၏ မိခင်ရင်ခွင်ပင် ဖြစ်ပါသည်။ နေရာမှန်ဟု ဆိုရပေမည်။ သို့သော် ဤကလေး ကြီးလာပါက၊ အသက်အရွယ်လေးငါးနှစ် ရောက်ခဲ့သော် မူကြိုသော်လည်းကောင်း၊ သူငယ်တန်းသော်လည်းကောင်း စာသင်ခန်းသို့ ပို့ဆောင်ရပေတော့မည်။ မိခင်ရင်ခွင်မှာ အမြဲတွေးပွေ့ထား၍ မဖြစ်နိုင်တော့ပါ။

ဤအခြေအနေသည် ကျောင်းစာခန်းက၊ ကလေးများအတွက် နေရာမှန်တစ်ခု ဖြစ်ခဲ့ပေပြီ။ သို့သော် စာသင်ခန်းသို့ ရောက်လာသော ကလေး များကား စာပေတတ်မြောက်သော်လည်း၊ စာသင်ခန်းသို့ ရောက်ရှိမလာသော သားငယ်၊ သမီးငယ်တို့မှာ စာပေမတတ်၊ အသိဉာဏ်ပညာ မဲ့နေပေတော့မည်။

တစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့ နေရာမှန်များ ကွဲပြားကြသော်လည်း စည်းကမ်းနှင့် အညီနေပြီး၊ စည်းကမ်းစနစ်ဖြင့် ပြောဆို၊ နေထိုင်ကြပါက၊ မိမိတို့အတွက် ကောင်းကျိုးများ ရရှိလာနိုင်ပါသည်။

သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ဟု အဆိုရှိပေ သည်။ ကျောက်ကောင်းတစ်စေ့သည် ပြည်တန်ပတ္တမြားနှင့် မနောမယပတ္တ မြားများ ဖြစ်နိုင်သကဲ့သို့၊ သားကောင်းတစ်ယောက်သည်လည်း၊ အသက်သေ ခြင်း မတန်သည့် ခေါင်းဆောင်ကောင်းတစ်ယောက်ကို ဆိုလိုပါသည်။

ခေါင်းဆောင်သည် တိုင်းပြည်အတွက်၊ နိုင်ငံအတွက် တွေ့ကြုံ နေရသော အခက်အခဲများကို၊ ကျော်လွှားနိုင်သည့် အစွမ်းရှိရမည်။ စံပြပုဂ္ဂိုလ် လည်း ဖြစ်ရမည်။ ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင် နိုင်သော သားကောင်း သမီးကောင်းကို၊ နိုင်ငံ၏ သားကောင်းရတနာ၊ သမီး ကောင်း ရတနာ တစ်ယောက်ဟု ဆိုပါသည်။

ထို့ကြောင့် ရှင်မဟာရဋ္ဌသာရ ဆုံးမစာတွင်၊ ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဘွားမိခင်၊ ဆုံးမသင်သို့၊ အကြင်ဆရာ၊ ထိုသူငါကို၊ လိမ္မာစေကြောင်း။ ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို၊ နားမျှမထောင်၊

မကြားယောင်သို့၊ မောင်တို့ပြုက၊ ယခုပစ္စုန်ပွန်၊ နောင်သံသရာ၊ ဘက်များစွာ၌၊ ချမ်းသာမည့်ရေး၊ အလွန်ဝေးသည်၊ သေစောမလွဲ၊ ဝဋ်ဆင်းရဲမှ၊ ရွေခဲဘယ့်နှယ်၊ အသွယ်သွယ်ကို၊ လွဲဖယ်ကြံစည်၊ လွတ်ပါမည်။

ဤသို့နေရာမှန် ရောက်ရန်မှာ မလွဲမသွေ အားထုတ်ရပေမည်။ စည်းကမ်းရှိပြီး၊ သစ္စာကတိ ရှိရပေမည်။ မည်သို့ဆိုစေ၊ အချိန်ကို တန်ဖိုးရှိစွာ အသုံးချသူများသည် ကြီးပွားတိုးတက်ကြမည်မှာ မလွဲကေန်ဖြစ်သည်။

တစ်နေ့လျှင် နှစ်ဆယ့်လေးနာရီ အချိန်ရသည့်လူအချင်းချင်းဖြစ်သော်လည်း၊ အသိဉာဏ်မတူသဖြင့်လည်းကောင်း၊ အသုံးချပုံမတူညီ၍လည်းကောင်း၊ ပညာရှိ လူလိမ္မာနှင့် ပညာမဲ့ လူမိုက်တို့သည်အချိန် အသုံးချမှု ကွဲပြားခြားနားကြသည်ကို တွေ့ရပေမည်။ ပညာရှိသည် ကုသိုလ်ပညာ၊ ဥစ္စာတစ်မျိုးမျိုးရစေခြင်းဖြင့် အချိန်ကာလကို ကုန်လွန်စေပါသည်။

ပညာမဲ့သူသည် မြူးတူးပျော်ပါးကစားခြင်း၊ အိပ်ခြင်း၊ ငြင်းခုန်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ စကားများခြင်းဖြင့် အချိန်ကာလကို ကုန်လွယ်စေသည်။ မည်သို့ပင်ဆိုစေ လူတိုင်း လူတိုင်း ညီမျှစွာ ရရှိပိုင်ဆိုင်ထားခြင်းသည်ကား အချိန်ပင် ဖြစ်သည်။ အချိန်တိုင်း သင်ခန်းစာများ ရနေကြသည်။ ဤသို့သင်ခန်းစာယူသည့်ခါ ကိုယ်တိုင်လည်း တိုးတက်မြင့်မား ဖွံ့ဖြိုးမှုကို ရနိုင်ပါသည်။ အချိန်ထဲတွင် မိမိတို့အတွက် အခွင့်အရေးများစွာ ရှိနေပါသည်။ လက်လွှတ်မခံပါနှင့်။ အချိန်သည်သာ အားကိုးစရာဖြစ်ပါသည်။ ထို့ကြောင့် အချိန်ဆိုသည့် အားကိုးရာ အစစ်ကိုရရှိပြီး၊ အသိမှန်တရားများကို ထင်လင်းစွာ ရရှိကြစေချင်သည်။ လူတိုင်း လူတိုင်း ဘဝ၏ရပ်တည်မှုကို အချိန်က ကန့်သတ်ပေးထားသည်ကို သိမြင်သင့်ကြစေချင်သည်။

ဤသို့ဆိုလျှင် အချိန်တိုင်း၊ စက္ကန့်နှင့်အမျှ မိမိတို့ ဘဝအတွက် အရေးပါနေပေသည်။ ဘဝတိုးတက်မှုအတွက် ဉာဏ်စက္ခုအမြင်ကို၊ မည်သူမျှ မသိမြင်ကြ၊ အချိန်ကို လေးစားစွာ တန်ဖိုးထားခဲ့၍၊ တစ်ချို့သူတို့သည် အချိန်က ပြန်ပေးသည့် တန်ဖိုးကိုရရှိနေခြင်းဖြစ်သည်။

ယနေ့လူငယ် နောင်တစ်ချိန်လူကြီးဖြစ်လာမည့်သူတို့သည် အချိန်ကို တန်ဖိုးထားတတ်စေချင်သည်။ အချိန်က ကူညီပံ့ပိုးပေးနိုင်အောင်၊ မိမိတို့ ပိုင်ဆိုင်နေသည့် အချိန်များကို တန်ဖိုးရှိရှိ အသုံးချတတ်မှသာ၊ အချိန်သည် စိတ်ရွေကဲ့သို့ တန်ဖိုးကြီးကြောင်း သိလာပေလိမ့်မည်။ ဤသည်ကား အချိန်ဟု ဆိုအပ်သော ရတနာမြတ်ကြီး ဖြစ်ပေသည်။

ရတနာဟူသည် နီလာ၊ စိန်၊ ကြောင်မျက်ရွဲ၊ မြ၊ ဂေါမုတ်၊ ဥဿ၊ ဖယား၊ သန္တာ၊ ပတ္တမြား၊ ပုလဲစသည့် နဝရတ်ကိုးသွယ် ရတနာကိုးပါး ဖြစ်သည်။ တန်ဖိုးကြီးမား ရှားပါးလှသဖြင့်၊ လူတို့နှစ်သက်စေတတ်သောကြောင့်၊ ရတနာမည်၏ ဤသည်ကား လောကီရတနာ ဖြစ်၏။

ဘုရား၊ တရား၊ သံဃာတော်များသည် ရှားပါးလှ၏ ထိုထိုဘဝကို ရခဲလှ၏ ဘုရားတစ်ဆူ ပေါ်ပေါက် ပွင့်ထွန်းလာရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍၊ သဗ္ဗညုတ ဘုရားစင်စစ်ဖြစ်ရသဖြင့်၊ ရတနာအစစ်ဖြစ်သည်။ တရားတော်များသည် ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသဖြင့်၊ ရတနာအစစ်ဖြစ်၏။ သံဃာတော်များသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ သုံးရပ်ကို ကိုယ်တိုင်အားထုတ်၍ ပို့ချဟောပြောနေကြသူများဖြစ်၍၊ ရတနာ အစစ်မည်၏ ဤသည်ကား လောကုတ္တရာ ရတနာပင်ဖြစ်သည်။

မြတ်ဗုဒ္ဓကို ကိုးကွယ်ပူဇော်ရခြင်းမှာ ဗုဒ္ဓရှင်တော်ဘုရားသည် သတ္တဝါတို့ကို၊ ကြီးပွားချမ်းသာကြောင်း နည်းလမ်းဖြစ်စေခြင်း၊ မကြီးပွားမချမ်းသာကြောင်း မကောင်းသောနည်းလမ်းမှ ဆုတ်နစ်စေခြင်းနှင့်အပြစ်ဒေါသ အလုံးစုံကင်းစင်၍ ဂုဏ်ကျေးဇူး အလုံးစုံဖြင့် ပြည့်စုံစေခြင်းတို့ကြောင့် ဗုဒ္ဓရတနာ မည်ပေ၏။

ဘုရား၏ တရားတော်ကို ကိုးကွယ်ရခြင်းမှာ၊ တရားတော်ကို ကျင့်ကြံလိုက်နာသူတို့ကို ဘဝသံသရာ၊ ခရီးထဲက ဆွဲထုတ်ကယ်တင်ခြင်း၊ တရားကျင့်ခိုက်တွင်လည်းကောင်း၊ ကျင့်ကြံအားထုတ်စဉ်တွင်လည်းကောင်း၊ သက်သာမှုကို ပေးစေပြီး၊ သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်၊ ဖျက်ဆီးနိုင်ခြင်းတို့ကြောင့် ဓမ္မရတနာမည်ပေသည်။

အနည်းငယ်မျှသော ကောင်းမှုကုသိုလ်တို့ကို အကျိုးများစေရန် ပြုခြင်းဖြင့်၊ သံဃာတော်များသည် သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက် ဖျက်ဆီးနိုင်သောကြောင့် သံဃာရတနာ မည်ပေ၏။

မည်သို့ဆိုစေ အချိန်၊ နေရာမှန်တို့ကြောင့်၊ လောကလူတို့သည် အကျိုးရှိစွာ အသုံးချနိုင်မှသာလျှင် တန်ဖိုးရှိသော ရတနာကဲ့သို့ ရရှိပေမည် ဖြစ်သည်။ ပဏ္ဍိတ ကဏ္ဍ (ပညာရှိကို ဆိုရာအပိုင်း)တွင် ပျင်းသောသူသည် အတတ်ပညာ မရနိုင်။ အတတ်ပညာ မရှိသူသည် ဥစ္စာမရနိုင်။ ဥစ္စာမရှိ မရသောသူသည် ကောင်းမှုမပြုနိုင်သကဲ့သို့၊ ကောင်းမှုမပြုနိုင်သူသည်လည်း နိဗ္ဗာန်သို့မရနိုင်၊ မရောက်နိုင်ပေ။

အတတ်ပညာနှင့် တူသော ဥစ္စာမရှိ၊ အတတ်ပညာကို သူခိုးမခိုးနိုင်ပါ။ မိမိမှတ်သားထားသည့် အသိပညာဉာဏ်ကို မည်ကဲ့သို့ ခိုးယူ၍ရမည်နည်း။ ထို့ကြောင့် အတတ်ပညာသည် ဤလောက၌ လူတို့၏ မိတ်ဆွေကောင်းဖြစ်ပေမည်။ အတတ်ပညာသည်သာ တမလွန်၏ ချမ်းသာကို ဆောင်တတ်၏။

နှုတ်မှုပညာဖြစ်စေ၊ လက်မှုပညာကိုဖြစ်စေ၊ သေးငယ်သည်ဟု မထင်မှတ်ရပေ။ မည်သည့် ပညာရပ်မဆို ကုန်စင်အောင် တတ်မြောက်ခဲ့ပါမူ၊ အတတ်ပညာတစ်မျိုးမျိုးက အသက်မွေးဝမ်းကျောင်းအတွက် အထောက်အပံ့ကောင်းရပေမည်။ တောင်ပေါ်သို့ ဖြည်းဖြည်းမှန်မှန် တက်သကဲ့သို့ အတတ်ပညာကိုလည်း ဖြည်းဖြည်းမှန်မှန် သင်ယူရပေမည်။ လိုအင် ဥစ္စာဓနကို ဖြည်းဖြည်းမှန်စွာ ရှာရာ၏ အိမ်ယာတည်ထောင်ခြင်းကိုလည်း ဖြည်းဖြည်းစဉ်းစားပါ။

အမျက်ဒေါသ ထွက်ရာတွင်လည်း သတိပညာဖြင့် စဉ်းစားချင့်ချိန်၍ တွေးသင့်ပါသည်။ သို့မှသာ အမှားနည်းပေမည်။

နိဂုံးချုပ်ဆိုရသော် လူငယ်တို့သည် တစ်ချိန်တွင် လူကြီးနေရာက နေကြမည်မှာ အမှန်ဖြစ်သည်။ အသက်အရွယ် အပိုင်းအခြားတို့သည် ပြန်၍ ငယ်သွားသည်မရှိ။ တစ်နေ့တစ်နေ့ စက္ကန့်နှင့်အမျှ ရင့်သန်ကြီးထွားလာကြပေမည်မှာ အမှန်ဖြစ်သည်။

သို့အတွက်ကြောင့် သိ၊ မြင်၊ တွေး၊ ကြံ၊ ကြိုး၊ ကျင့်၊ မှန်ဖို့ အမြဲလိုအပ်လှပါသည်။

**ပညာပြည့်ဝ၊ နှလုံးလှသော်**
**ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်**
**ကျဉ်းကျယ်ထွင်းဖောက်၊**
**ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏။**

(မဃဒေဝ)

ရာမည-ကိုအောင်

✣

# မြတ်သရဏဂုံ

ကဗျာပန်းခင်း(တာပေချစ်သူ)

သရဏဂုံ အမြဲမပြတ် ဆောက်တည်သူဟာ

အမြင့်မြတ်ဆုံးရတနာကို ဆင်မြန်းလိုက်သလို

လောကတွင် အတင့်တယ်ဆုံး ပုဂ္ဂိုလ်တစ်ဦး

ဖြစ်သွားပါတယ်။

သရဏဂုံ အမြဲမပြတ် ရှတ်ပွားတည်ဆောက်သူဟာ...

# မြတ်သရဏဂုံ

အိမ်တစ်အိမ်ဖြစ်ဖို့ အခြေခံအုတ်မြစ်ချရသလို၊ ကျောင်းကြီးတစ်ဆောင် ဖြစ်ဖို့ အတွက်လည်း အခြေခံပန္နက် “အုတ်မြစ်မခိုင်ခံ့လျှင်၊ ယိုင်နဲ့တတ်တာမို့” ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အုတ်မြစ်ဖြစ်သော သရဏဂုံ သုံးပါး တည်ကာ မှပင် “အခြေခံခိုင်ခံ့၊ ပိုင်နိုင်မှာမို့” စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာတို့ထက် တန်ဖိုးထားအားထားရာ ရတနာကတော့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာရတနာ သုံးပါးမြတ်တရားပင် ဖြစ်ပါတယ်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော သရဏဂုံ မြတ်သုံးပါးကို စိတ်တွင်တည်သောသူသည် ဘဝမှာ ကောင်းမွန်မှု များစွာ ရရှိပြီး၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း၊ စည်းစိမ်ဥစ္စာမှစ၍ ကောင်းကျိုး ချမ်းသာမင်္ဂလာအပေါင်းကို ရရှိခံစားစေနိုင်ပြီး၊ နိဗ္ဗာန်ကောင်းကျိုး အနှစ်များစွာ ရရှိဖို့ စာရေးသူအနေဖြင့် ယခုဘဝတွင်သာမက နောင်သံသရာ ကောင်းဖို့ အတွက်ထိပါ ကောင်းမြတ်သောစေတနာဖြင့် ရေးသားလိုက်ပါတယ်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အတွက်သော်လည်းကောင်း၊ ရှင်သာမဏေ ဖြစ်ရန်အတွက်သော်လည်းကောင်း၊ ရဟန်းတစ်ပါးဖြစ်ရန်အတွက် သော်လည်းကောင်း “သရဏဂုံမြတ်သုံးပါးတရားဖြင့် စတင်ကာ အခြေခံ ပန္နက်မချဘဲ ဗုဒ္ဓဘာသာဝင်ကောင်း၊ ရှင်သာမဏေကောင်း၊ ရဟန်းတစ်ပါး ဖြစ်ရန် အကြောင်းမရှိပေ။ ဗုဒ္ဓဘာသာကောင်း၊ ရဟန်း၊ သာမဏေကောင်း ဖြစ်ရန်အတွက် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်၍လာနိုင်ပေမည်။ သရဏဂုံဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် “ကိုးကွယ်ရာ၊ ကြည်ညိုရာ၊ အားထားရာ၊ မှီခိုရာ” သစ်ပင်ကောင်းကြီးသဖွယ်ပြီး၊ ဆင်းရဲခြင်းကို ပယ်ဖျောက်ပြီး၊ ချမ်းသာ

ရောက်အောင် စောင့်ရှောက်တတ်သော တရားစင်စစ်ဧကန်ပင် ဖြစ်ပါသည်။ ကျွန်မတို့ရဲ့ အားထား၊ ယုံကြည်မှုသဒ္ဓါဖြင့် ကိုးကွယ်ဆည်းကပ်တဲ့အခါ ဗုဒ္ဓ သရဏဂုံတည်ပါတယ်။ မြတ်စွာဘုရားရှင် ဟောကြားပြသ ဆုံးမတတ်သော တရားတော်များကို လေ့လာ၊ ဆည်းပူး၊ ကျင့်ကြံအားထုတ်ရင်ဖြင့် မိမိတို့၏ နှလုံးသားစိတ်အစဉ်တွင် - ဓမ္မ သရဏဂုံတည်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ တပည့်သားသံဃာတော်များဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာဖြင့် ပြည့်စုံသော သံဃာတော် အရှင်မြတ်များကို ကိုးကွယ်ဆည်းကပ်ရင်-သံဃ သရဏဂုံတည်ပါတယ်။

ရတနာမြတ်သုံးပါး ဆရာသမားတို့ကို ကိုးကွယ်အားထားရာအဖြစ် ဆည်းကပ်တဲ့ စိတ်ရှိသူများမှာ မိမိခန္ဓာကိုယ်အတွင်းမှာ သရဏဂုံထိုက် ရတနာဆိုက်နေပါတော့တယ်။ အကယ်၍သော မိမိရင်တွင်းသဏ္ဍာန်မှာ ရတနာမြတ်သုံးပါးကို ယုံကြည်ကိုး ကွယ်စိတ် ညှိုးနွမ်းပျက်ပြယ်သွားရင်ဖြင့် သရဏဂုံပျက်သွားနိုင်ပါတယ်။ ဗုဒ္ဓသရဏဂုံ တည်ဆောက်ရင်ဖြင့် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စတဲ့ သရဏဂုံ ရွတ်ဆိုလိုက်ရင်ဖြင့် ဗုဒ္ဓဆိုတဲ့ ဘုရားရုပ်ပွား၊ ပုံတော်၊ ဆင်းတုတော်၊ စေတီတော်မှ မဟုတ်ဘဲ -

၁။ **အရဟံ** = ကိလေသာ အညစ်ကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော မြတ်စွာဘုရား။ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၏ အပူဇော်ထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။ စိတ်ကွယ်ရာ အရပ်၌ မကောင်းမှုကိုပင် မပြုတော်မူသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** = သိစရာမှန်သမျှကို ကြွင်းကျန်မရှိ ဆရာ မကူကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော**= ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ (၁၅) ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍

၄။ **သုဂတော** = အကျိုးရှိ ဟုတ်မှန်သော စကားကိုသာ မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား။

၅။ **လောကဝိဒူ** = အတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတည်း ဟူသော လောကသုံးခွင်ကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ** = မယဉ်ကျေးသော သတ္တဝါအားလုံး ကိုပင် ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ **သတ္ထာဒေဝ မနုဿာနံ**=လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာ တစ်ဆူ ဖြစ်တော်မူသော မြတ်စွာ ဘုရား။

၈။ **ဗုဒ္ဓေါ** = သစ္စာလေးပါးအမှန်တရားကို ပိုင်း ခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား။

၉။ **ဘဂဝါ** = မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီးသည် လေးစားကြည်ညိုဖွယ်၊ ကျက်သရေ ရုပ်အဆင်းသဏ္ဍာန်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤသို့လျှင် အရဟံစသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး၊ စိတ်နှလုံးမှ ပုံတော်ကိုဂုဏ်တော်မှန်းလျက် ကြည်နူးပီတိပွားကာ ရှိသေခြင်းဖြင့်- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟူသော ဗုဒ္ဓ သရဏဂုံ နှလုံးသားခွဲတည်ပါလေသည်။

ဓမ္မံဆိုတာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက ဟောကြားပြသဆုံးမ ထားတော်မူသော တရားတော်များဖြစ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်တရားဆယ်ဖြာကို ဆိုလိုတာမို့ တရားတော် များကို စိတ်အာရုံညွတ်ကာဖြင့် -

၁။ **သွာက္ခာတော ဘဂဝတော ဓမ္မော**-မြတ်စွာဘုရားသည် မဂ် လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကို ကောင်းစွာဟောကြားတော်မူအပ်ပေသည်။

၂။ **သန္ဒိဋ္ဌိကော**-ကျင့်ဆဲခဏ ယခုဘဝ၌ပင် သိမြင်ခံစားရသော တရားတော် ဖြစ်ပါပေ၏။

၃။ **အကာလိကော**-အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးတတ်ပါပေ၏။

၄။ **ဧဟိပဿိကော**-လာပါ၊ ရှုပါ၊ ကျင့်ကြံပါဟု ဖိတ်ခေါ်လိုက်သော တရားဖြစ်တော်မူပါပေ၏။

၅။ **ဩပနေယျိကော**-ကိုယ်၌မကွာ ကပ်၍ဆောင်ထားအပ်သော တရားတော် ဖြစ်ပါပေ၏။

၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ**-ပညာရှိတို့သာလျှင်၊ ကိုယ်စီကိုယ်င ခံစားသိမြင်ရသော တရားတော်ဖြစ်ပါပေ၏။

ဤသို့လျှင် ကျွန်ုပ်တို့၏ ဘုန်းတော်ကြီးမား မြတ်စွာဘုရားရှင် ဟောကြားပြသသော တရားဂုဏ်တော်ခြောက်ပါးကို စိတ်အာရုံညွတ်ကာဖြင့် ကျင့်ကြံအားထုတ်တဲ့အခါ ကိုယ်စိတ်နှစ်ပါး ချမ်းသာရရှိခံစား၍ မိမိတို့၏ နှလုံးသားတွင်- ဓမ္မ သရဏံ ဂစ္ဆာမိဂုဏ်တော်သည် နှလုံးသား၌ တည်ပါလေသည်။

သံဃံဆိုရင်ဖြင့် မိမိမြင်ဖူး၊ တွေ့ဖူးသော ဆရာတော်များတင်မက အကျင့်သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ် ကောင်းစွာ ကျင့်ကြံ အားထုတ်၍ နေသော-သံဃာ့ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတဲ့ အရိယာ သံဃာတော်များကို စိတ်မှာမှန်းလို့ -

၁။ **သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**-မြတ်စွာဘုရား၏ တပည့်သားသံဃာတော်အပေါင်းသည်၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို ကောင်းစွာ ကျင့်ကြံတော်မူတတ်ပါ၏။

၂။ **ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**-မြတ်စွာဘုရား၏ တပည့်သားသံဃာတော်အပေါင်းသည်၊ ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါ၏။

၃။ **ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**-မြတ်စွာဘုရား၏ တပည့်သား သံဃာတော်အပေါင်းသည်၊ နိဗ္ဗာန်အလိုငှာ ကျင့်ကြံတော်မူတတ်ပါ၏။

၄။ **သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော**-မြတ်စွာဘုရား၏ တပည့်သားသံဃာတော်အပေါင်းတို့သည်၊ အရိုသေခံထိုက်အောင် ကျင့်တော်မူတတ်၏၊ ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည် -

၅။ **အာဟုနေယျော**-အဝေးမှဆောင်ယူ၍ လှူဒါန်းအပ်သော ပစ္စည်းတို့ကို အလှူခံထိုက်၏။

၆။ **ပါဟုနေယျော**-ဧည့်သည်အတွက် အထူးစီမံထားသော ပစ္စည်းတို့ကို အလှူခံထိုက်၏။

၇။ **ဒက္ခိဏေယျော**-ကံ၊ ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်သော အလှူကိုလည်း ခံယူတော်မူထိုက်ပေ၏။

၈။ **အဉ္စလိကရဏီယော**-လူ၊ နတ်၊ ဗြဟ္မာတို့၏ လက်အုပ်ချီခြင်းကို ခံယူတော်မူထိုက်ပေ၏။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ**-လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း၏ အတုမရှိသော ကုသိုလ်မျိုးစေ့ကိုလည်း စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော်တို့၏ ဂုဏ်တော်တို့ကို စိတ်အာရုံညွတ်၍ ရှိသေမြတ်နိုးဆည်းကပ်ခြင်းဖြင့် ကောင်းကျိုးနှစ်တန် ရရှိခံစားနိုင်၍ မိမိတို့၏ စိတ်နှလုံးသားတွင် သံဃာ သရဏံ ပူဇေမိဟူသော သံဃဂုဏ်တော်ထိုက်ပါပေသည်။

ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို ကြည်ညိုလေးစားပြီး သရဏဂုံ အမြဲမပြတ် ဆောက်တည်သူဟာ အမြင့်မြတ်ဆုံးရတနာကို ဆင်မြန်းလိုက်သလို လောကတွင် အတင့်တယ်ဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားပါတယ်။ သရဏဂုံ အမြဲမပြတ် ရွတ်ပွားတည်ဆောက်သူဟာ လူ၊ နတ်ချစ်ခင်လေးစားခြင်းကို ခံယူရသည့်အပြင် ကိုယ်စိတ်နှစ်ပါး မြင့်မြတ်ချမ်းမြေ့ပြီး၊ ဘေးဒုက္ခ အန္တရာယ်တို့မှလည်း ကင်းဝေးစေပါတယ်။

သရဏဂုံဆောက်တည်သူ၏ အကျိုး ကျေးဇူးအနန္တသည်က နိဗ္ဗာန်သို့ပင် တက်လှမ်းနိုင်ကြောင်း အနောမဒဿီ မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ဆင်းရဲသားတစ်ဦးက မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးပြုနေပါတယ်။ ဆင်းရဲလွန်းလို့ မစားနိုင်၊ မလှူတန်းနိုင်ပါဘူး၊ ဥပုဒ်သီလလည်း ဆောက်တည်နိုင်တဲ့ အချိန် မရှိခဲ့ပါဘူး၊ ဒါပေမဲ့ ရဟန်းတစ်ပါးထံ သရဏဂုံ ခံယူပြီး တစ်သက်တာပတ်လုံး သရဏဂုံဆောက်တည်ခဲ့ပါတယ်။

သရဏဂုံကြာကြာဆောက်တည်လေ အကျိုးကျေးဇူး ပိုများလေလေ ဖြစ်ပါတော့တယ်။ ဒီလိုနဲ့ ဆင်းရဲသားဟာ ကွယ်လွန်တဲ့အခါ တာဝတိံသာနတ်ပြည် ရောက်ပါတယ်။ နတ်ပြည်မှာ သိကြားမင်းအဖြစ်နဲ့ အကြိမ် ၈၀၊

လူပြည်မှာ လေးကျွန်းလုံးပိုင်စိုးတဲ့ စကြာဝတေးမင်းအဖြစ်က ၇၅ ကြိမ်၊ ပဒေသရာဇ်မင်းအဖြစ်က အကြိမ်မရေတွက်နိုင်ပါဘူး၊ ၈၁ ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရောက်ဘဲ၊ လူ့ပြည်၊ နတ်ပြည်တို့မှာသာ လူးလား ခေါက်တုံ့ ဖြစ်ခဲ့ရပါတယ်။


ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မှာတော့ သာဝတ္ထိပြည်မှာ ဥစ္စာကြွယ်ဝတဲ့သူဌေးသား ဖြစ်လာပါတော့တယ်။ ခုနစ်သားအရွယ်မှာ အဖော်များနှင့်အတူ ကျောင်းတစ်တိုက်သို့ ရောက်သွားပါတယ်။ ရဟန္တာတစ်ပါးက သရဏဂုံချပေးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ရှေးရှေးဘဝက သရဏဂုံထုံ ဝါသနာပါလာသူဖြစ်လို့ ရဟန္တာ ချက်ခြင်းဖြစ်သွားပါပေတော့တယ်။

ဒါကြောင့် ကိလေသာ အပူကင်းချုပ်၊ နိဗ္ဗာန်ရောက်နိုင်သောကြောင့် လူငယ်၊ လူရွယ်၊ လူကြီး၊ လူတန်းစားမရွေး မြတ်သရဏဂုံ မိမိကိုယ်ကိုယ် သရဏဂုံ ထုံမွမ်းလို့ ကြည်ညိုသဒ္ဓါပွားများ ကြပါစို့၊ စာရေးသူကိုယ်တိုင်လည်း နေ့စဉ်မပြတ် ကြည်ညိုသဒ္ဓါပွားလို့ ရွတ်ပွားပူဇော်နေသူပါ။ ယုံကြည်မှု သဒ္ဓါ စိတ်ဖြင့် နေ့ရော၊ ညပါရွတ်ဖတ်ပူဇော်ရခြင်း အကျိုးများသည် ကောင်းသော အတိတ်၊ ကောင်းသောနမိတ်၊ ကောင်းသော အိပ်မက်များကိုသာ မြင်မက်ပြီး၊ စိတ်၏ အညစ်အကြေးကင်းစင်ကာ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာခြင်း နှင့် ပြည့်စုံခဲ့ပါတယ်။

မြတ်သရဏဂုံ နေ့စဉ်၊ ပွားများ၊ နှုတ်ဝယ်ဖွဖွ၊ အားထားရွတ်ဆို၊ ကြည်ညိုပွားက၊ စိတ်ဝယ်ကြည်နူး၊ ဘဝမှာလုံခြုံ၊ သမာဓိတည်ကာ၊ ကောင်း ကျိုးမင်္ဂလာ၊ ကောင်းမှုစုကာ၊ ကိလေသာ အညစ်ကြေးကင်း၍၊ ကောင်းခြင်း မင်္ဂလာ ရပါသည်။

မဟာဗျာ ပန်းခင်း

✣


စာပေချစ်သူများအဖွဲ့ – စာပေနှင့် ပရဟိတကွန်ရက်
နှလုံးသားရပ်ဝန်း
ဝတ္ထုတိုစုစည်းမှု

# လူငယ်နှင့် အလုပ်ရုပ်ဝန်း

မြတ်မင်းထင်ကျော်လင်း

အုပ်ချုပ်ရေးမှုးတွေကို ကြည့်မယ်ဆိုရင်လည်း
အများစုမှာ အထွေထွေအုပ်ချုပ်ရေးမှုးက
ညွှန်ကြားခိုင်းစေတာလောက်သာ လုပ်ကိုင်နိုင်
လုပ်ကိုင်တတ်ကြပြီး ရပ်ကျေးဥပဒေထဲမှာ ပါဝင်တဲ့
ဖွံ့ဖြိုးရေးကဏ္ဍတွေကိုမူ ကိုယ်ပိုင်အတွေး
ကိုယ်ပိုင်အမျှော်အမြင် ကိုယ်ပိုင်အားထုတ်မှုဖြင့်
လုပ်ကိုင်နိုင်စွမ်း မရှိတဲ့…

## လူငယ်နှင့် အလုပ်ရပ်ဝန်း

ရေမှန်မှန်လောင်းခံရတဲ့ ပန်းပင်ကလေးတွေဟာ အခက်အလက် အဖူးအပွင့်တွေ ဝေဆာပြီး မွှေးကြိုင်လန်းဆန်းကြသလို တိုးတက်သာယာဖို့အတွက် ကောင်းစွာ စီမံညွှန်ကြားမှုကို ရကြတဲ့ တိုင်းပြည် မြို့ရွာတွေလည်း ဖွံ့ဖြိုးသာယာ လှပကြပါတယ်။ အဲဒီလို တိုးတက်သာယာလှပဖို့အတွက် အရေးကြီးဆုံးကတော့ ခေါင်းဆောင်တွေပါပဲ။ တိုးတက်သာယာနေတဲ့ တိုင်းပြည်ဒေသတွေကို ကြည့်မယ်ဆိုရင် ခေါင်းဆောင်တွေရဲ့ တွေးခေါ်မျှော်မြင်မှု စီမံခန့်ခွဲမှု ကြံတတ် စီတတ် လုပ်တတ် ကိုင်တတ်မှုကြောင့်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

ခေါင်းဆောင်ဆိုတဲ့နေရာမှာလည်း ကောင်းအောင် လုပ်တဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ အဲဒီနှစ်ပိုင်းကတော့ အာဏာနဲ့ လုပ်လို့ရတဲ့အပိုင်း၊ ဩဇာနဲ့ လုပ်လို့ရတဲ့အပိုင်းတွေပဲ ဖြစ်ပါတယ်။ အာဏာနဲ့ လုပ်လို့ရတဲ့အပိုင်းကိုတော့ အဆင့်ဆင့်သော လူထုကဖြစ်စေ အကြီးအကဲက ဖြစ်စေ ခန့်အပ်ခံရတဲ့ အာဏာပိုင်တွေသာ လုပ်ခွင့်ရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ ဩဇာနဲ့ လုပ်ရတာတွေကိုလည်း လုပ်နိုင်ပါတယ်။ ကျန်တဲ့သူတွေကတော့ ဩဇာနဲ့သာ လုပ်ခွင့်ရှိကြပါတယ်။

ဩဇာနဲ့လုပ်တဲ့အပိုင်းကတော့ ဥပမာအားဖြင့် သဒ္ဓါကြေးအလှူခံသလိုပါပဲ။ လှူချင်လှူမယ်၊ မလှူချင် မလှူဘူး။ အာဏာ ရှိတဲ့သူတွေလိုတော့ လုပ်ကိုလုပ်ရမယ် ဆိုတဲ့အချိုးမျိုး ချိုးလို့မရပါဘူး။ သူတို့ လုပ်တဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာလည်း အာဏာရှိတဲ့သူတွေ မနှစ်မြို့ပါက ရပ်ရွာသာယာစေတဲ့ အရာတွေ ဖြစ်စေကာမူ ပျက်ပြယ်သွားရတတ်ပါတယ်။ ရွာတစ်ရွာမှာ

စာကြည့်တိုက်မှူးလုပ်သူက ရပ်ရွာတွေ သာယာလှပဖို့ ဆိုတာ ရပ်ရွာက လူထုရဲ့ နှလုံးသားလှပမှု စိတ်ကောင်းနှလုံးကောင်း ရှိမှု၊ အသိပညာဗဟုသုတ များ အတတ်ပညာဗဟုသုတများ လေ့လာလိုက်စားမှုအပေါ်မှာ အခြေခံ မှုတည်တယ် ဆိုပြီး ရွာရဲ့အစည်းအဝေးတစ်ခုမှာ တင်ပြခဲ့ဖူးပါတယ်။

မိမိ ကျေးရွာသူ၊ ရွာသားများ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ် စာပေတွေ၊ ဥပမာ ငါးရာ့ငါးဆယ်နိပါတ်တော်တွေ၊ တကကယ့်လူ တကကယ့် နှလုံးသား အာဟာရ အကြောင်းအရာစာအုပ်တွေ၊ ဆရာကြီး ဦးအောင်သင်းရဲ့ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့စာအုပ် ကဲ့သို့သော လူငယ်တိုးတက်ရေး စာအုပ်တွေ စတဲ့ စာပေကောင်းတွေ ဖတ်သင့်ကြောင်း တင်ပြခဲ့ဖူးပါတယ်။ စာအုပ်တွေကိုလည်း ကိုယ်စီကိုယ်စီအရွယ်နှင့် ကိုက်ညီမယ့်စာအုပ်များကို မဖြစ်မနေပုံစံမျိုးဖြင့် ကော်မတီအသင်းတစ်ရပ် ဖွဲ့စည်းပြီး လုပ်ဆောင်သင့်တဲ့ အကြောင်းတွေ၊ စာအုပ် စုံစုံလင်လင်ဖတ်နိုင်ရန်အတွက် စာကြည့်တိုက်ကိုလည်း သန့်ရှင်းသပ်ရပ် ခန့်ခန့်တည်တည်ဖြစ်အောင် လုပ်သင့်ကြောင်းတွေ တင်ပြခဲ့ဖူး ပါတယ်။ ဒါပေမဲ့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေ ဖြစ်သော်လည်း အမိက လုပ်ပိုင်ခွင့် ရှိတဲ့ အဏာဏာရှိသူတွေက အရေးမလုပ်ကြတဲ့အခါ ထိုစာကြည့် တိုက်မှူးမှာလည်း သူ့တင်ပြချက်တွေ အရာမထင်ခဲ့ပါဘူး။ ဒါနဲ့ပဲ သူ စွမ်းအားရှိသလောက် အားစိုက်မှုနဲ့သာ လုပ်ဆောင်နေရပါတော့တယ်။

အဲဒီစာကြည့်တိုက်မှူးက သူတို့ကျေးရွာ အသံချဲ့စက်ဖွင့်တဲ့ မလေ့ ထုံးစံရှိလေတော့ စာပေဟောပြောပွဲ အခွေလေးတွေဖွင့်ပြပြီး ကျေးရွာသူ ကျေးရွာသားများ စာပေစိတ်ဝင်စားမှုရှိလာစေရန် စည်းရုံးမှု ပြုလုပ်ပါသော် လည်း အုပ်ချုပ်ရေးမှူးရဲ့ တလွဲအထင်မှားမှုကို ခံရပြန်ပါတယ်။ နိုင်ငံရေး ပါတီအတွက် မဲဆွယ်စည်းရုံးတယ်ဆိုပြီး စွပ်စွဲကာ စာပေဟောပြောပွဲအခွေ ဖွင့်ခွင့် ပိတ်ပင်ခြင်းကို ခံရပြန်ပါတယ်။

ဒီနေရာမှာ ပြောချင်တဲ့အပိုင်းကတော့ အာဏာရှင်တည်းဟူသော လောင်းရိပ်မိခြင်းတွေကိုပါ။ ကျေးရွာရပ်ကွက်တွေမှာ ဒီလိုအဖြစ်မျိုး စနစ် ဆိုးတွေ ရှိနေကြသလို တိုင်းပြည်မှာလည်း လူထုခေါင်းဆောင် ဦးဆောင်ပြီး တိုင်းပြည်အတွက် မတိုးတက် မအေးချမ်းနိုင်တဲ့ ဖွဲ့စည်းပုံကြီးပြင်ဆင်ဖို့အတွက် ထောက်ခံမဲလက်မှတ် ငါးသန်းရတာတောင် အမိကလုပ်ပိုင်ခွင့် အာဏာရှိတဲ့ သူတွေက မလုပ်တော့ ဘယ်လုပ်ငန်းခွင်မှ ခရီးမတွင်ကျယ်နိုင် ဖြစ်နေရပါ တယ်။ ဒါကြောင့် လုပ်ရသလောက်နဲ့သာ လုပ်နေကြရပါတယ်။ ကောင်းတိုင်း

မှန်တိုင်း အကျိုးရှိတိုင်း လုပ်မရ ဖြစ်နေကြပါတယ်။ အချိုးမကျလိုက်ပုံများ။ အဲဒီအခက်အခဲတွေက ကျော်လွှားဖို့အတွက် နိုင်ငံကိုကောင်းစေချင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ ကြိုးစားနေကြပါတယ်။ နိုင်ငံ့ခေါင်းဆောင်တွေ ကြိုးစားကြသလို ကျေးလက်က ခေါင်းဆောင်တွေ ကြိုးစားဖို့ကလည်း အင်မတန်အရေးကြီးပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ဒီနိုင်ငံက ခုနှစ်ဆယ်ရာခိုင်နှုန်းသော ပြည်သူတွေဟာ ကျေးလက်နေသူတွေ ဖြစ်နေလို့ပါပဲ။ ဒီပြည်သူတွေဘဝမြင့်မှ ဒီတိုင်းပြည်ဟာ အမှန်တကယ်တိုးတက်တယ်လို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ခေါင်းဆောင်တွေ ကြိုးစားဖို့ဟာ အခရာကျလှပါတယ်။ ကြိုးစားတဲ့နေရာမှာလည်း ရေရှည်ရေတိုကြည့်တတ်ပြီး အသစ်တရား အဟောင်းတရား သူ့နေရာနဲ့သူ စီမံခန့်ခွဲတတ်ဖို့ကလည်း အင်မတန် အရေးကြီးလှပါတယ်။

လက်ရှိ ကျေးလက်က ခေါင်းဆောင်တွေကို ကြည့်မယ်ဆိုရင် အလှူပွဲ မင်္ဂလာပွဲ အခါကြီးရက်ကြီးလိုမျိုး သာရေးနာရေးလောက်သာ ဦးဆောင်လုပ်နေကြတာ များပါတယ်။ နာရေးဆိုတဲ့နေရမှာလည်း နာမှကူညီရေးလို ပုံစံမဟုတ်ပါဘူး။ ရပ်ရွာထုံးစံအတိုင်းသာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှုးတွေကို ကြည့်မယ်ဆိုရင်လည်း အများစုမှာ အထွေထွေအုပ်ချုပ်ရေးမှုးက ညွှန်ကြားနိုင်းစေတာလောက်သာ လုပ်ကိုင်နိုင် လုပ်ကိုင်တတ်ကြပြီး ရပ်ကျေးဥပဒေထဲမှာ ပါဝင်တဲ့ ဖွံ့ဖြိုးရေးကဏ္ဍတွေကိုမှု ကိုယ်ပိုင်အတွေး ကိုယ်ပိုင်အမျှော်အမြင် ကိုယ်ပိုင်အားထုတ်မှုဖြင့် လုပ်ကိုင်နိုင်စွမ်း မရှိတဲ့သူက များပါတယ်။ သူတို့သာ ရပ်ရွာလူထု အသိပညာမြင့်မား ဗဟုသုတ ကြွယ်ဝအောင် စာကြည့်တိုက်ကောင်းကောင်းတွေ ဦးဆောင်ဆောက်လုပ်ပေးပြီး စာဖတ်အားအရှိန်မြင့်လာအောင် ရပ်ရွာမှ ဝါသနာအလျောက် ဆောင်ရွက်နေကြတဲ့ လူငယ်တွေကိုလည်း မပိတ်ပင် မတားဆီးဘဲ အားပေးအားမြှောက်တာတွေ၊ ကိုယ်တိုင်ကလည်း တတပ်တအား ပါဝင်တိုက်တွန်း ဆော်အောတာတွေ၊ သူ့နယ်ပယ်အလိုက် ပညာရှင်တွေ ဖိတ်ကြားပြီး စာပေဟောပြောပွဲ စာပေစကားဝိုင်းတွေ ဖြစ်မြောက်အောင် စွမ်းဆောင်ပေးတာတွေ၊ ခေတ်ရဲ့အစာဖြစ်တဲ့ အင်္ဂလိပ်စာ အင်္ဂလိပ်ဘာသာစကားတတ်မြောက်၍ ကမ္ဘာ့အသိကမ္ဘာ့အမြင် ကမ္ဘာ့အတွေးအခေါ်များရရှိလာစေရန် အင်္ဂလိပ်စာ အင်္ဂလိပ်စကားပြော သင်တန်းများ ဖွင့်လှစ်ပေးခြင်း စတာတွေ စွမ်းဆောင်နိုင်ဖို့ အထူးလိုအပ်ပါတယ်။

ဒါ့အပြင်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် တည်ဆောက်ရာမှာ သိပ္ပံနည်းပညာဟာ မဖြစ်မနေ လိုအပ်လာပြန်ပါတယ်။ သိပ္ပံခေတ် အိုင်တီခေတ်ကြီးအတွင်းမှာ ကျေးလက်သည်လည်း စက်မှုလယ်ယာများအဖြစ် ထွန်းကားနိုင်ရေးအတွက် ကွန်ပျူတာသင်တန်းများ အီလက်ထရောနစ် သင်တန်းများလည်း လိုအပ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းရအောင် ဖြည့်ဆည်းပေးခြင်း၊ မိဘိုသူများ ဝင်ငွေနည်းမိသားစုများအား တတ်နိုင်သလောက် စားဝတ်နေရေး အဆင်ပြေအောင် ကူညီပေးတာတို့ ရပ်ရွာက လူတွေ မူးယစ်ဆေးဝါး မသုံးအောင် ကျန်းမာသန်စွမ်းအောင် ပျော်ရွှင်အောင် အားကစားပြိုင်ပွဲတွေ လုပ်ပေးတာတို့ စသည်စသည်ဖြင့် ဒါလောက် လုပ်ပေးတယ်ဆိုရင်ပဲ ရေရှည်ရေတိုနဲ့ တိုင်းပြည်အပြောင်းအလဲ အပျက်များစွာ အကျိုးဖြစ်ထွန်းစေပါတယ်။

တချို့က ဒါတွေ တောရွာတွေမှာ လုပ်ဖို့ အဆင်မပြေဘူးလို့ စောဒကတက်ကောင်းတက်ကြပါလိမ့်မယ်။ မပြေစရာအကြောင်း မရှိပါဘူး။ ပြေနိုင်ပါတယ်။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ပကာသနအလှူတွေ နည်းနည်းလျှော့ ငွေကုန်နည်းပြီး ကုသိုလ်ချည်းရတဲ့ အလှူစစ်စစ်ပေးပြီး ဘုရားအလောင်း ဖြည့်ကျင့်ခဲ့တဲ့ စရိယာသုံးပါးကို ကြည်ညိုလေးစား အတုယူလိုက်ရင် အဆင်ပြေပါတယ်။ ဒီလိုကောင်းတာ လိုအပ်တာတွေကို စီမံခန့်ခွဲခြင်း မရကြတော့ ကျေးလက်နေ ပြည်သူတွေဟာ ရေမှန်မှန် အလောင်းမခံရတဲ့ ပန်းပင်လေးသဖွယ် ညှိုးငယ်ပြီး ရောဂါထူပြောကြတယ်။ ဗဟုသုတ နည်းကြတယ်။ ဗဟုသုတနည်းတော့ လူပါးဝတဲ့သူတွေရဲ့ အလှည့်စား အလှည့်အပတ်တွေကို ခံကြရတယ်။ အမှုးသမား အရှုံးသမားတွေများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ များကြရတယ်။ လူနေမှုအဆင့်အတန်း နိမ့်ကျကြတယ်။ ဒါတွေဟာ တိုင်းပြည်နိုင်ငံရေး မကောင်းသေးတာကြောင့်ပါသလို ရပ်ကျေးအုပ်ချုပ်ရေးမှုးတွေနဲ့ ရပ်ရွာခေါင်းဆောင်တွေ သမားရိုးကျလမ်းစဉ်အတိုင်း လိုက်နေကြခြင်းကြောင့်သာ မပြောင်းလဲနိုင်သေးဘဲ ဖြစ်နေရတယ်။

နိုင်ငံရေးကလည်း ပြည်သူလူထု တရားမျှတကောင်းမွန်ဖို့အတွက် လုပ်ဆောင်ရမယ့် အုပ်ချုပ်ရေးမှာ အရေးကြီးဆုံး သုံးဌာနက သမ္မတလက်အောက်၊ ပြည်သူ့ထိန်းကြောင်းမှုအောက်နဲ့ ပြည်သူ့လက်ထဲမှာ မရှိတဲ့အပြင် ပြိုင်စရာမလိုဘဲ လွှတ်တော်ထဲမှာ ၂၅ ရာခိုင်နှုန်းက ရှိသေးတယ်။ ဒါတွေကတော့ ကောင်းဖို့အတွက် ပြောင်းပေးဖို့ အရေးကြီးဆုံးအချက်တွေပါ။

နောက်ပြီး ကိုယ့်အရပ် ကိုယ့်ရွာ ကိုယ့်တိုင်းပြည် သာယာလှပဖို့အတွက် ပညာရေးဌာနက ဆရာဆရာမတွေလည်း အရေးကြီးပါတယ်။ ဆရာဆရာမတွေဟာ သမားရိုးကျသင်ခန်းစာ သင်ရုံနဲ့တင်မကဘဲ အပြင်မှာလည်း ပညာဝတ်ဖြဖို့ သိပ်အရေးကြီးပါတယ်။ ဒါမှ တပည့်လည်း ပညာဝတ်ကြမှာ ဖြစ်ပါတယ်။

အခုတော့ ဆရာဆရာမတွေက စာဖတ်တာတို့ စာကြည့်တိုက်ရောက်တာတို့ နည်းတဲ့အခါ ကျောင်းသားတွေလည်း နည်းလာကြပါတယ်။ ပညာမဝတ်ရင် မလွယ်ပါဘူး။ အဲဒီတော့ သာယာလှပဖို့အတွက် ကျေးလက်ခေါင်းဆောင်တွေက သမားရိုးကျခေါင်းဆောင်တွေ ဖြစ်နေမယ်။ တရားမျှတကောင်းမွန်ဖို့အတွက် ပြောင်းလဲပေးဖို့ လိုအပ်တဲ့ အမှန်တရားကြီး ဖြစ်ပါလျက်နဲ့ အင်အားနဲ့ မတရားဖုံးကွယ်ထားမယ်။ ဆရာဆရာမတွေက ကျောင်းသူကျောင်းသားတွေကို ပညာဝတ်အောင် လုပ်မပေးဘူးဆိုရင် ကျွန်တော်တို့ရပ်၊ ကျွန်တော်တို့ရွာ ကျွန်တော်တို့တိုင်းပြည် ဘယ်လိုလုပ် လှနိုင်မလဲ။

မြတ်မင်းထင်ကျော်လင်း

✣

# မြတ်စေတနာ

ကြည်သိမ့်

ဗုဒ္ဓဘာသာ ကိုးကွယ်နေကြသော်လည်း
ဗုဒ္ဓဝင်အကျဉ်းကို တိတိကျကျသိသူ အလွန်နည်းပါးပါသည်။
ထိုသူများထဲတွင် ကျွန်မလည်း အပါအဝင် တစ်ယောက်
ဖြစ်ခဲ့ပါသည်။ ထို့အပြင် ဗုဒ္ဓဘာသာ ထွန်းကားနေသော...

# မြတ်စေတနာ

မနက်ကတည်းက သတင်းစာပို့သမား လာရောက်ပို့ပေးသွားသော အတွဲ(၃၃)၊ အမှတ်(၈) ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြတ်မင်္ဂလာကို နွေလယ်နေ့ခင်းအားနေသည့်အတွက် ဖတ်ရှုနေမိသည်။ ထိုမြတ်မင်္ဂလာ စာစောင်ကို ၁၉၈၅ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့သည်။ ထိုမြတ်မင်္ဂလာစာစောင်၏ အယ်ဒီတာချုပ်မှာ ဦးဝင်းမောင် (ဆရာကြီးမင်းယုဝေ) ဖြစ်သည်။ ကျွန်ုမသည် ထိုစာစောင်ကို ဖတ်ရှုလာသည်မှာ နှစ်ပေါင်း နှစ်ဆယ်တိုင်ကျော် ရှိခဲ့ပါသည်။

ဒီလထုတ်စာစောင်ထဲမှာ ထူးခြားသိမှုယ်အသွယ်သွယ်ကဏ္ဍ၌ ပါရှိသော ဝင်းဝင်းခိုင်၏ လက်တုတင်စုံ လိုချင်နေရှာသူ ခေါင်းစဉ်နဲ့ရေးသားထားသည်ကို ဖတ်ရှုလိုက်သည်။ ရေးသားထားသည်ကို အကျဉ်းချုံးဆိုရလျှင် မောင်ဖိုးထူးသည် မွေးရာပါလက်နှစ်ဖက်စလုံးတွင် လက်ဖဝါးမပါရှိခဲ့ပါ။ အသက်အားဖြင့် (၄၈)နှစ်ရှိနေသူတစ်ဦး၊ သူသည် စိတ်အားမလျှော့ဘဲ လေ့ကျင့်ခဲ့လို့ စက်လှေမောင်းတတ်သည်။ လေးခွပစ်တတ်သည်။ လှေလှော်တတ်သည်။ ပေါက်တူးပေါက်တတ်သည်။ တံမြက်စည်းလှည်းတတ်သည်။ စက်ဘီးစီးတတ်သည်။ ထမင်းဟင်းချက်တတ်သည့်အပြင် တခြားအိမ်မှုကိစ္စများကိုလည်း လုပ်ကိုင်တတ်သည်။

၁၅ နှစ် အရွယ်တွင် ကိုရင်ဝတ်ခဲ့သည်။ ဖန်းဝါးကုန်းကျောင်းဆရာတော်ထံတွင် စာပေပညာသင်ကြားခွင့်ရရှိခဲ့၍ စာတတ်မြောက်ခဲ့သည်။ (၇၅) နှစ်အရွယ် မိခင်အိုကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်သည်။ အခုလိုအသက်အရွယ်အထိ အဆင်ပြေပြေနေထိုင်လာပြီးမှ သူအဖြစ်ချင်ဆုံး၊

အလိုချင်ဆုံးမှာ အလှူအတန်းများနှင့် ခရီးသွားလာသောအခါ အဆင်ပြေဖို့အတွက် လက်တုတစ်စုံလိုချင်ကြောင်း ရေးသားထားသည်။

ထိုအကြောင်းကို ဖတ်မိတဲ့ကျွန်မမှာ စိတ်မကောင်းဖြစ်ရပါသည်။ ဘဝကံမကောင်းခဲ့ပေမယ့် အရှုံးမပေးဘဲ ယနေ့တိုင် ရုန်းကန်နေထိုင်ခဲ့သည့် ကိုဖိုးထူးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လာပါသည်။ ဖတ်နေရင်းမှ အဝတ်အစား၊ ကမန်းကတန်းလဲကာ မြတ်မင်္ဂလာစာစောင်တိုက်သို့သွားပြီး ဦးဖိုးထူးအတွက် ငွေသုံးသောင်းကျပ် သွားလှူခဲ့ပါသည်။

အလှူငွေကို လက်ခံသူ အယ်ဒီတာတစ်ဦးမှ ကျွန်မအား ဓမ္မလက်ဆောင်လေး မိတ္တူပေးခဲ့ပါသည်။ 'ဆရာမအတွက် အနှစ်ချုပ်လေးတစ်ခုကို ကျွန်တော်ပေးလိုက်မယ်' ဆိုပြီး မိတ္တူကူး၍ ပေးခဲ့သည်။ ကျွန်မကို ပေးသောမိတ္တူမှာ 'ဗုဒ္ဓဝင်အကျဉ်း' ဖြစ်နေသည်ကို တွေ့လိုက်ရသည့်အတွက် ကျွန်မအရမ်းကို ဝမ်းသာသွားခဲ့သည်။ ဗုဒ္ဓဘာသာ ကိုးကွယ်နေကြသော်လည်း ဗုဒ္ဓဝင်အကျဉ်းကို တိတိကျကျသိသူ အလွန်နည်းပါးပါသည်။ ထိုသူများထဲတွင် ကျွန်မလည်း အပါအဝင် တစ်ယောက် ဖြစ်ခဲ့ပါသည်။ ထို့အပြင် ဗုဒ္ဓဘာသာထွန်းကားနေသော ကျွန်မတို့တိုင်းပြည်အတွက် ပို၍လိုအပ်သည်ဟု ယူဆမိပါသည်။

ကျွန်မ အလိုချင်ဆုံး၊ အသိချင်ဆုံးသော ဗုဒ္ဓဝင်ဖြစ်စဉ်အကျဉ်းချုပ်ကို ရလိုက်သည့်အတွက် ဝမ်းသာပီတိဖြစ်ရပါသည်။ အခုလို သွားရောက် လှူဒါန်းရခြင်း၏အကျိုးကို လက်တွေ့ရရှိလိုက်ခြင်းသည်ပင် ကံ ကံ၏အကျိုးဟုပင် ဆိုချင်ပါသည်။ ကျွန်မ၏ အလှူငွေ သုံးသောင်းကျပ်သည် မများလှသော်လည်း လှူဒါန်းလိုက်ရသော စေတနာအကျိုးကတော့ ပြောမကုန်တော့ပါ။

ဗုဒ္ဓဝင်အကျဉ်းအား လူငယ်လူကြီး အများသူငါသိစေရန် ပြန်လည်မျှဝေလိုက်ပါသည်။

## ဗုဒ္ဓဝင်အကျဉ်းမှတ်ရန်

| | | |
|---|---|---|
| ၁။ | လူအမည် | = သိဒ္ဓတ္ထ |
| ၂။ | ဘုရားဘွဲ့ | = ဂေါတမ |
| ၃။ | မိဘအမည် | = သုဒ္ဓေါဒနမင်းနှင့် မာယာဒေဝီ |
| ၄။ | ကြင်ယာတော် | = ယသော်ဓရာ(ဘဒ္ဒကစ္စာနာ) |
| ၅။ | ရင်သွေးတော် | = ရာဟုလာ |

၆။ ယောက်ဖတော် = ဒေဝဒတ်
၇။ မိထွေးတော် = ဂေါတမီ
၈။ နေပြည်တော် = ကပိလဝတ်ပြည် (သက္ကတိုင်း၊မဇ္ဈိမဒေသ)
၉။ ဖွားရာဌာန = လုမ္ဗိနီဥယျာဉ် (ကပိလဝတ်နှင့်ဒေဝဒဟ အကြား)
၁၀။ နန်းစံနှစ် = (၁၃)နှစ်ကြာ (၁၆ နှစ်မှ ၂၉ နှစ်အထိ)
၁၁။ နိမိတ်ကြီးများ = သူအို၊ သူနာ၊ သူသေ၊ ရဟန်း
၁၂။ ဗျာဒိတ်ခံယူသောဘဝ = သုမေဓာရသေ့ဘဝ
၁၃။ ဗျာဒိတ်ခံယူသောနေ့ = ကဆုန်လပြည့်နေ့
၁၄။ ဗျာဒိတ်ပေးသောဘုရား = ဒီပင်္ကရာမြတ်စွာဘုရား
၁၅။ ပါရမီဖြည့်ဘက် = သုမိတ္တာအမျိုးသမီး (ယသော်ဓရာအလောင်း)
၁၆။ ပါရမီဖြည့်ရာကာလ = လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း (သုမေဓာဘဝမှ ဝေဿန္တရာဘဝထိ)
၁၇။ ပါရမီဖြည့်ရခြင်း၏ရည်ရွယ်ချက် = သတ္တဝါများအကျိုးဆောင်ရွက်ရန်
၁၈။ ဒုက္ကရစရိယာကျင့်သည့်နှစ် = (၆)နှစ်ကြာ (၉၇ နှစ်မှ ၁၀၃ နှစ်အထိ)
၁၉။ ဒုက္ကရစရိယာကျင့်သည့်နေရာ = ဥရုဝေဠတော
၂၀။ ဘုရားဖြစ်ချိန်သက်တော် = ၃၅နှစ်အရွယ်
၂၁။ ဘုရားပွင့်ရာသက်တမ်း = ၁၀၀ တန်း
၂၂။ အလုပ်အကျွေး = ပဥ္စဝဂ္ဂီငါးဦး (ဒုက္ကရစရိယာကျင့်ခိုက်)
၂၃။ တရားဦးဟောသည့်နေရာ= ဗာရာဏသီမိဂဒါဝုန်တော
၂၄။ ပထမဆုံးသာဝက = ပဥ္စဝဂ္ဂီငါးဦး
၂၅။ နောက်ဆုံးကျွတ်သော သာဝက = သုဘဒ္ဒပရိဗိုဇ်
၂၆။ လက်ျာရံအဂ္ဂသာဝက = အရှင်သာရိပုတ္တရာ
၂၇။ လက်ဝဲရံအဂ္ဂသာဝက = အရှင်မောဂ္ဂလာန်
၂၈။ အဆုံးအမသာသနာ = ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ

၂၉။ ကျင့်စဉ်သိက္ခာ = သီလ၊ သမာဓိ၊ ပညာ

၃၀။ ချမှတ်သောလမ်းစဉ် = ပဋိပဒါ(မဂ္ဂင်လမ်းစဉ်)

၃၁။ သန္ဓေယူသောနေ့ = မဟာသက္ကရာဇ် ၆၇၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့

၃၂။ ဖွားမြင်သောနေ့ = မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်၊ သောကြာနေ့

၃၃။ တောထွက်သောနေ့ = မဟာသက္ကရာဇ် ၉၇၊ ဝါဆိုလပြည့်၊ တနင်္လာနေ့

၃၄။ ဘုရားဖြစ်သောနေ့ = မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့

၃၅။ ဓမ္မစကြာဟောသောနေ့ = မဟာသက္ကရာဇ် ၁၀၃၊ ဝါဆိုလပြည့်၊ စနေနေ့

၃၆။ ပရိနိဗ္ဗာန်စံသောနေ့ = မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့်၊ အင်္ဂါနေ့

၃၇။ တေဇောဓာတ်လောင်သောနေ့ = မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လဆုတ် ၁၂ရက်၊ တနင်္ဂနွေနေ့

-ဗုဒ္ဓဝင်အကျဉ်းချုပ်ပြီး၏-

(ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ သာသနာရေးဦးစီးဌာနဝန်ထမ်းများ မိသားစုအဖွဲ့မှ စီစဉ်၍ နိုင်ငံတော် သံဃမဟာနာယက စာကြည့်တိုက်မှူး ဦးပညာသာမိ (မာဂဓီ-သာစည်) သင်ကြားပို့ချအပ်သော လူငယ်များအတွက် အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းစာအုပ်မှ ကူးယူဖော်ပြပါသည်။ သာသနာ ၂၅၃၄ ကောဇာ-၁၃၅၂၊ ၁၉၉၀ ခုနှစ်ကထုတ်ဝေသော စာအုပ် ဖြစ်သည်။)

ကြည်သိမ့်

# ဂျူငယ်နှင့် ၂၁ ရာစုအတွေး

ဆန်းဒေး (သာကေတ)

အမှန်ဆိုလျှင် စာအုပ်ထဲတွင် ပြဋ္ဌာန်းထားသော
သင်ခန်းစာ များသည် ကျောင်းသား၊ ကျောင်းသူများ၏
နှလုံးသားထဲ၊ အတွေးထဲ အသိထဲကို ရောက်ရမည်။
ဆရာ၊ ဆရာမကလည်း ဦးနှောက်ထဲရောက်အောင်
ပြောဆိုသင်ကြားပေးရမည်။
သို့မှသာ...

# လူငယ်နှင့် ၂၁ ရာစုအတွေး

"ခေတ်ပြောင်းလဲနေသကဲ့သို့ အပြောင်းအလဲကြားတွင် လူငယ်များ၏ လိုအပ်နေသောအချက်များနှင့် ဒီမိုကရေစီဆန်သော အတွေးအခေါ်မြော်မြင်မှုကို အကြောင်းပြု၍ ကိုယ်ကျင့်သီလ စာရိတ္တအားနည်းနေကြောင်း တွေ့ရသည်"

အကြောင်းကိုဆန်းစစ်လျှင် လွန်ခဲ့သော ၁၈ နှစ်ကျော်ခန့်က ပညာရေး အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ထိုပြောင်းလဲမှုကြီးသည် ကျောင်းသား/ကျောင်းသူအချို့၏ စာရိတ္တနှင့်အတွေးအခေါ်အယူအဆကို ရိုက်ချိုးပစ်သကဲ့သို့ ဖြစ်သွားသည်။ ထိုအချိန်က ကျောင်းသားလူငယ်အချို့ ကျောင်းကို မှန်မှန်မတက်၊ ကျောင်းစာကိုမှန်မှန်မလုပ်ဘဲ၊ စာမေးပွဲအောင်ကြသည်။ အောင်စနစ်ဖြစ်သောကြောင့်တည်း။

တစ်ဆက်တည်းမှာပင် ရန်ကုန်လိုမြို့ကြီးများ၌ လူငယ်အကြိုက် ကေတီဗွီ၊ မာဆက်၊ ကလပ်စသည်ကို မနေရှင်၊ ခရိုနီ၊ ခရိုပြာများ အပြိုင်အဆိုင် ဆောက်ကာ စီးပွားရေးလုပ်ကြသည်။ တရားဝင်လည်း ခွင့်ပြုထားဟန်ရှိ၏။ ယခုအချိန်မှာ မကြားတော့ပေ။

ထိုနေရာအသီးသီးက လူငယ်များကို နည်းမျိုးစုံဖြင့် ဆွဲဆောင်သည်။ ကျောင်းသားလူငယ်များအိမ်မှ ထွက်လာသောအခါ ကျောင်းသို့သွားဟန်ဖြင့် လာခဲ့သော်လည်း စာသင်ခန်းထဲမရောက်ဘဲ အဆိုပါနေရာများသို့ သွားကြသည်။ ဆရာ၊ ဆရာမ အချို့မှာ ရောက်မရောက်ကို အလေးမထားကြ။ အချိန်တန်၍ စာမေးပွဲစစ်လျှင် အောင်ရေးကသာ အဓိကကျသည်ဟု သဘောထားကြသည်။

ဤအဖြစ်မှာ စွန်ကိုလွှတ်တင်ရာတွင် ရစ်လုံး၌ ပတ်ထားသောချည်ကို အကုန်လျှော့ပေးသောအဖြစ်နှင့်တူသည်။ နောက်ဆုံးလေကြမ်းနှင့်တွေ့၍ ကြိုးပြတ်ကာ ဦးတည်ရာမဲ့လွင့်သည့်အဖြစ်ဖြင့် ကြုံရသည်။

ထိုဥပမာကဲ့သို့ပင် အထိန်းအကွပ်မဲ့သွားလာကြသော ကျောင်းသားလူငယ်များ အရက်၊ ဘီယာ၊ ဆေးခြောက်၊ ဘိန်း၊ WY စာတမ်းပါ ဆေးကို သုံးစွဲလာကြသည်။ သားသမီးများ၏ အကြောင်းကို သိသော မိဘအချို့မှာ ကျောင်းမှထုတ်၍ သတင်းစာမှာ အမွေပြတ်ကြော် ငြာသည်။ ထိုအဖြစ်ကြောင့် ခြေသားလုံးအိမ်တိုင်ပြုလျှက် လမ်းဘေးနေ၊ လမ်းဘေးစားရသည့်ဖြစ်ချက်၊ နောက်ဆုံး၌ ဘဝပျက်ကာ ထောင်ထဲ ရောက်ကြရသည်။

ယင်းဂယက်သည် ယနေ့ (၂၁)ရာစု လူငယ်များအပေါ် ရိုက်ခတ်နေဆဲဖြစ်သကဲ့သို့ စိတ်ဓါတ်ရေးရာများ ရှိင်းကြသည်။ ကိုယ့်ကျင့်၊ သီလ၊ စာရိတ္တသည်လည်းကောင်း၊ အတွေးအခေါ် အယူအဆလည်းကောင်း ညှို့ဖျင်းလာကြသည်။ လူကြီးမိဘ ဆရာသမားများက ဆုံးမကြသော်လည်း လူ့အခွင့်အရေးဖြင့် ကိုင်ပေါက်ကြသည်။ အစဉ်မသင့်လျှင် သူတို့အား ပြောဆိုဆုံးမသော လူများပင် အချုပ်ထဲရောက်သွားနိုင်သည်။

ပို၍ဆိုးသည်မှာ ဗုဒ္ဓဘာသာဝင် လူငယ်များဖြစ်လျက် ဘုရား၊ တရား၊ သံဃာ အကြောင်းကိုမသိ သံဃာတော်များနှင့်တွေ့ပါက လမ်းဖယ်ပေးကြရမည်ဆိုသောအကြောင်းကို မသိကြ၊ အထူးသဖြင့် ဘုရားကန်တော့ခန်း ဆရာကန်တော့ခန်း၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဖြောင့်အောင်မရွတ်ဆိုတတ်ကြချေ။

လူငယ်များ၏နှလုံးသားထဲတွင် ပထမအရွယ်ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားရှာ ဟူသော စကားကို လက်ကိုင်ထားကြသည်။ ထူးခြားချက်က ပထမအရွယ် ပညာရှာရမည်ဆိုသော်လည်း ကြိုးစား၍မသင်ကြ၊ ဒုတိယအရွယ်ရောက်ပြန်သော် စီးပွားဥစ္စာရအောင် မရှာနိုင်ကြ၊ တတိယအရွယ်ရောက်ပြန်သော်လည်း တရားကိုမရှာကြ။

အရွယ်သုံးပါးတွင် လစ်ဟင်းမှုရှိသောကြောင့် နောင်တများစွာနှင့် ဘဝနိဂုံးချုပ်သွားကြရသော လူများရှိသည်။ ဤသဘောကို မြင်စေရန် လိုအပ်သည်။ သို့ပါသောကြောင့် လူငယ်များ၏အတွေးမညှို့စေချင်။ ဤသို့ အတွေးအခေါ် ညှို့နေမည်ဆိုပါက အဘက်ဘက်ချွတ်ခြုံကျသွားရပေမည်။ လူပါးစပ်များ၌သာ လမ်းဆုံးသွားရပေလိမ့်မည်။ ထို့ကြောင့် ရသောအချိန်တွင်

ပညာ၊ စီးပွားကို ရှာရမည် ဖြစ်သကဲ့သို့ တရားကိုရှာ၊ လောကနှင့်မျက်ခြေ မပြတ်အောင် မျက်စိကိုဖွင့် နားကိုစွင့်၍ လေ့လာနေရမည်။

ကျွန်တော်တို့ငယ်စဉ်က စတုတ္ထတန်း မြန်မာစာတွင် ပြဋ္ဌာန်းထားသော စာရိတ္တမောင်နှင့် လူမှုဝန်ထမ်းစိတ် ဟူသော သခ်ိန်းစာနှစ်ပုဒ်မှာ လူငယ်များ၏ စာရိတ္တနှင့် စိတ်နေစိတ်ထားကို အထူးထင်ဟပ်စေသည်။ ယခုအချိန်ထိပင် နှလုံးသားထဲ၌ ထင်ထင်ရှားရှားရှိနေပေသည်။

လူငယ်၏အတွေးအခေါ်နှင့် ပတ်သက်၍ အတွေ့အကြုံတစ်ခုကို တင်ပြချင်ပါသည်။ တတိယတန်း ကျောင်းသူမလေးတစ်ယောက်ကို စာမေးဖူးသည်။ ထိုစာမှာ သူတို့သင်နေရသော မြန်မာဖတ်စာအုပ်ထဲက ဆရာရသေ့၏ တမာရွက်ဥပမာဖြစ်သည်။

ထိုစာပိုဒ်ထဲက မင်းသားငယ်မှာ ဆုံးမရန် အလွန်ခက်ခဲသည်။ တစ်နေ့သောအခါ ဖခင်ဘုရင်ကြီးက မင်းသားငယ်ကို သူကိုးကွယ်ထားသော ဆရာရသေ့ထံ အပ်နှံလိုက်သည်။ ရသေ့ကလည်း မင်းသားငယ်ကို ဥယျာဉ်ထဲသို့ လှည့်လည်ခေါ်ဆောင်သွား၏။ တစ်နေရာသို့ရောက်လျှင် ဆရာရသေ့က

"အသင်မင်းသား ဤအပင်ငယ်၏တမာအရွက်ကို ခူး၍စားကြည့် (ဝါးကြည့်)" ဟု မိန့်သည်။ မင်းသားငယ်လည်း အရွက်ကို ခူးလျက်စား ကြည့်ပြီး ထွေးထုတ်ပစ်လိုက်သည်။ ဆရာရသေ့က အဘယ်အရသာ ရှိသနည်းဟု မေးသောအခါ မင်းသားက "အရှင်ဘုရား ဤအပင်ငယ်မှာ အလွန်ခါးလှပါသည်ဘုရား။ အဆိပ်ပင်နှင့်တူပေသည်။ ဥယျာဉ်ထဲတွင် စိုက်ပျိုးထားရန် မသင့်ပါကြောင်း" ပြော၍ အပင်ငယ်ကို ဆွဲနှုတ်လိုက်၏။

ဆရာရသေ့ကလည်း "အသင်မင်းသား ဤအပင်ငယ်၏အရသာမှာ အလွန်ခါးပေသည်။ ဤအပင်ကဲ့သို့ ငယ်ငယ်ကပင် ရန့်ရင်းကြမ်းတမ်း ရိုင်း စိုင်းသော ကိုယ်အမူအယာ၊ နှုတ်အမူအယာရှိသော သင်မင်းသားလည်း ကြီးသောအခါ ဖခင်၏ ထီးနန်းအမွေကို ဆက်ခံ၍ မင်းပြုအုပ်ချုပ်ပါမူ အဘယ်မှာ နိုင်ငံအေးချမ်းမည်နည်း၊ နိုင်ငံတော်သာယာမည်နည်း။ အထူး အားဖြင့် အသင်မင်းသား၏ အုပ်ချုပ်မှုနှင့် ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေကို အဘယ်သူမျှ လိုက်နာမည်မဟုတ်၊ ထို့ကြောင့် ယနေ့မှစ၍ လူကြီး မိဘ ဆရာသမားများ၏ ဆုံးမဩဝါဒကို ခံယူလျက် စိတ်ကိုပြုပြင်ပါဟု ဆုံးမ၏။

ကျွန်တော်ကလည်း ကျောင်းသူမလေးကို ဤသို့ပြောသည်။ "သမီး သမီးလည်း မင်းသားကဲ့သို့ မဖြစ်အောင် ကိုယ်အမူအယာ၊ နှုတ်အမူအယာကို

ပြုပြင်ပါ။ ယင်းသို့ ပြုပြင်မှ ကြီးသောအခါ လူချစ်လူခင်ပေါ်မယ်'' ဟု ပြောလိုက်သည်။ ကျောင်းသူမလေးက ''အဲဒါစာအုပ်ထဲမှာပဲ ဆရာ'' ဟု ပြောသည်။ ကျွန်တော်ကလည်း ''အော် ကလေးအတွေးဆိုတော့ ကလေး အသိနဲ့ ပြောတာပဲ'' ဟု ဖြေသိမ့်ရသည်။

ဤကလေးမလေး တွေးသကဲ့သို့ သင်ယူစရာလေ့လာစရာ၊ တွေးခေါ်စရာ၊ ပြုပြင်စရာတွေ စာအုပ်ထဲတွင်သာ ရှိခဲ့လေသလော ဟူ၍လည်း စဉ်းစားရမလိုဖြစ်နေသည်။ အမှန်ဆိုလျှင် စာအုပ်ထဲတွင် ပြဋ္ဌာန်းထားသော သင်ခန်းစာများသည် ကျောင်းသား၊ ကျောင်းသူများ၏ နှလုံးသားထဲ၊ အတွေးထဲ အသိထဲကို ရောက်ရမည်။ ဆရာ၊ ဆရာမကလည်း ဦးနှောက်ထဲရောက်အောင် ပြောဆိုသင်ကြားပေးရမည်။ သို့မှသာ ဆင်ခြင်တွေးခေါ်တတ်၍ လိမ္မာသော မျိုးဆက်သစ်များဖြစ်လျက် ကိုယ်ကျင့်သီလစာရိတ္တပြည့်စုံသော လူမျိုးကို ဖော်ဆောင်နိုင်မည်။

နောက်တစ်ခုက လူငယ်မျိုးဆက်သစ်များ၏ဘဝ အသိအလိမ္မာနှင့် ပြည့်ဝရန် သွန်းလုပ်ထုဆစ်ပုံဖော်ပေးသည်မှာ ပညာရေးဟာ အဓိကကျွှာ၌ ပါရှိသည်။ ထို့ကြောင့် ကျောင်းသားလူငယ်များ ဆင်ခြင်ဖွယ်ဖြစ်သော ပုံတော်များနှင့် အခြားသောပုံပြင်၊ ကဗျာစသည်ကို ပြော၍ ဆုံးမရန်လိုအပ် သည်။

လယ်တီဆရာတော်ဘုရားကြီး၏ ''အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်၊ အိုးတွင်ခတ်နှိပ်၊ မှတ်တံဆိပ်ကို မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊ ကလေးတံဆိပ်၊ ဘာသာဆိပ်ကို ခတ်နှိပ်နိုင်မှ တော်ကာကျ'' ဟူသော လင်္ကာအတိုင်း ကလေး များ၏ နှလုံးသားထဲသို့ ဗုဒ္ဓဘာသာအကြောင်း ရောက်အောင် ပြောပြရ ပေမည်။

အိုးလုပ်သမား (အိုးထိန်းသည်)များ အိုးလုပ်သောအခါ ရွှံ့စေးမြေကို ဆုပ်နယ်ကာ သစ်သားခတ်တံဖြင့် နာနာရိုက်လျက်ပြုလုပ်ရသကဲ့သို့ တံဆိပ်ကို လည်း ရိုက်ခတ်ရသည်။ သို့မှသာ အိုးဖုတ်သောအခါ ထင်ထင်ရှားရှား ပေါ်နေမည်။ ထို့အတူ ကျောင်းသားလူငယ်များကိုလည်း ငယ်စဉ်ကစ၍ နည်းလမ်းကျအောင် ဆုံးမလမ်းညွှန်ပြရမည်။ ဆုံးမဆိုရာ၌ ကြိမ်လုံးနှင့်ရိုက်မှ ဆုံးမသည် မဟုတ်ပါ။ ပုံပြင်စသည်များကိုပြော၍ ဆုံးမရမည်။

အဓိကပြောချင်သည်မှာ အမျိုးသားစည်းကမ်းပြည့်ဝ၍ လူတော် လူကောင်းများဖြစ်ရန် ဆုံးမလမ်းညွှန်ခြင်းပါ။ အထူးက လူငယ်မျိုးဆက်

သစ်များနှင့် နိုင်ငံတော် ရေရှည်တည်တံ့ သာယာဝပြောရန် ဆရာ၊ ဆရာမများ ပခုံးနှင့်ကျသည် လူငယ်များအနေနှင့် လိုက်နာဆောင်ရွက်ရန် အခရာကျသည်။

ဤနေရာတွင် အတွေ့အကြုံတစ်ခုကို တင်ပြချင်ပါသည်။ ၂၃နှစ် လူငယ်တစ်ယောက်က ကျွန်တော့်ကိုပြောသည်မှာ "သူဟာ မိသားစုအားကိုးနိုင်သော၊ လိမ္မာသောသားတစ်ယောက်ဖြစ်ရန် ကြိုးစားတော့မည်" တဲ့။ ဤစကားကို ကြားရသောကြောင့် ဝမ်းမြောက်စွာဖြင့် ကျွန်တော်က "ညီလေးမင်း အဲ့လိုစိတ်ဓာတ်ရှိတာကို လေးစားတယ်၊ ဒါပေမဲ့ မာရမယ်၊ မာမှ ထမ်းရွက်နိုင်မယ်" ဟု ပြောတော့ သူစိတ်ဆိုးသွားဟန်ရှိသည်။

ဆက်လက်၍ "ငါ့ညီ အစ်ကိုပြောတဲ့စကားကို စိတ်ဆိုးတာလား၊ အဲ့လိုဆိုတော့ ဘာကြောင့်စိတ်ဆိုးတာလဲ ပြောပါဦး" ဟု မေးလိုက်သည်။ "အစ်ကိုပြောတဲ့ စကားက ကျွန်တော့်ကို နွားလို့ပြောတာပဲဆိုတာ သိတယ်" တဲ့။

သူ၏အဖြေကိုကြားတော့ ကျွန်တော်ရယ်လိုက်သည်။ ထို့နောက် သူနားလည်ရန် ပြောသည်။ "ငါ့ညီအစ်ကိုက မင်းကို နွားနဲ့မနှိုင်းသလို နွားလို့ပြောတာမဟုတ်ပါဘူး။ မာမှ ထမ်းနိုင်မယ်ဆိုတဲ့စကားဟာ စိတ်ဓါတ်ခွန်အားမာရမယ်၊ ကြံ့ခိုင်ရမယ်၊ ဘာပဲလုပ်လုပ် ဦးတည်ချက် မှန်ရမယ်၊ ခံယူချက် ကောင်းရမယ်၊ အောက်ခြေမလွတ်ရဘူး၊ ဒီခံယူချက်စိတ်ဓါတ်ကို မာအောင် ထားလို့လုပ်ဆောင်မှ အောင်မြင်မယ်၊ အဲ့ဒါကြောင့် မင်းရဲ့မိသားစုတာဝန်ကို ကျေပွန်စွာ ထမ်းရွက်သယ်ပိုးနိုင်မယ်" ဟု ရှင်းပြလိုက်သောအခါ သူ သဘောပေါက်သွားသည်။

နောက်တစ်ခုက ၁၅နှစ်အရွယ် လူတစ်ယောက်ပြောသောစကားမှာ "သူလုပ်သောလုပ်ရပ်တစ်ခုကြောင့် ဘယ်သောအခါမှ နောင်တမရ၊ နောင်တဟူ၍ သူ့တွင်မရှိတဲ့" ဤအရွယ်တွင် ဤစကားမျိုးပြောသည်မှာ မထူးဆန်းပေ၊ သို့သော် နောင်တမရှိသောသူသည် ဆက်မှားနေမည်ဟု ပြောသကဲ့သို့ သူလုပ်သော လုပ်ရပ်ထဲတွင် လျို့ဝှက်ဖုံးကွယ်နေသော အမှားလည်းကောင်း၊ အမှန်တရားနှင့် ဆင်ခြင်ဖွယ်ရာ၊ ယူဖွယ်ရာကို ထုတ်၍မယူတတ်သောကြောင့် အောင်မြင်မှုကို ရောက်ရန်လမ်းစ လွဲချော်နေသည်ဟု တွေးမိသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် နောင်တတရားဟူသည်မှာ လောကီအမြင်ဖြင့်ပြောသော် လုပ်ခဲ့ပြီးသော လုပ်ရပ်နှင့်ဖြစ်ခဲ့ပြီးသော အကြောင်းအရာများကို မိမိ၏စိတ်သန္တာန် အတွင်းအဈွတ္တထဲတွင် ထင်ဟပ်၍ ရှေ့လျှင်

မဖြစ်အောင် ဆင်ခြင်ရန်၊ လက်ရှိပစ္စက္ခတွင် ဆင်ခြင်ရန်ဖြစ်ပေါ်ခြင်းတည်း။ ထို့ကြောင့် ကျွန်တော်တို့မျိုးဆက်သစ်လူငယ်များသည် အတွေးအခေါ်မည့်ရန် လိုအပ်သည်။

အထူးက အတွေးအခေါ်အမြော်အမြင်ကောင်းရန် စာပေကို ဖတ်ရန်နှင့် ဒီမိုကရေစီ လမ်းကျကျ တွေးခေါ်ကြရန် လိုအပ်သည်။ လူသားတစ်ယောက်၏ အတွေးအခေါ် အမြော်အမြင်သည် သူကျင်လည်ရာ လောကကို အကျိုးဖြစ်စေသည်။ ထို့ကြောင့် ၂၁ ရာစု လူငယ်မျိုးဆက်များ အတွေးကောင်းရန် စာကောင်းများကို ရွေးချယ်ဖတ်ရှု၍ ခေတ်သစ်၊ နှစ်သစ်၊ စနစ်သစ်မှာ အတွေးကောင်း တစ်နည်း စိတ်ဓါတ် ဖြူစင်ရိုးသားသော ကိုယ်ကျင့်သီလ စာရိတ္တကောင်းဖြင့် အမျိုးဘာသာ၊ သာသနာကျိုး သယ်ပိုး ရွက်ဆောင်ကြရန် သင့်ပါသည်ဟု တွေးမြင်မိပါသည်။

(democracy) ဒီမိုကရေစီ နည်းကျကျ တွေးခေါ်မြော်မြင်ခြင်းသည် လူ့အသိုင်းအဝိုင်းအဖွဲ့အစည်း တစ်ရပ်လုံးအတွက် အဓိကလိုအပ်သော အချက်အချာဖြစ်သည်။ တစ်နည်း ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအုပ်ချုပ်သောနိုင်ငံ/တိုင်းပြည်၌ မြင့်မြတ်သော အတွေးအခေါ်ကောင်းများနှင့် သည်းခံတတ်သော လူ့ယဉ်ကျေးမှုတစ်ရပ်ကို ထူထောင်၍ အတွေးကောင်းဖြင့် မျိုးဆက်သစ် လူငယ်များကို အလှဆင်ကြရန် လိုအပ်ပါကြောင်း သုံးသပ်ရေးသားတင်ပြလိုက်ပါသည်။

ဆန်းဒေး(သာကေတ)

✣

# အနာဂတ်အာတ်မြစ်

နေမြှ

ကလေးတို့အနာဂတ်သည် နိုင်ငံ့အနာဂတ်ဖြစ်သည်။
ကလေးတို့ ပျော်ရွှင်ခြင်းသည်
နိုင်ငံသာယာ အေးချမ်းခြင်းဖြစ်သည်။
ကလေးတို့၏တုန့်ပြန်သံကို အစဉ်တစိုက်
နားထောင်ခြင်းအမှုသည်...

# အနာဂတ်အတွက်မြင်

ယနေ့ခေတ်မှာ ကမ္ဘာပေါင်းစုံတွင် အပြောင်းအလဲများစွာ ပြုလုပ်နေကြပါသည်။ အဟောင်းထဲတွင် အကောင်းတွေ ရှိသလို မကောင်းသော အချက်များကိုလည်း ဖက်တွယ်မနေဘဲ ပြောင်းသင့်တာ ပြောင်းရပေမည်။ အခြားကမ္ဘာများကို မဆိုထားနှင့်။ သူငယ်တန်းက စ၍ ပညာသင်စနစ် ပြောင်းလဲသည့်အပေါ် စာရေးသူ၏ အမြင်အချို့ တင်ပြချင်သည်။

စာရေးသူတို့ငယ်စဉ်က ပညာသင်ကြားခဲ့ရသော စနစ်သည် သင်ကြားသူ ဆရာ ဆရာမများ၏ ပြောဆိုသင်ပြပေးမှုကိုသာ လိုက်လံမှတ်သားကြရပါသည်။ ဒီစာပိုဒ်ကိုကျက်ဆိုလျှင် လိုက်ကျက်ကြ ကျက်ထားတဲ့စာကိုပဲ ဖြေဆိုခဲ့ကြပါသည်။ စာဖတ်ခြင်း အလေ့အကျင့်အတွက် ကျောင်းစာကြည့်တိုက်ရှိပါသည်။

စာရေးသူတို့ ကျောင်းတက်စဉ်မှာ လက်မှုပညာသင်ချိန် ကာယလေ့ကျင့်ခန်းသင်ချိန် ပြည်သူ့နီတိသင်ချိန်တို့ကို ကျောင်းစာသင်ချိန်များနှင့် တွဲဖက်သင်ယူကြရသည်။ တစ်ခါတစ်ရံ အဆိုအက ပညာရပ်၏အခြေခံသဘောတရားများကို သင်ခဲ့ရသည်။ ကျောင်းသူများ ဝိုင်းဖွဲ့ထိုင်ပြီး တစ်ယောက်တစ်လှည့်စီ ကပြခဲ့ရသည့် အချိန်တွေဆိုရင် ပျော်ရွှင်ကြည်နူးရပါသည်။ လောကနီတိ သင်ချိန်ဆိုရင်လည်း မိမိတို့မသိသေးသော အကြောင်းအရာများ မသိသေးသော အဆိုအမိန့်များကို နာခံမှတ်သားရင်း ဗဟုသုတတိုးပွားခဲ့ရပါသည်။

စာကြည့်တိုက်မှာ စာဖတ်ချိန်တိုင်း ကာတွန်းစာအုပ်ကိုသာ ရွေးချယ်ဖတ်ခဲ့ကြပါသည်။ ကိုယ်နှစ်သက်သော ကာတွန်းဇာတ်ကောင်များကို ပုံတူ

ရေးဆွဲသည့်အထိ စွဲလမ်းနှစ်သက်စွာ ဖတ်ရှုခဲ့ကြသည်။ ထိုအမူအကျင့်ကြောင့် ထင်သည်။ ကာတွန်းဖတ်ပြီးနောက် ကဗျာတွေ ဖတ်ခဲ့သည်။ကဗျာဖတ်ပြီးနောက် ဝတ္ထုတို ဖတ်ခဲ့သည်။ ဝတ္ထုတို ဝတ္ထုရှည် ဆောင်းပါး အက်ဆေး စသည်ဖြင့် အဆင့်ဆင့်တက်ကာ စာပေများ ဖတ်ဖြစ်ခဲ့ပါသည်။ ထိုသို့ စာပေများဖတ်သော အမူအကျင့်မှာ ကျောင်းစာကြည့်တိုက်မှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျောင်းစာသင်ချိန်အတွင်းမှာပင် စာပေဟောပြောပွဲများ ကျင်းပပြုလုပ်ပေးပါသည်။ စာရေးဆရာကြီးများ၏ အဆိုအမိန့်များကိုလည်း တိုက်ရိုက်နားဆင်ခွင့် ရခဲ့ဖူးသည်။ ဤသို့ဤနယ် စာပေသင်ကြားချိန် ပြင်ပဗဟုသုတ သင်ချိန် စာဖတ်ချိန်ပေါင်းများစွာ ဖတ်သန်းခဲ့ကြရင်း အတန်းအဆင့်ဆင့် အောင်မြင်ခဲ့သည်။ ဘွဲ့ယူခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများ စီးပွားရေးလုပ်ငန်းရှင်များ အနုပညာရှင်များ စသည်ဖြင့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် နယ်ပယ်အသီးသီးမှာ တာဝန်ကျေပြွန်အောင် ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့ခေတ် ကျောင်းသားဗဟိုပြုပညာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ယခင်ပညာရေးစနစ်ထက် ရလာဒ်ကောင်းများ ရရှိလာလိမ့်မည်ဟု မျှော်မှန်းမိသည်။ စာရေးသူတို့ရပ်ကွက်တွင် မူလတန်းလွန်စာသင်ကျောင်း ရှိပါသည်။ ယခင် စာသင်နှစ်များတုန်းက သူငယ်တန်းတက်မည့် ကျောင်းသားကျောင်းသူလေးများသည် ကျောင်းစတင်တက်ချိန်မှာ ကျောင်းမတက်ချင်လို့ ငိုနေကြသည်ကို မြင်တွေ့နေရပါသည်။ ဆရာမက ချော့မော့ခေါ်ထားရ မိဘများက ချော့မော့ပြောဆိုပြီး ထားခဲ့ရ ကလေးက ရုန်းကန်ငိုရင်း ကျန်ခဲ့ရသည်။ နောက်ပိုင်း ကျောင်းတက်ရက်တွေများလာတော့မှ ကလေးလည်း နေသားကျလာပြီး ကျောင်းချိန်ဆို သိပ်မငိုတော့ပေ။ ဒါတောင် ရှုံ့မဲ့မဲ့ လုပ်ချင်သေးသည်။ ကလေးသဘာဝအရတော့ ဆိုးနွဲ့ချင်ပေမည်။

ကျောင်းသားဗဟိုပြုပညာသင်စနစ် စတင်ခဲ့သော နှစ်မှာတော့ ကျောင်းစတက်မည့် သူငယ်တန်းကျောင်းသားကလေးများ ဆူဆူညံညံငိုသည်ကို မတွေ့ရပါ။ သင်ကြားပုံစနစ်ပြောင်းလဲမှုမှာ သူတို့လေးတွေ နေပျော်ပုံရပါသည်။ ကျောင်းသား ကျောင်းသူ ကလေးအားလုံးကို ဝိုင်းဖွဲ့ထိုင်ခိုင်းပြီး ဆရာမက ကဗျာတွေ ရွတ်ပြ ကဗျာထဲက ဇာတ်ကောင်တွေအကြောင်း ရှင်းပြပါသည်။ ကလေးတွေကိုလည်း မိမိဆန္ဒအရ ထဆိုစေပါသည်။ အချင်း

ချင်း ဆိုပြ ကပြ နေရတော့ စာသင်ချိန်ကုန်လို့ကုန်မှန်းမသိ ပျင်းရမှန်းမသိ အိမ်လွမ်းပြီးလည်း ငိုမနေတော့ပေ။

နမူနာပြ ရုပ်ပုံကားချပ်များနှင့် ဗျည်းအက္ခရာတွေကို မှတ်မိအောင် သင်ကြားမှုအပြင် ရောင်စုံခြယ်စရာ နေရာပြပုံတွေလည်း ပါရှိပါသည်။ ရောင်စုံခြယ်ဖြစ်ကြသည့်အပြင် စာလည်းသင်ပြီးသား ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းစာအုပ်ထဲမှာ ကာလာစုံကာတွန်းပုံတွေ၊ အရာဝတ္ထုတွေအကြောင်း၊ အရောင်တွေအကြောင်း၊ တိရိစ္ဆာန်တွေအကြောင်း၊ ရာသီဥတုတွေအကြောင်းများကို ပုံပေါင်းများစွာနှင့် ပြသသင်ကြားပါသည်။

ဆရာမက အဖြူရောင်ပန်းပွင့်လေးယူခဲ့ပါ မှာရင် စံပယ်ပန်းလေးများ ယူလာခဲ့ကြသည်။ စကြာပန်း ဇွန်ပန်း နှင်းဆီဖြူ စသည့်ပန်းများလည်း ယူဆောင်ခဲ့ကြသောကျောင်းသား ကျောင်းသူလေးများသည် ကျောင်းနေ ပျော်ခဲ့ကြပါပြီ။ လေးထောင့်ပုံစံအရာဝတ္ထုကို ယူခဲ့ပါဟု ဆရာမ မှာလျှင် စက္ကူဗူးငယ်များ ယူလာခဲ့ကြသည်။ အဝိုင်းပုံစံ အရာဝတ္ထုယူခဲ့ပါဆိုလျှင် ဗူးဖုံးအဝိုင်းများ စက်ဝိုင်းပုံစံ ကော်ပြားတွေ ယူခဲ့ကြသည်။

ကျောင်းသားကျောင်းသူများကို ကိုယ်ပိုင်အတွေးနှင့် ရှာဖွေတတ်အောင် လေ့ကျင့်ပေးသည်။ ကျောင်းတွင်းစွမ်းရည်ပြိုင်ပွဲများလည်း ကျင်းပပေးသည်။ သူတို့လေးတွေ နှစ်သက်ရာ ပြိုင်ပွဲများ ရွေးချယ်နိုင်အောင်လည်း စီမံဆောင်ရွက်ပေးထားသည်။ ပန်းချီစွမ်းရည်ပြိုင်ပွဲ၊ ပုံပြောစွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ လက်ရေးလှပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ စသည်ဖြင့် ပြိုင်ပွဲများပြုလုပ်ပေးသည်။ ပြိုင်ပွဲ၏ ရလာဒ်သည် စနစ်တစ်ခု၏ အခြေဖြစ်သည်။

ကျောင်းသားဗဟိုပြုပညာသင်စနစ်တွင် ကျောင်းသားကျောင်းသူတို့သည် စိုးရိမ်ကြောင့်ကျမှုမရှိ သက်ဝင်လှုပ်ရှားနေပုံမှာ ကျေနပ်ဖွယ် အားရဖွယ် ဖြစ်၏။ သူတို့လေးတွေရဲ့ စဉ်းစားတွေးခေါ်ပုံများသည် မူအသစ် ကွဲထွက်လာပါပြီ။ အများရှေ့မှာ ပုံပြောပြစေခြင်း၊ ကဗျာရွတ်ပြစေခြင်း တို့ကြောင့် စင်ပေါ်တက်ရမှာ ကြောက်ရွံ့မနေဘဲ ရဲရဲဝံ့ဝံ့နှင့် ဆိုပြ ရှင်းပြတတ်လာကြသည်။ အတန်းထဲမှာ အရမ်းဆော့သော်လည်း ပန်းချီဆွဲရာတွင် သေသေသပ်သပ် ဆွဲပြနိုင်သော ကျောင်းသားလေးများ တွေ့ရှိရသည်။ အခြားကျောင်းသားများ ဆော့ကစားနေချိန်မှာ အနေအေးသော်လည်း ကဗျာရွတ်ဆိုချိန်တွင် အသံနေအသံထား သာသာယာယာဖြင့် တိကျမှန်ကန်စွာ

ဆိုပြတတ်သော ကျောင်းသူများလည်း တွေ့ရပြန်၏။ တစ်ဦးချင်း၏ စွမ်းရည်များ မတူညီကြသော်လည်း ကျောင်းတွင်းစွမ်းရည်ပြိုင်ပွဲမှာ ကိုယ်ပိုင်အစွမ်းအစများ ပေါ်ထွက်လာကြပေသည်။

ကလေးတို့အတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ထုဆစ်ကြသောအခါ လူကြီးများ၏ အတွေးအကြံ၊ ကလေးတို့အတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ထုဆစ်ကြသောအခါ လူကြီးများ၏ အတွေ့အကြုံနှင့် ဆုံးဖြတ်ချက်တို့သည် အလွန်အရေးပါပါသည်။ ကလေးတို့အနာဂတ်သည် နိုင်ငံ့အနာဂတ်ဖြစ်သည်။ ကလေးတို့ ပျော်ရွှင်ခြင်းသည် နိုင်ငံသာယာအေးချမ်းခြင်းဖြစ်သည်။ ကလေးတို့၏တုန့်ပြန်သံကို အစဉ်တစိုက် နားထောင်ခြင်းအမှုသည် တိုင်းပြည်အတွက် အုတ်မြစ်ကောင်းတစ်ခုချခြင်းဖြစ်ပေ၏။

ကလေးစာပေ ကလေးများအတွက် သုတပဒေသာများကို ရေးသားနေသောစာရေးဆရာတို့သည် ကလေးတို့ နားလည်လွယ်သော စာသားများ ရိုးသားကြိုးစားစေသော စာသားများဖြင့်သာ ရေးသားကြလေသည်။ ကလေးတွေအကြိုက် ကာတွန်းဇာတ်ကောင်များ ဖန်တီးကြသူများသည် ကလေးသဘာဝများကို အထူးလေ့လာပြီး ရေးသားကြပါသည်။ တိရစ္ဆာန်များအပေါ် စာနာသနားတတ်စေရန်၊ လူကြီးမိဘများကို ရိုသေလေးစားတတ်စေရန်၊ ရွယ်တူသူငယ်ချင်းများအပေါ် ခင်ခင်မင်မင် နေတတ်စေရန် ကလေးစာပေမှတစ်ဆင့် ရေးသားကြလေသည်။ ဤအချက်သည်လည်း အလွန် အရေးပါသော အချက်ဖြစ်သည်။

ကျန်းမာရေးအသိပညာရှိစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတတ်စေရန်၊ ဆွေးနွေးလက်ဆင့်ကမ်းကြရမည်။ ဘာသာရေးအသိပညာ တိုးပွားရန် ဓမ္မစကူးများ ယဉ်ကျေးလိမ္မာသင်တန်းများ သင်ကြားပေးကြသည်။ ထိုသို့သင်ကြားပေးသောကြောင့် အတ္တဟိတ ပရဟိတ ခွဲခြားတတ်လာပြီး မိမိအကျိုး၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်တတ်လာမည်။ ကမ္ဘာ့ရပ်တစ်ခုအပေါ် အကောင်းအဆိုး ခွဲခြမ်းစိတ်ဖြာတတ်သော နိုင်ငံ့ရတနာကောင်းလေးများ ပေါ်ထွက်လာရေးတာဝန်သည် ပြည်သူပြည်သားအားလုံး မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။

ပညာရေးစနစ်အဟောင်းထဲတွင် အကောင်းတွေရှိသလို စနစ်အသစ်တွင်လည်း အနှစ်တွေ ရှိနေတာကိုလည်း လက်တွေ့မြင်ကြရမှာဖြစ်သည်။ ကလေးတို့အနာဂတ် အကောင်းဆုံးဖြစ်ဖို့အတွက် အသိပညာရှင်၊ အတတ်

ပညာရှင်များအားလုံးက ချမှတ်ထားသော ကျောင်းသားဗဟိုပြုစနစ်သည် တိုင်းပြည်၏ အခြေခံအုတ်မြစ်ကောင်း ဖြစ်ပေ၏။ စနစ်တစ်ခုအပေါ် အဆိုးတရားများမြင်မည့်အစား အဆိုးစကားများ ပြောမည့်အစား မိမိတို့နိုင်ရာ အခန်းကဏ္ဍမှ ပိုင်းဝန်း ဖြည့်စွက်ကြရမည်။ အခြေခံအုတ်မြစ်ခိုင်မာဖို့ ပြည်သူပြည်သားအားလုံးမှာ တာဝန်ရှိပါကြောင်း ရေးသား တင်ပြလိုက်ပါသည်။

**နှလုံးသားနှင့် တည်ဆောက်သော အုတ်မြစ်များ ထာဝရ တည်တံ့နိုင်ပါစေ။**

ဆနွှမွှန်ဖြင့်
**နေမြို့**

# လူငယ်နှင့်ဂုဏ်

အရှင်သုမန(ကန့်ဘလူ)

အလုပ်မလုပ်သော သူတို့သည်

ဆုတ်ယုတ်ပျက်စီးကြပါသည်။

အလုပ် လုပ်သော သူတို့သည်

လောက၏ အဖိုးတန်ရတနာများ ဖြစ်ကြပါသည်။

အလုပ်မလုပ်သော...

# လှူငယ်နှင့် ဂုဏ်

(၈-၂-၂၀၁၈) အတ္တဟိတအလုပ်ဖြစ်ဖြစ် ပရဟိတအလုပ်ဖြစ်ဖြစ် လုပ်တစ်ခုခု လုပ်မှသာ လူ့ဘဝတန်ဖိုးတက်ပါသည်။ လူ့ဘုန်းလူ့ကံ မြင့်ပါသည်။ အကယ်၍ အတ္တဟိတ ပရဟိတ တစ်ခုခုမှ မပြုလုပ် အားမထုတ်ပါက ဘဝတန်ဖိုး လူ့ဘုန်းလူ့ကံများ အိပ်မောကျကုန်ပါသည်။ ရတနသုတ်ဒေသနာတော်၌ အရှင်အာနန္ဒာမထေရ်မြတ်သည် ရတနသုတ်တော်ကို မရွတ်ဖတ်မပူဇော်မီ ဂေါတမမြတ်ဗုဒ္ဓ၏ ပါရမီ ဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းငါးပါး၊ စရိယာသုံးပါးတို့ကို ဖြည့်ကျင့်ခဲ့ပုံကို ပထမဆင်ခြင်ပြီးမှ မြတ်ဗုဒ္ဓအလောင်းတော် အမိဝမ်း၌ ပဋိသန္ဓေနေပုံ၊ တောထွက်ပုံ၊ ဒုက္ကရစရိယာကျင့်ပုံ ဗောဓိပင်အရင်းမှာ မာရ်ငါးပါးအောင်မြင်ပုံ၊ သဗ္ဗညုတဉာဏ်တော်ကြီး ရပြီး ဘုရားဖြစ်ပုံတို့ကို ဆင်ခြင်ပြီးမှ ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါသည်။ အရှင်အာနန္ဒာ၏ ရတနသုတ်မရွတ်ဖတ်မပူဇော်မီ ပုဗ္ဗကိစ္စများမှာ ဘုရားအလောင်းတော်ဘဝက အလုပ်လုပ်ခဲ့ပုံများ ဖြစ်ပါသည်။

ဂေါတမဘုရားအလောင်းတော်သည် လောကအကျိုး ဉာတိအကျိုး ဘုရားဖြစ်ရန်အကျိုးတို့ကို ဖြည့်ကျင့်တော်မူသောကြောင့် ဘဝတန်ဖိုးများ အဆင့်ဆင့် မြင့်ခဲ့ရပါသည်။ ဘုန်းကံများ အဆင့်ဆင့်ကြီးမားခဲ့ရပါသည်။ ငါးရာငါးဆယ်နိပါတ်တော် ဇာတ်တော်များကို လေ့လာကြည့်ရှုပါက ဘုရားဖြစ်မှသာ ကြည်ညိုဖွယ် လေးစားဖွယ် မြတ်နိုးဖွယ် အားကျဖွယ် ဂုဏ်ယူဖွယ် ကောင်းသည် မဟုတ်ပေ။ အလောင်းတော်ဘဝကပင် ကြည်ညိုဖွယ် လေးစားဖွယ် မြတ်နိုးဖွယ် အားကျဖွယ် ဂုဏ်ယူဖွယ် ကောင်းပါသည်။ ယခု ပစ္စက္ခဘဝတွင် အလုပ်လုပ်သော သူတို့သည် တိုးတက်အောင်မြင်ကြပါသည်။

အလုပ်မလုပ်သော သူတို့သည် ဆုတ်ယုတ်ပျက်စီးကြပါသည်။ အလုပ်လုပ်သော သူတို့သည် လောက၏ အဖိုးတန်ရတနာများ ဖြစ်ကြပါသည်။ အလုပ်မလုပ်သော သူတို့သည် လောက၏ အမှိုက်များသာ ဖြစ်ကြပါသည်။

သီရသာ ဂုဏာနန္ဒ၊ ဒူရမန္တန္တ မန္တရုံ။ သရီရံ ခဏ ဝိဒ္ဓံသိ၊ ကပ္ပန္တ ဌာယိနော ဂုဏာ။

ခန္ဓာကိုယ်ဆိုတာ ခဏခြင်း ပျက်စီးတတ်၏။ ဂုဏ်ကတော့ ကမ္ဘာဆုံးတိုင် တည်၏။ ထို့ကြောင့် ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်နဲ့ မပျက်စီးဘဲ အမြဲတည်နေတဲ့ ဂုဏ်တို့ရဲ့ အပိုင်းအခြား အတိုင်းအတာပြုမယ်ဆိုက အလွန်ကွာဝေးလှပါ၏။

စစ်ကိုင်း၊ မြစကြာဆရာတော်ဘဒ္ဒန္တကုန္တကာဘိဝံသက ကျောင်းတိုက်စာအောင်ဆုပေးပွဲမှာ ဂုဏ်ရှိသည် ဂုဏ်မဲ့သည်ကို ဩဝါဒပေးရင်း ကဗျာလေး ၂ ပုဒ်ကို ရွတ်ဆို ရှင်းပြတော်မူပါသည်။ ထိုကဗျာလေး နှစ်ပုဒ်မှာ---

လောဘ ဒေါသ အစဖြာသည့်

ကိလေညစ်ကြေး ကင်းစင်ဝေး

မှတ်ရေး ဂုဏ်ရှိသည်။

လောဘ ဒေါသ အစဖြာသည့်

ကိလေညစ်ကြေး မွှေးယှက်ထေး၊

မှတ်ရေး ဂုဏ်မဲ့သည်ဟု မိန့်ဆိုတော်မူပါသည်။

လောဘ ဒေါသ ဣဿာ မစ္ဆရိယ မာန စသော ကိလေသာတွေ ကင်းနေတဲ့အချိန်မှာ ဂုဏ် ရှိတယ်တဲ့။ လောဘ ဒေါသ ဣဿာ မစ္ဆရိယ မာန စသော ကိလေသာတွေ များနေတဲ့အချိန်၊ မွှေးယှက်နေတဲ့အချိန်မှာ ရှိနေတဲ့ ဂုဏ်တွေဟာ လျော့သွားတယ်တဲ့၊ ဂုဏ်တွေ မဲ့သွားတယ်တဲ့။ ဆရာဇော်ဂျီကတော့ ရုပ်ဝတ္ထုဖြစ်တဲ့ ရွှေ ငွေ ဂုဏ်နဲ့ နာမ်ဖြစ်တဲ့ ရိုးသားခြင်း၊ ဖြောင့်မှန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း ဆိုတဲ့ နာမ်ဂုဏ်ဟူ၍ နှစ်မျိုး ခွဲခြားပြပြီး၊ ရုပ်ဂုဏ်ထက် နာမ်ဂုဏ်က ပို၍ လေးစားစရာ၊ နှစ်သက်စရာဖြစ်တယ်လို့ ဆိုပါသည်။

ထိုဆရာဇော်ဂျီရဲ့ ကဗျာလေးကို အခုလို တင်ပြပါရစေဗျာ၊

ရွှေဂုဏ် ငွေဂုဏ်၊ ရာထူးဂုဏ်ကား

လူ့ဘုံလောက အကာမျှတည့်။

သူကငြူစူ၊ မကြည်ဖြူက

ခွာယူလိုက ခွာ၍ ရ၏။
ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်ကား
လူ့ဘုံလောက၊ နှစ်သာရတည့်၊
သူကမြှုစ္စ၊ မကြည်ဖြူလည်း
ခွါယူလိုက၊ ကွာမကျ။

ဆရာကျော်ဂျီသည် သင်သေသွားသော်ဆိုသော ကဗျာဖြင့် လူ့ဘဝ လူ့ခန္ဓာကိုယ်ကြီးသည် မမြဲသော ဆင်းရဲသော အစိုးမရသော သဘောတရားများကို အိုရ နာရ သေရအုံးမည်ဟု ပြဆိုပြီး သင်သေသွားသော် သင်မွေးဖွားသော တိုင်းပြည်နှင့် လူမျိုးအတွက် လောကအတွက် ကုသိုလ်တွေ လုပ်ခဲ့ပါ၊ အတ္တဟိတ ပရဟိတ လုပ်ခဲ့ပါဟု မှာသွားပါသည်။ ထို့ပြင် **သင်သေသွားသော် သင်ဖွားသော်မြေ သင်တို့မြေဝယ် အခြေတိုးမြင့် ကျန်ကောင်းသင့်၏** ဟု ဆိုထားပါသည်။ သင်တို့မြေမှာ လမ်းတွေ တံတားတွေ ကျောင်းတွေ ရေတွင်း ရေကန်တွေ စာပေတွေ စာအုပ်တွေ စာကြည့်တိုက်တွေ စာဖတ်ပရိသတ်တွေ၊ စာချဆရာတော်တွေ၊ စာသင်သားတွေ၊ စာသင်ကျောင်းဆရာ ဆရာမတွေ၊ ကျောင်းသားတွေ၊ တရားဟောဆရာတော်တွေ၊ တရားနာ ပရိသတ်တွေ၊ တရားအားထုတ်တဲ့ ယောဂီတွေ၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ကြမည့် ရဟန်းရှင်လူတွေ စသည်ဖြင့် ကျန်ရစ်ရမည်ဟု ဆိုထားပါသည်။ အားလုံး စာဖတ်ပရိသတ်တို့၏ ရင်ဘတ်ထဲတွင် အမျိုးဘာသာ သာသနာ့ဂုဏ်ရောင် အမြဲထွန်းလင်းကြပါစေ။

အရှင်သုမန(ကန့်ဘလူ)

✣

# လှသောကမ္ဘာ

နှင်းသီရိကျော်သရေ

လူကြီးတိုင်း လူကောင်း မဖြစ်ကြခြင်းဟာ

လူငယ်ဘဝမှာကတည်းက မကောင်းခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ယနေ့လူငယ်များသည် နောင်တစ်ချိန်မှာ

မလွဲမသွေ လူကြီး ဖြစ်ကြမည့်သူများ ဖြစ်သည့်အတွက်...

# လုသောကမ္ဘာ

ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုတဲ့စကားလေးကို လူတိုင်းနီးပါး ကြားဖူးကြလိမ့်မယ် ထင်ပါတယ်။ လူကြီးတစ်ယောက်မဖြစ်ခင်မှာ လူငယ် ဘဝကို ဖြတ်သန်းကြရပါတယ်။

လူငယ်ဘဝကိုမဖြတ်သန်းဘဲ လူကြီးဘဝကိုရောက်တဲ့သူမျိုး ဆိုတာ မရှိပါဘူး။ လူကြီးဘဝရောက်ချိန်မှာ သူ့ရဲ့ လက်ရှိအနေအထား၊ အလုပ် အကိုင်၊ ဝင်ငွေ၊ ပိုင်ဆိုင်မှုတွေဟာ လူငယ်ဘဝရဲ့တွန်းအားတွေနဲ့ တိုက်ရိုက် သက်ဆိုင်နေပါတယ်။ အစကောင်းမှအနှောင်းသေချာ ဆိုသလို လူငယ်ဘဝ အစမှာ အတွေးအခေါ်၊ လုံ့လဝီရိယတွေ ကောင်းမွန်ခဲ့မှသာ လူကြီးဘဝ ရောက်တဲ့ကာလမှာ ကောင်းမွန်တဲ့အနေအထားကို ရောက်ရှိနေမှာ ဖြစ်ပါတယ်။

လူငယ်ဘဝမှာ လူငယ်တို့ရဲ့သဘာဝအတိုင်း အရာရာကို စူးစမ်း တတ်ကြပါတယ်။ အတုမြင်အတတ်သင်တတ်ကြသလို မိမိ အားကျတဲ့ သူတွေကိုလည်း အတုခိုးတတ်ကြပါသေးတယ်။

လူငယ်တွေမှာ စံနမူနာထားရမယ့်သူတွေ ရှိပါတယ်။ အရာရာကို သင်ယူနေတဲ့အရွယ်ကာလမှာ သူတို့စိတ်ထဲက စွဲထင်သွားသောအရာများနဲ့အတူ တရားသေစွဲမှတ်ထားမိတဲ့ အတွေးတွေက သူတို့ရဲ့ အနာဂတ် လှပမှုနဲ့ ရုပ်ဆိုးမှု တို့ကို ဖြစ်စေနိုင်ပါတယ်။

လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသလို လက်ဦး ဆရာကောင်းရင် လူငယ်တို့ရဲ့အနာဂတ်ဟာ ရွှေရောင်လွှမ်းနိုင်သလို ရှေ့ဆောင် လမ်းပြသူက ချွတ်ချော်တိမ်းစောင်းနေတဲ့သူ ဆိုရင်တော့ အမှောင်တိုက်ထဲ ကျရောက်နိုင်ပါတယ်။

လူငယ်ဘဝမရောက်ခင်မှာ ကလေးသူငယ်ဘဝကိုလည်း လူတိုင်းရောက်ရှိကြရပါတယ်။ လူမမည်ကလေးဘဝမှာ အရောင်ကင်းတဲ့ အဖြူထည်လေးတွေမို့ လူတိုင်းဖြူစင်ကြပါတယ်။

ကလေးဘဝမှာ အတိတ်ဘဝရဲ့ကံကြောင့် ဆင်းရဲတဲ့ဘဝရတာ၊ ချမ်းသာတဲ့ဘဝထဲ ရောက်ရှိခွင့်တွေဟာ ကာယကံရှင်ကလေးရဲ့ လုပ်ရပ်တွေမပါပါဘူး။ ဘဝပေးကုသိုလ်ကံကြောင့်သာ ဘဝတွေဟာ တပြေးညီဖြစ်မနေဘဲ အနိမ့်အမြင့်တွေနဲ့ အတက်အကျတွေ ဖြစ်နေရပါတယ်။ ဘဝအစရဲ့ အနိမ့်အမြင့်တွေကို ရွေးချယ်ခွင့်မရဘဲ လူ့ဘဝထဲ ရောက်ရှိခဲ့ချိန်မှာတော့ လူဖြစ်ခွင့်ကို လူသားတိုင်း တန်းတူရရှိခဲ့ကြပါတယ်။ လူသားဖြစ်ခွင့် ရရှိပြီဆိုတာနဲ့ ကံတရားရဲ့စေစားရာအတိုင်း ရုန်းကန်မှုဇာတာပါလာသူက ရုန်းကန်ခြင်းဖြင့် ဘဝစကြရပြီး အတိတ်ကံကောင်းလို့ ဘဝအစ လှပကြသူများကတော့ ကောင်းမွန်တဲ့ ဘဝအနေအထားတွေကို ရရှိကြပါတယ်။ ကလေးသူငယ်ဘဝကို ဖြတ်သန်းနေစဉ်မှာ အုပ်ထိန်းသူရဲ့အခန်းကဏ္ဍက တကယ့်ကိုအရေးပါလှပါတယ်။

လက်ဦးဆရာရဲ့ အုပ်ထိန်းမှုကောင်းအောက်မှာ နေထိုင်ခွင့်ရတဲ့သူတစ်ယောက်ရဲ့အနာဂတ်ဟာ ကောင်းသောရောင်ခြည်တွေ ယှက်သန်းနေမှာဖြစ်သလို အုပ်ထိန်းမှုမကောင်းသူရဲ့ လက်အောက်မှာ ရှင်သန်ရသူတစ်ဦးဆိုရင်တော့ သူ့အနာဂတ်ဟာ တိမ်ထူတဲ့ကောင်းကင်လို အလင်းမှုန်နေပါလိမ့်မယ်။

ပင်ကိုယ်အသိဉာဏ်ရှိသူတစ်ဦးဆိုရင်တော့ ကလေးသူငယ်ဘဝကနေ စဉ်းစားတွေးခေါ်နိုင်တဲ့ လူငယ်ဘဝအစမှာတင် အကောင်းအဆိုးကိုခပ်ရေးရေးသိတတ်လာပါပြီ။ အကောင်းအဆိုးကို ခွဲခြားသိလာတာနဲ့အမျှ မကောင်းမှုတွေနဲ့မပျော်မွေ့တော့ဘဲ မိမိအနာဂတ်အတွက် ရွေးချယ်ဖို့စိတ်တွေဝင်လာတတ်ကြပါတယ်။

တချို့လူငယ်တွေကတော့ ရေခံမြေခံကောင်းမှာ ပေါက်ရောက်ခွင့်ရတဲ့ သစ်ပင်များလို ကောင်းမွန်စွာမြေတောင်မြှောက်ပေးခံရမှုကြောင့် လှပစွာဖူးပွင့်ဝေဆာခွင့် ရကြရပေမယ့် တချို့လူငယ်တွေရဲ့ဘဝကတော့ ဖုန်းဆိုးတောမှာ ပေါက်တဲ့ သစ်ပင်လို ယုယသူမဲ့ကြရပါတယ်။

ဖုန်းဆိုးတောကသစ်ပင်လို လူငယ်တွေကတော့ ဘဝရှင်သန်ဖို့အတွက်ကိုယ့်ဘာသာ ရုန်းကန်ကြရပါတယ်။ ရုန်းကန်မှုများလေ ဘဝရဲ့အတွေ့အကြုံ

တွေ များလေပဲမို့ ကိုယ့်အနာဂတ်အတွက် ကိုယ့်ဘာသာ ဖန်တီးကြရပါတယ်။ အလွယ်လမ်းလိုက်မိရင်တော့ ခဏတာကာလမှာသာ အဆင်ပြေသလို ဖြစ်ပေမယ့် အနာဂတ်ကတော့ မကောင်းမွန်နိုင်ပါဘူး။

အနာဂတ်ကောင်းမွန်ဖို့အတွက် ရှေ့ကဖော်ပြခဲ့သလို လက်ဦးဆရာကောင်းဖို့လိုအပ်သလို အထောက်အပံ့ကောင်းတွေ ရှိနေဖို့လည်း လိုအပ်တယ် ဆိုပေမယ့် လက်ရှိ အောင်မြင်နေတဲ့ လူကြီးတချို့ကတော့ ကိုယ့်ဘာသာ ရှင်သန်ရပ်တည်ဖို့ရုန်းကန်ရင်း မိမိအနာဂတ်ကို မိမိဘာသာ တည်ဆောက်ခဲ့ကြသူတွေပါ။

လူငယ်တစ်ယောက်အတွက် လှပတဲ့အနာဂတ် ရရှိဖို့ဆိုတာ -

၁။ စိတ်ကူးယဉ်မှုတစ်ခုတည်းနဲ့မရသလို အထောက်အပံ့ကောင်းတွေရှိပေမယ့် ဖွဲ၊ လုံ့လ၊ ဝီရိယ မရှိဘူးဆိုရင်လည်း မရရှိနိုင်ပါဘူး။

၂။ သိတတ်နားလည်သူ လူကြီးများရဲ့ အဆုံးအမကို မနာခံတတ်တဲ့လူငယ်များအတွက်လည်း အနာဂတ်က မလှပနိုင်ပါဘူး။

၃။ ကိုယ့်ဘာသာ အထင်ကြီးတတ်တဲ့ လူငယ်များအတွက်လည်း နောင်တရစရာသာ ကြုံတွေ့တတ်တာမို့ အနာဂတ်က မလှပနိုင်ပါဘူး။

၄။ ငယ်စဉ်အခါမှာ မိမိဘဝပေးအခြေအနေ ကောင်းမွန်ရဲ့သားနဲ့ အတန်းပညာရော၊ အတတ်ပညာပါ မသင်ယူဘဲ အကျိုးမရှိတဲ့ ကိစ္စများဖြင့်သာ အချိန်ကိုအလဟဿ ဖြစ်စေတဲ့လူငယ်များ အတွက်လည်း အနာဂတ်က မလှပနိုင်ပါဘူး။

၅။ ပညာရည်မပြည့်ဝဘဲ သူတစ်ပါးအပေါ် ဆရာလုပ်ချင်စိတ် ရှိသူများအတွက်လည်း အနာဂတ်က မလှပနိုင်ပါဘူး။

၆။ ရိုကျိုးနှိမ့်ချခြင်းအလျင်းမရှိတဲ့ လူငယ်များရဲ့ ဘဝကလည်း မလှပနိုင်ပါဘူး။

၇။ မိမိရဲ့ လက်ရှိပေါင်းသင်းနေတဲ့ အပေါင်းအသင်း မကောင်းရင်လည်း အနာဂတ်က မလှပနိုင်ပါဘူး။

တစ်ချက်ချင်းကို ပြန်ရှင်းရမယ်ဆိုရင် -

၁။ ဘဝက လက်တွေ့ကျတဲ့အတွက် အထောက်အပံ့တွေ ဘယ်လိုပဲ ကောင်းကောင်း ကိုယ်တိုင်မလုပ်ဘူးဆိုရင် ဖြစ်မလာတဲ့

ကိစ္စတွေ ရှိနေတတ်ပါတယ်။ ပုံပိုးသူရှိနေတဲ့အချိန်မျိုးမှာ ဇွဲ၊ လုံ့လ၊ ဝီရိယအားသာ စိုက်ထုတ်လိုက်မယ်ဆိုရင် မိမိရည်မှန်းရာ ပန်းတိုင်လည်းရောက်မှာဖြစ်သလို အနာဂတ်လည်း လှပလာပါမယ်။

၂။ သိတတ်နားလည်တဲ့လူကြီးတွေဆိုတာ ကောင်းရာကိုပဲ လမ်းညွှန်ပေးတတ်ကြပါတယ်။ ဘဝအတွေ့အကြုံကလည်း အသက်ပိုင်းခြားအရ မိမိထက်ကြီးကြတာမို့ လမ်းမှားမရောက်အောင် ဆုံးမတဲ့အခါ စကားတွေက ခါးနေတတ်ပါတယ်။ ဒါပေမဲ့ မိမိကို ကောင်းစေချင်လို့ အမှန်းခံပြီး ဆုံးမနေတာကိုလက်ခံပြီး ကောင်းမွန်တဲ့ လမ်းညွှန်ချက်ကို လိုက်နာမယ်ဆိုရင် အနာဂတ်က လှပနေပါမယ်။

၃။ ကိုယ့်ရဲ့လက်တစ်ဆုပ်စာ ပတ်ဝန်းကျင်လေးမှာ ကိုယ့်ထက်တော်တဲ့သူ မရှိတဲ့အခါ ငါနဲ့ငါသာ နှိုင်းစရာဆိုပြီး ကိုယ့်ဘာသာ အထင်ကြီးနေကြတဲ့အတွက် တကယ့်စင်မြင့်မှာ ပွဲထုတ်တဲ့အခါ ပညာရည် မပြည့်ဝမှုတွေကြောင့် အရှက်ရတတ်ပါတယ်။

၄။ မိမိဘဝပေးအခြေအနေက အတန်းပညာသင်ယူဖို့ အခွင့်သာခဲ့ပေမယ့် ကျောင်းပညာရေး စိတ်မဝင်စားတဲ့ အခြေအနေမျိုးဆိုတာ တချို့လူငယ်တွေမှာ ဖြစ်ပေါ်တတ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျောင်းပညာရေးကို မသင်ချင်လို့ ထွက်လာတဲ့အခါ ကိုယ့်ဘဝကိုယ် ကျောင်းနိုင်မယ့် အသိပညာနဲ့ အတတ်ပညာတွေကို တတ်မြောက်အောင် သင်ကြားထားပြီး လက်တွေ့အသုံးချသွားမယ်ဆိုရင် အနာဂတ်ဘဝဟာ သူမတူအောင် လှပနေပါမယ်။

၅။ သူတစ်ပါးကို ဆရာလုပ်မည့်သူဟာ အရည်အချင်း ပြည့်ဝရပါမယ်။ အရည်အချင်းမပြည့်ဝဘဲ ဆရာလုပ်တဲ့အခါ အရှက်ကွဲတတ်ပါတယ်။ ဆရာလုပ်တယ်ဆိုတာ ဘက်စုံတော်မှ ဆရာလုပ်လို့ရတာ မဟုတ်ပါဘူး။ ပညာရပ်တစ်ခုကို သေသေချာချာ တတ်မြောက်ထားမယ်ဆိုလျှင် ဆိုင်ရာနယ်ပယ်မှာ ထူးချွန်ထက်မြက်သူဖြစ်လာပြီး အနာဂတ်ဟာလှပနေပါမယ်။

၆။ မိမိရဲ့ မိဘ၊ ဆရာသမားများ၊ ရဟန်းသံဃာ သီလရှင်နဲ့ သူတော်စင်များအပေါ် မာန်မာနထားကာ မဆက်ဆံရပါဘူး။ ရိုကျိုးနှိမ့်ချစွာနေပြီး ကောင်းမွန်တဲ့ ဆုံးမလမ်းညွှန်မှုတွေကို လိုက်နာ နေထိုင်သွားမယ်ဆိုရင် အနာဂတ်က လှပနေပါမယ်။

၇။ မိမိရဲ့စိတ်ကိုနိုင်ဖို့က အဓိကဆိုပေမယ့် ငါးပုပ်ကိုထုပ်တဲ့ ဖက်ဟာ ငါးပုပ်အနံ့စွဲကျန်သလို စပယ်ပန်းကို ထုပ်ထားတဲ့ ဖက်ဟာလည်း စပယ်ရနံ့ စွဲကျန်ခဲ့ပါတယ်။ မိမိက မကောင်းတဲ့ပတ်ဝန်းကျင်မှာ ကျင်လည်ပြီး မကောင်းတဲ့ သူတွေနဲ့ ပေါင်းဖော်မိတဲ့အခါ ဘဝက အဖတ်ဆယ်ရ ခက်တတ်ပါတယ်။ အပေါင်းအသင်းကောင်းကသာ မိမိကို ကောင်းမွန်တဲ့ပတ်ဝန်းကျင် ရောက်ရှိစေတဲ့အတွက် မိမိကိုယ်တိုင်ကလည်း မကောင်းမှုကျူးလွန်ရမှာ ရှက်တတ်သည့်စိတ် ဖြစ်ပေါ်လာတတ်ပါတယ်။ မကောင်းမှု မကျူးလွန်မိတဲ့အခါ ပတ်ဝန်းကျင်ကောင်းမှာ နေထိုင်ခွင့်နှင့် ကောင်းမွန်စွာ အလုပ်လုပ်ရခွင့်တို့ကြောင့် အနာဂတ်ကလှနေပါမယ်။

(၃) လူငယ်တွေမှာ ကောင်းမွန်တဲ့အတွေးနဲ့ ရည်မှန်းထားတဲ့ အနာဂတ် ရှိကိုရှိရပါမယ်။ တစ်ခါတစ်ရံမှာ ဘဝဆိုတာ ရည်မှန်းထားသလို ဖြစ်မလာတတ်ပါဘူး။ ဖြစ်ချင်တာတခြား၊ ဖြစ်နေတာကတစ်မျိုး အနေအထားမျိုးကို ကြုံတွေ့လာတဲ့အခါ ရောက်တဲ့လမ်းမှာ လဲကျမသွားဘဲ အားယူပြန်ထကာ ရောက်တဲ့နေရာကနေ မလျှော့သော လုံ့လဝီရိယနဲ့ အားထုတ်ကြိုးစားမယ်ဆိုရင် အနာဂတ်က ပြန်လည်လှပလာမှာပါ။

လူငယ်တွေ အနာဂတ်မပျောက်မှသာ လူငယ်ကတစ်ဖန် လူကြီးအရွယ် ရောက်လာတဲ့ အချိန်မှာ တိုင်းပြည်ရဲ့ အထောက်အပံ့အကောင်းအဖြစ်နဲ့ ရှိနေနိုင်ပါတယ်။ တိုင်းပြည်ကို အကျိုးပြုတဲ့သူ မဖြစ်ရင်နေပါစေ၊ မိမိပတ်ဝန်းကျင်နဲ့ မိမိလူမျိုးအပေါ် တာဝန်သိတတ်သော၊ သစ္စာမဖောက်သောသူများ ဖြစ်နေမယ် ဆိုရင် မျိုးဆက်သစ်လူငယ် လူရွယ်များကို ကောင်းမွန်တဲ့ လမ်းကြောင်းပေါ် တင်ပေးနိုင်တဲ့ လူကြီးလူကောင်းများ ဖြစ်လာနိုင်မှာပါ။

လူကြီးတိုင်း လူကောင်း မဖြစ်ကြခြင်းဟာ လူငယ်ဘဝမှာကတည်းက မကောင်းခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့လူငယ်များသည် နောင်တစ်ချိန်မှာ မလွဲမသွေ လူကြီး ဖြစ်ကြမည့်သူများ

ဖြစ်သည့်အတွက် မိမိအနာဂတ်မပျောက်အောင် အသိ၊ သတိနဲ့ စဉ်းစား ဉာဏ်များ ကပ်ကာ အနာဂတ်ကမ္ဘာလှပဖို့ မိမိဘဝကို မိမိကိုယ်တိုင်သာ တည်ဆောက်သွားကြမယ်ဆိုရင် လူငယ်တို့ရဲ့အနာဂတ်ဟာ လှပနေမှာ အမှန်ပင် ဖြစ်ပါတော့သည်။

နှင်းသီရိကျော်သရေ

# အနာဂတ်ပန်းတို့ လှစေချင်

ကြယ်စင်သွန်း

လူငယ် အတော်များများ အနာဂတ် ပျောက်ကာ

မူးယစ်ဆေးစွဲ၊ သေရည် သေရက် စွဲခြင်းများဖြင့်

ရှင်သန်နေထိုင်ကြသည်။ အလုပ်ဟူသမျှ ရှောင်၍၊

အားငယ်သူ၊ အားနွဲ့သူ တို့ထံတွင် အလစ်သုတ်၍ တစ်မျိုး

လိမ်ညာလှည့်ဖြား၍...

# အနာဂတ်ပန်းတို့ လှစေချင်

လူဟူသည် ရှုမှက် ရှိကြစမြဲ၊ ထို ရှုမှက်အမျိုးမျိုးကို အလွန်အကြူး မဖြစ်စေရန် ကြိုးစားသင့်ပေသည်။ ကျွန်တော် ကြုံတွေ့ခဲ့ရသော လူတချို့၏ လိုချင်ရှုမှက်ရှိသော စိတ်ထားလေးများကို ပြောပြချင်ပါသည်။ လောက လူ့သဘာဝအတိုင်း ရပ်ထဲရွာထဲတွင် တွေ့ကြုံရလေ့ရှိသော်ငြား ကျွန်တော် ကိုယ်တိုင် ကြုံတွေ့လိုက်စဉ်မှာတော့ လူငယ်တွေရဲ့အနာဂတ်၊ စိတ်ဓာတ်၊ ရည်မှန်းချက် စသည် .... ရှည်ရှည်ဝေးဝေး ဆက်၍ တွေးမိနေတော့သည်။

ကျွန်တော် အရပ်ထဲက အိမ်ဈေးဆိုင်သို့ ဈေးဝယ်ထွက်သောအခါ ကြက်ဥ သုံးလုံး ၃၀၀ ကျပ်မို့ တစ်ထောင်တန် ပေးလိုက်သည်။ အမ်းစရာ မရှိဘူးဟု ဆိုင်ရှင် အမျိုးသမီးက ပြောသည်။ ဆိုင်ရှင်၏ဘေးတွင် ကောင်မလေး တစ်ယောက် ပင်လယ်စာအကင်တွေ ရောင်းနေသည်။ ညည်းထဲ တစ်ထောင် ဖိုးလောက် အကြွေပါရင် လဲပေးစမ်းပါဟု မေးလိုက်သည်။

အကင်သည် ကောင်မလေးက မပါဘူး အစ်မဟု ဆိုင်ရှင်ကို ပြန်ပြောနေရင်း၊ ရောင်းသူ ဝယ်သူ နှစ်ဦးနှစ်ဖက် အဆင်ပြေစေချင်သော စိတ်စေတနာ အရိုးခံဖြင့် သူမ၏ပိုက်ဆံအိတ်လေးကို မွှေနှောက်ခါ ရှာနေ သေး၏။ ခဏသော် ပါတယ် ... ပါတယ် လို့ ပြောရင်း ... အကြွေ တစ်ထောင်ဖိုးကို လှမ်းပေးနေစဉ် ကောင်မလေး မျက်စိလည်သလား အမြင် မှားသလား မသိ။ တစ်ထောင်တန်ကို တစ်ရာတန်မှတ်ပြီး တစ်ထောင်တန်၊ ငါးရာတန်နှင့် ရာတန်တစ်ရွက်ကို ထပ်၍ကိုင်ကာ.... ရော့ ခုနစ်ရာ အရင် ယူထားပါ ဆိုပြီး သူ့အိတ်ထဲ ထပ်ရှာပြန်သည်။ ထို့နောက် နှစ်ရာတန်နဲ့ တစ်ရာတန် ထပ်ပေးလိုက်သည်။ သူမ စေတနာနှင့် လဲပေးလိုက်သော

တစ်ထောင်ဖိုးကို သိသိနဲ့ ယူသွားသူနှင့် လိုအပ်လို့ အကြွေလဲတဲ့သူတို့ နှစ်ဦး အကြားမှ မြင်နေရသူ ကျွန်တော့်မှာ၊ အဖြစ်မှန်ကို ရုတ်တရက် မပြောမိခဲ့ပါ။ အမ်းငွေ ခုနစ်ရာပေးလို့ လှမ်းယူပြီး ဆိုင်ရှင်လက်ထဲမှာ ကျန်နေသေးသော ၁၂၀၀ ကျပ်ကို ကောင်မလေးကတော့ မသိရှာပါ။

ဆိုင်ရှင်က သိသည်၊ ကျွန်တော်လည်း သိသည်။ ကျွန်တော် သိနေတာကို ဆိုင်ရှင်က ရိပ်မိပေမယ့် ပြန်ပေးဖို့ စိတ်ကူးမရှိပေ။ သူ့အကျင့် သူ့စာရိတ္တကို ငွေ ၉၀၀ ကျပ် နှင့် တန်ကြေးဖြတ်သည်ဟုသာ စိတ်မှထင်နေပါတော့သည်။

သိရဲ့နှင့်မပြောမိသည့် ကျွန်တော်ကရော အပြစ်ဘယ်လောက်ရောက်လို့ ဘယ်လောက်တန်ပါသလဲ။ ကောင်မလေးကတော့ ဘာမှမသိသူမို့ အေးချမ်းနေပေတော့သည်။ တွေးစရာလည်း မရှိ၊ အချိန်လည်းမကုန်၊ စိတ်လည်း လုံနေပါတော့သည်။ ဆိုင်ရှင်နဲ့ ကျွန်တော်မှာသာ အချိန်နှင့်အတွေးစိတ်များ ဘယ်လောက်ထိ ထပ်အကုန်ခံရမှန်းမသိဘဲ။ သတိရတိုင်း။ တိုက်ဆိုင်တိုင်း။ မျက်နှာကိုမြင်ရတိုင်း.... အချိန်တွေကို ပေးဆပ် အတွေးတွေကို ပေးဆပ်နေရမည်မှာ အမှန်။ ယခုပဲ ကျွန်တော် စာနဲ့ရေးပြီး ပေးဆပ်နေရပြီ။ အကြောင်းအကျိုးတစ်ခုရဲ့ မသိမသာ ပတ်သက်မှုကို ဒီလိုမှ မပြောလိုက်ရ၊ မရေးပြရဘူးဆို ကျွန်တော့်ကိုယ် ကျွန်တော် စိတ်မှာနေမရ၊ တမြေ့မြေ့ တွေးနေမိသည်အထိ ဖြစ်နေသည်။

အဆက်မပြတ် တွေးမိသည်မှာ ဤကဲ့သို့ အချောင်လိုချင်စိတ် ရှိသော ဆိုင်ရှင်၏ရင်သွေးငယ်တို့၏ စိတ်ဓာတ်တို့သည် လက်ဦးဆရာဖြစ်သော အမိအဖတို့၏ အကျင့်စရိုက်၊ အမူအရာ၊ အပြောအဆိုအတိုင်း လိုက်နာကျင့်ကြံပြောဆိုပြုမူကြပေလိမ့်မည်မှာ သေချာနေပေတော့သည်။ မိမိ သားသမီး၏ အနာဂတ်ကို မိမိကိုယ်တိုင် သတ်သလို ဖြစ်နေမည်ကို မိဘတိုင်း သတိပြုသင့်ပေသည်။ ကျွန်တော်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် ကြုံတတ်သည်။

ကျွန်တော်တို့ အလုပ်ရုံထဲသို့ နေ့ခင်း ၂ နာရီလောက် ဆိုလျှင် ဒေါ်ညိုတစ်ယောက် ပင်လယ်စာ အကင် လာရောင်းလေ့ရှိသည်။ ဒေါ်ညို၏ ဆော့အချဉ်က ဘယ်သူနဲ့မှ မတူပေ၊ အရမ်းကောင်းသည်။ ဂျင်း ကြက်သွန်ဖြူ ငရုတ်သီးစိမ်း ထောင်းများစွာနဲ့ ခရမ်းချဉ်သီးဆော့ချဉ်ကို ပတ်ပတ်နပ်နပ် သမအောင် မွှေထားတော့ အနံ့ခပ်မွှေးမွှေးက မစား... စားချင်အောင် ဆွဲဆောင်မှုတွေကြောင့် စားမိသည်။ သူ့အကင်က လျှော့စားမယ်ဆိုလေ

ပိုစားမိလေ ဖြစ်သည်။ တခါတလေ ကျွန်တော်တို့က စပြောလေး ပြောမိပါသည်။

"ဒေါ်ညို ခင်ဗျားအချဉ်တွေထဲ ကျုပ်တို့ခွဲအောင် ဘာတွေထည့်ထားတာလဲ" လို့ပြောတိုင်း သူက… "စေတနာတွေ… စေတနာတွေ ထည့်ထားတာဟေ့…" လို့ ပြောတတ်သည်။ ဒေါ်ညိုက နား နည်းနည်းလေးသည်။ သူ့နားကပ်ပြောရင် မကြား။ အဝေးက တိုးတိုး ပြောရင်လည်း သူက ကြားနေပြန်ရော။ ဒေါ်ညိုလို အသက်က ၅၀ ကျော်။ မရှိဆင်းရဲလို့ ရိုးရိုးသားသား စေတနာထားပြီး ဈေးရောင်းသူကိုမှ လုပ်ရက်သည်။ ကြားကြားချင်း ရင်ထဲကို နင့်သွားသည်။ ကျွန်တော်တို့အလုပ်ရုံနဲ့ မျက်နှာချင်းဆိုင်မှာ ဘုရားဝင်း အကျယ်ကြီး ရှိသည်။ အရှေ့မြောက်ထောင့်မှာ ရေးဟောင်း ရေကန်ကြီး ရှိသည်။ "၇" ရက်သားသမီးတွေ ငါး လွှတ်ယကြော ချေနေကြမို့ ကန်ထဲမှာ ငါးတွေလည်း ရှိသည်။

အလုပ်ရုံကအထွက် ရှေ့နားရောက်တော့ လူတစ်ယောက် ထောင်ထောင်မောင်းမောင်း အသားညိုညို၊ လက်ထဲတွင် ဖုန်းကိုင်ထားသည်။ ဒေါ်ညို့ကို ခေါ်၍ အကင် ၁၀၀၀ ဖိုး ထည့်ခိုင်းသည်။ သူ့အိတ်ကပ် နှိုက်တော့ ၁၀၀၀၀ တန် ၂ ရွက်ပါသည်ဟု ဒေါ်ညိုက ပြောသည်။ မအမ်းနိုင်ကြောင်း ပြောတော့ …. ဒေါ်ညိုရှေ့တွင် ဖုန်းဆက်သည်။ အကင် ၁၀၀၀ ဖိုး ဝယ်ထားသည်။ မင်းတို့ ဘာကင် စားချင်သေးလဲ ပို့ခိုင်းလိုက်မည်။ ၁၀၀၀ ဖိုး တော်ပြီလား။ လာပို့တဲ့ အမေကြီးကို ၅၀၀၀ တန် ပေးလိုက်ပါ။ ပိုငွေ အအမ်း ၄၀၀၀ ငါ ယူပြီးသားဟု ပြောနေသည်။ ဖုန်းပြောပြီး ဒေါ်ညိုကို ငါးကန် အရှေ့မြောက်ထောင့်မှာ အလုပ်သမားတွေရှိသည် သွားပို့ပေးပါ။ ပိုက်ဆံ ၅၀၀၀ ပေးဖို့လည်း မှာထားတယ်နော်လို့ ပြောတာနဲ့ ဒေါ်ညိုလည်း သွားပို့ပါသည်။

ထိုလူ ပြောသောနေရာတွင် ကောင်လေး ၂ ယောက်နှင့်အတူ ဘုန်းကြီးတစ်ပါးသာ တွေ့သည်။ ဒီလို ဒီအကြောင်း ပြောပြတော့ ဘုန်းကြီးက ဒါယိကာမကြီး အလိမ်ခံရပြီလို့ ပြောသောအခါတွင် ဒေါ်ညိုတစ်ယောက် ထူပူပြီး သူ့အကင်ဗန်းကြီး ဘုန်းကြီးအပ်ကာ ၄၀၀၀ ပြန်ရရေး အပြေးလိုက်ပေမယ့် မမီတော့ပေ။ ဒေါ်ညို့အတွက် တစ်နေ့တာ ဝမ်းရေးခက် ရပါပြီ။ မိသားစုတစ်ခုလုံးရဲ့ တစ်နေ့တာ လိုအပ်ချက်မို့ ငိုချင်းတွေချရင်း ကျွန်တော်တို့၏ အလုပ်ရုံထဲ ပြန်ရောက်လာသည်။ ငါ့ကို ထပ်အားပေးကြဦး….

ဝယ်စားကြပါဦးလို့ ဆိုလာပြန်တော့လည်း ကျွန်တော်တို့မှာ သနားစိတ်နဲ့ ထပ်၍ ဝယ်စားရပြန်သည်။

ယခုခေတ်တွင် သန်သန်မာမာ လူငယ် အတော်များများ အနာဂတ်ပျောက်ကာ မူးယစ်ဆေးစွဲ၊ သေရည် သေရက် စွဲခြင်းများဖြင့် ရှင်သန်နေထိုင်ကြသည်။ အလုပ်ဟူသမျှ ရှောင်၍၊ အားငယ် သူ၊ အားနွဲ့သူတို့ထံတွင် အလစ်သုတ်၍ တစ်မျိုး လိမ်ညာလှည့်ဖြား၍တစ်ဖုံ အမျိုးမျိုးသောသတင်းစကားတို့ကို ကြားသိနေရသည်မှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့အနာဂတ်လူငယ်လေးများအတွက် စိုးရိမ်ဖွယ်၊ ရင်လေးဖွယ် အခြေအနေကို ရောက်ရှိနေခဲ့ပါပြီ။

ဤသည်မှာ အချောင်စိတ်ကို အခြေခံရာမှ စသည်ဟု ဆိုချင်သည်။ ထို့ကြောင့် မိဘများမှအစ အချောင်လိုချင်တပ်မက်စိတ် ကင်းရှင်းစေချင်ပါသည်။ သို့မှသာ ဒုစရိုက်မှုမျိုးစုံ ကင်းစင်သောလူငယ်တို့၏ အနာဂတ်သည် တစ်ယောက်မှ တစ်ရာ၊ တစ်ရာမှ တစ်နိုင်ငံအထိ လှပအောင်မြင်နိုင်ပါလိမ့်မည်။

ကြယ်စင်သွန်း (အမရပူရကြည်ပြာ)

✣

# အဖိုးတန်သော ဆုံဆည်းမှုနှင့်အတူ

မိမိတို့သည် သားသမီး နေရာဖြစ်စဉ် သားသမီးကျင့်ဝတ်၊

မိတ်ဆွေနေရာဖြစ်စဉ် မိတ်ဆွေကျင့်ဝတ် စသည်ဖြင့်

သက်ဆိုင်သွားသော ကျင့်ဝတ်အလိုက် သားသမီးကောင်း၊

မိတ်ဆွေ ကောင်းစသည်ဖြစ်အောင်

ကျင့်သုံးနေထိုင်ကြမည်ဆိုလျှင်...

# အဖိုးတန်သော ဆုံဆည်းမှုနှင့်အတူ

လူ့လောကသို့ရောက်လာကတည်းကပင် မိဘ၊ မောင်နှမ၊ ဆွေမျိုး၊ သူငယ်ချင်းစသည် ဆုံတွေ့လာခဲ့ရာမှ ကြီးပြင်းလာသောအခါ အလုပ်ရှင်၊ အလုပ်သမား၊ လုပ်ဖော်ကိုင်ဖက်များ ဇနီး၊ ခင်ပွန်း စသည် ဆုံဆည်းမှု ပုံစံမျိုးစုံဖြင့်ပင် ရေစက်ရှိသူတို့ ဆုံတွေ့ခဲ့ကြရသည်။ ဤသို့ ဆုံတွေ့ကြသော်လည်း အချို့မှာ အမုန်းများဖြင့် ခွဲခွာကြရပြီး အချို့မှာ ထာဝရ ချစ်ခြင်းဖြင့် လက်တွဲနိုင်ကြပေသည်။ ခဏတာဘဝလေးတွင် အမုန်းများဖြင့် မခွဲခွာကြဘဲ ချစ်ခြင်းဖြင့် ထာဝရချစ်ခင်စွာ နေထိုင်ရင်း ဘဝတစ်ခု အဆုံးသတ်ပါမှ အဘယ်မျှ ကောင်းမည်နည်း။ တစ်ဦးနှင့်တစ်ဦး အကျိုးသာ ဖြစ်စေလျှင်မှု ထာဝရချစ်ခင်ကြမည်သာတည်း။ ထိုသို့အချစ်မြဲစေရန်အတွက် မြတ်စွာဘုရားရှင် ဟောကြားထားသော သိင်္ဂါလောဝါဒ ကျင့်ဝတ်များကို လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်ဟောကြားခဲ့သော ကျင့်ဝတ်များကို ကျင့်သုံးနိုင်ရန် ဖော်ပြအံ့။

(၁)သားသမီးကျင့်ဝတ် (၅)ပါးရှိ၏။ ၎င်းတို့မှာ-မိဘကိုလုပ်ကျွေးခြင်း၊ မိဘတို့၏အမှုကိစ္စကို ဆောင်ရွက်ခြင်း၊ မိဘစကားကို နားမထောင်ပါက မိဘတို့၏အမွေကို ခံယူထိုက်သူမဖြစ်သည့်အတွက် မိဘစကားကို နားထောင်ကာ မိဘတို့အမွေကိုခံယူထိုက်အောင်ပြုလုပ်ခြင်း၊ မိဘတို့ကွယ်လွန်သောအခါ မိဘတို့အတွက် ရည်စူး၍ ကုသိုလ်ပြုလုပ်အမျှပေးဝေခြင်း၊ မိဘတို့၏မျိုးနွယ်အမျိုးဘာသာ သာသနာကို စောင့်ရှောက်ရခြင်းတို့ပင်ဖြစ်သည်။ အခါတွင်မူ အလုပ်ရှင်၊ အလုပ်သမား လုပ်ဖော်ကိုင်ဖက်များမှ ဇနီး၊

ခင်ပွန်းစသည်ဖြင့် ဆုံဆည်းမှုမျိုးစုံဖြင့်ပင် ရေစက်ရှိသူတို့ ဆုံတွေ့ခဲ့ကြရသည်။ ဤဆုံတွေ့ခဲ့ကြသော်လည်း အချို့မှာ အမုန်းများဖြင့် ခွဲခွာကြ၊ ခဏတာဘဝလေးတွင် အမုန်းများဖြင့် မခွဲခွာကြဘဲ ချစ်ခြင်းဖြင့် ထာဝရချစ်ခင်စွာ နေထိုင်ရင်းဖြင့်ပင် ဘဝတစ်ခုအဆုံးသတ်ပါမူ အဘယ်မျှကောင်းမည်နည်း၊ တစ်ဦးနှင့်တစ်ဦး အကျိုးသာဖြစ်စေလျှင်မူ ထာဝရကြမည်သာတည်း။ ထိုသို့ အချစ်မြဲစေရန်အတွက် ဘုရားရှင်ဟောကြားထားသော သိင်္ဂါလောဝါဒများကို လိုက်နာ ကျင့်သုံးကြရမည် ဖြစ်သည်။

(၂) မိဘတို့၏ ကျင့်ဝတ်များမှာကား မကောင်းမှုများကို တားမြစ်ခြင်း၊ ကောင်းမှု ကောင်းရာများကို ညွှန်ပြခြင်း၊ အတတ်ပညာ သင်ကြားပေးရခြင်း၊ ရင်းနှီးလုပ်ကိုင်စားဖို့ရန် ပေးရခြင်း၊ လက်ထပ်ထိမ်းမြားပေးရခြင်းဟူ၍ ငါးပါး ဖြစ်သည်။

(၃) တပည့်ကျင့်ဝတ်(၅)ပါးရှိသည်။ ၎င်းတို့မှာကား ဆရာသင်ပြဆုံးမမှုများကို လေးစားစွာ ဂရုတစိုက် နာခံမှတ်သားခြင်း၊ ဆရာလာသောအခါ ညီညာစွာမတ်တပ်ရပ်လျှက် ခရီးဦးကြိုဆိုရခြင်း၊ ဆရာ့ထံပါးဆည်းကပ်ခစားရခြင်း၊ ဆရာ့ထံပါးဝယ်ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးရခြင်း၊ ဆရာသင်ပေးပြီးသော သင်ခန်းစာများကို လေးစားစွာ တွေးတောကြံစည် သင်အံလေ့ကျင် နှုတ်တက်ရွတ်ဆိုရခြင်းတို့ပင်တည်း။

(၄) ဆရာတို့၌လည်းကျင့်ဝတ်များရှိပေသည်။ တပည့်တို့အား သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း၊ ဆုံးမဩဝါဒပေး၍ ပြုပြင်ပေးရခြင်း၊ မိမိတတ်သမျှ အကုန်သင်ပေးရခြင်း၊ တပည့်များဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးရခြင်း၊ မိမိထက်ကျေးဇူးပြုနိုင်မည့် ဆရာထံသို့ အပ်နှံပေးရခြင်းဟူ၍ ကျင့်ဝတ်ငါးပါးရှိသည်။

(၅) ခင်ပွန်းကျင့်ဝတ်ဟူ၍လည်း ငါးပါးရှိသည်။ ၎င်းတို့မှာ မိမိမယားအား မထီမဲ့မြင်မပြုလုပ်ရခြင်း၊ မိမိရှာဖွေရသမျှ ဥစ္စာများကို အပ်နှံရခြင်း၊ အခြားမိန်းမများနှင့် ဖောက်ပြားကျူးလွန်မှုမရှိရခြင်း၊ အဝတ်အစားများကို ဆင်ယင်ပေးရခြင်း၊ မြတ်နိုးကြင်နာစွာ ဆက်ဆံရခြင်းဟူသော ကျင့်ဝတ်များပင်တည်း။

(၆) ထို့အတူ ဇနီးကျင့်ဝတ်သည်လည်း ငါးပါးရှိပေသည်။ အိမ်တွင်းမှု လုပ်ငန်းကိစ္စကို အဆင်ပြေစေရန် စီမံပြုလုပ်ရခြင်း၊ မိမိခင်ပွန်းအပ်နှံလာသော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းထိန်းသိမ်းထားရခြင်း၊

မိမိခင်ပွန်းမှတစ်ပါး အခြားသောယောကျ်ားများနှင့် မဖောက်ပြန်ရခြင်း၊ မိမိဘက်ဆွေမျိုးနှင့် ခင်ပွန်းဘက် ဆွေမျိုးတို့၌ မျှမျှတတပေးကမ်းရခြင်း၊ လုပ်ငန်းကိစ္စအဝဝ၌ ပျင်းရိခြင်းကင်း၍ ကျွမ်းကျင်ရခြင်းဟူသော ကျင့်ဝတ် ငါးပါးပင်တည်း။

(၇) မိတ်ဆွေကျင့်ဝတ်ဟူ၍လည်း ငါးပါးရှိလေသည်။ မိမိမိတ်ဆွေအား မိမိတတ်နိုင်သလောက် ပေးကမ်းချီးမြှင့်ခြင်း၊ ကိုယ့်အောက်သို့ မနှိမ့်ချမူ၍ ကိုယ်နှင့်တန်းတူထားကာ ဆက်ဆံခြင်း၊ နှစ်ဦးနှစ်ဝကြီးပွားရန်အတွက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပြောဆိုဆက်ဆံရာ၌ စကားအရာပြေပြစ်ချိုသာစွာပြောရခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် သစ္စာဖောက်ဖျက်မှုမရှိဘဲ မှန်ကန်တိကျခြင်းဟူသော ငါးပါးပင်တည်း။

(၈) ကျေးဇူးခံယူထားသော မိတ်ဆွေသည်လည်း ကျင့်သုံးရမည့် ကျင့်ဝတ်မှာ ငါးပါးရှိပြန်လေသည်။ မိမိအားကျေးဇူးပြုထားသော မိတ်ဆွေ၏ မေ့လျော့နေသော ဥစ္စာများကို စောင့်ရှောက်ရခြင်း၊ တစ်ဖက်မိတ်ဆွေများ၏ ဥစ္စာများကို စောင့်ရှောက်ပေးရခြင်း၊ မိမိမိတ်ဆွေဘေးဒုက္ခရောက်သောအခါ အားကိုးရာဖြစ်ရခြင်း၊ ဘေးဒုက္ခရောက်သောအခါ ပစ်ပယ်စွန့်ခွာ၍ မသွားရခြင်း၊ သားစဉ်မြေးဆက် အဆက်ဆက် မိတ်ဝတ်မပျက်ဘဲ ပေးကမ်းချီးမြှင့်ရခြင်း ဟူသော ငါးပါးပင် ဖြစ်လေသည်။

(၉) ဆက်လက်၍ အလုပ်ရှင်တို့ ကျင့်သုံးရမည့်ကျင့်ဝတ်များလည်း ရှိသေးပေသည်။ ၄င်းတို့မှာကား-မိမိအလုပ်သမားကို ဝလင်စွာကျွေးမွေးရခြင်း၊ သူတို့လုပ်နိုင်သော အလုပ်သာ လုပ်စေပြီး သင့်လျော်သောအချိန်၌ နိုင်းစေရခြင်း၊ မကျန်းမမာသောအခါ၌ ရောဂါပျောက်အောင် ကုသပေးရခြင်း၊ ထူးဆန်းသော အစားအစာကိုရသောအခါ ဝေငှပေးကမ်းရခြင်း၊ ဥပုသ်နေ့၊ ပွဲတော်နေ့၊ အလုပ်ပိတ်ရက်စသော အခါတို့၌ အခိုင်းအစေ၊ စာရင်း၄ား၊ ကျွဲ၊ နွားတို့ကို မခိုင်းစေဘဲ အနားပေးရခြင်း စသောအချက်တို့ပင်တည်း။

(၁၀) အလုပ်သမားများကျင့်သုံးရမည့်ကျင့်ဝတ်များလည်း ရှိပြန်သည်။ အလုပ်ရှင်၏နောက်မှ အိပ်ရခြင်း၊ အိပ်ရာမှစောစောထရခြင်း၊ မိမိအရှင်ပေးကမ်းမှသာ ယူရခြင်း၊ မိမိအရှင်၏ လုပ်ငန်းများကို မခိုမကပ်ဘဲ စေတနာရှေ့ထား၍ ဇွဲနေစပ်စပ်ဆောင်ရွက်ရခြင်း၊ မိမိအရှင်၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုရခြင်း ဟူသော ငါးပါးဖြစ်ပေသည်။

(၁၁) ဒါယကာကျင့်ဝတ်ဟူ၍လည်း ငါးပါးရှိပြန်သည်။ ရဟန်း

သံဃာတို့အပေါ်၌ မေတ္တာစိတ်ရှေ့ထားရခြင်း၊ ရဟန်းသံဃာတို့အတွက် ဆောင်ရွက်စရာများကို ချစ်ခင်လေးစား စေတနာထား၍ ဆောင်ရွက်ရခြင်း၊ ခင်ခင်မင်မင် လေးလေးစားစား နှုတ်ချိုကြည်သာစွာပြောဆိုရခြင်း၊ အလို ရှိသော အရာများကို တောင်းပါဟု ဖိတ်ထားရခြင်း၊ တတ်နိုင်သမျှ လှူဒါန်း ရခြင်းဟူသော ကျင့်ဝတ်တို့ပင်တည်း။

(၁၂) တစ်ဖန် ရဟန်းကျင့်ဝတ်များလည်း ရှိနေသည်။ မကောင်းမှု မပြုရန် မိမိဒါယကာများအား တားမြစ်ဟောပြရခြင်း၊ ကောင်းမှုကုသိုလ် ပြုလုပ်ရန်အတွက် ညွှန်ပြဟောပြရခြင်း၊ ထူးခြားသောတရားအသစ်များကို ဟောကြားရခြင်း၊ နာဖူးသောတရားများကို ထပ်မံ၍ ဟောကြားရခြင်း၊ နတ်ပြည်သို့ ရောက်ဖို့နည်းလမ်းကို ညွှန်ကြားဟောပြရခြင်း၊ ဒကာ ဒကာမ တို့အား စေတနာမေတ္တာထား၍ ဆုံးမဟောကြားရခြင်းဟူသော ကျင့်ဝတ် (၆)ပါးပင် ဖြစ်ပေသည်။

(၁၃) နာယကကျင့်ဝတ်ဟူ၍လည်း ခြောက်ပါးရှိနေပြန်ပါသည်။ သူများထက် လုံ့လရှိရခြင်း၊ သူများကို မိမိက ရှေ့ဆောင်ပြုလုပ်နိုင်အောင် နှိုးကြားတက်ကြွခြင်း၊ မိမိလက်အောက်ငယ်သားများကို သနားကြင်နာခြင်း၊ သည်းခံခွင့်လွှတ်တတ်ခြင်း၊ အရာရာ ချင့်ချိန်ဝေဖန်ထောက်ဆ၍ ပြုလုပ် ရခြင်း၊ အရာရာမှာ ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်ရှုခြင်းဟူ၍ ခြောက်ပါး ရှိပေသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ပုဂ္ဂိုလ်အလိုက် သက်ဆိုင်သော ကျင့်ဝတ်များကို ခွဲခြားဟောကြားထားခဲ့ပေသည်။ မိမိတို့သည် သားသမီး နေရာဖြစ်စဉ် သားသမီးကျင့်ဝတ်၊ မိတ်ဆွေနေရာဖြစ်စဉ် မိတ်ဆွေကျင့်ဝတ် စသည်ဖြင့် သက်ဆိုင်သွားသော ကျင့်ဝတ်အလိုက် သားသမီးကောင်း၊ မိတ်ဆွေ ကောင်းစသည်ဖြစ်အောင် ကျင့်သုံးနေထိုင်ကြမည်ဆိုလျှင် တာဝန်ကျေပွန် သော တာဝန်သိသော လူတော်၊ လူကောင်းလေးများဖြစ်လာကြပေမည်။ ထိုမှမက လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးချမ်းသာအဝဝကို ရရှိခံစားကြရမည် ဖြစ်ပေသည်။ ထို့ကြောင့် လူငယ်လေးများ သိင်္ဂါလော ဝါဒလာ ကျင့်ဝတ်များကို လိုက်နာကျင့်သုံးကြပြီး လှပသော ကမ္ဘာကြီးကို ဖန်တီးနိုင်ကြစေရန် လမ်းညွှန်ရေးသားလိုက်ပါသည်။

မယ်သုခ

# လူငယ်၊ လူလည်၊ လူကြွယ်

နတ်တာနန်ဦး

လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်

ဟူသောခေါင်းစဉ်အောက်ဝယ်

လူငယ်တို့ ရှိသင့်ရှိထိုက်သည့် နိဝါတတရား (နှိမ့်ချခြင်း)၊

ဂါရဝတရား (ရိုသေခြင်း)များနှင့် ယဉ်ကျေးမှုလက္ခဏာများ

ပြုန်းတီးကုန်ကြချေပြီ။ ...

# လူငယ်၊ လူလည်၊ လူကြွယ်

လူသည် ဘဝ၏အနှစ်သာရကို ရှာမှီးတတ်သောသဘောရှိ၏။ ဘဝ၏အနှစ်သာရကို ရှာမှီးကြရင်းဗင် လောကပညတ်ချက်ထားရှိသည့် ကောင်းကံဆိုးကံ နှစ်တန်သောအမှုတို့ကို ပြုမိကြ၏။ မိမိတို့ကိုယ်ပိုင်ဖြစ်သော ဉာဏ်အားကို အရင်းပြု၍ ကံတရားကို ဖန်တီးယူကြရာ၌ မိမိတို့ စိတ်အားသန်ရာသို့ လိုက်ပါစီးမျောရင်း ကောင်းသည့်အာရုံကျသူတို့က ကောင်းမှုပြုကြ၏။ မကောင်းသည့် အာရုံကျသူတို့က မကောင်းမှုပြုကြ၏။ ဤသို့ဖြင့် လူ့ဘဝသက်တန်း တည်းဟူသော ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်တို့ကို ကုန်ဆုံးသွားကြရ၏။ တကယ့်စစ်မှန်သော လူ့ဘဝ၏ အနှစ်သာရကိုကား ရှာမတွေ့။

ဤ၌ ပထမအရွယ် ပညာရှာမှီးခြင်း၊ ဒုတိယအရွယ် စီးပွားဥစ္စာရှာမှီးခြင်း၊ တတိယအရွယ် တရားရှာမှီးခြင်းဟူသော ကဏ္ဍအရ ရှာမှီးခြင်းဟုဆိုရာဝယ် အသက်အရွယ်အပိုင်းအခြားသည် အရေးကြီးသော အချက်တစ်ချက် ဖြစ်လာရ၏။ လူ့ဘဝ၏ အသက်အပိုင်းအခြားနှင့် စွမ်းရည်တို့ကို ပိုင်းခြားပြဆိုရပါမူကား

| | | |
|---|---|---|
| (၁) | မန္ဒ | = ၁၀နှစ်အတွင်း ပညာနုန့်နှေးသောအရွယ်၊ |
| (၂) | ခိဍ္ဍာ | = ၂၀ နှစ်အတွင်း စိတ်ပျံ့လွင့်သောအရွယ်၊ |
| (၃) | ဝဏ္ဏ | = ၃၀ နှစ် အတွင်း အဆင်းလှသောအရွယ်၊ |
| (၄) | ဗလ | = ၄၀နှစ်အတွင်း အားကောင်းသောအရွယ်၊ |
| (၅) | ပညာ | = ၅၀နှစ်အတွင်း ပညာဉာဏ်ကောင်းသော အရွယ်၊ |

(၆) မဟာယန = ၆၀ နှစ်အတွင်း အားအင်ဆုတ်ယုတ်သော အရွယ်၊
(၇) ပဗ္ဘာရ = ၇၀ နှစ်အတွင်း လေးလံ ထိုင်းမှိုင်းသော အရွယ်၊
(၈) ကုဋ္ဌိလ = ၈၀ နှစ်အတွင်း ကိုင်းညွတ်သောအရွယ်၊
(၉) မဠ္ဌ = ၉၀ နှစ်အတွင်း တွေဝေ မေ့မောသော အရွယ်၊
(၁၀) အနုဋ္ဌာသေယျ=၁၀၀နှစ်အတွင်း မထသောအိပ်ခြင်းဖြင့် နေ တတ်သောအရွယ်ဟူ၍ (၁၀) ပါး ရှိလေသည်။

ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူသော အပိုင်း၌ ၁၅ နှစ်မှ ၂၅ နှစ်အတွင်းကို လူငယ်ဟူ၍ သတ်မှတ်ထားသည့်အလျောက် ပထမအရွယ်တန်းစား လူငယ်များသည် ပညာကို မဖြစ်မနေ ရှာမှီကြရပေမည်။ ပညာရှာမှီးရာ၌ 'ပညာရှာ ပမာသူဖုန်းစား' ဟုဆိုသည့်အလျောက် ပညာသင်ကြားနေစဉ်တွင် မိမိကိုယ်ကိုယ် မာန်မာနမထားဘဲ အတတ်နိုင်ဆုံး နှိမ့်ချထားရပေမည်။ 'ငါက သူဌေးသား၊ ငါက အရာရှိသား၊ ငါက ဂုဏ်သရေရှိသား' ဟူသော ဝိသေသနအလွှာများကို ခဝါချထားရပေမည်။

ယနေ့ခေတ် ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်အဖြစ် တည်ဆောက်ကြရာ၌ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ဟူသောခေါင်းစဉ်အောက်ဝယ် လူငယ်တို့ ရှိသင့်ရှိထိုက်သည့် နိဝါတတရား (နှိမ့်ချခြင်း)၊ ဂါရဝတရား (ရိုသေခြင်း)များနှင့် ယဉ်ကျေးမှုလက္ခဏာများ ပြုန်းတီးကုန်ကြချေပြီ။ ဂုဏဝုမ်၊ ဝယဝုမ် ဂုဏ်အားဖြင့် ကြီးရင့်သူ အသက်အရွယ်အားဖြင့် ကြီးရင့်သူတို့အပေါ် ရိုသေရကောင်းမှန်းမသိ လေးစားရကောင်းမှန်းမသိ။ ယင်းသို့သော စရိုက်လက္ခဏာများဖြင့် မိမိတို့၏ဘဝပညာရေးသည် တိုးတက်လိမ့်မည်မဟုတ်။ ထို့ကြောင့် ပညာသင်ယူရာ၌ သူဖုန်းစားပမာ မိမိကိုယ်ကိုယ် နှိမ့်ချခြင်းဖြင့် သင်ယူကြရပေမည်။ ဤအပြင်လည်း ပညာသင်ကြားရာ၌ အဓိက အခရာကျဆုံးအချက်မှာ မပျင်းမရိဖို့ပေ။

သို့အတွက် လောကနီတိဆရာတို့က -

**ဇူတ္တ ပုတြ ကိမလသော၊ အဇူတ္တော ဘာရဟာရကော။ ဇူတ္တကော ပူဇိတော လောကေ၊ ဇူတ္တ ပုတြ ဒိနေဒိနေ။**

ချစ်သား အတတ်ပညာ သင်ပါလော။ အဘယ်ကြောင့် ပျင်းဘိသနည်း။ လောက၌ အတတ်ပညာ မရှိသောသူသည် သူတစ်ပါး၏ ဝန်ထမ်းဖြစ်တတ်၏။ အတတ်ပညာ ရှိသောသူကို သူတစ်ပါးတို့ ပူဇော်အပ်၏။ ထို့ကြောင့် ချစ်သား နေ့တိုင်းနေ့တိုင်း အတတ်ပညာကို မပျင်းမရိ သင်ယူပါလော။

လူတစ်ယောက်၏ တစ်နေ့တာဖြတ်သန်းမှုဝယ် ကုသိုလ်၊ ပညာ၊ ဥစ္စာတည်း ဟူသော အချက်သုံးချက်၌ တစ်ချက်ကိုမျှ အမိအရ မကိုင်နိုင်ဘူး ဆိုပါမူ ထိုတစ်နေ့တာ၏ ဖြတ်သန်းမှုသည် အချည်းနှီးသာတည်း။ ထိုတစ်နေ့သည် လူဖြစ်ရှုံး၏။ အိပ်၊ စား၊ ကာမ ဤသုံးဝကား နွားနှင့်မခြား အလားတူ၏ ဟူသော ဆိုစကားအရ တစ်နေ့တစ်နေ့ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်မှီဝဲခြင်းကို အဟိတ်တိရစ္ဆာန်ဖြစ်သောနွားတို့သည်လည်း ပြုကျင့်တတ်ကြ၏။ လူသတ္တဝါသည်လည်း အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်မှီဝဲခြင်းမျှသာ ကျင့်သုံးနေမည်ဆိုပါမူ ထိုလူသား နွားနှင့်မခြား အလားတူနေပေတော့မည်။

သို့အတွက် အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ် မှီဝဲခြင်းတို့ဖြင့်သာ ရပ်တန့်မနေဘဲ ကုသိုလ်၊ ပညာ၊ ဥစ္စာတို့ကို လှုံ့လထား၍ ရှာမှီးကြရပေတော့မည်။

**ဘောဇနံ မေထုနံ နိဒ္ဒါ၊ ဂေါဏေ ပေါသေပိ ဝိဇ္ဇတိ။**

**ဝိဇ္ဇာ ဝိသေသော ပေါသဿ၊ တံ ဟီနော ဂေါသမော ဘဝေ။**

လောက၌ အစာစားခြင်း၊ မေထုန်မှီဝဲခြင်း၊ အိပ်ခြင်းတို့သည် နွား၌လည်းကောင်း လူ၌လည်းကောင်း ရှိ၏။ အတတ်ပညာသည် လူ၏ အထူးပေတည်း။ ထိုလူကား အတတ်ပညာ ယုတ်လျော့ခြင်းတည်းဟူသော အတတ်ပညာသင်ယူခြင်း လေ့လာခြင်း ပိုင်ဆိုင်ခြင်း မရှိပါမူကား ထိုလူ နွားနှင့်မခြား အလားတူပင် ဖြစ်ပါပေ၏။

အရွယ်သုံးပါးတွင် ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် စီးပွားဥစ္စာရှာ၊ တတိယအရွယ် တရားရှာဟူသော ကဏ္ဍအပိုင်းအခြားအရ ဘဝ၏ စစ်မှန်သောအနှစ်သာရကို ရှာမှီးခြင်းအပိုင်းသည် တတိယအရွယ်ဖြစ်သည့် နောက်ဆုံးအပိုင်းသို့ ရောက်ရှိနေလေ၏။ ဤ၌ လောကဓမ္မတာသဘောသည် အစီစဉ်တကျ စီးမျောနေသည်မဟုတ်။ ဖြစ်ခြင်း၊ ပျက်ခြင်းဟူသော ဤနှစ်တန် အောက်ဝယ် ထာဝရဖောက်ပြန်လျက်ရှိ၏။ လူ့ဘဝရောက်လာ၍ ပထမအရွယ် မတိုင်မီ မိခင်၏ဝမ်းအတွင်းပင် အနိစ္စရောက်ရသည်လည်း ရှိ၏။

လူမမယ် ကလေးအရွယ်၌ပင် ကွယ်လွန်အနိစ္စ ရောက်ရသည်လည်း ရှိ၏။ ဒုတိယအရွယ်မရောက်မီ ပထမအရွယ်၌ပင် ကွယ်လွန်အနိစ္စ ရောက်ရသည်လည်း ရှိ၏။ ပထမအရွယ် ကျော်လွန်ခဲ့သော်လည်း ဒုတိယအရွယ်နှင့်ပင် ကွယ်လွန်အနိစ္စရောက်ရသည်လည်း ရှိ၏။ အကယ်၍ တတိယအရွယ်ထိ အစဉ်တကျ စီးမျောခဲ့သည်ရှိသော်မှ တချို့ကား စီးပွားရေး၌ပင် နစ်မြုပ်၍ ဘဝနေဝင်ကြရ၏။ တချို့ကား ပညာရေး၌ပင် နစ်မြုပ်၍ ဘဝနေဝင်ကြရ၏။ တချို့ကား ဆံဖြူသွားကျိုးသည်ရှိသော်မှ သောက်သောက်စားစား မူးရူး ပျော်ပါး၍ ပေါးလားဝါးလားနှင့်ပင် ဘဝနေဝင်ကြရ၏။ တရားရှာမှီးရေး ကိုကား မေ့လျော့ပေါ့ဆ၍ မိုက်မှားတွေဝေနေကြပေသည်။

ဤတွင် တရားရှာမှီးရေးဟူသောသဘောသည် ပထမအရွယ် ဖြစ်သော လူငယ်ဘဝကတည်းကပင် ထုံမွမ်း၍ အလေ့အကျင့် ပြုလုပ်မှ တော်ပေရော့မည်။ သို့အတွက် လူငယ်သည် ပထမအရွယ်ကတည်းက လူလည် ကျတတ်ဖို့ လိုပါ၏။ လူလည်ကျခြင်းဟုဆိုရာ၌ သူတစ်ပါးအား ကတုံးပေါ် ထိပ်ကွက်ခြင်း၊ ကျောရအောင်ကြံခြင်းဟူသော တလွဲနေရာများကို မဆိုလိုပေ။ ပညာရှာမှီးရမည့် ပထမအရွယ်ကတည်းကပင် ဘာသာရေးနှင့် အထိအတွေ့ ရှိထားကြရပေမည်။

ယနေ့ကာလတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ အတန်း ကျောင်းအားလပ်ချိန်နှင့်ယှဉ်၍ လူငယ်လူရွယ်များအတွက် ဘာသာရေး သင်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိ၏။ "ငါငယ်ပါသေးတယ်" ဟူ၍ ဘာသာရေးကို မျက်ကွယ်မပြုသင့်။ အနိစ္စသဘောတရားဟူသည်ကား ကြီး၊ ငယ်၊ လတ်မရွေး အချိန်ခါမရွေး ဖောက်ပြန်နေသည့်အလျောက် တတိယ အရွယ် မရောက်မီ ပထမအရွယ်ကတည်းက ဘဝ၏အနှစ်သာရတရားများကို လက်ဦးမှု ရယူထားဖို့လိုပါ၏။

ထို့ကြောင့် သူတော်စင် လူကြီးသူမများကဲ့သို့ အချိန်ပြည့် ဝိပဿနာ တရားဖြင့် မမွေ့လျော်နိုင်သည်ရှိသော်မှ စနေ တနင်္ဂနွေ အားလပ်ရက်များတွင် ဘာသာရေးသင်တန်းကျောင်းသို့ အရောက်သွားနိုင်ဖို့လိုပါ၏။ သို့မှသာ ဘာသာရေး အဆုံးအမခံ၍ ကိုယ်ကျင့်တရားကောင်းမွန်သော ယဉ်ကျေး လိမ္မာသည့်လူငယ်တစ်ယောက် ဖြစ်ပေလိမ့်မည်။ တစ်နည်းအားဖြင့် ဘဝကို လူလည်ကျကျ နေထိုင်နိုင်သော လူငယ်တစ်ယောက် ဖြစ်ပေလိမ့်မည်။ ပထမ အရွယ် လူငယ်ဘဝတွင် ဘာသာရေးဖြင့် လူလည်ကျဖို့ဟုဆိုရာ၌ သီလ

စောင့်ထိန်းမှု၊ အလှူဒါနပြုလုပ်မှု၊ တစ်ဖက်သားအပေါ် ကူညီတတ်မှု၊ စာနာနားလည်တတ်မှု၊ စိတ်ရှည်သည်းခံတတ်မှု၊ မိမိနှင့် အံဝင်ခွင်ကျဖြစ်စေမည့် ဘာဝနာတရားပွားများခြင်းတည်းဟူသော တရားရှုမှတ်မှု၊ စိတ်တည်ငြိမ်စေရန် သမာဓိရစေရန် သမထတရား အားထုတ်မှု စသည့် မြင့်မြတ်သော လုပ်ငန်းစဉ်များကို ကျင့်ကြံအားထုတ်ခြင်းကို ဆိုလို၏။

ယင်းသို့ ဘာသာတရားလေ့လာလိုက်စားမှုဖြင့် လူလည်ကျမှုသာလျှင် ရှေ့ဆက်ဖြစ်တတ်သန်းရမည့် ဘဝလက်ကျန်များတွင် အသိဉာဏ်ကြွယ်ဝခြင်း၊ စိတ်ဓာတ်ဉာဏ်ကြွယ်ဝခြင်း၊ အမျှော်အမြင်ဉာဏ် ကြွယ်ဝခြင်းဖြင့် လောကဓံ၏ အလှည့်အပြောင်းများအပေါ် တည်ငြိမ်ရင့်ကျက်စွာ ဖြတ်သန်းနိုင်သော လူကြွယ်တစ်ယောက် ဖြစ်ပေလိမ့်မည်။

လောကတွင် အောင်မြင်နေသူတို့အား ရှုကြည့်မည်ဆိုပါမူ အထုအထောင်း အပုတ်အခတ်တို့ကို အပြုံးမပျက်ဘဲ ခံယူကာ ဘဝတိုက်ပွဲကို ဆက်လက်ဆင်နွှဲနိုင်စွမ်းရှိသည့် စိတ်ဓာတ်တည်ငြိမ်သူများ ဖြစ်ကြ၏။ ဘာသာတရားအခြေခံ၍ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်သူတို့တွင် -

(၁) ပရဟိတစိတ်ဓာတ်ပြည့်ဝခြင်း၊

(၂) ကြိုးတင်စဉ်းစားတတ်ခြင်း၊

(၃) လျှပ်တပြက် ဟာသဉာဏ်ရှိခြင်း၊

(၄) မိမိကိုယ်ကိုယ် အားကိုးနိုင်ခြင်း၊

(၅) ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းရှိခြင်း၊

(၆) မလိုလားအပ်သည့် အပြုအမူတို့ကို ထိန်းချုပ်နိုင်ခြင်း၊

(၇) စိတ်ရှည်သည်းခံနိုင်ခြင်း၊

(၈) အဂတိမလိုက်ခြင်း စသော စွမ်းရည်သတ္တိများဖြင့် အရွယ်သုံးပါးသော ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြ၏။ ဘာသာတရားကို ထုံမွှမ်းထားခြင်းဖြင့် လောကဓံကို ရဲဝံ့စွာ ရင်ဆိုင်နိုင်စွမ်း၏။ ဆင်းရဲချမ်းသာခြင်း၊ ကဲ့ရဲ့ချီးမွမ်းခြင်း၊ လာဘ်ရခြင်းမရခြင်း၊ အခြံအရံများခြင်းနည်းခြင်း စသည်တို့နှင့် ရင်ဆိုင်ရပါမူလည်း မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်စွမ်း၏။ လောကဓံသဘောကို ယောနိသော မနသိကာရဖြင့် သင့်တင့်လျှောက်ပတ်စွာ ရှုမြင်တတ်သည့် မြင့်မြတ်သော စိတ်နှလုံးသားရှိ၏။

ဘာသာတရားအခြေခံ မရှိသူတို့မှုကား စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုလည်းမရှိ၊ တစ်ကိုယ်ကောင်း ဆန်တတ်ခြင်း၊ ဖြစ်ရပ်မှန်နှင့် ကိုက်ညီအောင်

မစဉ်းစားမတွေးခေါ်တတ်ခြင်း၊ ထိန်းချုပ်မှုမရှိခြင်း၊ တာဝန်မသိတတ်ခြင်း၊ သူတစ်ပါးကို မှီခိုအားကိုးလွန်းခြင်း စသောလက္ခဏာများဖြင့် ၎င်းတို့၏ ဘဝစွမ်းရည်သည် ယုတ်နိမ့်ညှိုးဖျင်းနေပေတော့သည်။ သို့အတွက် ကြွယ်ဝသော လူလည်တစ်ယောက်ဖြစ်ဖို့ဟူသည် လူငယ်ဘဝကတည်းက စစ်မှန်သည့် အနှစ်သာရတည်း ဟူသော ဘာသာတရားကို ထုံမွမ်းကြခြင်းဖြင့် မိမိတို့ အနာဂတ်ကမ္ဘာကို ဖန်တီးတည်ဆောက်ကြရမည်သာ ဖြစ်ပါ၏။

နတ်တန်ခိုး

၉.၂.၂၀၁၈

⁜

# စီစဉ်တင်ဆက်သူတစ်ယောက် ဖြစ်ချင်ပါသလား

(မေပြုပြင်ဦးလွင်)

အစီစဉ်တင်ဆက်သူ၏ အဓိကအရေးကြီးဆုံး

အရည်အချင်းမှာ အသံပင် ဖြစ်သည်။

အသံ၏ အတိုးအကျယ် အဖြတ်အတောက် အနိမ့်အမြင့်

အားလုံးတို့သည် အစီအစဉ်တင်ပြမှုကို...

# စီစဉ်တင်ဆက်သူ တစ်ယောက် ဖြစ်ချင်ပါသလား

ယနေ့တင်ပြမည့် အကြောင်းအရင်းမှာ လူငယ်များအတွက် ရည်ရွယ်ပြီး ပွဲတွေ (ပရိုဆင်းတေးရှင်) စီစဉ်တင်ဆက်သူ တစ်ယောက်အတွက် ပြင်ဆင်ရန်ဆောင်ရန်၊ ရှောင်ရန်လေးများကို စာရေးသူသိသလောက် မျှဝေချင်ပါသည်။ လူငယ်ဆိုသည်မှာ တင်စား ခေါ်ဝေါ်ကြခြင်းလို အောင်မြင်သောလူကြီးများသည်လည်း လူငယ်ဘဝက စခဲ့ကြသူများ ဖြစ်ကြသည်။ ပညာရေး လူမှုရေး စီးပွားရေးဆိုင်ရာ နယ်ပယ်များမှာ လူငယ်အများ တိုးတက်အောင်မြင်ခဲ့ကြသလို လူပုံလယ် ပရိသတ်အလယ်မှာလည်း တစ်ချိန်မဟုတ် တစ်ချိန် တစ်နေ့မဟုတ်တစ်နေ့ ပရိသတ်အရှေ့ စကားပြောရမည့်အလုပ်မှာ မလွဲမသွေကြုံဆုံလာရတတ်ပါသည်။

လူအများ၏အလယ်မှာ စီစဉ်တင်ဆက်သူ (သို့) စီစဉ်တင်ပြသူ တစ်ဦးလုပ်တော့မည်ဆိုရင် စာအုပ် လေ့လာဖတ်ရှုမှုနှင့် မရပါ။ လက်တွေ့ အသုံးချရသည့်အရည်အချင်း တစ်ရပ် ဖြစ်သည့်အတွက် ကိုယ့်ဘက်က ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုတင်လေ့ကျင့်ပြင်ဆင်မှု ပြုလုပ်ရမည်ဖြစ်ပါသည်။ ဦးစွာပထမ ပရိသတ် အများရှေ့ကို ရောက်ပြီဆိုကတည်းက အတွေ့အကြုံ မရှိသည့်အတွက် ရင်တုန် ရင်ခုန်နေပြီး စိုးရိမ်ပူပန်ခြင်း စိတ်လှုပ်ရှားမှု ဖြစ်ခြင်းကို အစဦးစွာ ပထမကြုံရပါမည်။ ပွဲမစခင် အာမခြောက်အောင် ရေအနည်းငယ် သောက်ထားပါ။ အစာစားမည်ဆိုလျှင်လည်း အစာအနည်းငယ်သာစားပါ။ အသက်ကိုပုံမှန်ရှူ၍ စိတ်ကို အေးအေးထားပါ။ မိမိ၏ စိတ်လှုပ်ရှားမှုကို သက်တောင့်သက်သာဖြစ်စေရန်အတွက် ဘောပင်

တစ်ချောင်းကို လက်မှာကိုင်ထားတာဖြစ်ဖြစ်၊ ပရိသတ်ကို စကားပြောသည့်အခါ 'စာခုံ' ကို လက်ဖြင့်ကိုင်ထားခြင်းဖြစ်သော်လည်းကောင်း တစ်ခါတစ်ရံ ခြေဟန်လက်ဟန်ကို သုံးပေးခြင်းဖြစ်လည်းကောင်း မိမိ၏စိတ်ကို သက်သာပေါ့ပါးစေပါသည်။ အစီအစဉ် တင်ဆက်သူ တစ်ဦးအတွက် အခွင့်အရေးသည်တစ်ကြိမ်မျှသာ ရှိပါသည်။ ထို့ကြောင့် လူပုံအလယ်မှာ စကားပြောဖို့ရာအတွက် အကြားအမြင် အလေ့အကျင့် အတွေးအခေါ် တတ်ဖို့လည်း လိုပါသည်။

ဌာနဆိုင်ရာ အစည်းအဝေးပွဲများ၊ ပျော်ပွဲရွှင်ပွဲ မင်္ဂလာဧည့်ခံပွဲများ မိတ်ဆုံစားပွဲများ တွေ့ဆုံပွဲများ စသည့်ဖြင့် မဖြစ်မနေ စကားပြောရခြင်း အမျိုးမျိုး ရှိနိုင်ပါသည်။ ပရိသတ်ထဲတွင် မိမိထက် ဝါကြီးသူ ဂုဏ်ကြီးသူများ သက်တူရွယ်တူများ ငယ်သူများ မိမိထက် အသက်ကြီးသူများ ရှေ့တွင် စကားပြောရတာမျိုးနှင့်လည်း ကြုံရတတ်ပါသည်။ မိမိ၏ ပရိသတ်သည်လည်း အနည်းဆုံး လူဆယ်ယောက်မှ အများဆုံး လူတစ်ရာ လူတစ်ထောင် လူ တစ်သောင်းလည်း ဖြစ်နိုင်ပါသည်။ ထိုပရိသတ်များအားလုံး၏ တူညီသော စရိုက်လက္ခဏာတစ်ခုကတော့ အစီအစဉ်တင်ပြမှုကိုကြည့်ပြီး ဝေဖန်အကဲဖြတ်ပါလိမ့်မည်။ ထို့ကြောင့် စပြီး စကားပြောကတည်းက 'အခု' 'အင်း' 'အဲ' ဘာလဲဆိုတော့ ဟုဆိုကတည်းက ပရိသတ်အားလုံး၏ အထင်အမြင်သေးခြင်းနှင့် တုံ့ပြန်သည့် အကြည့်အမြင်ကိုသာလျှင် တွေ့ရပေလိမ့်မည်။ အစီအစဉ် တင်ပြသူသည် စင်မြင့်ပေါ်မှာ ရပ်ပြီးအဆင်ပြေစွာ မတင်ပြနိုင်ပါက မိမိ ပရိသတ်များအပေါ် ဆိုးဝါးသော အပြစ်တစ်ခု ကျူးလွန်ခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်ရလေအောင် ကြိုတင်ပြင်ဆင်မှု လေ့ကျင့်မှု လိုအပ်ပါသည်

အခိက မိမိပြောချင်သည့် အကြောင်းအရာကိုပဲ 'ပထမ' စဉ်းစားပါပြီးလျှင် မိမိ ပြောရမည့် စကားတွေကို 'စာရွက်အလွတ်' တစ်ခုပေါ်သို့ အကုန်လုံး ချရေးပါ ပြင်ဆင်မှုများ ပြုလုပ်ပြီးတာနှင့် အိမ်မှာရှိသော မိမိ မိသားစု (သို့) မိမိ၏ ရင်းနှီးသော မိတ်ဆွေများ ရှေ့မှာ ဖတ်ပြပါ အသံ အနိမ့်အမြင့်၊ လေယူလေသိမ်း အခေါ်အဝေါ်တိကျမှု စကားလုံး အဖြတ်အတောက်များ အလွန် အရေးကြီးပါသည်။ စာရွက်ပေါ်တွင် ရေးချထားသော အစီအစဉ်များကို အသံထွက်ဖတ်ရှုလေ့ကျင့်ပြီး ပြန်လည်စိစစ်ရပါမည်။ ပြီးလျှင် စကားလုံးအချိတ်အဆက်၊ အထားအသို လှပသော စကားလုံးများကိုလည်း ဖြည့်စွက်လို့ရပါသည်။

နောက်ဆုံးအဆင့်ဆင့် စိစစ်ပြင်ဆင်ပြီးသွားလျှင်တော့ သေသပ်လှပစွာ ရေးပြီး 'ပရင်တာ' နှင့်ထုတ်ဖို့ စာစီထားဖို့ပဲ လိုပါသည်။ စာစီထားသည်ကို စာကြမ်းထုတ်ပြီးလျှင် တိတ်ဆိတ်အေးချမ်းသော နေရာတွင် အသံသွင်းစက်တစ်ခုနှင့် ရင်းနှီးသောမိတ်ဆွေ (သို့) မိသားစုဝင်များ အကူအညီနှင့် အကြိုလေ့ကျင့်မှုကို လုပ်ဆောင်နိုင်ပါသည်။ မိမိကိုယ်မိမိ ယုံကြည်မှုသည်လည်း စိတ်ဓာတ်ခွန်အားတစ်ခု ဖြစ်သည့်အတွက် မိမိ ယုံကြည်မှုကို မြှင့်တင့်ပါ။ မိမိစကားပြောရမည့်နေရာကိုလည်း ကြိုတင်လေ့လာရပါမည်။ မိနစ် '၃၀' စာပဲလား မိနစ် 'နှစ်ဆယ်'စာပဲလားဆိုတာကိုလည်း သိရှိထားဖို့လိုပါသည်။

အစီစဥ်တင်ဆက်သူ၏ အဓိကအရေးကြီးဆုံး အရည်အချင်းမှာ အသံပင် ဖြစ်သည်။ အသံ၏ အတိုးအကျယ် အဖြတ်အတောက် အနိမ့်အမြင့် အားလုံးတို့သည် အစီအစဥ်တင်ပြင်မှုကို အားကောင်းခိုင်မာစေပါသည်။ အပိုစကားများပြောဆိုခြင်း စကားလုံးများကို ထပ်တလဲလဲ ပြောဆိုခြင်းကိုလည်း အထူးရှောင်ကြဉ်သင့်ပါသည်။ စင်မြင့်ပေါ်တွင် သင့်တော်သော ကိုယ်အမူအယာ ဟန်ပန်ရှိရပါမည်။ ပရိသတ် အစုအဖွဲ့ကြီးအားလုံးကို အပြုံးနှင့် လေးလေးနက်နက် လွှမ်းခြုံကြည့်ပြီး မျက်လုံးနှင့် ဆက်သွယ်ရပါမည်။ ပရိသတ်၏ အပြုံးသည် မိမိအတွက် ယုံကြည်မှုခွန်အားကို ဖြစ်စေပါသည်။

လူထုပရိသတ်များရှေ့မှာ စကားပြောသည့်အခါ အတွေ့အကြုံ မရှိခင် အစပထမတွင်သာ စိတ်လှုပ်ရှားပြီး အခက်အခဲများ တွေ့ရသော်လည်း ထပ်တလဲလဲ ကြိုးစားလေ့ကျင့်ပြင်ဆင်ပြီး အတွေ့အကြုံ များလာသောအခါ အခက်အခဲမရှိ အဆင်ပြေလွယ်ကူလာသည်ကို တွေ့ရပေမည်။ အစီအစဥ်တင်ဆက်မှု အသက်မွေးဝမ်း ကျောင်းမှုတစ်ခု အဖြစ်ဘဝမှာ ရပ်တည်သွားလို့လည်း ရပါသည်ဟု အကြံပြုကာ စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။

မေ (ပြင်ဦးလွင်)

မှီငြမ်း

ပွဲတွေ့ ပရဲဆင်တေးရှင်း စီစဥ်တင်ဆက်သူ တစ်ယောက် ပြင်ဆင်ရန် အချက်များ။ ဇေရတု-မြန်မာပြန်။

✣

# ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝ

ဥမ္မာနန်(အင်းဝ)

လူငယ်ဘဝဆိုတာ လျှင်မြန်ဖျတ်လတ် နေရမယ်၊

စူးစမ်းဆင်ခြင်နိုင်ရမယ်၊ ပျော်ပျော်ရွှင်ရွှင်နေတတ်ရမယ်၊

ရောက်ရှိ ရရှိနေသောဘဝ ပညာရပ်တွေအပေါ်မှာ

လိမ္မာကျွမ်းကျင်နေရမယ်၊ နိုးကြား ကြိုးစားချင်တဲ့စိတ်...

# ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝ

"အောင်မြင်တဲ့သူဖြစ်ဖို့ထက် တန်ဖိုးရှိတဲ့သူဖြစ်ဖို့ ပိုမိုကြိုးစားပါ" အထက်ပါစကားလေးက သိပ္ပံပညာရှင်ကြီး အယ်လ်ဘတ် အိုင်းစတိုင်း ပြောကြားခဲ့တာပါ။ ဟုတ်ပါတယ်။ အောင်မြင်ကျော်ကြားဖို့အတွက် အမျိုးမျိုး အဖုံဖုံ ပြုလုပ်နေကြပြီး တန်ဖိုးရှိသူ ဖြစ်ဖို့အတွက်ကြတော့ မကြိုးစားကြဘူး။ တစ်နေ့တစ်နေ့ ဘယ်လိုအောင်မြင်အောင် လုပ်ရမလဲဆိုတဲ့ အတွေးက ရာနိုင်နှုန်းပြည့် ရှိနေကြပါတယ်။ ဘယ်လို တန်ဖိုးရှိအောင် လုပ်ရမလဲဆိုတဲ့ အတွေးက သိပ်မတွေးဖြစ်ကြဘူး။ အဲဒီတော့ အောင်မြင်အောင်လုပ်ဖို့ မလိုအပ်ဘူးလားဆိုတော့ လိုအပ်ပါတယ်။ အောင်မြင်ဖို့ထက် တန်ဖိုးရှိသူဖြစ်ဖို့ ပိုမိုကြိုးစားခိုင်းတာပါ။ အောင်မြင်တာနဲ့ တန်ဖိုးရှိတာ မတူပါဘူး။ အောင်မြင်တာဟာ ကောင်းတာရှိသလို မကောင်းတာလည်း ရှိပါတယ်။

တန်ဖိုးရှိတာက ကောင်းတာကိုပဲ လက်ခံတန်ဖိုးထား မြတ်နိုးကြတာပါ။ တန်ဖိုးရှိသူ ဖြစ်ဖို့ထက် အောင်မြင်အောင်လုပ်ဖို့က ပိုလွယ်ကူပါတယ်။ အောင် မြင်ဖို့အတွက် ကြိုးစား လုပ်ယူလို့ရတယ်။ တန်ဖိုးရှိသူဖြစ်ဖို့အတွက်တော့ ကြိုးစားလုပ်ယူလို့ရချင်မှ ရတယ်။ ကြိုးစားလုပ်ယူတိုင်း တန်ဖိုးရှိသူ ဖြစ်မလာဘူး။ သူ့နေရာ သူ့ဘဝ အံဝင်ခွင်ကျ ဖြစ်နေဖို့ အရေးကြီးတယ်။ များသောအားဖြင့် လူတွေက အောင်မြင်မှ လူရာဝင်တယ်လို့ လက်ခံထားကြတယ်။ အမှန်တော့ မဟုတ်ပါဘူး။ သူ့နေရာ သူ့အနေအထား သူ့ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျ ဖြစ်ပြီး ကိုယ်တတ်ကျွမ်းထားသော ပညာရပ်တစ်ခုခုပေါ်မှာ လိမ္မာကျွမ်းကျင်စွာ အသုံးပြုနိုင်ရင် လူရာဝင်ပါတယ်။ အဓိကကတော့ လူငယ်အများစုပေါ့။ ဟိုဟာလုပ်မှ ဒီဟာလုပ်မှ၊ ဟိုပညာတတ်မှ

ဒီပညာတက်မှ၊ ဟိုဘွဲ့ရမှ ဒီဘွဲ့ရမှ ဆိုတဲ့အတွေးတွေဝင်ပြီး လူရာမဝင်ဘူးလို့ ထင်နေကြတယ်။ အဲဒီလို မဟုတ်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝမှာ တတ်မြောက်သင့်တတ်မြောက်ထိုက်သော ပညာရပ်တစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားရင် လူ့ပတ်ဝန်းကျင်မှာ ခြေဆန့်လို့ရပါတယ်။ ပညာရပ်များစွာ တတ်မြောက်ထားရင် မကောင်းပေဘူးလားဆိုတော့ အတိုင်းထက် အလွန်ကောင်းတာပေါ့။ ဒါပေမဲ့ ပညာရပ်များစွာအပေါ် အာရုံရောက်ပြီး ဟိုဟာနည်းနည်း ဒီဟာနည်းနည်း ဖြစ်နေရင်တော့ မကောင်းပြန်ဘူးပေါ့။ ပညာရပ်တစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားမယ်ဆိုရင် ပိုပြီးသင့်တော်လှပါတယ်။

ကျောင်းစာသင်ရမည့်အချိန်မှာ တခြားပြင်ပ ဘာသာရပ်တွေကို လေ့လာလိုက်စားနေတာမျိုး မဖြစ်သင့်ဘူး။ ကျောင်းပြီးသွားသောအခါ (သို့မဟုတ်) ကျောင်းရက်ရှည် ပိတ်သောအခါတွေမှာ မိမိဘဝအတွက် တစ်နည်းအားဖြင့် မိမိကျောင်းစာအတွက် အထောက်အကူဖြစ်စေမည့် ပညာရပ်တွေကို လေ့လာလိုက်စားသင့်ပါတယ်။ နောက်တစ်ခုက လူငယ်ဆိုတာ သွက်လက်မြန်ဆန် ပေါ့ပါးနေရမယ်။ နှေးနှေးကွေးကွေးပျင်းရိထိုင်းမှိုင်းနေတာမျိုး မရှိသင့်ဘူး။ ရှုပ်ထွေးစေသောအရာတွေ လက်သင့်မခံထားရဘူး။ ဘာလို့လဲဆိုတော့ လူငယ်တွေဟာ လေ့လာစူးစမ်းရမည့်အရွယ် မိမိဘဝ ဝမ်းစာအတွက် ဖြည့်ဆည်းရမည့်အရွယ်၊ ပညာဆည်းပူးရမည့်အရွယ် ဖြစ်နေလို့ပါပဲ။

ဒီလို ပညာရပ်တွေ ဆည်းပူးရမည့်အရွယ်မှာ ပျင်းရိနေမယ် ရှုပ်ထွေးစေသောအရာတွေ လက်သင့်ခံထားမယ်ဆိုရင် မြန်သင့်သလောက် မမြန်တော့ဘဲ နှေးကွေးစွာ နောက်ကျကျန်ရစ်နေခဲ့ရတော့မယ်။ အဲဒီအခါမှာ ကိုယ်ဟာ သူတစ်ပါးလောက် မထွန်းပေါက်လေတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်တွေကျပြီး ကြိုးစားချင်စိတ်တွေ ပျောက်ဆုံးကုန်မယ်။ အဲဒါကြောင့် မိမိအတွက် အမြိုက်သဖွယ် ဖြစ်စေသော အရာအားလုံးကို မတွေးတော မကြံစည်ဘဲ မိမိပညာရပ်ပေါ်မှာ အာရုံစိုက်ထားသင့်ပါတယ်။

ဘဝက ဖြစ်ချင်တိုင်း လုပ်လို့မဖြစ်ဘူး၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေ လုပ်မှ အဆင်ပြေချောမွေ့စေမှာပါ။ ဖြစ်ချင်တိုင်း လိုက်လုပ်နေရင် အချိန်တွေကုန် လူတွေပင်ပန်းပြီး ဘာအကျိုးမှမရဘဲဖြစ်သွားလိမ့်မယ်။ ဖြစ်သင့်တာတွေ လုပ်မှသာလျှင် ကိုယ့်အတွက်လည်းအကျိုးရှိ လုပ်ရအတိုင်းတာတစ်ခုမှာလည်း

ခရီးရောက်ဖြစ်လိမ့်မယ်။ အဓိကအားဖြင့် လူငယ်တွေ အထူးဂရုပြုသင့်တာ ပေါ့။

လူငယ်ဆိုတာ ပေါ့ပါးတယ်၊ လျင်မြန်တယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးစ အရွယ်တွေဖြစ်တယ်။ ဘာပဲလုပ်လုပ် အာရုံစူးစိုက်ပြီးတော့သာ လုပ်ဆောင်သွားရင် ဘာမဆို အောင်မြင်နိုင်တယ်။ ကိုယ်ကာယရော ဉာဏ်ရည်ဉာဏ်သွေးရော ကျန်းမာဖွံ့ဖြိုးနေလေတော့ လုပ်သလောက် အောင်မြင်နိုင်တယ်။ လုပ်နိုင်စွမ်းလည်း ရှိနေတယ်။ မိမိကသာ လုပ်ချင်စိတ်ရှိနေဖို့ အရေးကြီးပါတယ်။ တစ်ခါတလေ လူငယ်သဘာ၀ ပျော်ပါးချင်လာတယ်။ ဒါဟာ လက်ခံသင့်တဲ့ အရာတစ်ခုပါ။ သို့သော် ပျော်တာကနေ ပျက်တာထိ မရောက်သွားဖို့တော့ အရေးကြီးပါတယ်။

လူငယ်အများစုက ပျော်တဲ့အခါ လွတ်လပ်စွာ ပျော်ပါးကြပြီး စိတ်ကို မထိန်းချုပ်နိုင်ဘဲ အပျက်ဘက်သို့ ယိမ်းယိုင်ကာ ဘ၀တွေပျက်စီးတဲ့ အဆင့်သို့ ရောက်သွားတက်ပါတယ်။ ဒါကတော့ မဖြစ်သင့် မဖြစ်ထိုက်တဲ့အရာပါ။ မပျော်နဲ့မဟုတ်ပါဘူး လူငယ်သဘာ၀ပျော်ပါ။ သို့သော် မပျက်စီးပါစေနဲ့ အဲဒါအရေးကြီးပါတယ်။ လူငယ်တစ်ယောက်ဟာ အမြဲတမ်းချုပ်တည်းမှုတွေနဲ့ နေရရင်လည်း ဖောက်ထွက်တတ်တဲ့ သဘာ၀ရှိတယ်။ အဲဒီလိုဖြစ်လာခဲ့ရင် အကောင်းဘက်ရောက်ဖို့ အင်မတန် နည်းပါးပါတယ်။ ဒါဟာလည်း လူကြီးမိဘတွေ သတိထားသင့်တဲ့အချက်တစ်ခုပါ။ လူ့ရဲ့ဦးနှောက်က အမြဲတမ်း ချုပ်တည်းမှုတွေနဲ့နေရရင် လက်သင့်မခံဘူး။ စိတ်ရွှင်လန်းဖို့အတွက် ဉာဏ်ရည် ဉာဏ်သွေးတွေ ပွင့်စေဖို့အတွက် ပျော်ရွှင်မှုကိုလည်း လိုအပ်ပါတယ်။

နောက်တစ်ခုက လူငယ်တွေအများစုမှာ မိမိကိုယ်ကိုယ် အားငယ်စိတ် ၀င်လာတတ်ခြင်းပါပဲ။ ဘွဲ့ရပညာတတ် လူငယ်တစ်ယောက်ဖြစ်စေ၊ အတန်းစာမသင်ကြားရတဲ့လူငယ်တစ်ယောက်ဖြစ်စေ မိမိဥစ္စာပညာ သူများလောက် မပြည့်စုံလို့၊ မိမိလိုချင်သော ရာထူး အာဏာ အဆင့်အတန်းတွေ မရလို့ သူများတွေကို မမီလို့ ဆိုပြီး မိမိကိုယ်ကိုယ် အားငယ်စိတ်၀င်လာတာ၊ ကိုယ့်ကိုယ်ကိုယ် လူရာမ၀င်ဘူးဆိုပြီး အားငယ်စိတ်တွေ ၀င်လာခြင်းပါပဲ။ အမှန်တော့ ဘွဲ့ရသည်ဖြစ်စေ ဘွဲ့မရသည်ဖြစ်စေ မိမိကိုယ်ကိုယ်ကိုယ် လူ့ပတ်၀န်းကျင်နဲ့သဟဇာတဖြစ်ပြီး ကိုယ်စွမ်းနိုင်ရာနဲ့ အကျိုးပြုနေရင် အလိုလိုနေရင်း လူရာ၀င်သွားမှာပါ။ ကိုယ့်မှာ ဘာမရှိလို့ ဘာမရလို့ ဘာ မတတ်လို့ ဆိုပြီး အားငယ်နေစရာ မလိုပါဘူး။ သူတစ်ပါးက ရေခပ်နေရင်

ကိုယ်ကထင်းခွေနေမှာပေါ့။ ကိုယ်ကျွမ်းကျင်တဲ့ နေရာမှာနေပြီး ကျရာ တာဝန်တစ်ခုခုကို ကျေပွန်အောင် ထမ်းဆောင်ဖို့အရေးကြီးပါတယ်။

သူဟာ ငါ့ထက် တော်တယ်ဆိုပြီး အားငယ်နေစရာ မလိုအပ်သလို သူဟာ ငါ့အောက်နိမ့်ကျတယ်ဆိုပြီး နိမ့်ချနေဖို့လည်း မလိုအပ်ပါဘူး။ အားလုံးဟာ သူ့နေရာနဲ့သူ ဆရာကြီးတွေပါပဲ။ အားလုံးဟာ အသုံးမကျတဲ့သူ မရှိပါဘူး အသုံးကျအောင် ကိုယ်ကမလုပ်ဆောင်တာ မကြိုးစားကြတာပါ။ တချို့လူငယ်တွေကျတော့ အဲဒီလို မဖြစ်ကြဘဲ ရောက်ရှိ ရရှိနေတဲ့ ဘဝမှာ ပညာရပ်အသီးသီးတွေမှာ ကျေနပ်နေကြပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ လူငယ်တွေလည်း ရှိကြပါတယ်။ တကယ်တော့ ဘာပဲဖြစ်ဖြစ် ဘယ်လိုအခြေ အနေပဲရောက်ရောက် ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝကို အပြည့်အဝ ရရှိနေဖို့ အရေးကြီးပါတယ်။

ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝဆိုတာ လျင်မြန်ဖျတ်လတ် နေရမယ်၊ စူးစမ်းဆင်ခြင်နိုင်ရမယ်၊ ပျော်ပျော်ရွှင်ရွှင်နေတတ်ရမယ်၊ ရောက်ရှိ ရရှိနေသောဘဝ ပညာရပ်တွေအပေါ်မှာ လိမ္မာကျွမ်းကျင်နေရမယ်၊ နိုးကြား ကြိုးစားချင်တဲ့စိတ် အမြဲမွေးမြူထားရမယ်၊ ရည်ရွယ်ချက်နဲ့ရည်မှန်းချက် အမြဲရှိနေရမယ်၊ ယဉ်ကျေးလိမ္မာ သိမ်မွေ့နေရမယ်၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံ နေရမယ် ဒီအချက်တွေ ကိုယ့်မှာ ရှိနေရင် ဘွဲ့ရရ မရရ ဘာမှအားငယ် နေစရာမလိုဘူး။ ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘဝ ပိုင်ဆိုင်နေရပြီလို့ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူနေရမယ်။ ကျောင်းသားကလည်း ကျောင်းစာကို တစိုက်မတ်မတ်လုပ်၊ စီးပွားရေးသမားကလည်း စီးပွားရေးကို တစိုက် မတ်မတ်လုပ် ဟိုယောင်ယောင် ဒီယောင်ယောင် ယောင်ဝါးဝါးလုပ်နေလို့ မရဘူး။ ဘယ်အရာပဲလုပ်လုပ် တစိုက်မတ်မတ် လုပ်နေဖို့အရေးကြီးတယ်။ ကိုယ်လုပ်တဲ့အလုပ်ပေါ်မှာ ရှုးသွပ်နေရမယ်။ ဟိုယောင်ယောင် ဒီယောင် ယောင် လုပ်တတ်တဲ့ အကျင့်ဟာ ကောင်းလည်းမကောင်းဘူး။ ထားလည်း မထားသင့်တဲ့ အကျင့်တစ်ခုပဲ။ ဟိုယောင် ဒီယောင်လုပ်တော့ လူကလည်း ယောင်ခြောက်ဆယ်ဖြစ်ပြီးတော့ ဟိုဟာလည်း မလုပ်တတ် ဒီဟာလည်း မလုပ်တတ်နဲ့ သူလုပ်တတ်တာ ဘာမှမရှိတော့ဘူး ဖြစ်နေတတ်တယ်။

အဲဒါကြောင့် လူငယ်ဘဝမှာ ရည်ရွယ်ချက်နဲ့ ရည်မှန်းချက် ခိုင်ခိုင် မာမာ ထားရှိပြီး ကြိုးစား နိုးကြားဖို့ အင်မတန် အရေးကြီးပါတယ်။ ရည်ရွယ်ချက် ရည်မှန်းချက် ရှိတဲ့သူနဲ့မရှိတဲ့သူ ယှဉ်လာခဲ့ရင် ရှိတဲ့သူက

သာလွန်တာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ရှေးဆရာတွေက 'ရည်ရွယ်ချက် ရည်မှန်းချက် ရှိတဲ့သူနဲ့ မရှိတဲ့သူမှာ ရည်ရွယ်ချက် ရည်မှန်းချက် ရှိတဲ့သူက သာတယ်။ ရည်ရွယ်ချက် ရည်မှန်းချက် ရှိတဲ့သူချင်းတူရင်တောင် တိကျ ပြတ်သားတဲ့သူက သာတယ်။ တိကျပြတ်သားတဲ့ ရည်ရွယ်ချက်ရည်မှန်းချက် ရှိတဲ့သူချင်း တူရင်လည်း လက်တွေ့ကျပြီး သဘာ၀နဲ့ အပ်စပ်တဲ့ ရည်ရွယ် ချက်ရည်မှန်းချက်မျိုး ချမှတ်နိုင်သူက သာတယ်။ လက်တွေ့ကျတဲ့ ရည်ရွယ်ချက် ရည်မှန်းချက် ထားပုံမျိုး တူနေရင်တောင် လူ့အသိုက်အ၀န်းကို ဘယ်လောက်အကျိုးပြုနိုင်သလဲ ဆိုတဲ့ပေတံနဲ့ တိုင်းတာလိုက်ရင် ဘယ်သူက သာတယ်ဆိုတာ ဖြစ်လာတာပဲ' လို့ ပြောဆိုခဲ့တာ မဟုတ်လား။

ဒါကြောင့် မိမိဘ၀လုပ်လုပ် ရည်ရွယ်ချက်နဲ့ရည်မှန်းချက် ထားရှိဖို့ အရေးကြီးတယ်။ ပန္နက်းဥစ္စာ ရာထူးအာဏာ မက်မောပြီး လမ်းလွဲမရောက် စေဖို့တော့ အထူးလိုအပ်လှပေတယ်။ မိမိဟာ လူငယ်ဖြစ်တယ်။ လူငယ် ဖြစ်သည့်အတွက် ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘ၀ ရရှိနေဖို့ အထူး လိုအပ် တယ်။ လူငယ်တွေဟာ အနာဂတ်သူရဲကောင်းတွေ ဖြစ်တယ်။ အနာဂတ် သူရဲကောင်းတွေ ဖြစ်သည့်အညီ မိမိရဲ့ ပညာရေး စီးပွားရေး ဘာသာရေး စတဲ့ လူ့ကျင့်၀တ်အခြေခံတရားတွေမှာ ကောင်းမွန်တဲ့ လမ်းကြောင်းဖြစ်နေဖို့ အရမ်းအရေးကြီးလှပါတယ်။ မိမိရွေးချယ်လိုက်သော လမ်းသည် အများ ကောင်းကျိုး မိမိကောင်းကျိုး နှစ်ဦးနှစ်ဘက် အဆင်ပြေ သင့်လျော်နေဖို့ လိုအပ်လှပါတယ်။

ဒါမှသာလျှင် မိမိထံ ရောက်ရှိလာတဲ့ အနာဂတ်ကြီးဟာ ကောင်းမွန် လှပပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကြီးဖြစ်မှာ မလွဲဧကန်ပါ။ အဲဒါကြောင့် မိမိရရှိနေသော လူငယ်ဘ၀ကို အပြည့်အ၀ အသုံးချပြီး 'ဖြစ်သင့်ဖြစ်ထိုက်သော လူငယ်ဘ၀' ဖြစ်စေဖို့အတွက် ကောင်းမွန်သော ရည်ရွယ်ချက် ရည်မှန်းချက်တွေနဲ့အတူ ကြိုးစား လုပ်ဆောင်ကြပါဦးစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

ငွဲမှာန်(အင်း၀)

✣

# လူငယ်နှင့် အနာဂတ်

ရွှေပုံ့လေး

အောင်မြင်သော လူများသည် အချိန်ကို
အကျိုးရှိစွာ အသုံးချတတ်ကြပါသည်။
အောင်မြင်နေသော လူတစ်ယောက်နှင့်
မအောင်မြင်သော လူတစ်ယောက်တွင်
အဓိက ကွာခြားချက်များ ရှိကြပါသည်။
အောင်မြင်နေသော လူများတွင် အဓိက သော့ချက်မှာ...

# လူငယ်နှင့်အနာဂတ်

လူငယ် ဆိုသည်မှာ ကျွန်ုပ်တို့နေထိုင်ရာ လူ့လောက လူ့ဘဝကြီး၏ အနာဂတ် ပုံကိုင်ရှင်၊ လူသားမျိုးနွယ်စုများ၏ ရတနာပင် ဖြစ်ပါသည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ အနာဂတ်သည် လူငယ်များပေါ်တွင် လုံးဝတည်မှီနေပေသည်။

'ယနေ့လူငယ် နောင်ဝယ်လူကြီး' ဆိုသည့် စကားအတိုင်း နောင်အနာဂတ်တွင် လူကြီးဖြစ်လာမည့် လူငယ်များ၏စိတ်ဓာတ်သည် အခြေခံကောင်းဖို့ လိုအပ်ပါသည်။ ပျိုးပင်လေးတစ်ပင် ကောင်းမွန်စွာ ရှင်သန်ကြီးထွားရန်အတွက် မြေဩဇာ ကောင်းရမည် ဖြစ်သလို ပတ်ဝန်းကျင် ရေ၊ လေ၊ ရာသီဥတုသည်လည်း မျှတရန် လိုအပ်ပါသည်။ ကျောင်းသားလူငယ်လေးများ ပညာရည်တိုးတက်မြင့်မားရန်အတွက် 'ဆရာ၊ မိဘ၊ ကျောင်းသား' ဟန်ချက်ညီဖို့ လိုသလို အနာဂတ်နိုင်ငံတော် တိုးတက်ရန်အတွက် နိုင်ငံ၏ အင်အားတောင့်တင်းရန် လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်မှာ ၎င်းနိုင်ငံကို သတ်မှတ်ထားသော နယ်နမိတ်၊ အုပ်ချုပ်သူ အစိုးရ၊ တိုင်းပြည်တွင်း မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားများနှင့် အချုပ်အခြာ အာဏာတို့ ရှိရပါမည်။ ထိုအချက်များသည် ဟန်ချက်ညီနေမှ တိုင်းပြည် တည်တန့် ခိုင်မြဲနေမည် ဖြစ်ပါသည်။

နေထိုင်ကြသော ပြည်သူပြည်သားများတွင် လူမျိုးပေါင်းစုံ ပါဝင်နေပေမည်။ ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုသည့် ပင်မလူမျိုးကြီး (၈) မျိုး ရှိပါသည်။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ လူမျိုးများကို

ချစ်ခင်ရပါမည်။ လူမျိုးမပျောက်ရန်အတွက် မိမိတို့၏ စာပေ ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းကြရန် အထူးအရေးကြီးလှပေသည်။

တိုင်းပြည်တိုးတက်ရန်အတွက်မှု နေထိုင်ကြသော တိုင်းသူပြည်သား တိုင်းရင်းသားများ၏ စည်းလုံး ညီညွတ်မှု၊ မိမိလူမျိုးကို ချစ်ခင်သည့်စိတ်ဓာတ်၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးတွင် ပါဝင်သည့် လူကြီးများသည် ကောင်းမွန်သော ရှေ့ဆောင် လမ်းပြကောင်းများ ဖြစ်ရန်လိုပါသည်။ အနာဂတ်လူငယ်များအတွက် ကောင်းသော အမွေအနှစ်များကိုသာ ချန်ထားရစ်ခဲ့ရန် အထူးအရေးကြီးပါသည်။ လူငယ်များသည်လည်း ကောင်းမွန်သောစိတ်ဓာတ်နှင့် နိုင်ငံနှင့်လူမျိုး တိုးတက်ရန်တာဝန်ကိုယ်စီ ရှိကြပါသည်။ မိမိတို့တွင် တာဝန်ကိုယ်စီရှိကြသည်ဟုလည်း လူငယ်တိုင်းက နှလုံးသွင်းတတ်ရပါမည်။

လူငယ်တိုင်း ဘဝရည်မှန်းချက်ရှိရန် လိုပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်ကို မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယဖြင့် ချီတက်ခရီးဆက်ရပါမည်။ ကျွန်မတို့နိုင်ငံတွင် လူငယ်အများစုသည် ပြင်ပနိုင်ငံများသို့ ထွက်၍ အလုပ်လုပ်နေကြပါသည်။ ပညာတတ်သူများသည်လည်း ပညာတတ်သည့် အလျောက်၊ အတန်းပညာဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ကြသည့် လူငယ်များသည်လည်း ရရာအလုပ်ဖြင့် နှစ်ပေါင်းများစွာ လုပ်ကိုင်နေကြရာ လူငယ်တို့၏ လုပ်အားများ၊ တိုင်းပြည်အတွက် အမှန်တကယ်ကို ဆုံးရှုံးရပါသည်။

တိုင်းပြည်အတွက် လူငယ်တို့၏ လူ့စွမ်းအား အရင်းအမြစ်များ အမှန်တကယ်ပင် လိုအပ်လှပါသည်။ ထိုသို့ ဆုံးရှုံးမှုများ လျော့နဲရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် များစွာလိုအပ်ပါသည်။

ယခုအခါ ခေတ်လူငယ်အများစုသည် အနာဂတ်ရည်မှန်းချက်များ ပျောက်နေသည့်အလား ပေါ့ပေါ့နေ ပေါ့ပေါ့စား ဘယ်အရာကိုမှ အလေးအနက် မထားကြသည်ကို တွေ့ရပါသည်။ လူငယ်အားလုံးကိုမဆိုလိုပါ။ ရည်မှန်းချက် ရည်ရွယ်ချက်ရှိသည့်လူငယ်များ အောင်မြင်နေကြသည်ကိုလည်း တွေ့ရပါသည်။ လူငယ်များ၏ အဓိက ရန်သူမှာ မူးယစ်ဆေး ဖြစ်ပါသည်။ ဆေးလိပ်၊ အရက်၊ စိတ်ကြွဆေးပြားများသည် ကျောင်းသားလူငယ်များ၏ ပတ်ဝန်းကျင်တွင် အလွယ်တကူ လက်လှမ်းမှီနေကြပါသည်။ လူငယ်သဘာဝ စမ်းသပ်ကြည့်ချင်သည်၊ စူးစမ်းမိသည်။ ထိုသို့ လက်တည့်စမ်းမိသည်မှ

အစပြုကာ မူးယစ်ဓါတ်သားကောင်များ ဖြစ်သွားကြပေသည်။ တိုင်းပြည် လွန်စွာ နစ်နာပါသည်။ 'ဘယ်သူသေသေ ငတေမာရင်ပြီးရော' ဆိုသည့် တစ်ဘို့ထဲ သမားများအား ကုန်စင်အောင် ရှင်းလင်းပစ်ရန်လိုပါသည်။ ပန်းကလေး တစ်ပွင့် လှပစွာ ပွင့်လန်းလာရန်အတွက် ရေခံမြေခံကောင်း လိုအပ်သလို လူငယ်များအတွက် ကောင်းမွန်သော အခြေခံကောင်းများ များစွာ လိုအပ်ပါသည်။

ယခုဆိုလျှင် အသက်အရွယ်ငယ်ရွယ်သည့် ကလေးငယ်လေးများ သည် 'စားဝတ်နေရေး' ဆိုသည့် ကြီးမားလေးလံသည့် အသက်ရှင်ရပ်တည်မှု အတွက် စာသင်ခန်းနှင့်ဝေးရာ အရပ်များတွင် ရရာအလုပ်များ လုပ်ကိုင် နေကြရပါသည်။ ဆင်းရဲမွဲတေခြင်း၏ အကျိုးဆက်များပင်။ စာသင်ခန်းတွင် စာသင်နေရမည့် ကလေးသူငယ်များ ကျောင်းစာသင်ခန်းပြင်ပသို့ ရောက်ရှိ နေခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် အလွန်ပင် ရင်လေးရပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်လာခြင်းသည် ပညာရေး အတွက် ဒေါက်တိုင်တစ်တိုင်ပင် ဖြစ်ပါသည်။

ကလေးသူငယ် လူငယ်များ၏ ဘဝ လုံခြုံရန်မှာလည်း များစွာ လိုအပ်ပါသည်။ အသိပညာ အတတ်ပညာများ လုံလောက်စွာ မရှိကြသည့် အတွက် သင့်သည် မသင့်သည်ကို ဝေဖန်ဆုံးဖြတ်နိုင်စွမ်းမရှိကြတော့ပါ။ ဦးနှောက်မရှိသည့် လူ့ဗာလများကြောင့် လူဟုသာ အမည်ခံထားသည့် တိရိစ္ဆာန်များကြောင့် သက်ငယ်မုဒိမ်းမှုများကို များစွာကြားနေရပါသည်။ ပညာမတတ်ခြင်း၏ အကျိုးဆက်များပင် ဖြစ်ပါသည်။

လူငယ်များ၏ အနာဂတ်လှပနေရန်မှာ လူတိုင်းတွင် တာဝန်ရှိပါ သည်။ လူငယ်များတွင်လည်း တာဝန်ရှိပါသည်။ ပေးသူက ဘယ်လောက် ပေးပေး လိုချင်မှု မရှိပါလျှင် မည်သို့မှ မတတ်နိုင်ပါ။ လူငယ်တိုင်း၏စိတ်တွင် တာဝန်ယူမှု တာဝန်သိတတ်မှု ရှိရပါမည်။

အောင်မြင်သော လူများသည် အချိန်ကို အကျိုးရှိစွာ အသုံးချတတ် ကြပါသည်။ အောင်မြင်နေသော လူတစ်ယောက်နှင့် မအောင်မြင်သော လူ တစ်ယောက်တွင် အဓိက ကွာခြားချက်များ ရှိကြပါသည်။ အောင်မြင်နေသော လူများတွင် အဓိက သော့ချက်မှာ အချိန်ကိုလေးစားစိတ်နှင့် အောင်မြင် လိုစိတ်ပင် ဖြစ်ပါသည်။ မအောင်မြင်သော လူများတွင် ထိုအချက်များ မရှိကြပါ။

လူငယ်များ၏ အနာဂတ်ကမ္ဘာ လှပသာယာရန် အချိန်ကို တန်ဖိုးထား လေးစားကြဖို့ လိုပါသည်။ အချိန်ကို တန်ဖိုးထားလေးစားသူများသည် အချိန်၏ ပွဲကိုင်ရှင်များဖြစ်ကြပြီး မအောင်မြင်သူများသည် အချိန်၏ နိုင်းစေခြင်းကို ခံနေကြရပါသည်။ လူငယ်များအတွက် အရေးကြီးသည့် အချက်တစ်ချက်မှာ စိတ်အားထက်သန်ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတိုးတက်ရန်အတွက် အနာဂတ်၏ ရတနာများဖြစ်သည့် လူငယ်များ လမ်းမှားမရောက်စေရန် တည့်မတ်ပေးရမည်မှာ လူကြီး မိဘ ဆရာသမားများ၏ တာဝန်ပင်ဖြစ်ပါသည်။ ရေခံ မြေခံ ပတ်ဝန်းကျင်ကောင်းများကိုလည်း ဖန်တီးပေးကြရပါမည်။

လူငယ်များသည်လည်း တိုးတက်လာသည့် ခေတ်ရေစီးကြောင်းတွင် လိုက်ပါမျောပါရင်း ကောင်းမွန်သော အရာများကိုသာ အတုယူကြရန် လိုပါသည်။ တာဝန်ယူတတ်မှု၊ တာဝန်သိတတ်မှုများဖြင့် ကောင်းမွန်လှပသော အနာဂတ်ကောင်းများ ဖန်တီးနိုင်ကြရန် တိကျခိုင်မာသော ရည်မှန်းချက် ရည်ရွယ်ချက်များ ချမှတ်ကာ ကြိုးစားအားထုတ်ကြပါဟု မေတ္တာဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ရွှေပုံ့လေး

✣

စာပေချစ်သူများအဖွဲ့ စာပေနှင့်ပရဟိတကွန်ရက်

# စာပေရေးသားခြင်း အနုပညာ

(စာပေအနုပညာ မျှဝေခြင်း Literature Sharing တစ်နှစ်ပြည့်အမှတ်တရ)



# လူငယ်နှင့်စံပြ

ဝိဇ္ဇာ(ပေကြီး)

ကျွန်တော်တို့နိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက်လည်း

ခေါက်ရိုး ကျိုးနေသော လူကြီးများချည်းသွားနေ၍

မရသကဲ့သို့ အတွေ့အကြုံ နုနေသေးသော

လူငယ်များချည်းလည်း သွား၍မရ။

သို့သော် လူကြီးများထံမှ ဆိုးတော မွဲညစ်သော

အတွေးအမြင်ဆိုးများကိုဖယ်၍...

# လူငယ်နှင့်စံပြ

လူငယ်များအကြောင်းတွေးမိတိုင်း အမြဲရင်လေးသည့်အရာ တစ်ခုရှိသည်။ ထိုအရာသည် အင်မတန်အရေးကြီးသည် လူငယ်များအတွက် အခရာကျသည်။ ယနေ့ကျွန်တော်တို့နိုင်ငံလူငယ်အများစုက အတုမြင်အတတ်သင်တတ်သည်။ တိုးလည်း တိုးတက်ချင်သည်။ တိုးတက်မှုနောက်သို့လည်း လိုက်ကြသည်။ သို့သော် မျှော်လင့်သောပန်းတိုင်သို့ ရောက်သည့် လူငယ်ကားရှားသည်။ လူငယ်များတိုးတက်မှသာ တိုင်းပြည်လည်းကောင်းစားမည်။ တိုးတက်သည့် လူငယ်မျိုးဆက်များ အားပျော့နေသည့် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ် မျက်နှာငယ်နေရဦးမည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်ရင်လေးမိသည့် အရာတစ်ခုဆိုသည်မှာ လူငယ်များအတွက် မှန်မြတ်ပြည့်စုံသော စံနမူနာများ ရှားပါးလာနေသည်ဆိုသည့် အကြောင်းအရာပင် ဖြစ်သည်။ ဟုတ်ပါသည်။ ယနေ့လူငယ်အများစုမှာ စံလွဲနေကြသည်။ သူတို့ရှေ့ဝယ် ပြည့်စုံ တော်တတ် လိမ္မာသော စံနမူနာထားထိုက်သည့်လူများ လိုအပ်လျက်ရှိနေသည်ဟုမြင်သည်။ လူငယ်နှင့် စံသတ်မှတ်ရမည့် ပုဂ္ဂိုလ်ရွေးချယ်ခြင်းသည် အရေးပါလှပါသည်။ စံသတ်မှတ်မှု လွဲချော်သွားသည်နှင့် အကျင့်စရိုက် လက္ခဏာ ဘာသာရေး၊ လူမှုရေး၊ လောကမြေ့ရေးရာများပါ အကုန်လွဲချော်သွားနိုင်သည်။ ယနေ့လူငယ်များတိုးတက်မှု အားပျော့နေခြင်း အဓိကအချက်သည် စံသတ်မှတ်မှု အလွဲများကြောင့် ဖြစ်သည်ဟု ကျွန်တော် တစ်ထစ်ချပြောလိုသည်။

စံ၊ သို့မဟုတ် စံပြ ဆိုသည်မှာ ဘက်စုံထူးချွန်ထက်မြက် တော်တည့်မှန်ကန်သည့် လူမျိုးကို ဆိုလိုသည်။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော

လူမျိုး။ မတာစ်ထောင် တစ်ကောင်ဖွားဆိုသကဲ့သို့ ဗိုလ်ချုပ်ကဲ့သို့သော လူမျိုးကား ရှာမှ ရှားလာသည်။ သို့သော် ရှိတော့ရှိသည်။ ဗိုလ်ချုပ်လောက်ထိ မတော်သော်လည်း သူ့လမ်းစဉ်အတိုင်း လျှောက်၍ သူ့လောက်နီးနီး တော်နေသူတွေလည်းရှိသည်။ ရှာကြည့်လျှင်တော့ ရှားသည်။ သည်တော့ လူငယ်အများစုအတွက် စံသတ်မှတ်နိုင်သည့်သူ နည်းသည်။

အကျင့်စာရိတ္တ၊ ပညာ၊ စိတ်ထား၊ ပရဟိတစိတ်ဓာတ်၊ ပရစ္စမ်းအား ပြည့်စုံသည့် စံပြပုဂ္ဂိုလ်များရှားပါးသည့်အခါ၊ လူငယ်အများစုမှာ မျက်စိရှေ့မြင်နေရသည့် အောင်မြင်နေသော၊ ကျော်ကြားနေသော သူများကိုသာ စံ သတ်မှတ်ကုန်ကြသည်။ ထို့ကြောင့် လူငယ်များနှင့် အနီးစပ်ဆုံး ထိတွေ့နေရသူများ သတိထားဖို့ အရေးကြီးသည်။ အောင်မြင်ကျော်ကြားခြင်း ဆိုရာ၌ အောင်မြင်ကျော်ကြားသူတိုင်း ကောင်း၍ အောင်မြင်ကျော်ကြားနေခြင်းမဟုတ်၊ မကောင်းမှုဖြင့် အောင်မြင်ကျော်ကြားနေသူလည်းရှိသည်၊ ကောင်းမှုဖြင့် အောင်မြင်ကျော်ကြားသူလည်း ရှိသည်။ ဘုရားက အများအကျိုးရှာရင်း ကျော်ကြားလာသည်။ မာရ်နတ်တို့ ဒေဝဒတ်တို့က ကိုယ်ကျိုးရှာရင်း ကျော်ကြားသည်။ ဝေဠုကျော်က ပရဟိတလုပ်ရင်း ကျော်ကြားသည်။ ကြည်လင်က လူသတ်မှုဖြင့် ကျော်ကြားသည်။ ဖြူဖြူထွေးက အမှုအယာကြောင့် ကျော်ကြားသည်။ စာရေးဆရာအမည်ခံ လူငယ်တစ်ဦးက စာပေခိုးချ၍ ကျော်ကြားသည်။

ကောင်း၍ကျော်ကြားသည်ဖြစ်စေ၊ မကောင်း၍ကျော်ကြားသည်ဖြစ်စေ တိုင်းသိပြည်သိဖြစ်သွားသည်နှင့် ထိုသူသည် ပေါ်ပြူလာဖြစ်သွားသည်။ လူတိုင်းက အခွင့်ရေးသမားပီပီ ထိုပေါ်ပြူလာဖြစ်ခြင်းကို အကြောင်းပြု၍ အောင်မြင်မှုကို အမိအရ ခြေကုတ်ယူကြသည်။ အောင်မြင်လာသည့်အခါ ကောင်း၍ အောင်မြင်လာသလား။ ဆိုး၍ အောင်မြင်လာသလားဆိုးသည့် အကြောင်းရင်းမှန်များ ပျောက်ကွယ်ကုန်သည်။ သည်တော့ အောင်မြင်ကျော်ကြားနေသူတိုင်းကို မျိုးဆက်လူငယ်တို့က စံအဖြစ် သတ်မှတ်လာသည်။ ထိုအခါ လူငယ်များ စံကောင်းနှင့် လွဲကြရသည်။

ထိုအချက်ကို ကြည့်သောအားဖြင့် ကျွန်တော်တို့နိုင်ငံ၌ အောင်မြင်ကျော်ကြားနေသော လူများကို တစ်ခုလောက် မေတ္တာရပ်ခံချင်မိသည်။ ကျော်ကြားလာသည့်နောက်ဝယ် အပြောအဆို အနေအထိုင် အမူအယာ အကျင့်စာရိတ္တများ အထူး စောင့်ထိန်းပေးစေချင်သည်။ ယဉ်ကျေးသိမ်မွေ့သည့်

လူ့ဘောင်တစ်ရပ်ကို တည်ဆောက်နိုင်ရာအတွက် လက်ရှိပေါ်ပြူလာ များ ကိုယ်ကျင့်တရား ကောင်းမွန်စေချင်သည်။

အထူးသဖြင့် လူငယ်အများစုသည် သူတို့နှစ်သက်သော အောင်မြင်နေသည့် အနုပညာရှင်များ၏ စရိုက်လက္ခဏာများကို စံအဖြစ်သတ်မှတ်တတ်ကြသည်။ ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲ၌ အနုပညာသမားများ အရေးပါ အရာရောက်ပုံကို နိုင်ငံတော်အတိုင်ပင်ခံ ကိုယ်တိုင်ပင်ဝန်ခံခဲ့သည်။ NLD ပါတီ မဲနိုင်ဖို့အရေး အနုပညာစွမ်းအားဖြင့် ပါဝင်ဖြည့်ဆည်းပေးနိုင်ခဲ့သောကြောင့်ဖြစ်သည်။ လူဆိုသည်မှာ အမှန်အမှား ချင့်ချိန်မှုအားနည်းသည်။ ကိုယ်မြတ်နိုးတန်းဖိုးထားသူက ရွှေဝတ်ရင်လည်း ဝတ်ချင်သည် ကြေးဝတ်ရင်လည်း ဝတ်ချင်သည်။ သည်တော့ သူတို့ လေးစားတန်ဖိုးထားတဲ့ အနုပညာရှင်များကိုယ်တိုင် ပါဝင်မဲဆွယ်သည့်ပါတီ နိုင်သည်မှာမဆန်း။

လက်ရှိမြန်မာနိုင်ငံတွင် လူငယ်တို့၏ အပြောအဆို လေ့စရိုက် ဆင်ယင်ထုံးဖွဲ့မှုနှင့် ယဉ်ကျေးမှုအပေါ် မြတ်မြတ်နိုးနိုး တန်ဖိုးထားမှုတို့ ရွေ့လျားပြောင်းလဲနေခြင်းသည် အများစုမှာ အနုပညာပြကွက် အနုပညာလောကသားများထံမှ စီးဆင်းလာခြင်းသာ ဖြစ်သည်။ ကိုးရီးယား ဇာတ်လမ်းများကို ကြည့်၍ အတိုအပြတ် ဝတ်လာသည်။ မိန်းကလေးများ ထင်ထင်ပေါ်ပေါ် အရက်ဘီယာသောက်လာသည်။ အိမ်ထောင်သည်များ ဖောက်ပြန်လာသည်။ မြန်မာ့ရုပ်ရှင်ဇာတ်လမ်းများနှင့် ရုပ်ရှင်လောကသားတို့ကို လိုက်တုသောကြောင့် ယဉ်ကျေးမှု အားပျော့လာသည်။ ဆင်ယင်ထုံးဖွဲ့မှု အရိုင်းဆန်လာသည်။ ခုဆို မိဘ ညီအစ်ကိုမောင်နှမများ တန်းတူ ထိုင်ကြည့်ရန် မသင့်သည့် ညစ်ညမ်းအခန်းများပါ ရိုက်ပြလာခြင်းကြောင့် နောင်အရေး မတွေးရဲ။

ကျွန်တော်၏ တင်ပြမှုမှာ တစ်ဖက်သတ်ဆန်သည်ဟု ထင်ချင်ထင်မည်။ အပြစ်မြင်ချင်လည်း မြင်မည်။ မည်သို့ထင်ထင် မြင်မြင် အနုပညာလောကကြောင့် လူငယ်မျိုးဆက်တို့၏ အများစုသော စရိုက်လက္ခဏာ အရိုင်းဆန်ဆန် ရွေ့လျားလာသည်ကတော့ မမှားသောအကြောင်းပင် ဖြစ်ပါသည်။ သာဓကတစ်ခု ကျွန်တော်ပြချင်သည်။ ယနေ့ လူငယ်တိုင်း၏ ပါးစပ်ဖျားဝယ် ထမင်းစားရေသောက်ပမာ လှိုင်လှိုင်ထည့်၍ သုံးစွဲပြောဆိုနေသော စကားတစ်ခွန်း ရှိသည်။ အပျော်အပျက်ပြောရာတွင်လည်း ထိုစကားလုံးပါသည်။ အတည်အခန့် ပြောရာတွင်လည်း ထိုစကားလုံးပါသည်။ လူကြီးသူမများနှင့်

ပြောဆို ဆွေးနွေးရာ အခမ်းအနားပွဲကြီးများ၌ပင် ထိုစကားလုံးကို ထည့်သုံးနေကြသည်။

သူတို့ကသာ လှိုင်လှိုင်သုံးနေကြသည်။ ကျွန်တော့်မှာ ထိုစကားလုံးကို စာဖြင့် ရေးပြဖို့ပြင် အပြည့်အစုံမရေးဝံ့။ ထိုမရေးဝံ့သော စကားလုံးသည် (ဧ–ဂက်) ဟူသော စကားလည်းပင်ဖြစ်တယ်။ တစ်ခုခု သဘောကျစရာများပါရင် တစ်ခုခုကို ကြော်ငြာရင် "ဧ–ဂက်ရမ်းမိုက်တယ်၊ ဧ–ဂက်ရမ်းလန်းတယ်"ဟု သွင်သွင်သုံးနေကြသည်။ ကျွန်တော်ထင်သည် ထိုစကားလုံးကို ၂၀၁၃ ခုနှစ်နောက်ပိုင်းမှသာ အသုံးတွင်ကျယ်လာခြင်းဖြစ်သည်။ မှတ်မှတ်ရရ ထိုနှစ်သင်္ကြန်ပွဲ ကျွန်တော် လည်ဖူးသည်။ ကမ္ဘာအေးဘုရားလမ်း အင်းလျားကန်ဘောင်တွင် ရေကစားမဏ္ဍပ်များ ခမ်းခမ်းနားနားရှိသည်။ နိုင်ငံကျော်အဆိုတော်များလည်း သီဆိုဖျော်ဖြေနေကြသည်။ စင်အောက်ရှိ ပရိသတ်ကလမ်းပေါ်အပြည့်။ ထိုသင်္ကြန်မဏ္ဍပ်တစ်ခုပေါ်မှ အဆိုတော်တစ်ယောက်က သီချင်းဆိုရမည့်အလှည့် ရောက်သည့်အခါ ရှေ့ထွက်လာ၍ စတင် မိတ်ဆက်လိုက်သည့် မိတ်ဆက်စကား ကျွန်တော့်စိတ်ထဲ နင့်ခနဲဖြစ်သွားသည်။

"ပရိသတ်ကြီးဧ–ဂက်ရမ်းမိုက်တယ်နော်၊ ဧ–ဂက်ရမ်းကဲကြမယ်" တဲ့။ ထိုအဆိုတော်နာမည်ကို ကျွန်တော် မှတ်မိသည်။ ထုတ်ပေါ်မပြောချင်။ ကိုယ့်ကိုယ်လေးစားနေကြသော အားပေးနေကြသော ကိုယ်ကလည်းလေးစားချစ်ခင်ရသော ပရိသတ်ကို စဉ်မြင့်ပေါ်က အနုပညာရှင် တစ်ယောက်က မပြောသင့်မပြောထိုက် ဖုံးဖုံးဖိဖိထားရသည့် ရှုံရှာဖွယ်ဖြစ်သည့် အင်္ဂါအစိတ်အပိုင်း အမည်နာမစကားလုံးဖြင့် နှုတ်ဆက်ဖို့ သင့်မသင့် စဉ်းစားသာကြည့်စေချင်သည်။ လူငယ်များအားပေးနေသည့် အဆိုတော်ဖြစ်သူကအပေါ်စီးမှ ထိုသို့ နှုတ်ဆက်သောအခါ စင်အောက်ရှိ မူးရူးနေသည့်လူငယ်များကလည်း ပြန်အော်သည် "ဧ–ဂက်ရမ်းမိုက်ပါတယ်" တဲ့၊ ကဲ ကောင်းရော။

နိုင်ငံအသိ အများချစ်ခင်လေးစားရသောသူများက ကိုယ့်အတွက်ထက် အများကျိုးကို ငဲ့သင့်သည်။ အပျော်ကို အပျက်မဖက်သင့်။ ကိုယ့်ကိုယ်စံထား အားကျအတုယူနေသည့် လူငယ်မျိုးဆက်များကို လမ်းလွဲသို့မပို့သင့်။ လူဆိုသည်မှာ မကောင်းမှု လုပ်ကောင်းလုပ်မိကြပါလိမ့်မည်။ သို့သော်ဖုံးဖုံးဖိဖိဖြစ်လျှင် မကောင်းပေဘူးလား။ အတိုအပြတ်များ ကိုယ်ကဝတ်ပြ၊ မူးယစ်သေစာများ ကိုယ်ကသုံးစွဲပြ၊ ကိုယ်ကျင့်တရားများ ကိုယ်ကပျက်ဆီးပြ၊ လူမှုရေးများ ကိုယ်ကဖောက်ပြန်ပြ၊ မကောင်းသည့်စကားလုံးများ ကိုယ်က

ပြောဆိုပြနေလျှင် ပြည်သူ့အချစ်နဲ့ မတန်လိုက်လေခြင်း။ ထို့ကြောင့် မည်သည့် အသိုင်းအဝိုင်းကဖြစ်ဖြစ် ကိုယ်ဟာ ထင်ပေါ်ကျော်ကြားသူ တစ်ယောက် ဖြစ်လာခဲ့လျှင် အစစ အရာရာ ဆင်ခြင်ဖို့ နေတတ်ထိုင်တတ် ပြောဆိုတတ်ဖို့ လိုမည်ထင်ပါသည်။ လူငယ်မျိုးဆက်များဘက်ကလည်း စံသတ်မှတ် အတု ယူသည့်နေရာတွင် အကောင်းအဆိုး ခွဲခြားဖို့ လိုပါလိမ့်မည်။

ဆက်စပ်နေသည့်အတွက် ထပ်တင်ပြချင်သည်။ လက်ရှိ လူကြီး လူငယ်တို့၏ ပါးစပ်များစွဲနေသည့် စကားသုံးလုံး ရှိသည်။ ဖေကြီး၊ မေကြီးနှင့် သားကြီး ဆိုသည့်အသုံး။ အမှန်တော့ မိသားစုတစ်စုတွင် သားသမီးများက အဖေကို ဖေကြီးဟု ခေါ်မည်။ အမေကို မေကြီးဟု ခေါ်မည်။ ထိုသည်ကိုပဲ မိဘနှစ်ပါးဖြစ်တဲ့သူများက ကလေးများရှေ့ တစ်ယောက်နှင့်တစ်ယောက် ခေါ်ကြသည့်အခါ ကလေးများအနေဖြင့် ဖေကြီး၊ မေကြီးဟု သုံးစွဲရာက နှစ်ယောက်တည်းရှိသည့်အခါလည်း အမြဲ သည်အတိုင်း ခေါ်ဖြစ်သွားသည်။ အမှန်တော့ မဖြစ်သင့်။ ထိုအသုံးသည် ကိုယ့်အဖေအမေများနှင့် ပြန်ပေးစားရာ ရောက်နေသည်။ သည်အသုံးကိုလည်း ရုပ်ရှင်ဇာတ်လမ်းများမှာ ထည့်သုံး ရင်းက ပိုတွင်ကျယ်လာသည်ဟု လေ့လာမိသည်။ ထား၊ ထိုအသုံးသည် အမှုမဲ့ ကြည့်လျှင်တော့ ယဉ်ကျေးသယောင် ရှိသေးသည်။

လူငယ်များ တစ်ယောက်နှင့်တစ်ယောက် ခေါ်ခေါ်သုံးစွဲသည့် သူငယ်ချင်း၊ အစ်ကို၊ ညီ စကားအစား သားကြီး ဟူသောနာမ်စား ခေါ်ဝေါ် သုံးစွဲလာကြသည်မှာတော့ မည်သည့်အသိုင်းအဝိုင်းက ကူးဆက်လာမှန်း မသိ။ အင်မတန်ရိုင်းပြသည်ဟု မြင်မိသည်။ အမေပေးဟု ခေါ်လိုက်သည့်နှယ် ခံစား ရသည်။ အရိုင်းဆန်သော စကားလုံးများက ယဉ်ကျေးမှုဟန်ဆောင်က လူ့ဘောင်အတွင်းသို့ ဝင်ရောက်လာသည့်အခါ ယဉ်ကျေးမှုအစစ်သည် လူငယ် မျိုးဆက်တို့အနား မသီနိုင်ကြတော့။ အမိအရွယ် အဖအရွယ် အဘိုးအဘွား အရွယ်များက ကိုယ့်သားသမီးအလား သဘောထားပြီး သားဟုခေါ်သည်က ကိစ္စမရှိ။ အရွယ်တူသူများ၊ အချို့ကိုယ့်အောက် ငယ်သူများကပါ သည်လို ခေါ်သည်ကတော့ မကောင်း။ ထိုသည်ကို အချို့က ခေတ်အလိုက် တိုးတက် ပြောင်းလဲလာတာဟု ဆိုသေးသည်။ လူငယ်များ တိုးတက်မှုနှင့် ယဉ်ကျေးမှု၏ တန်ဖိုးကို မခွဲခြားတတ်တော့။

တိုးတက်မှုနောက်လိုက်ပါရင်း ယဉ်ကျေးမှုများ ပျောက်ကွယ်ကုန် ကြသည်။ လူငယ်များကို ထိုသို့မဖြစ်စေချင်။ လူငယ်သည် တိုင်းပြည်

တစ်ပြည်၏ အရေးပါ အရာရောက်သော အင်ဂျင်များပင် ဖြစ်ပါသည်။ ကျွန်တော့်ကို တချို့ကမေးကြသည်။ လူငယ်အကျိုးပြုချည်း လုပ်နေရအောင် လူကြီးတွေက အသုံးမဝင်လို့လားတဲ့။ ကျွန်တော် အမြဲပြန်ပြောသည့် စကား တစ်ခွန်းရှိသည်။

"တိုင်းပြည်တစ်ပြည် တိုးတက်ချင်ရင် လူကြီးကောင်းတွေ ရဖို့ လိုတယ်။ အများအကျိုး သည်ပိုးနိုင်တဲ့ ရဲရင့် တည်ကြည် ဖြောင့်မှန်တဲ့ အရည်အသွေးမှီလူကြီးတွေ ရဖို့ဆိုရင် လူငယ်တွေကို ပြုပြင်ထိန်းကျောင်းနိုင်မှ တော်ကာကျမယ်။ လူကြီးတွေဆိုတာက သူ့ရဲ့အနှစ်နှစ်အလလက သိမြင်မှတ်သားထားတဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေကို အတော်နဲ့ဖယ်ထုတ်နိုင်မှာမဟုတ်ဘူး။ လူ့အတ္တဆိုတာကလည်း ရှိသေးတယ်။ နောက် သူတို့ကို ပြုပြင်ပြောင်းလဲရေး ထိန်းမတ်နေရရင်လည်း အသက်အရွယ် အပိုင်းအခြားအရ ဒါတွေ သင်ယူ လေ့လာနေတာနဲ့ပဲ အချိန်ကုန် သေလွန်သွားကြလိမ့်မယ်။ တိုင်းပြည်ပြုပြင် ပြောင်းလဲချိန်ရောက်မှာ မဟုတ်တော့ဘူး။ လူငယ်တွေဆီမှာသာ ဒီလိုပြုပြင်နိုင်တဲ့ စွမ်းရည်တွေ အချိန်တွေ အပြည့်အဝ ရနိုင်မယ်။ ဒါကြောင့် လူငယ် အကျိုးပြု ပြုပြင်ပြောင်းလဲရေးကိုသာ ဦးတည်လုပ်ခြင်းဖြစ်တယ်။ လူကြီးတွေဆီက လူငယ်တွေအတွက် တန်ဖိုးဖြတ်မရနိုင်တဲ့ အချက်တွေကိုလည်း ယူသင့်တာယူရမယ်" ဟု။

မှန်ပါသည်။

ကျွန်တော်တို့နိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက်လည်း ခေါက်ရိုးကျိုးနေသော လူကြီးများချည်းသွားနေ၍ မရသကဲ့သို့ အတွေ့အကြုံ နုနေသေးသော လူငယ်များချည်းလည်း သွား၍မရ။ သို့သော် လူကြီးများထံမှ ဆိုးတေ မွဲညစ်သော အတွေးအမြင်ဆိုးများကိုဖယ်၍ ကောင်းမွန်တော်တည့်မှန်ကန်သော အတွေးအမြင် ဆန်းများကို လူငယ်များထံ ဆင့်ကမ်း ပေးနိုင်ခဲ့လျှင်ကား လူငယ်သည် အားနှင့်အင်နှင့် စွမ်းရည်နှင့် တိုးတက်လတ်ဆတ်သော နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်ပေမည်ဖြစ်သည်။

တိုင်းပြည်အနာဂတ်ကောင်းဖို့အရေး လူငယ်များ အရည်အချင်းပြည့်မီဖို့ လိုအပ်လှပါသည်။ ကာယအား မည်မျှရှိစေကာမူ စက်မှုလက်မှု အတတ်ပညာမရှိလျှင် အနာဂတ်ကောင်းကို တည်ဆောက်နိုင်ဖို့ ခဲယဉ်းသည်။ ကျွန်တော်တို့နိုင်ငံတွင် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ စုံလင်စွာရှိသည်။ စက်မှု လက်မှုသာ ကျွမ်းကျင်လိမ္မာခဲ့လျှင် ကမ္ဘာ့အချမ်းသာ

ဆုံးနိုင်ငံပင် ဖြစ်နိုင်သည်။ သို့သော် သွားကြားထိုးတံပင် သူများနိုင်ငံက တကူးတကမှာယူနေရသည့် အခြေအနေဖြစ်သည့်တိုင် ကျွန်တော်တို့နိုင်ငံ၏ အတတ်ပညာ စက်မှုလက်မှု အသုံးချပညာက အောက်ကျ နောက်ကျ ကျန်နေခဲ့သည်။

ကြာပင်အောက်ကဖား ကြာဝတ်ဆံကို မစားရသကဲ့သို့ ကျွန်တော်တို့၏ သယံဇာတများ ကျွန်တော်တို့နိုင်ငံသားတို့ မစားကြရ။ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများမှာ ကျွန်ဖြစ်ရသည့်ကံပဲ မကုန်သေးသည်လားမသိ။ အတတ်ပညာချို့တဲ့သည့်အခါ ပြည်ပနိုင်ငံများက ပြည်တွင်းစက်ရုံ လာရောက် တည်ထောင်လည်း ကျွန်ခံကြရသည်။ အလုပ်သမားများ ချိုးနှိမ်ခံကြရသည်။ နေရာကောင်းမရကြ။ ပြည်တွင်းမှလူငယ်များ ပြည်ပသို့ သွားရောက်သည့် အခါတွင်လည်း ကျွန်ခံကြရသည်။ အချိုးနှိမ်ခံကြရသည်။ နေရာကောင်း မရကြ။

ထိုပြဿနာများဖြစ်ပေါ်နေရခြင်း၏ အဓိကကျသောအချက်သည် မြန်မာလူငယ်များ သိသင့် တတ်သင့်သော အတတ်ပညာ မရှိကြသော ကြောင့်သာ ဖြစ်သည်။ ပညာဆိုရာ၌ အတန်းပညာကို ဆိုလိုခြင်းမဟုတ်။ အသက်မွေးမှုအတတ် ပညာကို ဆိုလိုခြင်းသာဖြစ်သည်။ ပြည်ပရောက် အလုပ်သမားတစ်ဦးက ပြောပြဖူးသည်။ သူနေသည့် နိုင်ငံကို နိုင်ငံတော် တော်များများက အလုပ်သမားတို့ အလုပ်လုပ်ကြသည်။ ဆောက်လုပ်ရေး ရှိမည်။ ကုန်ထုတ်လုပ်ရေး ရှိမည်။ စိုက်ပျိုးရေး ရှိမည်။ မည်သည့်လုပ်ငန်းခွင်၌ ဖြစ်စေ မြန်မာအလုပ်သမားများသည် ဘယ်သောအခါမျှ လစာကောင်းကောင်း ခေါင်းဆောင်နေရာကမရ တစ်ထောင်တွင် တစ်ယောက်ရှိခဲသည်။ အောက်ခြေ အနှိမ်ခံ လစာနည်းနည်းရသည့်နေရာတွင်သာ နေရသည်။

နေရာကောင်းမရ၍ နေရာကောင်းမပေးရတန်ဟု အပြစ်ဆို၍ ကလည်းမရ။ အဘယ်ကြောင့်ဆိုသော် အခြားနိုင်ငံသား အလုပ်သမား အများစုမှာ ဆိုင်ရာလုပ်ငန်း ကျွမ်းကျင်မှုလက်မှတ်များ ပါသည်။ လုပ်ငန်း ကျွမ်းကျင်မှုလည်း ရှိသည်။ ဥပမာ ပန်းရံလုပ်သည်ဆိုပါစို့။ ဘိလပ် ဖျော်သည့်အခါ မြန်မာပန်းရံတွေက ဘိလပ်တစ်ဆ၊ ထုံးနှစ်ဆ၊ သဲသုံးဆဟု အလွယ်တကူ ဖျော်သည်။ ထိုရောပြွန်းမှု၏ ကာရှည်ခိုင်ခံ့မှုသည် နှစ်ပေါင်း မည်မျှရှိမည်။ လျှော့ဒဏ် မည်မျှခံနိုင်ရည်ရှိမည်ကို မသိ။ ပြင်ပ အလုပ် သမားများက ကိုယ်လုပ်မည့်လုပ်ငန်း၏ အခြေခံသဘောတရားကို ကျွမ်းကျင်

အောင် လေ့လာထားရာ ရောစပ်မှုကို ကီလို၊ စီစီ စသည် အတိအကျ တွက်သည် ရောစပ်မှုသည်မျှတွင် တိုက်သက်တမ်း ဘယ်လောက်သာ ကြာမည်၊ လျှပ်ဒဏ် မည်မျှသာ ခံမည်။ ကုန်ကျမှု သက်သာမည်။ ရောစပ်မှု ထိုမျှတွင် သက်တမ်းရှေရှည်ဖြစ်မည်။ လျှပ်ဒဏ် မည်မျှထိခံနိုင်သည်။ ကုန်ကျမှု ပိုမည်။ အတိအကျ တွက်ပြနိုင်သည်။

စိုက်ပျိုးရေးတွင်လည်း ထိုနည်းလည်းကောင်းပင်။ မြေဆီကျွေးမှု၊ အားဆေးတိုက်မှု၊ အချိန်ကာလမည်မျှတွင် သီးပွင့်နိုင်မှု အစစအရာရာ စနစ်တကျ ရှိသည်။ သည်တော့ နေရာကွာ လစာကွာတာ မဆန်း။ မြန်မာ အမျိုးစုများ ကိုယ့်နိုင်ငံတွင်း အခွင့်ရေး မရှိကြ။ အနေချောင် ငွေရလွယ်၍သာ ပြင်ပသို့ သွားရောက်လုပ်ကိုင်နေကြသည်။ တတ်၍ သိ၍ ပညာရှင်အနေဖြင့် သွားသည့်သူကား ရှားပေစွ။

ကျွန်တော်တို့နိုင်ငံတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း စက်မှုလက်မှု အတတ်ပညာပြည့်စုံသည့် လူငယ်များ များစွာလိုနေပါသည်။ ထိုသို့သော လူငယ်များ ပေါ်ပေါက်လာပါကလည်း နိုင်ငံတော်အနေဖြင့် ပံ့ပိုးဖို့ မြှောက်စားဖို့ လိုပါသည်။ ထိုလူငယ်များ အတွေးမှား အမြင်မှား အသိမှားများ ကင်းဝေးစေရန် လက်ရှိနိုင်ငံတော် အစိုးရအဖွဲ့အစည်းအပါအဝင် လူငယ့်ရှေ့ဆောင်များက စံပြကောင်းများ ဖြစ်အောင်လည်း ပြုလုပ်နေထိုင်ဖို့ လိုအပ်ပါသည်။ လက်ရှိစံသတ်မှတ်ခံထားရသော နယ်ပယ်အသီးသီးမှ လူများ၏ လုံ့လဝီရိယ၊ ပြောဆိုနေထိုင်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်တာနှင့် အကျင့်စာရိတ္တ မြင့်မားခြင်း ယဉ်ကျေးလိမ္မာခြင်းများ အဖက်ဖက်ကပြည့်စုံနေမှသာလျှင် လူငယ်များ လမ်းမှန်ပေါ်ရောက်နိုင်ပါသည်။

လူငယ်များတော်လာဖို့၊ တိုင်းပြည်ချမ်းသာတိုးတက်ဖို့၊ ယနေ့ လူသားအားလုံး ကောင်းမွန်သည့်စံနမူနာဖြစ်အောင် ပြုမူနေထိုင်ကြပါစို့ဟု နှိုးဆော်ပေးလိုက်ပါသည်။

**ချစ်ခင်လေးစား တန်ဖိုးထားလျက်**

ပီတိ(ပေကြီး)

✣

# မိမိအနာဂတ်လှပဖို့
# စိတ်ကူးလှလှ ဖန်တီးစို့

ဒေါးဒေါး(ဥက္ကလာ)

စာအုပ်အငှားဆိုင်များအစား တိုးပွားလာသည့်
ဂိမ်းဆိုင်များဆီသို့သာ ရောက်ကုန်ကြတော့သည်။
ထိုအကြောင်းရင်းများက အစပြုလို့ လူငယ်တို့၏
စွမ်းဆောင်ရည်များကို ကျဆင်းလာစေတော့သည်။
ယနေ့ခေတ် လူငယ်တွေဘဝ...

## မိမိအနာဂတ်လှပဖို့ စိတ်ကူးလှလှ ဖန်တီးစို့

လူငယ်တိုင်းမှာ အရွယ်အားဖြင့် သူတို့အတွေးအခေါ်တွေက လန်းဆန်း လတ်ဆတ်နေပြီးသား။ ထို့အတူ အတွေးအကြံတွေကလည်း ဆန်းသစ်နေပြီးသား ဖြစ်ကြသည်။ လူငယ်များအနေနှင့် ဒီလိုရှိပြီးသား မိမိရဲ့ အသိဉာဏ်ကို အသုံးချပြီး တိုးတက်ရာတိုးတက်ကြောင်း ကြိုးစားဖန်တီးနေဖို့ လိုအပ်သည်။ လူငယ်ဟု ဟလိုက်သည်နှင့် အများက မည်သို့ပင် မြင်မြင် ကျွန်မအနေနှင့် လူငယ်ထုတစ်ရပ်လုံးကို အင်အားတွေ၊ စွမ်းဆောင်မှုတွေ ဖြင့်သာ အမြဲတွဲမြင်မိတတ်သည်။ ခေတ်အဆက်ဆက်လူငယ်တို့အပေါ်လည်း ထိုသို့ပဲဖြစ်သည်။

ကျွန်မတို့ခေတ်အခါက လူငယ်အများစု၏အာရုံထဲတွင် မိမိကျောင်းအတွက်၊ မိမိမြို့နယ် ရပ်ကွက်အတွက် မည်သို့မည်ပုံ ဂုဏ်ဆောင်ပေးနိုင်မလဲ ဆိုသည့် အတွေးမျိုးတွေသာ ရှိနေခဲ့ကြသည်။ တကယ်လည်း ရပ်ကွက်အကျိုး သယ်ပိုးဆောင်ရွက်သည့်နေရာဖြစ်ဖြစ်၊ ကျောင်းအားကစား ပြိုင်ပွဲတွေမှာ ဖြစ်ဖြစ် လူငယ်တို့၏ စွမ်းဆောင်ရည်နှင့် အောင်မြင်မှုတွေကို မြင်တွေ့နေရသည်။

ကျွန်မတို့ဖြတ်သန်းခဲ့သော ငယ်ဘဝများတွင် ထိုသို့မြင်တွေ့ခဲ့ဖူးသဖြင့် ထိုစိတ်မျိုး၊ ထိုစွမ်းဆောင်မှုမျိုး မရှိသော ယနေ့လူငယ်အချို့ကို တွေ့လျှင် ကျွန်မ အားမလိုအားမရ ဖြစ်မိသည်။ လူငယ်အများစု ထိုသို့ဖြစ်လာကြခြင်းက ပုံစံမမှန်သည့် ပညာရေးစနစ်နှင့်ယနေ့ခေတ် အခြေအနေတွေကြောင့်ဟုလည်း ကျွန်မ ပြန်လည်သုံးသပ်မိပါသည်။ ပညာရေးစနစ်အရ ကျောင်းနေအရွယ် စရောက်ကတည်းက ကျောင်းမှာလည်း ကျောင်းစာနှင့်၊

ကျူရှင်ရောက်လည်း ကျူရှင်စာနှင့်မို့ သူတို့မှာ သီးခြားအားလပ်ချိန်ဆိုတာ မရှိပါ။

တစ်ဖန် ယခင်ခေတ် လူငယ်များလို မဟုတ်ဘဲ ရပ်ကွက်ထဲမှာ ဘောကန်၊ ခြင်းခတ် ကစားကြမယ်ဆိုပြန်လည်း ကစားစရာမြေနေရာ ဟူ၍ သူတို့အတွက် သတ်သတ်မှတ်မှတ် မရှိရှာပါ။ ထိုအခါ စာအုပ်အငှားဆိုင်များ အစား တိုးပွားလာသည့် ဂိမ်းဆိုင်များဆီသို့သာ ရောက်ကုန်ကြတော့သည်။ ထိုအကြောင်းရင်းများက အစပြုလို့ လူငယ်တို့၏ စွမ်းဆောင်ရည်များကို ကျဆင်းလာစေတော့သည်။ ယနေ့ခေတ် လူငယ်တွေဘဝ တိုးတက်ဖွံ့ဖြိုး အောင် စွမ်းဆောင်ခွင့်မရဘဲ ကြီးပြင်းလာခဲ့ရသော်လည်း အချိန်တန်သည့်အခါ ကျွန်မတို့ တိုင်းပြည် အနာဂတ်အတွက် အင်အားတစ်ရပ် ဖြစ်ကြရမှာက သူတို့ပဲဖြစ်သည်။ မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် ပခုံးပြောင်းတာဝန် ထမ်းဆောင်ရမှာလည်း ထိုလူငယ်များပဲ ဖြစ်သည်။

ယခုဆိုလျှင် ကျွန်မတို့နိုင်ငံ၌ တစ်နေ့တခြား ပျက်စီးလေလွင့် နေသော လူငယ်လူရွယ်တွေ များပြားလာသည်နှင့်အမျှ အမှုအခင်းတွေလည်း များပြားလာသည်။ ထိုသို့ဖြစ်ရခြင်း၏အကြောင်းကိုရှာလျှင် အဓိက မူးယစ် ဆေးဝါးမျိုးစုံကို ထုတ်လုပ်နေသော၊ ရောင်းချရန်ခိုင်းစေနေသော လူကြီးတွေ ရှိနေခြင်းကြောင့်ဟု ဟချင်သည်။ ယနေ့ဖြစ်ပေါ်နေသည့် ဒုစရိုက်မှုမျိုးစုံက အနည်းနှင့်အများဆိုသလို မူးယစ်ဆေးဝါး၏ နောက်ဆက်တွဲ အကျိုးဆက် များဟုလည်း စွပ်စွဲချင်သည်။ ဒုစရိုက်မှုတွေ တိုးပွားမလာအောင် မူးယစ် ဆေးဝါးနှင့် စီးပွားရှာစားသူတို့အား နိုင်ငံတော်ဘက်ကလည်း ထိထိရောက် ရောက် အရေးယူပေးဖို့ တာဝန်ရှိပါသည်။ ယခုလို မူးယစ်ဆေးဝါး၏ ပင်မ ရေသောက်မြစ်ကို မဖြတ်နိုင်သည့်အတွက် လူငယ်များဘဝမှာ လတ်ဆတ်သည့် သဘာဝလေကောင်းလေသန့်ကို ရှူရှိုက်ရမည့်အစား မူးယစ်ဆေးဝါးကို ရှူရှိုက်နေကြသည်။

ထို့အပြင် အရက်ဆိုင်များ မှိုလိုပေါက်နေခြင်းကြောင့်လည်း အရက် သေစာကို မှီဝဲသုံးဆောင်မိသူတွေ များပြားလာသည်။ ထိုသို့ လူငယ်တို့ဘဝ အကြောင်းအမျိုးမျိုးနှင့် ပျက်စီးခံနေကြသည်မှာ ရင်နာစရာကောင်းလှသည်။ တကယ်တော့ မျိုးဆက်သစ် လူငယ်များ လေလွင့်ဆုံးရှုံးနေခြင်းက ကျွန်မတို့ နိုင်ငံအတွက် သယံဇာတတွေ ဆုံးရှုံးတာထက်ကို များစွာ ထိခိုက်နစ်နာ လွန်းလှသည်။

ငယ်ရွယ်စဉ်အချိန်ကောင်းမှာ လူငယ်များအနေနှင့် မိမိရဲ့အသိဉာဏ်ကို အသုံးချပြီး တိုးတက်ရာတိုးတက်ကြောင်း ကြိုးစားဖန်တီးနေဖို့ လိုအပ်သည်။ ယနေ့ခေတ် ကာလတွင် နိုင်ငံတော်ဘက်ကလည်း တွေးခေါ်ဖန်တီးနိုင်စွမ်းရှိသည့် လူငယ်တွေ၏ အစွမ်းအစကို တစ်ဖက်တစ်လမ်းက အတတ်နိုင်ဆုံး မြေတောင်မြှောက် ပံ့ပိုးပေးနေပြီဖြစ်သည်။

ကျွန်မတို့နိုင်ငံက လူငယ်တွေ ဘဝကို တခြားနိုင်ငံများနည်းတူ တိုးတက်ပြောင်းလဲနိုင်ဖို့က အစိုးရနှင့်ပြည်သူ ထိုသို့ ဟန်ချက်ညီညီ ပြောင်းလဲမှသာ တိုးတက်နိုင်မှာဖြစ်သည်။ တချို့သောကျောင်းသားလူငယ်များက မိမိအစွမ်းကို နိုင်ငံရေးသမား၊ စီးပွားရေးသမားတို့၏ အသုံးချခံအဖြစ် တလွဲသုံးနေကြတာ တွေ့ရပါသည်။ ထိုသို့ မြင်ရသည့်အခါ မြန်မာတစ်မျိုးသားလုံးအတွက် သူတို့ဘဝကိုပေးဆပ်ပြီး စွမ်းဆောင်ခဲ့ကြသည့် တစ်ချိန်က တက္ကသိုလ်ကျောင်းသားကြီးတွေ အကြောင်း အနည်းငယ်ပြောပြချင်စိတ် ဖြစ်မိသည်။

ထိုအချိန်ကား ကိုလိုနီခေတ်ကာလ သူ့ကျွန်ဘဝက လွတ်မြောက်ရန် ဆရာစံပုန်ကန်တော်လှန်နေချိန် ဖြစ်သည်။ အင်္ဂလိပ်အောက်စဖို့တက္ကသိုလ်သမဂ္ဂမှ စံနမူနာပုံစံယူကာ ဖွဲ့စည်းတည်ဆောက်ထားသော တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ ဆောက်ပြီးကာစအချိန်လည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နယ်ချဲ့နှင့် လက်နက်အင်အားခြင်းမမျှ၍ ဂျွန်တပ်မှလယ်သမားကြီးများလည်း ရာနှင့်ချီ ဖမ်းဆီးခံနေရသည့်အခြေအနေ။ ထိုသူများအား ခေါင်းဖြတ်သတ်ပစ်သည်ဆိုသောသတင်းမှာ ကျောင်းသားလူငယ်ထု ရင်ထဲ အတော်ကို မခံမရပ်နိုင် ဖြစ်စေသည်။

ထိုသို့အမျိုးသားရေး စိတ်ဓာတ်နိုးကြားလာမှုကြောင့်ပဲ နတ်မောက်မှ ကိုအောင်သန်းနှင့်ကျောင်းသားရေးရာမှ ကိုနုတို့ကျောင်းသား လူငယ်တစ်သိုက်သည် နယ်ချဲ့ကို ဘယ်လိုပြန်တော်လှန်ကြမလဲဟု သမဂ္ဂအဆောက်အဦတွင် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ နိုင်ငံခြား အသုံးအဆောင်များ အသုံးမပြုရန်၊ ပင်နီအင်္ကျီ ပိန်းတန်းဖိနပ်နှင့် အိမ်တော်ရာထီး စသော ပြည်တွင်းဖြစ်သာ သုံးစွဲပြီး ကျောင်းတက်ကြရန်၊ ဆံပင်ညှပ်တာကအစ ဗမာဆံသဆိုင်တွင်သာ ညှပ်ကြရန်စသဖြင့် မိမိတို့ တတ်စွမ်းသည့်နည်းနှင့် လူငယ်ထုကို နှိုးဆော်စည်းရုံးခဲ့ကြသည်။

မြန်မာတွေ အခုလို အရေးနိမ့်ရခြင်းမှာ မြန်မာပြည်ကို ကာကွယ်နိုင်မည့်တပ်ဖွဲ့ မရှိခြင်းကြောင့်ဟု သူတို့ယူဆကြသဖြင့် တပ်ဖွဲ့တစ်ခု

ဖွဲ့နိုင်ရန်လည်း ကြိုးစားနေကြသည်။ ထို့အတွက်ကြောင့် တချို့ကျောင်းသားများမှာလည်း အလေးမတာတွေ ဘာတွေပြုလုပ်၍ မိမိကိုယ်ကို ကြံ့ခိုင်သန်စွမ်းအောင် လေ့ကျင့်လာကြသည်။ တချို့ကလည်း ဝိုင်အမ်ဘီ သခင်တင်ရေးစပ်ပေးထားသော 'ဒို့ဗမာသီချင်း' ကို တယော၊ မယ်ဒလင် စသည်တို့နှင့် သီချင်းတိုက်လေ့ကျင့်ကာ အမျိုးသားရေးအတွက် စုပေါင်းလှုပ်ရှားနေကြသည်။ ထိုအခြေအနေမျိုးမှာ ဆရာစံဘက်ကလည်း တစ်ပြည်လုံး တစ်ပြိုင်နက် အုံကြွတော်လှန်ရန် စီစဉ်လျက် ရှိသည်။

ထိုသို့ စီစဉ်ခဲ့ရာမှ အချိန်းအချက် ပျက်ကာ သာယာဝတီခရိုင်တစ်ခုတွင်သာ အုံကြွမှုဖြစ်ပွားခဲ့သည့်အခါ အင်္ဂလိပ်တို့ဘက်မှ အင်အားသုံးဖြိုခွင်းခြင်းကို ခံလိုက်ရသည်။ ထို့ကြောင့် ဆရာစံလည်း ရှုပ်ဖျက်ပြီး ရှမ်းပြည်ဘက်မှာ တပ်သားသစ်များ လိုက်လံစုဆောင်းနေရ၏။ ထိုအချိန်နေရာတိုင်းလိုလိုမှာလည်း ဆရာစံကို အသေရရ အရှင်ရရ ဖမ်းဆီးနိုင်ပါကဆုငွေငါးထောင် ပေးသနားမည်ဟု ကြော်ငြာစာများ ကပ်ထားတာ တွေ့ရသည်။

တစ်နေ့ ရိက္ခာထွက်ဝယ်သော ဆရာစံ၏တပည့် ဂဠုန်တပ်သား ဦးဖိုးကာကို ရွာသူကြီးက မသင်္ကာ၍ ဖမ်းဆီးလိုက်သည်။ ထို့နောက် ဆရာစံခိုအောင်းနေသည့်နေရာကို လိုက်လံမပြပါက သူ့မိသားစုကိုပါ သတ်ပစ်မည်ဟုခြိမ်းခြောက်သဖြင့် ဆရာစံလည်း အမိခံလိုက်ရတော့သည်။ ဆရာစံအားသာယာဝတီထောင်တွင် ကြိုးပေးသတ်ရန် ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသည်။ ကြိုးစင်ပေါ်တက်ခါနီး၌ 'အမျိုးဘာသာ သာသနာပညာ ကြီးပွားကြောင်းဆောင်ရွက်လို့ ယခုကဲ့သို့ ကြုံတွေ့ရတာကို သုခချမ်းသာခြင်းလို့ မှတ်ပါတယ်။ ဖယ်ပေးကြ၊ ငါ့ဘာသာတက်မယ်' ဟုဆိုကာ သူ့အား တွဲကိုင်ထားသောအကျဉ်းသားနှစ်ယောက်ကို တွန်းဖယ်ပြီး ကြိုးစင်ပေါ်သို့ တက်သွားသည်။

ဆရာစံသည် သူ့ကိုကြည့်နေသည့် ပြည်သူများဘက်သို့လည်း လှည့်နှုတ်ဆက်ကာ 'ဖြစ်လေရာဘဝတွင် အင်္ဂလိပ်ကိုနိုင်တဲ့ ကိုယ်ဖြစ်ရပါလို၏' ဟု ဆုတောင်းသွားခဲ့လေသည်။ ဆရာစံကွယ်လွန်ခဲ့ချိန်တွင် သူရိယတိုက်မှာရေးခဲ့သော ဆရာစံ၏လက္ခဏာဗေဒဆေးကျမ်းစာမူများက မထုတ်ရသေးဘဲကျန်ရှိနေခဲ့သည်။ ထို့ကြောင့် အယ်ဒီတာအဖွဲ့ဝင် ကိုထွန်းဖေက ထိုငွေနှင့်ဆရာစံအတွက် ပိဋကတ်တိုက် အထိမ်းအမှတ် လုပ်ပေးခဲ့သည်။ ပိဋကတ်တိုက်ကို သီးခြားအဆောက်အဦနှင့် မထားနိုင်သဖြင့် ကိုထွန်းဖေ၏အိမ်မှာပင်စာအုပ်ဗီဒိုများဖြင့် ထားရှိခဲ့ရသည်။ ထိုပိဋကတ်တိုက်တွင် မြန်မာစာအုပ်များ

သာမက အင်္ဂလန်မှ မှာယူသော စာအုပ်များကိုပါ ဝယ်ယူစုဆောင်းထားခဲ့သည်။ ကိုထွန်းဖေအိမ်မှ ထိုစာအုပ်များကို ဒို့ဗမာအစည်းအရုံးဝင် လူငယ်များဖြစ်သော ကိုအောင်ဆန်း၊ ကိုစိုး၊ ကိုသန်းထွန်းတို့က မပြတ်ငှားဖတ်ကြသည်။ လွတ်မြောက်ရေးအကြောင်း၊ ဒီမိုကရေစီအကြောင်း၊ အလုပ်သမား လယ်သမားလူတန်းစားအကြောင်းများကို လေ့လာဆွေးနွေးကာ သူ့ကျွန်ဘဝက လွတ်မြောက်နိုင်ဖို့ အားထုတ်ရေး ကြိုးပမ်းနေလေ၏။

ဗိုလ်ချုပ် ကဲ့သို့သော စံပြလူငယ်များ၏ အစွမ်းအစကြောင့် မြန်မာပြည်ကြီး လွတ်လပ်ရေး ရလာခဲ့ရသည်။ မိမိနိုင်ငံ မိမိလူမျိုးအတွက် ထိုသို့ ဗိုလ်ချုပ်တို့ လူငယ်ပီပီ စွမ်းဆောင်နိုင်ခဲ့ကြလေ၏။ ယနေ့ကျောင်းသားလူငယ်များသည်လည်း ထိုသူတို့ကိုအတုယူအားကျပြီး မိမိတိုင်းပြည် တိုးတက်ကြီးပွားရေးမျိုးကိုသာ အားစိုက်ကြိုးပမ်းစေချင်သည်။

လူတစ်ဦးတစ်ယောက်၏ ခံယူချက်အယူအဆနှင့် ပတ်သတ်၍ ဆရာကြီး နန္ဒာသိန်းဇံ ပြောခဲ့ဖူးသည့် အကြောင်းအရာတချို့ကို ကျွန်မ အနည်းငယ် မျှဝေပေးချင်သည်။ လောကကြီး၌အကြီးကျယ်ဆုံးသော အရာကြီး သုံးခုရှိသတဲ့။ ထိုသုံးခုထဲမှ ပထမဆုံးကြီးကျယ်သည့်အရာက ထုထည်ကြီးမားသော ရောမတောင်ကြီးများ ဖြစ်သည်။ ဒုတိယကြီးကျယ်သည့်အရာမှာ မိုင်နှင့်ချီပြီး နက်ရှိုင်းသော သမုဒ္ဒရာကြီးများဖြစ်သည်။

နောက်ဆုံး ကြီးကျယ်သည့် အရာကတော့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စိတ်ကူးဉာဏ်ထုတ်နေသော အတွေးအကြံများဖြစ်သည်။ လူတစ်ဦးတစ်ယောက် ကြံဆနေသည့်စွမ်းပကားက ရှေ့တွင်ပြောခဲ့သော တောင်ကြီးများ၊ သမုဒ္ဒရာကြီးများထက် ပို၍နက်ရှိုင်း ကြီးကျယ်လွန်းသည်။ အကြောင်းမှာ ထိုသူ တွေးထုတ်လိုက်သော သူ့စိတ်ကူးများပေါ်မှာမူတည်၍ လူ့ဘောင်လောကကြီးတစ်ခုလုံး ကောင်းခြင်း၊ ဆိုးခြင်းတွေ လိုက်လံပြောင်းလဲသွားစေနိုင်လို့ပဲ ဖြစ်သည်။

လူပုဂ္ဂိုလ်ထဲက အမြင့်မြတ်ဆုံးသော လူသားဖြစ်သည့် ဂေါတမဗုဒ္ဓအကြောင်းကိုပဲ ကျွန်မတို့ သာဓကအနေနှင့် ပြန်စဉ်းစားကြည့်ရအောင်။ ဘုရားမဖြစ်ခင် သိဒ္ဓတ္ထမင်းသားဘဝမှာ အမှန်တရားဆိုတာ ဘယ်အရာလဲဟု အကြီးအကျယ် သူ တွေးတောနေခဲ့သည်။ ထိုအတွေးတစ်ခုမှအစပြုပြီး ဥရုဝေလတော၌ တကယ့်ကို အင်တွေအားတွေနှင့် ဒုက္ခဆင်းရဲခံပြီး ၆ နှစ်လုံးလုံး အမှန်တရားကိုရအောင် သွားရှာနေခဲ့၏။ သူ ဘာကြောင့် ထိုသို့ လုပ်နေရ

သလဲဆိုတာကို အဖေဖြစ်သူလည်း နားမလည်။ သူပြည်သူပြည်သားတွေလည်း နားမလည်။ တစ်လောကလုံးကလည်း နားမလည်နိုင်ခဲ့ကြသည့် အဖြစ်တစ်ခု ပါပဲ။ ဒါပေမဲ့ ထိုလူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ကူးဉာဏ် စေစားချက်ကနေ ရှာဖွေ တွေ့ရှိလာခဲ့သောအရာက ကောင်းမွန်လှသည့် အယူအဆ အမှန်တရားတစ်ခု ဖြစ်နေခဲ့သည်။ ထိုအမှန်တရားမှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာသွားသည့်တိုင် ယနေ့အချိန်ထိ လူသားတိုင်းအပေါ် အကျိုးပြုနေဆဲ ဖြစ်သည်။ ရဟန်းသံဃာတို့ ကိုယ်တိုင်လည်း အားကိုးကျင့်ကြံနေရမြဲ ဖြစ်သည်။

ထိုကဲ့သို့ ကြောက်စရာကောင်းလောက်အောင် ကြီးကျယ်လွန်းသည့် လူသားများ၏အတွေးအကြံတို့က ကောင်းရင်ကောင်းသလို၊ ဆိုးရင် ဆိုးသလို ပြောင်းလဲမှုလည်း ရှိတတ်ပြန်သည်။ ထိုအကြောင်းကိုတော့ အတွေးအခေါ် ပညာရှင် ကားမာ့ခ်နှင့်ပမာပြပြီး ဖော်ပြချင်ပါသည်။ ကားမာ့ခ်ကလည်း လောကကြီးကို သူ ဘယ်လိုများ ပြောင်းလဲပေးနိုင်မလဲဆိုသော စိတ်ကူးနှင့် အနက်ရှိုင်းဆုံး တွေးကြံနေခဲ့သူဖြစ်သည်။

လောကကြီးမှာ ပဋိပက္ခနှင့်ဒုစရိုက်မှုများ ဖြစ်ပေါ်နေခြင်းက ဆင်းရဲ ချမ်းသာကွာဟမှုတွေ၊ ဓာတ်နိမ့်ဓာတ်မြင့် အဆင့်အတန်း ကွာဟမှုတွေ ရှိနေခြင်းကြောင့်ဟု သူ ယုံကြည်ထားသည်။ ထိုအယူအဆအတိုင်း လူသားတိုင်း စည်းစိမ်ချမ်းသာ ပိုင်ဆိုင်မှုခြင်း၊ အဆင့်အတန်းခြင်း တူညီစွာ ဖြစ်တည်နေသော လူ့ဘောင်လောကကို ဖန်တီးပေးမည်ဆိုသည့်အတွေးနှင့် ကျမ်းကြီး တစ်စောင်ကို ပြုစုရေးသားနေခဲ့သည်။ နောက်ဆုံး ၁၈၄၈ ခုနှစ်တွင် သိပ်ကို ကြီးကျယ်သည့် ကွန်မြူနစ်ဝါဒအရင်းကျမ်းကြီးတစ်စောင် ထွက်ပေါ် လာခဲ့သည်။ ထိုစာအုပ်ကြီးထွက်ပြီးနောက်ပိုင်း သူ့ရဲ့မာ့ခ်ဝါဒလမ်းစဉ်ကို လိုက်နာကျင့်သုံးသူတွေလည်း များပြားလာခဲ့သည်။ သို့ပေမဲ့ ထိုခေတ်အခါက တစ်ဖက်မှာလည်း အရင်းရှင်စနစ်ကြီးက ရှိနေခဲ့သည်။ ထို့ကြောင့်ပဲ အရင်း ရှင်နှင့် သူ့၏ကွန်မြူနစ်ဝါဒကြား ပဋိပက္ခများဖြစ်ကာ လူ့လောကကြီးမှာလည်း အကြီးအကျယ် ဂယက်ရိုက်မှုတွေ တွေ့ကြုံရတော့သည်။

ထိုသို့သော လူသားတစ်ဦး၏ ကြီးကျယ်သည့် အတွေးတစ်ခုတွင် ပြင်းထန်သော နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ရှိနေတတ်ကြသည်။ ရူပဗေဒပညာရှင် အိုင်းစတိုင်း ဆိုလည်း ထို့အတူပဲဖြစ်သည်။ သူ၏အိမ်ခန်း မှုန်ကုပ်ကုပ်လေးထဲ၌ သူ့ယုံကြည်မှုနှင့်သူ ဦးနှောက်ကို စေစားနေခဲ့သည်။ သူ့အခန်း၏ ညာဘက်မှာ တန်ရဲ့ဓာတ်ပုံကို ချိတ်ထားသည်။

ဘယ်ဘက်က စားပွဲတိုတိုလေးပေါ်မှာက ရှုပဗေဒ ကျာနယ်လေး နှစ်အုပ် သုံးအုပ် တင်ထား၏။ အခန်းအလယ်က အရောင်မှိန်နေသော စားပွဲ တစ်လုံးပေါ်မှာတော့ စာရွက်အပိုင်းအစတချို့နှင့် ခဲတံအတိုလေးတချို့ ရှိနေသည်။ တစ်ခါတစ်ခါ နံရံမှာချိတ်ထားတဲ့ တယောပြားလေးကိုလည်း တွေ့ရ တတ်သည်။ ထိုအရာတို့မှလွဲ၍ သူ့ဆီမှာ တခြား ဘာဆိုဘာမှကို နယ်နယ်ရရ မရှိ။ ဒါပေမဲ့ အိုင်းစတိုင်း ဘာလုပ်နေသလဲဆိုရင် သိပ်ကြီးကျယ်သည့် အရာတစ်ခုကို တွေးတောနေတာ ဖြစ်သည်။ e=mc 2 ဆိုသော အီကွေးရှင်း တစ်ခုမှန်ဖို့ကို သူ့အခန်းလေးထဲမှာ တကုပ်ကုပ်နှင့် သူ စဉ်းစားလို့နေသည်။

*

ထိုအီကွေးရှင်းအရ ဒြပ်ထုတစ်ခုကို အလင်းအလျင် နှစ်ထပ်ကိန်းနှင့် မြှောက်လျှင် စွမ်းအင်ရ၊ မရ တွေးနေသော သူ့စိတ်ကူးလေးက သိပ် ကြောက်စရာကောင်းသည့် စွမ်းပကားတွေပါ ရှိနေသည်။ အကြောင်းမှာ ထိုအီကွေးရှင်းက အနုမြူဗုံးကွဲခြင်း၏ အခြေခံအစဖြစ်နေခြင်းပင်။ ထို့ကြောင့် လူတစ်ဦးထံမှ ကြီးကျယ်သည့် စိတ်ကူးစိတ်သန်းများကနေ ကြောက်စရာ ကောင်းသည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေချင်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ကူးအကြံအစည်များက ထိုကဲ့သို့ ကြီးမားသော အကျိုးသက်ရောက်မှုများ ရှိနေကြသည်။ အကယ်၍များ ကျွန်မတို့ လူသားတွေအနေဖြင့် မထင်ရင်မထင်သလို မကောင်းတာ လုပ်ကြ စတမ်းဆိုရင် ကျွန်မတို့နေထိုင်နေသောဟာ ဒီကမ္ဘာကြီးလည်း ပျက်စီးသွားမှာ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် လူ၏ဦးနှောက် အသိဉာဏ်စေစားမှုကနေပဲ ထွက်ထားသည့် ဗုံးတွေ၊ ဟိုက်ဒရိုဂျင်တွေ၊ အဏုမြူဗုံးတွေက ကြီးကျယ် ပါပေ့ဆိုသော တောင်ကြီးတွေကိုလည်း အမှုန်အမွှားဖြစ်အောင်၊ နက်ရှိုင်း ကျယ်ပြန့်ပါပေ့ ဆိုသည့် ပင်လယ်သမုဒ္ဒရာကြီးတွေကိုလည်း ခမ်းခြောက် သွားအောင် လုပ်နိုင်စွမ်းရှိသောကြောင့် ဖြစ်သည်။ ထိုသို့ဆိုလျှင် ဘယ်လို အတွေးမျိုးနှင့် မိမိစိတ်ကို စေစားနေမလဲဆိုသည့်အချက်က ကိုယ့်အသိတရား ပေါ်မှာသာ မူတည်ကြောင်း ထင်ရှားနေပြီဖြစ်သည်။

ယနေ့ ကျွန်မတို့နိုင်ငံမှာ မကောင်းမှုဒုစရိုက်မျိုးစုံက တစ်နေ့တစ်မျိုး မရိုးရအောင် ဖြစ်ပေါ်လျက် ရှိနေသည်။ ပညာမဲ့ပဲဖြစ်ဖြစ်၊ ပညာတတ်ပဲ ဖြစ်ဖြစ်။ ဆင်းရဲရဲ၊ ချမ်းသာသာ အဓိက လူတစ်ဦးတစ်ယောက်၏ သူ့အတွေး

အကြံတိုင်းဟာ စိတ်ကူးကောင်းများဖြစ်နေဖို့သာ လိုသည်။ အယူအဆကောင်းများလည်း ဖြစ်နေဖို့ အရေးကြီးသည်။ မကောင်းသော အဖြစ်အပျက်အားလုံးမှာ မကောင်းသော အယူအဆတစ်ခု၊ မကောင်းသော အတွေးအကြံတစ်ခု၏ စိတ်စေစားမှုကနေပဲ စတင်ပေါက်ဖွားသည်။

ထို့ကြောင့် မိမိတွေးခေါ်နေသည့် အယူအဆ၊ ခံယူချက်တစ်ခုသည် မိမိနှင့် မိမိပတ်ဝန်းကျင်အကျိုးအတွက်သာမက လူ့ဘောင်လောကကြီးတစ်ခုလုံး အတွက်ကိုပါ များစွာပြောင်းလဲနိုင်စွမ်း ရှိနေသည်။ ထိုအချက်ကိုသိရင် ကျွန်မတို့ လူ့ပတ်ဝန်းကျင်ကောင်းကျိုးကို ဦးတည်ဖန်တီးမလား။ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ဖျက်ဆီးမလား။

မိမိဖြစ်စေချင်သလို ရွေးချယ်ဆုံးဖြတ်ခွင့်ရှိသည်။ သေချာသည်ကတော့ ယနေ့ တိုးတက်အောင်မြင်နေသည့် လူသားတိုင်းက ကောင်းမွန်သည့်အတွေးအခေါ်၊ ကောင်းမွန်သည့်အယူအဆများအောက်မှာ တည်ရှိနေသောသူများသာ ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်များအနေနှင့် မိမိအနာဂတ်လှပစေလျှင် မိမိအတွေးများကိုလည်း လှပအောင် ဖန်တီးကြပါဟု ဆော်ဩတိုက်တွန်းလိုက်ရပါသည်။

အေးအေး (ဥက္ကလာ)

✣

လူငယ်များနှင့် အနာဂတ်ကမ္ဘာ၊ ဆောင်းပါးပြိုင်ပွဲ
ပထမဆုရ စာမူ

# ခေတ်နှင့် လူငယ်

သာကီနွယ်(နတ်မောက်)

'ငါတို့သည် သည်အသက်သည်အရွယ်တွင်
ငါတို့နိုင်ငံအတွက်၊ ငါတို့လူမျိုးအတွက်၊
ငါတို့ဘာသာသာသနာအတွက်၊ ငါတို့မြို့နယ်၊
ငါတို့ရပ်ကွက်၊ ငါတို့ကျေးရွာ၊
နောက်ဆုံး ငါတို့မိသားစုအသိုင်းအဝိုင်းအတွက်
ဘာတွေ ဘယ်လောက် ဆောင်ရွက်ပေးပြီးပြီလဲ...

# ခေတ်နှင့် လူငယ်

သတ္တဝါဟူသမျှတို့သည် မွေးဖွားပြီးလျှင် သေဆုံးရမည်မှာ မည်သူမှ ရှောင်လွှဲ၍မရသော သဘောတရားပင် ဖြစ်ပါသည်။ သေခြင်းနှင့် ရှင်ခြင်း အကြားဝယ် လှုပ်ရှားရုန်းကန်နေရခြင်းကိုပင် ဘဝဟု ခေါ်ဆိုရပါသည်။ ရခဲလှစွာသောဘဝတစ်ခုကို အကြမ်းဖျင်းချ၍ ကြည့်မည်ဆိုပါလျှင် ပညာရှာခြင်း၊ ကြင်ယာရှာခြင်း၊ ဥစ္စာရှာခြင်း၊ သေဆုံးခြင်းဟူသော ဘဝတစ်ခု၏ ယေဘုယျသဘောကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တကောင်းခေတ်၊ ပျူခေတ်၊ ပုဂံခေတ် အစရှိသည်ဖြင့် ခေတ်များစွာ ရှိပါသည်။ အသစ်အသစ်တို့ တိုးတက်ဖြစ်ထွန်း၍ ခေတ္တခဏသာ တည်သောကာလကို 'ခေတ်' ဟုခေါ်ဆိုသော် သင့်မည်ထင်ပါသည်။ လူအနည်းစုက စတင်တီထွင်ဖန်တီးသော အပြုအမူ အပြောအဆို အယူအဆများကို လူအများစုက လိုက်နာကျင့်သုံး အတုယူသည်မှ အစပြု၍ ခေတ်တစ်ခု ဖြစ်ပေါ်လာရပါသည်။

ခေတ်တစ်ခု တည်ထောင်ရာတွင်လည်း နတ်ဗြဟ္မာများနှင့် မည်သည့်တန်ခိုးရှင်ကမျှ တည်ထောင် ဖန်ဆင်းခဲ့သည် မဟုတ်ပါ။ အရည်အချင်းရှိ၍ ခေတ်၏အရှင်သခင် ဖြစ်ထိုက်သော လူသားတို့သည်သာလျှင် တည်ထောင် ဖန်ဆင်းခဲ့ကြပါသည်။

ထိုသို့ တည်ထောင်ဖန်ဆင်းရာတွင်လည်း အကျိုးရှိသော တည်ထောင်ဖန်ဆင်းခြင်း၊ အကျိုးမရှိသော တည်ထောင်ဖန်ဆင်းခြင်း ဟူ၍ ရှိပါသည်။ အကျိုးရှိခြင်း၊ မရှိခြင်းကိုမူ လက်ခံသုံးစွဲသူ ခေတ်၏ ကျေးကျွန်ဖြစ်သော နောက်လိုက်များကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

ခေတ်၏နောက်သို့လိုက်သူ အားလုံးကို ခေတ်၏ကျေးကျွန်ဟူ၍ မဆိုလိုပါ။ ခေတ်တစ်ခုကိုတည်ထောင်ဖန်ဆင်း၍ ဖန်ဆင်းသည့်အတိုင်းလည်း အကျိုးရှိမည်ဆိုပါလျှင် ထိုခေတ်ကို ဖန်ဆင်းသောပုဂ္ဂိုလ်၏ နောက်သို့လိုက်ခြင်းဖြင့် မိမိအတွက်ရော လောကအတွက်ပါ အကျိုးယုတ်ခြင်း မရှိနိုင်ပါ။

ဥပမာဆိုရပါလျှင် အသောကမင်းတရားကြီးသည် သူ့ခေတ်ကို တည်ထောင်ခဲ့၍ ထိုအသောကမင်းတရားကြီး၏ နောက်သို့လိုက်ခဲ့ကြသော မိမိတို့လူသားအားလုံး ငြိမ်းချမ်းမှုနှင့် ဓမ္မတရားတော်များကို သိရှိခံစားခဲ့ကြရပါသည်။ ပုဂံခေတ် အရည်းကြီးများကဲ့သို့သော မကောင်းသောအယူရှိသူများ တည်ထောင်သော ခေတ်၏နောက်သို့ လိုက်ကြသောသူများသည် မကောင်းသော ဒုဂ္ဂတိဘဝများသို့ ရောက်ရှိခံစားကြရပါသည်။ ထိုကဲ့သို့သော ခေတ်တစ်ခေတ်ကို ဖန်တီးသောပုဂ္ဂိုလ်၏ အပြုအမူအယူအဆများကို စဉ်းစားတွေးခေါ်ခြင်းမရှိဘဲ မျက်လုံးစုံမှိတ်၍လိုက်သူများကိုသာ ခေတ်၏ကျေးကျွန်ဟူ၍ ဆိုလိုပါသည်။

လူငယ်ဟူသည်မှာလည်း ခေတ်နှင့်ကင်း၍မရသော သတ္တဝါဖြစ်၍ ခေတ်၏တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းသည်လည်း လူငယ်တို့နှင့်များစွာ သက်ဆိုင်၍ နေပါသည်။ ဖွံ့ဖြိုးတိုးတက်နေသော ယခုလိုခေတ်မျိုးဝယ် ခံစားစရာ အာရုံများသည်လည်း ပေါများလှပါသည်။ ထိုအာရုံများနောက်သို့သာ လိုက်နေမည်ဆိုပါလျှင် တန်ဖိုးရှိသောလူငယ်ဘဝသည် ခေတ်၏ ကျေးကျွန်အဖြစ်နှင့် အဆုံးသတ်၍ သွားပါလိမ့်မည်။ ခေတ်နှင့်အညီ တိုးတက်နေသော အသိပညာအတတ်ပညာများကို မျက်ကွယ်ပြုရမည်ဟု မဆိုလိုပါ။

'တတ်ကောင်းတတ်ရာ ဟူသမျှကို ကြားမြင်သုတ ရှိပါစေ' ဟူသော မင်္ဂလာ တရားတော်နှင့်အညီ သိသင့်သိထိုက် တတ်သင့် တတ်ထိုက်သော အသိပညာ အတတ်ပညာများကို သင်ကြားဆည်းပူးရပါမည်။ ခံစားစရာ အာရုံများသည် အဆုံးမရှိသောကန္တာရကြီးဖြစ်၍ ထိုကန္တာရထဲဝယ် လမ်းလျှောက်ရင်း တန်ဖိုးရှိသောလူငယ်ဘဝ ကုန်ဆုံးသွားမည်ကို မလိုလား၍ ထိုအာရုံများနောက်သို့ မလိုက်စေလိုခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့် တန်ဖိုးရှိသော လူငယ်ဘဝဟု ဆိုသနည်းဟူမူ လူငယ်ဘဝတွင် သွားချင်သောနေရာသို့ သွားနိုင်သည်။ စားချင်သောအစားအစာကို စားသုံးနိုင်သည်။ လုပ်ချင်သော အလုပ်ကို လုပ်နိုင်သည်။ ဉာဏ်ထက်သောအရွယ်ဖြစ်၍ သင်ယူချင်သော ပညာကိုသင်ယူနိုင်သည်။ လောကဓာတ်ဓာကြောက်မှုကြည့်လျှင်လည်း ငယ်ငယ်

ရှယ်ရှယ်နှင့် တရားအားထုတ်သောသူများသည် တရားထူးတရားမြတ်များကို လျင်မြန်စွာရရှိခံစားနိုင်ပါသည်။ ထို့ကြောင့် တန်ဖိုးရှိသော လူငယ်ဘဝဟူ၍ ဆိုခြင်းဖြစ်ပါသည်။ ထိုလူငယ်ဘဝသည်လည်း အမြဲတမ်းတည်တံ့နေမည် မဟုတ်ပါ။ အခိုက်အတန့်လေးသာ ရှိခြင်း ဖြစ်ပါသည်။

'ငွေကို အချိန်ဖြင့် ဝယ်ယူ၍ရသည်။ အချိန်ကို ငွေဖြင့် ဝယ်ယူ၍ မရ' ဟု ရှိတ်စပီးယားက ဆိုဖူးပါသည်။ 'အချိန်နှင့်ဒီရေသည် လူကိုမစောင့်' ဟူသော ဆိုရိုးစကားလည်း ရှိပါသည်။ သို့ဖြစ်၍ မိမိတို့သည် တန်ဖိုးရှိသော လူငယ်ဘဝကိုလည်း ရရှိခဲ့ပါပြီ။ တန်ဖိုးရှိသော လူငယ်ဘဝတွင် တန်ဖိုးရှိသော အချိန်ကို အဘယ်သို့ အသုံးချမည်နည်း။

မိမိတို့သည် ငါးနှစ်အရွယ် ကလေးငယ်ဘဝမှစတင်၍ စာပေပညာများကို သင်ကြားဖတ်ရှုလေ့လာခဲ့ကြပါသည်။ အဘယ့်ကြောင့် သင်ကြားဖတ်ရှု လေ့လာခဲ့ကြပါသနည်း။ အတန်းပညာများ တစ်တန်းပြီးတစ်တန်း အောင်မြင် ပြီးမြောက်ခြင်းဟူသော အကြောင်းတစ်ခုတည်းကြောင့် သင်ယူခဲ့ကြသည် မဟုတ်ပေ။ 'ပညာသည် လူ၏ဉာဏ်ကို တိုးချဲ့ရုံသာမဟုတ်၊ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ ရာဇဝင်ကို သိရုံမဟုတ်၊ ရာဇဝင်ကိုဖန်တီးရမည်။ လောကအကြောင်းကို နားလည်စေရုံသာမဟုတ်။သည့်ထက်ကောင်းသော လောကအသစ်ကို ဖန်တီးနိုင်စေရမည်' ဟု ဗိုလ်ချုပ်အောင်ဆန်းက သူ၏ပညာရေးခံယူချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

**'မည်သူ့ကိုမျှ၊ အညှာကြနှင့်၊ မိဘဆရာ၊ ဖြစ်စေကာလည်း၊ သူဟာဗာလ၊ ပဏ္ဍိတဟု၊ ကျနခွဲလစ်၊ တွေတိုင်းစစ်၊ စနစ်ကျစေကွဲ့'** ဟူ၍ မဟာဂန္ဓာရုံဆရာတော်ကြီးသည်လည်း ရေးသားစပ်ဆို ညွှန်ကြားဆုံးမတော်မူခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ပညာသင်ကြားရာတွင် အကြောင်းအကျိုး အကောင်းအဆိုးနှင့် ဟုတ်မဟုတ်မှန်မမှန်ကို ဝေဖန်ခွဲခြားသိတတ်ဖို့ရာအတွက် သင်ကြားဖတ်ရှု လေ့လာခဲ့ကြပါသည်။ ယခုအချိန်တွင် စဉ်းစားတွေးခေါ်တတ်သော ပညာများနှင့် အတန်အသင့် ပြည့်စုံနေပြီဟူ၍ ဆိုရပါမည်။

လူငယ်ဟူသည်မှာ အသိဉာဏ် ထက်မြက်စူးရှ တက်ကြွသူများဖြစ်၍ အမျိုးဘာသာသာသနာနှင့် နိုင်ငံအကျိုးကို သည်ပိုးထမ်းရွက်ထိုက်သောသူများ ဖြစ်ပါသည်။ မင်္ဂလသုတ်တော်တွင် **'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့**

**သမီးတို့တာ**' ဟူ၍ ဟောတော်မူခဲ့ပါသည်။ မိမိတို့သည် အမိမြန်မာနိုင်ငံတော်၏ သားသမီးများဖြစ်ကြ၍ မြန်မာနိုင်ငံ၏အမွေအနှစ်ဖြစ်သော အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုနှင့် မြေကို စောင့်ရှောက်ရမည့်တာဝန်မှာ သားသမီး တိုင်း၏ တာဝန်ဖြစ်ပါသည်။

အဘယ့်ကြောင့် စောင့်ရှောက်သင့်ပါသနည်း ဆိုသော် မိမိတို့၏ အမျိုးအနွယ်သည် ဇာတိပုညဂုဏ်မာနတို့ဖြင့် ဝင့်ထည်၍ သမိုင်းအစဉ်အလာ ကောင်းသော လူမျိုးဖြစ်ပါသည်။ ဤမြန်မာ့မြေပေါ်ဝယ် ကမ္ဘာတွင် အကောင်းဆုံးဘာသာဖြစ်သည့် ဗုဒ္ဓဘာသာသည် ဖြစ်ထွန်းတည်ရှိနေပါသည်။ ထိုအကောင်းဆုံးဘာသာတရား၏ အနှစ်သာရဖြစ်သော သစ္စာတရားတော် များကို စောင့်ရှောက်တော်မူကြသော ရဟန်းသံဃာတော်များနှင့် ထိုသစ္စာ တရားကို လိုက်နာကျင့်သုံးပွားများကြသော လူပုဂ္ဂိုလ်တို့တည်ရှိရာ မြေကြီး လည်း ဖြစ်ပါသည်။

ထို့ပြင် ဇရပ်၊ ဂူ၊ ကျောင်း၊ စေတီ၊ ပုထိုး စသော သာသနိက အဆောက်အဦများစွာရှိသော မြေကြီးလည်းဖြစ်ပါသည်။ ဗုဒ္ဓသာသနာ စတင်ရောက်ရှိရာ နိုင်ငံဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်ထွန်းကားရာ မြေကြီး လည်း ဖြစ်ပါသည်။ ရွှေငွေကျောက်သံ ရေနံလျှပ်စစ် သတ္တုကျွန်းသစ် စသော သယံဇာတ ပေါကြွယ်ဝ၍ မြစ်ကြီးမြစ်ငယ် တောတောင်သစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်သော နိုင်ငံတည်ရှိရာ မြေကြီးလည်း ဖြစ်ပါသည်။ ဤသို့ တန်ဖိုးကြီးလှသော ဘာသာသာသနာ၊ လူမျိုး၊ ယဉ်ကျေးမှုနှင့် သယံဇာတ ပေါကြွယ်ဝသည့် မြေကြီးကို စောင့်ရှောက်ရမည့်တာဝန်မှာ ဤနိုင်ငံ ဤ မြေကြီးပေါ်တွင် နေထိုင်ကြသော သားသမီးများဖြစ်သည့် လူငယ်တိုင်းတွင် တာဝန်ရှိပါသည်။

သမိုင်းကို ပြန်လှည့်၍ကြည့်မည်ဆိုပါလျှင် သီပေါဘုရင်ကို နန်းချ၍ နှစ်ပေါင်း(၁၀၀)ကျော် တိုင်းပြည်ကို ကျွန်ပြုခဲ့ကြသော အင်္ဂလိပ်တို့၏ လက်အောက်မှ အသက်သွေးချွေးတို့ကိုစွန့်လွှတ်၍ နိုင်ငံကိုပြန်လည်ဆောင်ယူ ခဲ့ကြသူများမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်သော လူငယ်များပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ကြီးကို သူ့ကျွန်ဘဝမှလွတ်မြောက်ရန် ဂျပန်နိုင်ငံသို့ စစ်ပညာ သင်သွားကြသည့် ဗိုလ်ချုပ်ဆောင်ဆန်းအမှူးပြုသော မျိုးချစ်အာဇာနည်များနှင့် အင်္ဂလိပ်ပညာရေးစနစ်ကို မကျေနပ်၍ သပိတ်မှောက်ခဲ့သောသူများမှာလည်း လူငယ်လူရွယ်များ၊ ကျောင်းသူကျောင်းသားများသာ ဖြစ်ပါသည်။

သို့ဖြစ်၍ ငယ်ရွယ်သူများကို အသိဉာဏ်ထက်မြက်၍ အစွမ်းသတ္တိနှင့် ပြည့်စုံသော လူစင်စစ်လေးများဟူ၍ ဆိုချင်ပါသည်။ ငယ်ရွယ်သူအားလုံးကို လူစင်စစ်လေးများဟူ၍ မဆိုလိုပါ။ အမျိုးဘာသာသာသနာနှင့် နိုင်ငံအကျိုးကိုသည်ပိုး၍ လူငယ်ဘဝကို တန်ဖိုးရှိစွာ အသုံးချတတ်သော သူများကိုသာလျှင် လူစင်စစ်ဟူ၍ ဆိုလိုပါသည်။ ထိုလူစင်စစ်ဟူသော စကားနှင့်စပ်လျဉ်း၍ ပုံပြင်လေးတစ်ပုဒ်ကို ကြားဖူးပါသည်။

တစ်ခါတုန်းက တောအုပ်တစ်ခုအတွင်း၌ ခွန်အားဗလနှင့်ပြည့်စုံ၍ အလွန်မာနကြီးသော ကျားတစ်ကောင်နှင့် မျောက်တစ်ကောင်တို့ အတူတကွ နေထိုင်ကြသည်ဟုဆို၏။ တစ်နေ့သောအခါ ကျားကမျောက်ကိုပြောသည်မှာ 'လူသားသည် အလွန်ဉာဏ်များ၍ အစွမ်းသတ္တိနှင့်ပြည့်စုံသည်ဟု ငါ ကြားဖူးသည်။ ထိုလူသားနှင့်ငါ သတ်ပုတ်လိုသည်။ ထိုလူသားကို အဆွေမျောက် မြင်ဖူးပါသလား' ဟုမေးသောအခါ မျောက်က မြင်ဖူးပါသည်။ ဤတောအုပ်သို့ မကြာခဏလာတတ်သည်ဖြစ်၍ အရှင်ကျားစောင့်နေပါဟု ဆို၏။

တစ်နေ့သောအခါ မျက်စိလည်လမ်းမှား၍ တောအုပ်အတွင်းသို့ ရောက်လာသော ကလေးငယ်တစ်ယောက်ကို မြင်သောအခါ ကျားက 'ဤသတ္တဝါသည် လူသားလော' ဟု မျောက်ကိုမေးသောအခါ မျောက်က ဤသတ္တဝါသည် လူကားဟုတ်၏။ သို့သော် ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်မရပ်နိုင်သေး၍ လူဟု မခေါ်ထိုက်သေးပါ ဆို၏။

တစ်ဖန် တောအုပ်အတွင်းသို့ အဘိုးအိုတစ်ယောက် ဝင်လာသည်ကို မြင်ပြန်သောအခါ ကျားသည် ရှေးနည်းအတိုင်း မေးပြန်၏။ မျောက်ကလည်း ဤသတ္တဝါသည် လူကား ဟုတ်၏။ သို့သော် အားအင်ကုန်းခမ်း၍ အသိဉာဏ် နုံ့နဲ့သောအရွယ်သို့ ရောက်နေပြီဖြစ်သောကြောင့် လူဟုမခေါ်ထိုက်သေးပါဟု ဆိုပြန်၏။

ထို့နောက် တစ်ဖန် ခွန်အားဗလနှင့်ပြည့်စုံသော မုဆိုးတစ်ယောက် ဝင်လာသည်ကိုမြင်၍ ကျားက ရှေးနည်းအတိုင်းမေးပြန်သောအခါ မျောက်က ဤသတ္တဝါသည် ခွန်အားဗလအစွမ်းသတ္တိနှင့်ပြည့်စုံ၍ ကိုယ်ခြေထောက်ပေါ်ကို ရပ်နိုင်သော လူစင်စစ်တစ်ယောက်ဖြစ်သည် ဟူ၍ ပြောဆိုလိုက်သည်ဟူ၏။

ဆိုလိုသည်မှာ မိမိခြေထောက်ပေါ်တွင် မိမိရပ်နိုင်၍ စဉ်းစားတွေးခေါ်နိုင်သောသူများကိုသာ လူစင်စစ်ဟူ၍ ဆိုရပါမည်။ အိုမင်းမစွမ်းရှိသူ အဘိုးအိုအဘွားအိုများကို လူမဟုတ်ဟူ၍ မဆိုလိုပါ။ ထိုအဘိုးအို

အဘွားအိုများသည် တစ်ချိန်သောအခါက လူစင်စစ်များဖြစ်ခဲ့ကြ၍ လောကကို အကျိုးပြုသော လူငယ်လေးများ ဖြစ်ခဲ့ကြပါသည်။ မိမိတို့သည် ထိုအဘိုးအို အဘွားအိုတို့၏အထံမှ အသိပညာ အတတ်ပညာ၊ အကြားအမြင် ဗဟုသုတ များကို သင်ကြားတတ်မြောက်ခဲ့ကြပါသည်။ သို့သော်လည်း ထိုအဘိုးအို အဘွားအိုတို့သည် ယခုအချိန်တွင် လောကကို ဦးမဆောင်နိုင်တော့ပါ။ သူတို့သိရှိသော အသိပညာအတတ်ပညာများကိုသာ မိမိတို့အားလက်ဆင့် ကမ်း၍ နည်းပေးလမ်းညွှန်မှုကိုသာ ပြုနိုင်ကြပါတော့သည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်း တရားအားထုတ်၍ မရသောအခါ (၅) ပါးထဲတွင် ဇရာဒုဗ္ဗလကာလ=အိုမင်းမစွမ်း အသိဉာဏ် နွမ်း၍ ခွန်အားကုန်ခမ်းသောအခါ ကို ထည့်သွင်း၍ ဟောတော်မူခဲ့ပါသည်။ ထိုအဘိုးထိုအဘွားတို့သည် လူငယ့်တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့ပြီး၍ ယခုအချိန်တွင် မိမိတို့၏ကိုးကွယ်ရာ ပလ္လင်ထက်တွင် အနားယူနေကြပါပြီ။

သို့ဖြစ်၍ မိမိတို့လူငယ်များသည်သာ အသိဉာဏ်ထက်မြက်သော အရွယ်ဖြစ်၍ အစွမ်းသတ္တိနှင့်ပြည့်စုံသည့်အားလျော်စွာ အကျိုးရှိသော ခေတ် တစ်ခေတ်ကို ဦးဆောင်နိုင်သော ခေတ်၏အရှင်သခင်များဖြစ်အောင် ကြိုးစား ဆောင်ရွက်သင့်ပါသည်။ ယခုအချိန်တွင် မိမိတို့၏ရှေ့မှ လူငယ်များစွာတို့သည် လူငယ့် တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့ပြီး၍ မိမိတို့၏လက်ထဲသို့ လူငယ်ဟူသော ဂုဏ်ပုဒ်ကို ယုံကြည်စိတ်ချစွာ အပ်နှင်းခဲ့ပါပြီ။

အချုပ်ကိုဆိုရပါလျှင် မိမိတို့လူငယ်များအနေနှင့် စဉ်းစားသင့်သည်မှာ "ငါတို့သည် သည်အသက်သည်အရွယ်တွင် ငါတို့နိုင်ငံအတွက်၊ ငါတို့လူမျိုး အတွက်၊ ငါတို့ဘာသာသာသနာအတွက်၊ ငါတို့မြို့နယ်၊ ငါတို့ရပ်ကွက်၊ ငါတို့ကျေးရွာ၊ နောက်ဆုံး ငါတို့မိသားစုအသိုင်းအဝိုင်းအတွက် ဘာတွေ ဘယ်လောက် ဆောင်ရွက်ပေးပြီးပြီလဲ ဆိုသည်ကိုမူ မိမိတို့ကိုယ်ကို မိမိတို့ ပြန်လည်မေးခွန်းထုတ်သင့်ပါပြီ။

အကယ်၍ ဘာတစ်ခုမှမလုပ်ခဲ့ဘဲ လူငယ်ဘဝ ကုန်ဆုံးသွားမည် ဆိုပါလျှင် လူငယ့်တာဝန်မကျေပြွန်သော အသိဉာဏ် နည်းပါးသော ကလေး သူငယ်များနှင့် အိုမင်းမစွမ်းသော အဘိုးအိုများသာ ဖြစ်နေပါလိမ့်မည်ဟု ရေးသားတင်ပြရင်း ဆရာဇော်ဂျီ၏ ကဗျာလေးဖြင့် နိဂုံးချုပ်ပါရစေ။

## သင်သေသွားသော်

လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရသေဦးမည်၊ မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍
အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။

(ဆရာဇော်ဂျီ)

သာကီနွယ် နတ်မောက်

❖

လူငယ်များနှင့် အနာဂတ်ကမ္ဘာ၊ ဆောင်းပါးပြိုင်ပွဲ၊
ဒုတိယဆုရ စာမူ

# ယဉ်ကျေးမှုပျောက်မှာ စိုးကြောက်လှတယ်

မနော(မြို့မြိုင်)

လူငယ်က လူကြီးကို ရိုသေတာ၊

သားသမီးကမိဘကို ရိုသေတာ၊

တပည့်က ဆရာကို ရိုသေတာကျေးဇူးသိတာ ကိုင်းရှိုင်းတာ

လေးစားတာတွေဟာ မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုပါ။

# ယဉ်ကျေးမှုပျောက်မှာ စိုးကြောက်လှတယ်

ယဉ်ကျေးမှုဆိုတာ လူ့အဖွဲ့အစည်းက ကျင့်သုံးနေတဲ့ အလေ့အထ ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းမှာ သူတို့နိုင်ငံနဲ့သက်ဆိုင်တဲ့ ယဉ်ကျေးမှုတွေ၊ ထုံးတမ်းဓလေ့ အစဉ်အလာတွေ၊ ဘာသာတရားတွေ ရှိပါတယ်။ ယဉ်ကျေးမှုဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောလို့ ပြောလို့ရသလို၊ အဲဒီနိုင်ငံရဲ့သိသာထင်ရှားတဲ့ ပြယုဂ်ဆိုရင်လည်း မမှားပါဘူး။

ဒီယဉ်ကျေးမှု၊ ဒီလိုဓလေ့၊ ဒီလိုအစဉ်အလာလေးတွေကို မြင်တွေ့လိုက်ရတာနဲ့ ဒီလူက ဘယ်နိုင်ငံက ဘယ်လူမျိုးဖြစ်တယ်ဆိုတာကို တပ်အပ် ပြောနိုင်တဲ့အထိ ယဉ်ကျေးမှုက အရေးပါပါရဲ့။ ဒီလိုပါပဲ ကျွန်မတို့ မြန်မာလူမျိုးတွေ ဆိုတာ ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာ ကြီးမားခဲ့တဲ့သူတွေပါ။ မြန်မာ့ယဉ်ကျေးမှုဆိုတာ ဗုဒ္ဓရဲ့ အဆုံးအမအောက်မှာ သန္ဓေတည်လာခဲ့တဲ့ အဖိုးမဖြတ်နိုင်တဲ့ရတနာပါ။ ဘာသာတရားကိုအခြေတည်ပြီး သတ်မှတ်ထားတဲ့ အတွက် ဘာသာပျောက်ရင် ယဉ်ကျေးမှုပျောက်မယ်။ ယဉ်ကျေးမှုပျောက်ရင် လူမျိုးပျောက်မယ်။ လူမျိုးပျောက်ရင် နိုင်ငံပါ ပျောက်ကွယ်သွားပေလိမ့်မယ်။

ဒါကြောင့် ကိုယ်ပိုင်ယဉ်ကျေးမှုရှိမှ လူမျိုးဆိုတာ ရပ်တည်နိုင်တာပါ။ ကျွန်မတို့ ငယ်ကတည်းက ကျွန်မတို့ရဲ့မိဘတွေက ကျွန်မတို့ကို လူကြီးသူမရှေ့ ဖြတ်သွားရင် ခေါင်းငုံ့လက်ပိုက်သွားတတ်အောင်၊ ကိုယ့်ထက်ကြီးသူတွေနဲ့ ပြောဆိုတဲ့နေရာမှာ 'ရှင်၊ ခင်ဗျား၊ ဟုတ်ကဲ့၊ ကျွန်တော်၊ ကျွန်မ' စတဲ့ယဉ်ကျေးတဲ့အသုံးအနှုန်းတွေနဲ့ ပြောဆိုတတ်အောင်၊ ရွယ်တူချင်း ဆက်ဆံကြတဲ့အခါမှာလည်း 'နင်ပဲ ငဆ' စကားလုံးတွေနဲ့ တစ်ယောက်ကို တစ်ယောက် မလေးမစား မဆက်ဆံရလေအောင်၊ ငယ်ရွယ်သူတွေနဲ့ ပေါင်း

သင်းတဲ့ အခါမှာလည်း နိုင်ငံထက်စီးနင်း အပြုအမူတွေနဲ့ မပေါင်းသင်းဘဲ သနားငဲ့ညှာစိတ် ထားတတ်အောင် စတဲ့ကိုယ်အမူအရာ၊ နှုတ်အမူရာတွေ ထိန်းသိမ်းတတ်အောင် အမြဲသွန်သင်လေ့ရှိကြပါတယ်။

ယနေ့လူငယ်များကိုလည်း ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ယဉ်ကျေးသိမ်မွေ့ကြစေချင်ပါတယ်။ **'ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူသနား'** ဆိုတဲ့အဆုံးအမအတိုင်း စိတ်ထားလေးကို ပြုပြင်စေချင်ပါတယ်။ ပြောသာပြောရတယ်။ ဒီနေ့ဒီအချိန်မှာတော့ လူကြီးသူမရှေ့ ရောက်နေလည်း အနေအထိုင် မဆင်ခြင်တတ်တဲ့၊ ကိုယ့်ထက် သိက္ခာကြီးသူတစ်ယောက် ရောက်လာရင် ထိုင်ရာကနေထပြီး ဦးညွှတ်ခရီးဦးမပြုတတ်တဲ့၊ ရဟန်းသံဃာတော်တွေ ကြွလာတဲ့အခါ လက်အုပ်လေးချီပြီး နေရာမှာရပ် ပူဇော်နေဖို့ နားမလည်တဲ့၊ ရဟန်းသံဃာတော်တွေနဲ့ သဟဇာတရှိရှိ စကားအပြန်အလှန် ပြောဆိုနိုင်ခြင်းမရှိတဲ့ ခေတ်သစ်ရဲ့သားပျို သမီးပျိုလေးတွေကို စိတ်မချမ်းမြေ့စရာ ကောင်းလောက်အောင် အများအပြား တွေ့မြင်နေရပါတယ်။ လူငယ်က လူကြီးကို ရိုသေတာ၊ သားသမီးကမိဘကို ရိုသေတာ၊ တပည့်က ဆရာကို ရိုသေတာကျေးဇူးသိတာ ကိုင်းရှိုင်းတာ လေးစားတာတွေဟာ မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုပါ။

မြန်မာစာ၊ မြန်မာစကားကို တစေ့တစောင်း လေ့လာကြည့်ရင် အလင်္ကာမြောက်ပုံ၊ ဂုဏ်မြောက်ပုံ၊ လှပပုံ၊ နက်နဲပုံတွေနဲ့ ပြည့်နေတဲ့ ဘာသာစကားပါ။ အဲဒီလို အနှစ်သာရတွေနဲ့ ဖွဲ့စည်းထားတဲ့ စကား၊ အပြောအဆို အသုံးအနှုန်း၊ အမူအရာ ဆက်ဆံမှုတွေကို မြန်မာမှာပဲ တွေ့နိုင်ပါတယ်။ မြန်မာစကားဟာ မင်္ဂလာရှိပါတယ်။ မြန်မာနဲ့ မင်္ဂလာဆိုတာ ခွဲခြားလို့ မရပါဘူး။ မင်္ဂလာဆိုတာ 'ကောင်းခြင်း'ရဲ့ အနက်ဓိပ္ပာယ်ကို ဆောင်ပါတယ်။ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုဟာ ကောင်းမွန်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ လေးစားရိုသေခြင်း၊ နိမ့်ချခြင်း စတဲ့ ကောင်းတဲ့လက္ခဏာတွေနဲ့ ပြည့်နေတဲ့ ယဉ်ကျေးမှုပါ။

လူငယ်က လူကြီးကိုပြောဆိုသုံးနှုန်းတဲ့အခါ 'ကျွန်တော်' 'ကျွန်မ' လို့ နာမ်စားသုံး ပြောဆိုတတ်ခြင်းဟာ တစ်ဖက်လူကြီးကို ရိုသေလေးစားခြင်း၊ ကိုင်းရှိုင်းခြင်း၊ အနက်သဘောကို ဆောင်ပါတယ်။ ဒီလိုသုံးနှုန်းပြောဆိုတာကလည်း ကမ္ဘာပေါ်မှာ မြန်မာတစ်နိုင်ငံတည်း ရှိတာပါ။ ကိုယ့်ကိုကိုယ် ကျွန်တစ်ယောက်လို သဘောထားကာ နိမ့်ချဆက်ဆံခြင်းလည်း ဖြစ်တယ်။

ကျွန်မတို့မြန်မာလူမျိုးတွေဟာ ဂါရဝတရားဆိုတဲ့ ရိုသေခြင်း၊ နိဝါတတရား ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချခြင်း၊ အောက်ကျို့ခြင်းကို မင်္ဂလာတစ်ပါးအဖြစ် မှတ်ယူထားကြတဲ့သူတွေ ဖြစ်ပါတယ်။

ဘာသာရေးကို ဦးထိပ်ထားမှ လူကောင်းတစ်ယောက် ဖြစ်လာမယ်။ ယဉ်ကျေးမှုကို တန်ဖိုးထားမှ လူယဉ်ကျေးတစ်ယောက်ဖြစ်လာမှာပါ။ ကောင်းခြင်းနဲ့ ယဉ်ကျေးခြင်းတို့ဟာ ဘဝတစ်ခုရဲ့ အနှစ်သာရတွေပဲ ဖြစ်တယ်။ တလောက ဆိုင်တစ်ဆိုင်မှာ လူငယ်လေးနှစ်ယောက် ပြောဆိုနေကြ တာကို စိတ်ဝင်စားလို့ ကျွန်မ မသိမသာ နားစွင့်လိုက်မိသေးတယ်။

သူတို့ကတော့ သူတို့မိဘတွေအကြောင်း အပြန်အလှန် ပြောဆို ရင်ဖွင့်နေကြတာပါ။ သူတစ်ပါးရဲ့ကိုယ်ရေးကိုယ်တာ အကြောင်းအရာကို ကာယကံရှင်က ခွင့်ပြုခြင်းမရှိဘဲ စပ်စုတာက မယဉ်ကျေးတဲ့ အပြုအမူ ဆိုတာ ကျွန်မသိပေမယ့် သူတို့ပြောတဲ့စကားတွေထဲမှာ ကျွန်မကို ဖမ်းစားနိုင်တဲ့ ကိစ္စလေးတစ်ခုကြောင့် စည်းကမ်းတစ်ခုကို ဖောက်ဖျက်ပစ်လိုက်ဖို့ ကျွန်မ စိတ်က စေ့ဆော်နေတော့တယ်။ သူတို့ပြောနေကြတဲ့ အကြောင်းအရာက မထူးဆန်းပေမယ့် သုံးနှုန်းနေတဲ့ အသုံးအနှုန်းတွေကတော့ ကျွန်မအတွက် ဆန်းပြားနေပါတယ်။ အဖေကို 'ဘိုးတော်'၊ အမေကို 'ဘွားတော်' လို့ တွင်တွင်ပြောဆိုနေကြတာပါ။ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားပြီး ရိုသေရမယ့် အနန္တဂိုဏ်းဝင်မိဘတွေကို ဒီလိုမယဉ်ကျေးတဲ့အသုံးအနှုန်းတွေနဲ့ ပြောဆို နေတာဟာ မဖြစ်သင့်တဲ့ အနေအထားပါ။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးကိုများ ဒီလူငယ်လေးနှစ်ယောက် မသိလေရော့သလား။ဒါမှမဟုတ် မေ့များမေ့လျော့နေပြီလားလို့ ကျွန်မ စိတ်မကောင်း လက်မကောင်းနဲ့ တွေးနေမိပါသေးတယ်။

အလားတူ ဖြစ်ရပ်တစ်ခုပါပဲ။

ဒီဖြစ်ရပ်ကတော့ မြန်မာလူမျိုးစစ်စစ်တွေ သရုပ်ဆောင်ထားကြတဲ့ မြန်မာ့ရုပ်ရှင်ထဲက ပြကွက်တစ်ခုပါ။ အသက်(၂၀)တောင် မရှိလောက်သေးတဲ့ မင်းသားက အသက်လေးဆယ်ကျော်အရွယ်၊ တိတိကျကျ ပြောရရင် သူ့အဖေ အရွယ်လောက်ရှိတဲ့ ဇာတ်ပို့သရုပ်ဆောင်ကို 'နင်နဲ့ငါ' နဲ့ အပြန်အလှန် ပြောဆိုနေကြတာပါ။ သူတို့အနေနဲ့ကတော့ 'သဏ္ဍာန်လုပ် သရုပ်တူအောင် ပြောဆိုကြတယ်လို့' ဆင်ခြေပေးနိုင်ပေမယ့် မြန်မာလူမျိုး ပွဲကြည့် ပရိသတ် တစ်ယောက်ဖြစ်တဲ့ ကျွန်မကတော့ ဒါတွေကို ဘယ်လိုမှမဖြစ်သင့်တဲ့

ယဉ်ကျေးမှုခေါင်းပါးတဲ့ ပြကွက်လို့ပဲ မြင်ပါတယ်။ ရုပ်ရှင်ပြကွက်တွေနဲ့ ပတ်သက်ပြီး နောက်ထပ် စိတ်တိုင်းမကျစရာတစ်ခုကတော့ ဘုရားသွား ကျောင်းတက်အခန်းတွေပါပဲ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအတွက် ဘုရား ကျောင်းကန်ဆိုတာ အထွဋ်အမြတ်ထားရာ နေရာထူး၊ နေရာမြတ် ဖြစ်ပါတယ်။

အဲဒီလို နေရာမျိုးတွေမှာ ရင်ဟိုက်၊ လည်ပြတ်၊ စကတ်တို၊ ဘောင်းဘီတိုနန့်နန့်တွေဝတ်ပြီး အမျိုးသမီးတွေရဲ့ မမြင်သင့်မမြင်အပ်တဲ့ နေရာတွေကို ဖော်ပြရမယ့်နေရာ မဟုတ်ပါဘူး။ ဘာပဲပြောပြော ရုပ်ရှင် မင်းသား၊ မင်းသမီးတွေဆိုတာ လူငယ်တွေကို အနည်းနဲ့အများ လွှမ်းမိုးနိုင်တဲ့ သူတွေပါ။ မင်းသားမင်းသမီးတွေ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံကို အားကျ အတုယူ နေထိုင်ပြုမူတတ်တဲ့ လူငယ်လေးတွေ ဒုနဲ့ဒေးနဲ့ ရှိနေကြပါတယ်။ အခုတော့ စံပြဖြစ်နေရမယ့် လူတန်းစားတွေက ထိန်းထိန်းသိမ်းသိမ်းမနေကြဘဲ ဖြစ်ချင် သလိုဖြစ်၊ ဖော်ချင်သလို အပြိုင်အဆိုင် ဖော်ချတ်ပြနေကြတာကို စိတ်မချမ်းမြေ့ စရာ တွေ့ကြုံနေရပါတယ်။

ဒီနေရာမှာတော့ ဟီရိသြတ္တပ္ပဆိုတဲ့ အရှက်အကြောက်တရားက လိုအပ်လာပါပြီ။ တချို့သော ယဉ်ကျေးမှုတွေကို ရှက်စိတ်နဲ့ ထိန်းသိမ်းရတာ မျိုးတွေ ရှိပါတယ်။ နေရာတကာမှာ လူ့အခွင့်အရေးဆိုတဲ့ပေတံကြီးနဲ့ မတိုင်း တာဘဲ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုအနေနဲ့ စောင့်ထိန်းပြီးတော့ ရှက်စိတ်နဲ့ တည်ဆောက်ရတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားကို ကြည့်ရမယ်ဆိုရင် နိုင်ငံခြားတိုင်းပြည်တွေရဲ့ ယဉ်ကျေးမှုတွေ တားမရ ဆီးမရ ယိုစိမ့်ဝင်လာနေတာကို တွေ့ရမှာပါ။

အထူးသဖြင့် ကိုရီးယားယဉ်ကျေးမှုကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံ ကျင့်သုံးနေကြပါတယ်။ အဲဒီတော့ အမျိုးသမီးတွေအနေနဲ့ ဟိုပေါ်ဒီပေါ်၊ ဟိုဖော်ဒီဖော်ဝတ်ကြ ဆင်ကြတာကို ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ သရုပ်လို့ မထင်ကြတော့ပါဘူး။ ဒီလိုတွေ မဝတ်စားကြဖို့ သွားတားမြစ်တဲ့သူတွေကိုလည်း 'သူဖော်လို့ငါဖော်တယ်။ သူ့ကိုတောင် မတားနိုင်ဘဲ ငါ့ကိုတော့ လာပြောစရာ မလိုဘူး' ဆိုတဲ့ရန်ထောင်စကားတွေနဲ့တောင် ပြန်တုံ့ပြန်ခံနေရတာတွေကို ကြားသိနေရပါတယ်။ လွတ်လပ်မှုနဲ့ယဉ်ကျေးမှုဟာ ပြဒါးတစ်လမ်း သံ တစ်လမ်း ဆိုတာကို ယနေ့လူငယ်လေးတွေ သိနားလည်စေချင်ပါတယ်။ လွတ်လပ်မှုဆိုတာ လူတိုင်း လိုချင်တောင့်တတဲ့အရာပါ။ ဒါပေမယ့် လွတ်လပ်မှုကို ဗန်းပြပြီး ပရမ်းပတာတွေ ပြောဆိုနေထိုင် ဝတ်စားနေရင်တော့

ဘယ်လိုမှ နေရာကျမှာမဟုတ်ပါဘူး။ လွတ်လွန်းရင် လပ်သွားတတ်ပါတယ်။ ဒါကို အထူးသတိထားရပါမယ်။

"သူ့အရပ်နဲ့သူ့ဓာတ်၊ သူ့အချိန်နဲ့သူ့ထဘီ" ဆိုတဲ့အတိုင်း ရှိုးပွဲတို့ ပါတီပွဲတို့ တက်တဲ့အခါ ဒီလိုဝတ်စားဆင်ယင်မှုမျိုးက ပြဿနာ လောက်လောက်လားလား မရှိပေမယ့် ဘုရားသွား ကျောင်းတက်တဲ့အခါမျိုးမှာတော့ လုံခြုံတဲ့အဝတ်အစားတွေ ဝတ်ဆင်ရင်းနဲ့ ကိုယ့်ဘာသာရဲ့တန်ဖိုး၊ ကိုယ့်နိုင်ငံရဲ့ တန်ဖိုး၊ ကိုယ့်ယဉ်ကျေးမှုရဲ့တန်ဖိုး၊ နောက်ဆုံးအဆင့် ကိုယ့်ရဲ့တန်ဖိုးကိုပါ မြှင့်တင်ကြဖို့ အလေးအနက်ထား တိုက်တွန်းချင်ပါတယ်။

နောက်တစ်ချက်ကတော့ ရင်နာစရာကောင်းတဲ့ ယဉ်ကျေးမှု ယိုယွင်းခြင်းတစ်ခုပါ။ "Living Together" လို့ အပြောများကြတဲ့ လက်မထပ်ဘဲ အတူနေသည့် ဓလေ့စရိုက်နဲ့ "No String Attach" လို့ခေါ်တဲ့ ချစ်ကြိုက်မှု သံယောဇဉ် နှောင်ကြိုးများမပါတဲ့ လိင်ကိစ္စသာ သီးသန့်သာ ဖြစ်တဲ့ Casual Sex ယဉ်ကျေးမှုဟာ မြန်မာနိုင်ငံမှာ တစ်နေ့တခြား ထွန်းကား လာတာကို ကြားသိနေရပါတယ်။

၉၀ ပြည့်လွန်နှစ်ပိုင်းများကတည်းက လက်မထပ်ဘဲ အတူနေတဲ့ ယဉ်ကျေးမှုက မြန်မာနိုင်ငံမှာ စတင်ထွန်းကားလာခဲ့ပြီး အရွယ်ရောက်ပြီး သူ အမျိုးသမီးများရဲ့ ၅ ရာခိုင်နှုန်းမှာ လက်မထပ်ဘဲ အတူနေ ဘဝနဲ့ အချိန်ကာလတချို့ကို ဖြတ်သန်းခဲ့ကြတယ်။

နိုင်ငံခြားတိုင်းပြည်တွေမှာတော့ ချစ်သူဖြစ်တာနဲ့ လိင်ဆက်ဆံ တာက လွန်ခဲ့တဲ့ ရာစုနှစ်များစွာကတည်းက ရှိနေတဲ့ယဉ်ကျေးမှုဖြစ်ပေမယ့် မြန်မာပြည်မှာတော့ ယခုအချိန်အထိ လူကြီးများက လက်မခံကြသလို၊ လူငယ်ပိုင်းမှာလည်း တရားဝင်အသိအမှတ် မပြုသေးပါ။ ဒါပေမဲ့ ယနေ့ အချိန်အခါမှာတော့ မြန်မာပြည်မှာလည်း ချစ်သူဖြစ်တာနဲ့ လိင်ဆက်ဆံခြင်း တစ်ဆက်တည်း ပါလာတာကို ဆယ်ကျော်သက်လူငယ်တွေက အလိုလို လက်ခံလာကြတာကို စိတ်မကောင်းဖွယ် တွေ့နေရပါတယ်။ ဂလိုဘယ် လိုက်ဇေးရှင်း ခေတ်မှာ အရာရာကို ပိတ်ပင်တားဆီးလို့ မလွယ်ကူတော့ဘူး ဆိုတာ လက်ခံပါတယ်။

အရှိန်အဟုန်ပြင်းပြင်း တိုးတက်မှုတွေနဲ့အတူ ယဉ်ကျေးမှုတွေပါ တိုက်စားပွန်းပဲ့ကုန်တာကိုတော့ လက်မခံပါဘူး။ မိန်းကလေးတွေအနေနဲ့ ကိုယ့်ရဲ့အပျိုစင်ဘဝကို မင်္ဂလာဦးအချိန်အခါမှ စွန့်လွှတ်ကြတာ မြန်မာတို့ရဲ့

လေးစားအပ်တဲ့ အစဉ်အလာတစ်ခုပါ။ ယောကျ်ားလေးတွေ အနေနဲ့ကလည်း ကိုယ်မြတ်နိုးတန်ဖိုးထားတဲ့ မိန်းကလေးကို တစ်ဘဝလုံးစာ တာဝန်ယူတော့မယ်လို့ ဆုံးဖြတ်ချက်ချပြီးကာမှ ကိုယ့်အိမ်ထောင်ဖက်ရဲ့ကာမကို ရယူကြတာပါ။

ဒီလိုပေါင်းသင်းနေထိုင်ကြရာမှာလည်း သေတစ်ပန် သက်တစ်ဆုံး တစ်လင်တစ်မယားစနစ်နဲ့ပဲ ရိုးမြေကျ ပေါင်းသင်းသွားကြတာပါ။ "one go, two come, three ready" လို့ မျက်စိစုံမှိတ် အော်နေကြတဲ့ ဒီခေတ်ဒီအခါတွေမှာတော့ တစ်လင်တစ်မယားစနစ်ကို တန်ဖိုးထားရကောင်းမှန်းလည်း မသိကြတော့ပါဘူး။ တစ်ခုရှိတာကတော့ ကိုယ်ယူမယ့်မိန်းကလေးကို အပျိုစင်ဘဝနဲ့ပဲ ပိုင်ဆိုင်ချင်တဲ့ ယောကျ်ားလေးတွေအနေနဲ့ကလည်း တခြားမိန်းကလေးတွေကိုပါ တန်ဖိုးထားပြီး ကိုယ်ချင်းစာ စောင့်ရှောက်ပေးဖို့ လိုအပ်ပါတယ်။

တိုင်းတစ်ပါးကနေ အတုယူတယ်ဆိုတာ ကိုယ့်ဆီမှာ မရှိသေးတဲ့ အသိပညာ၊ အတတ်ပညာနဲ့ နည်းပညာတွေကိုပဲ ရအောင်ယူရမှာပါ။ ကိုယ့်ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ ဓလေ့စရိုက်တွေကို ပြတ်ပြတ်သားသား ငြင်းပယ်ရဲတဲ့ သတ္တိတော့ ရှိရပါမယ်။ မြန်မာတို့ရဲ့အလှဟာ မြန်မာ့ယဉ်ကျေးမှုပါ။

မြန်မာမှာ မြင်မဆုံးရှုမဆုံးနိုင်အောင် လှပတဲ့ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝတရားတွေ ရှိပါတယ်။ အဲဒီထက် မြန်မာ့ယဉ်ကျေးမှုက ပိုပြီး လှပပါတယ်။ ဒီထက် ပိုပြီးလှပတာကတော့ မြန်မာတို့ရဲ့နှလုံးသားပါ။ အဲဒါကြောင့် မြန်မာလူငယ်တွေအနေနဲ့ မြန်မာ့ဓလေ့ မြန်မာ့ယဉ်ကျေးမှု မြန်မာ့စရိုက်နှင့် ကိုက်ညီတဲ့ လုံလုံခြုံခြုံ ဝတ်စားဆင်ယင် ဝတ်စားပြီး အရှက်တရား အကြောက်တရား ရှိကြစေချင်ပါတယ်။

အဲဒီလိုလူငယ်တွေကို အရှက်အကြောက် ရှိအောင်၊ ယဉ်ကျေးမှု ရှိအောင် သွန်သင်ရာမှာလည်း လူကြီးမိဘတွေရဲ့ အခန်းကဏ္ဍက အဓိကနေရာကနေ ပါဝင်လာပါတယ်။

'**လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနဲ့ဖ**' ဆိုတဲ့ဆောင်ပုဒ်အတိုင်း မိဘတွေဟာ သားသမီးတွေအတွက် အတုယူစရာစံပြပုဂ္ဂိုလ်တွေပါ။ သားသမီးမကောင်း မိဘခေါင်းဆိုတဲ့အတိုင်း သားသမီးတွေ မယဉ်ကျေးကြတဲ့အခါ 'အမိယုတ်တော့ နှုတ်ကြမ်း၊ အဖယုတ်တော့ ကိုယ်ကြမ်း' ဆိုတဲ့

စကားကလည်း ရှိနေတော့ မိမိရဲ့သားသမီးတွေ နူးညံ့သိမ်မွေ့စေဖို့ မိဘများက လမ်းညွှန်ပြသရမှာပါ။

ကျွန်မတို့ငယ်တုန်းက ကလေးပီပီ စကားမဆင်မခြင်ပြောမိရင် အသွားဖြစ်သူက ပါးကို ခပ်ဖွဖွ ဆွဲလိမ်ပြီးနောက် မပြောရဲအောင် သတိပေးလေ့ ရှိတယ်။ ခြေသံကြမ်းကြမ်းနဲ့ လမ်းလျှောက်မိရင်လည်း အမေက ပါးလျ ချောမွေ့အောင် အချောသပ်ထားတဲ့ ဝါးခြမ်းပြားလေးနဲ့ခြေဖဝါးကို ခပ်ဆဆလေးရိုက်ပြီးနောက် မလုပ်ရဲအောင် ဆုံးမခဲ့တယ်။ လူရှေ့သူရှေ့ အနေအထိုင်မတတ်တာတွေတွေ့ရင်လည်း 'အပြောမတတ်ရင်ဆဲသယောင်၊ အနေမတတ်တော့ ဖြဲသယောင်' ဆိုတဲ့ စာချိုးလေးနဲ့မှတ်မိအောင် ရိုက်သွင်းပေးခဲ့တယ်။

ယနေ့ခေတ်မိဘတွေကို ကြည့်ရတာ သားသမီးတွေကို လိမ္မာ ယဉ်ကျေးအောင် သွန်သင်ဖို့ထက် သူတို့ရဲ့လူမှုရေးရာကိစ္စတွေနဲ့ပဲ လုံးချာလည်လိုက်နေကြတာ များပါတယ်။ ဒါကိုလည်း အရမ်းကြီးတော့ အပြစ်တင်လို့ မရပါဘူး။ ပြောင်းလဲလာတဲ့ ခေတ်ရဲ့လိုအပ်တွေနဲ့အညီ အိမ်ထောင်တစ်ခုထူထောင်မိပြီဆိုတာနဲ့ ယောကျ်ားရော မိန်းမပါ တက်ညီလက်ညီ စီးပွားထွက်ရှာနေရတဲ့အနေအထားပါ။ သားသမီးတွေနဲ့ ထိတွေ့ချိန် အရမ်းနည်းတဲ့ မိဘတွေအနေနဲ့ နည်းပါးလှတဲ့ အတူနေချိန်လေးမှာ သားသမီးတွေကိုအမုန်းခံ ဆုံးမနေမယ့်အစား သားသမီးတွေ အလိုကျ စိတ်ချမ်းသာအောင် အလိုလိုက် ဖြည့်ဆည်းပေးဖို့သာ စိတ်အားသန်နေကြတော့တယ်။ နောက်တစ်ချက်ကတော့ ဆရာ၊ ဆရာမတွေရဲ့ အခန်းကဏ္ဍတွေပါပဲ။

ဆရာဟူသည်…

**ရှေ့ရှုမေတ္တာ၊ ကရုဏာနှင့်**
**နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း**
**ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍**
**ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ**
**ဆရာဟူ၏။**

ဆိုတဲ့ဆရာ့ဂုဏ်ဖော်ကဗျာလေးအတိုင်းပါပဲ ဆရာတွေက တပည့်တွေကို ဆုံးမပဲ့ပြင်တယ်ဆိုတာ တပည့်တွေအကျိုးအတွက် တွေးမျှော်ပြီးသာ လုပ်ကြရတာပါ။ ဆိုဆုံးမတဲ့ဆရာထက်၊ အေးအေးဆေးဆေးနေတဲ့ဆရာကို တပည့်တွေ ပိုချစ်တတ်ကြတာ ဓမ္မတာတစ်ခုပါ။ ဒါပေမဲ့ တပည့်တွေ

အကျိုးကိုလိုလားတဲ့ ဆရာတွေကတော့ တပည့်အမှန်းကို အပြုံးမပျက် ခံယူရင်း ဆူပူသွန်သင်နေမြဲပါ။ အဲဒီလိုကလေးတွေကို သွန်သင်ဆုံးမတဲ့ နေရာမှာ မိဘတွေကလည်း ဆရာတွေနဲ့အတူ လက်တွဲပါဝင်ပေးဖို့ လိုအပ်ပါတယ်။

အရင်တုန်းက ကျောင်းအပ်တဲ့အခါ မိဘတွေက ဆရာဆရာမတွေကို 'ကျွန်တော် ကျွန်မတို့ရဲ့ သားသမီးတွေဆီမှာ မလိမ္မာ မသိတတ်တာတွေ ရှိတဲ့အခါ သင့်တော်သလိုသာဆုံးမပေးပါ' ဆိုတဲ့စကားနဲ့ အပ်နှံလေ့ ရှိကြတယ်။ ဆရာ ဆရာမတွေအနေနဲ့ကလည်း **'အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ'** ဆိုတဲ့ ဆရာ့ကျင့်ဝတ်နဲ့အညီ တပည့်များကို ဆုံးမပိုင်ခွင့် ရှိပါတယ်။ချော့တန်တဲ့ တပည့်ကိုချော့၊ ခြောက်တန်တဲ့တပည့်ကိုခြောက်ကာ တပည့်များလိမ္မာ ယဉ်ကျေးရေးအတွက် စေတနာရှေ့ထားပြီး ပိုင်ပိုင်နိုင်နိုင် ဆုံးမပိုင်ခွင့် ရှိခဲ့ကြပါတယ်။

ယနေ့အချိန်အခါမှာတော့ မိဘများက သားသမီးတွေကို ဆရာ ဆရာမတွေဆီအပ်ဖို့ မဆိုထားနဲ့။ ဆရာ ဆရာမတွေက လေသံမာမာနဲ့ ဆုံးမမိရင်တောင် ဟိုတိုင်ဒီတောနဲ့ ပြဿနာ အလွယ်တကူ ရှာနေကြတဲ့ အနေအထားမျိုးကိုတောင် ကြားသိနေရပါတယ်။ ဒါတွေက အနာဂတ် လူငယ်တွေအတွက် အန္တရာယ်ပါ။ မိဘတွေအနေနဲ့ သားသမီးအပေါ် ချစ်တာနဲ့ နစ်တာကို ခွဲခြားတတ်ဖို့ အရေးကြီးပါတယ်။

ဆရာဆရာမတွေရဲ့ သင့်တော်လျောက်ပတ်တဲ့ ဆုံးမပဲ့ပြင်မှုတွေကို လက်ခံနိုင်ရပါမယ်။ ကလေးတွေဆိုတာ အိမ်ကမိဘတွေထက် ကျောင်းက ဆရာမတွေနဲ့ ထိတွေ့နေထိုင်ချိန် ပိုများတာပါ။ နည်းမှန်လမ်းမှန်နဲ့ မှန်မှန်ကန်ကန် ပဲ့ပြင်ဆုံးမနိုင်မှသာ လိမ္မာယဉ်ကျေးတဲ့ သားသမီးရတနာများအဖြစ် မြင်တွေ့ ခွင့်ရကြမှာပါ။

အချုပ်အားဖြင့်ပြောရမယ်ဆိုရင် မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်တာနဲ့အညီ ယဉ်ကျေးမှုအထွန်းကားဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ ရှေးအစဉ်အဆက်ကတည်းက လက်ဆင့်ကမ်း သယ်ဆောင်ထိန်းသိမ်းလာတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်ကာလကိုပဲရောက် ရောက် မြန်မာတို့နဲ့အသင့်လျော်ဆုံးပါ။ ခေတ်ကိုအကြောင်းပြပြီး ယဉ်ကျေးမှုကို ပစ်ပယ်တာမျိုးတော့ လုံးဝမဖြစ်သင့်ပါဘူး။ ယဉ်ကျေးမှုကို တန်ဖိုးထားခြင်းဖြင့် ကိုယ်၊ နှုတ်၊ အမူအရာတွေကို ထိန်းသိမ်းပါ။ အခြားလူမျိုးတွေရဲ့ ကောင်းတဲ့

အချက်တွေနဲ့ တော်သောအပြုအမူတွေကိုလည်း အလေးထားအတုယူပြီး ကိုယ့်နိုင်ငံနဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် အသုံးချရပါမယ်။ အရေးကြီးဆုံးကတော့ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာတို့ရဲ့ဓလေ့ထုံးတမ်းနဲ့ မြန်မာ့အလှတွေကို မကွယ်ပျောက်စေဘဲ ကိုယ့်ယဉ်ကျေးမှုကို ကိုယ် မြတ်နိုးတန်ဖိုးထားတတ်ဖို့ပဲ ဖြစ်ပါတယ်။

မနောဖြူ(မြိတ်)

လူငယ်များနှင့်အနာဂတ်ကမ္ဘာ ဆောင်းပါးပြိုင်ပွဲ
တတိယဆုရစာမူ

# လူငယ်နှင့် အနာဂတ်နိုင်ငံတော်

ခက်ဆစ်လင်း(ပြည်)

လူငယ်အများစုတွင် ရည်မှန်းချက်နှင့်ယုံကြည်ချက်များ

လျော့ရဲနေကြသည်ဟု ခံစားမိပါ၏။

တစ်နည်းအားဖြင့် ယနေ့ခေတ် လူငယ်အများစုတွင်

တိကျ ခိုင်မာသောရည်မှန်းချက်နှင့် ယုံကြည်ချက်များ

ကင်းမဲ့နေသည်ဟု ထင်မြင်မိပါသည်။

ထိုရည်မှန်းချက်နှင့်...

# လူငယ်နှင့် အနာဂတ်နိုင်ငံတော်

ခေတ်အဆက်ဆက်လူငယ်များသည် ပျော်ရွှင်ခြင်းနှင့် လွတ်လပ်ခြင်းကို ခုံမင်နှစ်သက်တတ်ကြစမြဲသာ ဖြစ်ပါသည်။ ထိုအရာသည်ပင် ခေတ်အဆက်ဆက်လူငယ်တို့၏ သဘာဝလည်းဖြစ်၏။ လူများပေမို့ ပျော်ရွှင်ခြင်းနှင့် လွတ်လပ်ခြင်းကို ခုံမင်နှစ်သက်တတ်ကြသည်မှာ အပြစ်လည်း မဟုတ်ပါ။ သို့သော် အပျော်နှင့်အပျက်၊ လွတ်လပ်ခြင်းနှင့် ဗရမ်းဗတာနိုင်ခြင်းကိုတော့ လူငယ်များအနေဖြင့် ကောင်းစွာ ဝေဖန်ပိုင်းခြားနိုင်ဖို့တော့ လိုပေသည်။

သို့မှလည်း စစ်မှန်သောပျော်ရွှင်ခြင်းနှင့် စစ်မှန်သော လွတ်လပ်ခြင်းများကို လူငယ်များအနေဖြင့် အမှန်တကယ် ရရှိခံစားနိုင်ပေလိမ့်မည်လည်း ဖြစ်ပါသည်။ ပျော်ရွှင်ခြင်းအတု၊ လွတ်လပ်ခြင်းအတုများအား လူငယ်များအနေဖြင့် လွဲမှားစွာ ခုံမင်နှစ်သက်နေကြပြီဆိုလျှင်တော့ ထိုလူငယ်များ၏ ဘဝများသည်လည်း ပျက်စီးဆုံးရှုံးခြင်းများကိုသာ ရရှိပိုင်ဆိုင်သွားကြရပေလိမ့်မည်လည်း ဖြစ်ပါတော့သည်။ ထို့ကြောင့် လူငယ်များ အနေဖြင့် ပျော်ရွှင်ခြင်းအစစ်အမှန်၊ လွတ်လပ်ခြင်းအစစ်အမှန်ကို ကောင်းစွာ ခွဲခြားရှာဖွေနိုင်ရန် အရေးတကြီး လိုအပ်လှပေသည်။

ဥပမာဆိုရသော် ယနေ့ခေတ်လူငယ်တချို့သည် မူးယစ်သားကောင်ဘဝသို့ ရောက်ရှိနေကြရ၏။ မူးယစ်ဆေးဝါး ဆိုသည်မှာ ဆေးလိပ်မှအစ အရက်အလယ်၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူအဆုံး အစရှိသဖြင့် မူးယစ်စေတတ်သောအရာအားလုံးကို ဆိုလိုခြင်းသာ ဖြစ်ပါသည်။ လူငယ်တချို့ မူးယစ်သားကောင်ဘဝသို့ ရောက်ရှိနေကြသည်ကိုလည်း ပတ်ဝန်းကျင်တိုင်း

တွင် အားလုံးလည်း မြင်တွေ့နိုင်ကြလိမ့်မည်သာ ဖြစ်ပေသည်။ ထိုလူငယ်များ အနေဖြင့် မူးယစ်သားကောင်ဘဝသို့ ရောက်ရှိသွားရခြင်း၏အစမှာ စူးစမ်း လိုသောစိတ်ကြောင့်သာ ဖြစ်ပါ၏။ တစ်နည်းအားဖြင့် ပျော်ရွှင်ခြင်း၊ လွတ် လပ်ခြင်းကို တလွဲအသုံးချခြင်းဖြင့် စူစမ်းလိုကြခြင်းကြောင့်သာ ဖြစ်ပါ၏။

လူငယ်ဆိုသည်မှာ စူးစမ်းလိုသောစိတ် ရှိဖို့တော့ လိုပါသည်။ သို့သော် ကောင်းသောအရာကို စူးစမ်းသည်က ကိစ္စမဟုတ်သော်လည်း၊ မကောင်းသောအရာများကို စူးစမ်းကြည့်မိသည့်အခါတွင် အန္တရာယ် ရှိလာ ပေပြီ။ စင်စစ် မူးယစ်ဆေးဟူသမျှသည် မူးယစ်စေခြင်းဖြင့် ရုန်းထွက်မရ အောင် စွဲဆောင်နိုင်စွမ်းရှိသောအရာများသာ ဖြစ်ပါပေသည်။ စလိုက်မိ သည်နှင့် အဆုံးသတ်ရန် တော်ရုံနှင့်မလွယ်ကူလှ။ ထိုမူးယစ်ဆေးများကို ပျော်ရွှင်ခြင်းနှင့် လွတ်လပ်ခြင်းကို ခံမင်နှစ်သက်သောလူငယ်များက အပျော် သဘောအဖြစ် လွတ်လပ်စွာ အစပြု သုံးစွဲကြည့်မိရာမှ စွဲလမ်းသွားကြခြင်း ဖြစ်ပြီး၊ မူးယစ်သားကောင်ဘဝသို့ ရောက်ရှိသွားကြရခြင်းလည်းဖြစ်ပါသည်။

မူးယစ်သားကောင်ဘဝသို့ ရောက်ရှိသွားသော သူများအနေဖြင့်တော့ အရာရာသည် မျှော်လင့်ချက်များ ကင်းမဲ့သွားရတော့သည်။ တစ်နည်းအားဖြင့် ဘဝ သေသွားခြင်းဟုသာ ဆိုရပေလိမ့်မည်။ ထိုဘဝသေခြင်းမှသည် နောက်ဆုံး တော့ အချိန်မတိုင်သေးပါဘဲ၊ အသက်များပါ ဆုံးရှုံးသွားကြရတော့သည်။ ပတ်ဝန်းကျင်တိုင်းတွင် ထိုကဲ့သို့ဖြစ်စဉ်များနှင့် ကြုံတွေ့နေရသော လူငယ် များမှာ အများအပြား တည်ရှိနေခြင်းလည်း ဖြစ်ပါ၏။

စင်စစ် ထိုအရာသည် လူငယ်များအနေဖြင့် ပျော်ရွှင်ခြင်းနှင့် လွတ် လပ်ခြင်း လွဲမှားစွာအသုံးချ ခံမင်နှစ်သက်မိခြင်းမှ အစပြုခဲ့ခြင်းသာ ဖြစ်ပါ တော့သည်။ ထိုအတိုင်းပင် လူ့ပတ်ဝန်းကျင်တိုင်းတွင် လူငယ်များအတွက် အမှားများက အားကောင်းစွာ သွေးဆောင်ဖျားယောင်းနေတတ်စမြဲလည်း ဖြစ်ပေသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အပျော်နှင့်အပျက်၊ လွတ်လပ် ခြင်းနှင့် ပရမ်းပတာနိုင်ခြင်းကို ကောင်းစွာခွဲခြားနိုင်ရန် လိုအပ်ကြောင်း ဆိုရခြင်းလည်း ဖြစ်ပါသည်။ အမှန်တော့ လူတစ်ယောက်အတွက် ပျော်ရွှင် ခြင်းအစစ်အမှန်ဆိုသည်မှာ ရောင့်ရဲနိုင်မှုအပေါ်တွင်သာ အခြေတည်နေပါ၏။

ထို့ကြောင့် လူငယ်များအနေဖြင့် ပျော်ရွှင်ခြင်း အစစ်အမှန်ကို အမှန်တကယ် ရရှိပိုင်ဆိုင်နိုင်လိုလျှင် ရောင့်ရဲနိုင်မှုရှိမှသာ ဖြစ်ပေလိမ့်မည်။ ထိုရောင့်ရဲနိုင်မှု ရှိရန်အတွက်တော့ လူငယ်တိုင်းတွင် ရည်မှန်းချက်နှင့်

ယုံကြည်ချက် ဟူ၍ရှိရပေလိမ့်မည်။ ရည်မှန်းချက်နှင့် ယုံကြည်ချက်ရှိသော လူငယ်သည် အပျော်နှင့်အပျက် ရောထွေးနေခြင်းများအား ရောင့်ရဲနိုင်မှု ရှိလာပေလိမ့်မည်။ ထိုရောင့်ရဲနိုင်မှုဖြင့် မိမိ၏ရည်မှန်းချက်နှင့် ယုံကြည်ချက်ဆီသို့ တစိုက်မတ်မတ်လှမ်းလျှောက်ခြင်းဖြင့် အောင်မြင်တိုးတက်မှုများကို ရရှိလာပေလိမ့်မည်။ ထိုအောင်မြင်တိုးတက်မှုများသည်ပင် ဘဝအတွက် ပျော်ရွှင်ခြင်းအစစ်အမှန်များအား ဖန်ဆင်းပေးနေခြင်းလည်း ဖြစ်ပါတော့သည်။

ထို့ကြောင့် လူငယ်များတွင် ရည်မှန်းချက်နှင့်ယုံကြည်ချက်ရှိရန် အထူးလိုအပ်နေသည်ဟုလည်း ဆိုရပေလိမ့်မည်။ ရည်မှန်းချက်နှင့် ယုံကြည်ချက် ကင်းမဲ့နေသောလူငယ်များသည် ယောင်ဝါးဝါးဖြင့် လမ်းမှားရောက်သွားတတ်ကြသည်ကများ၏။

ယနေ့ခေတ်လူငယ်အများစုတွင် ရည်မှန်းချက်နှင့်ယုံကြည်ချက်များ လျော့ရဲနေကြသည်ဟု ခံစားမိပါ၏။ တစ်နည်းအားဖြင့် ယနေ့ခေတ် လူငယ်အများစုတွင် တိကျ ခိုင်မာသောရည်မှန်းချက်နှင့် ယုံကြည်ချက်များ ကင်းမဲ့နေသည်ဟု ထင်မြင်မိပါသည်။ ထိုရည်မှန်းချက်နှင့် ယုံကြည်ချက်ကင်းမဲ့နေခြင်းကပင် လူငယ်များအား လမ်းမှားသို့ ရောက်ရှိသွားစေခြင်းလည်း ဖြစ်ပါ၏။ အမှန်တော့ လူငယ်ဘဝတွင် လူငယ်တိုင်း မိမိ၏ဖြစ်ချင်သောဆန္ဒအား ကောင်းစွာ သိရှိထားနိုင်ဖို့တော့ လိုပါသည်။ မိမိ၏ဖြစ်ချင်သောဆန္ဒအား ကောင်းစွာ သိရှိခြင်းမှသည် ရည်မှန်းချက်အား ဖြစ်ပေါ်စေပါ၏။ ထိုရည်မှန်းချက်ကို ယုံကြည်ချက်ဖြင့် တစိုက်မတ်မတ်လျှောက်လှမ်းနိုင်ရပေလိမ့်မည်။

အောင်မြင်တိုးတက်ခြင်း၏ အဓိကသော့ချက်မှာ ရည်မှန်းချက်နှင့် ယုံကြည်ချက်ဖြစ်ကြောင်း လူငယ်များအနေဖြင့် သတိပြုမိဖို့လိုပါသည်။ အများကောင်းသည်ဟုဆိုသဖြင့် လိုက်၍ယောင်နေခြင်းသည် တိကျ ခိုင်မာသော ရည်မှန်းချက်မရှိခြင်း၊ ယုံကြည်ချက်ကင်းမဲ့နေခြင်းသာ ဖြစ်ပါသည်။ အမှန်တော့ လောကတွင် မိမိအဖြစ်ချင်ဆုံးဆန္ဒကိုသာ ကောင်းစွာရွေးချယ်ပြီး တိကျ ခိုင်မာသော ရည်မှန်းချက်နှင့် ယုံကြည်ချက်များ တည်ဆောက်၍ လျှောက်လှမ်းနိုင်မှသာ အောင်မြင်တိုးတက်မှုများကိုလည်း ရရှိလာနိုင်ပေလိမ့်မည်ဖြစ်ပါသည်။

, မိမိ၏ရည်မှန်းချက်နှင့် ယုံကြည်ချက်အတိုင်း လျှောက်လှမ်းရာမှ ရရှိလာသော သေးငယ်လှသည့် အောင်မြင်တိုးတက်မှုတိုင်းပင်လျှင် မိမိအတွက် ပျော်ရွှင်ခြင်းအားဖြစ်ပေါ်လာစေပါ၏။ ထိုပျော်ရွှင်မှုသည်သာ မိမိ၏ ကြိုးစား

အားထုတ်မှု၏ရလဒ်ဖြစ်သောကြောင့် ချိုမြိန်သောဆုလာဘ် (သို့မဟုတ်) ပျော်ရွှင်ခြင်းအစစ်အမှန်လည်း ဖြစ်ပါတော့သည်။ ထို့ကြောင့် လူငယ်များအား တိကျ ခိုင်မာသောရည်မှန်းချက်နှင့် ယုံကြည်ချက်များ တည်ဆောက်၍ တစိုက်မတ်မတ် ကြိုးစားခြင်းဖြင့် အောင်မြင်တိုးတက်မှုများအား အရယူနိုင်ကြလိုစေခြင်းလည်း ဖြစ်ပါသည်။

အမှန်တော့ လူငယ်ဘဝတွင် လွတ်လပ်ခြင်းများသည်လည်း အပြည့်အဝ တည်ရှိနေပါ၏။ တစ်နည်းအားဖြင့် အခွင့်အလမ်းများအား လွတ်လပ်စွာ ရွေးချယ်ခွင့်သည် လူငယ်ဘဝတွင်သာ အပြည့်အဝ တည်ရှိနေခြင်းလည်း ဖြစ်ပါသည်။ ထိုလွတ်လပ်ခြင်းကို လူငယ်များအနေဖြင့် ပညာဉာဏ်ဖြင့် အကောင်းဆုံးထိန်းချုပ်နိုင်မှသာ ကောင်းမွန်သည့်အခွင့်အလမ်းများကိုလည်း ဖမ်းဆုပ်နိုင်ပေလိမ့်မည် ဖြစ်ပါသည်။ ပညာဉာဏ်မဲ့သောလွတ်လပ်ခြင်းသည် ပျက်စီးခြင်းကိုသာ ဖြစ်ပေါ်စေပါ၏။ ပညာဉာဏ်ဖြင့် ထိန်းချုပ်နိုင်မှသာ မိမိတို့၏လွတ်လပ်ခြင်းများသည်လည်း ကောင်းမွန်သော အခွင့်အလမ်းများကို ဖြစ်ပေါ်လာပေလိမ့်မည်ဖြစ်ပြီး၊ မိမိတို့၏ဘဝရှင်သန်ခြင်းများလည်း အဓိပ္ပါယ်ပြည့်ဝလာပေလိမ့်မည် ဖြစ်ပါသည်။

လူ့ဘဝရှင်သန်နေစဉ် သက်တမ်းအတွင်းတွင် အနည်းဆုံးတော့ လူတိုင်း အမှားအမှန်ကို ကောင်းစွာဝေဖန်ပိုင်းခြားနိုင်သည့် ပညာဉာဏ်ရှိဖို့တော့ လိုပေသည်။ ထိုပညာဉာဏ်ဖြင့် မိမိတို့အတွက် အောင်မြင်တိုးတက်ခြင်းများအား ရှာဖွေထုဆစ် ပုံဖော်နိုင်ပေ၏။ ပညာဉာဏ်ကင်းမဲ့သောသူများ၏ ဘဝရှင်သန်ခြင်းများသည်လည်း အဓိပ္ပာယ်ကင်းမဲ့နေပါလိမ့်မည်။ ပညာဉာဏ်ရှိခြင်းသည်သာ မိမိအတွက် အောင်မြင်တိုးတက်မှုများကို ရှာဖွေရယူနိုင်သလို၊ ဘဝရှင်သန်ခြင်းများကိုလည်း အဓိပ္ပာယ်ပြည့်ဝနိုင်စေလိမ့်မည် ဖြစ်ပေသည်။ ထို့အတူ မိမိ၏တစ်ကိုယ်ရေစာ အောင်မြင်တိုးတက်မှုတိုင်းသည်လည်း မိမိ၏ပတ်ဝန်းကျင်မှသည် နိုင်ငံနှင့်လူမျိုး၊ ကမ္ဘာလောကကြီး တစ်ခုလုံးအတွက် ကောင်းကျိုးတစ်စုံတစ်ရာအား တစ်ဖက်တစ်လမ်းမှ ပေးစွမ်း၍ နေပြန်ပါသေးသည်။

ဥပမာဆိုရသော် နိုင်ငံ့လက်ရွေးစင်အားကစားသမားတစ်ဦး နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ခုတွင် ကြိုးစားမှုအပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာမှ အရယူဆွတ်ခူးနိုင်လိုက်သည့် ရွှေတံဆိပ်တစ်ခုပင်လျှင် ထိုကစားသမားနှင့်အတူ နိုင်ငံနှင့်လူမျိုးကိုလည်း ဂုဏ်တက်စေနိုင်ပါပေသည်။ ထိုအရာ

သည် ကစားသမား၏ အောင်မြင်တိုးတက်မှုဖြစ်သလို၊ နိုင်ငံနှင့်လူမျိုးအတွက်လည်း အောင်မြင်မှုတစ်စိတ်တစ်ပိုင်းသာ ဖြစ်နေခြင်းကြောင့်ပင်။ ထို့ကြောင့် မိမိ အပါအဝင် နိုင်ငံသားအားလုံးတို့၏ သေးငယ်လှသော အောင်မြင်တိုးတက်ခြင်းတိုင်းကပင်လျှင် နိုင်ငံနှင့်လူမျိုး၏ အောင်မြင်တိုးတက်ခြင်းအား တစ်ဖက်တစ်လမ်းနေ၍ အထောက်အပံ့ပေးနေခြင်းဖြစ်ကြောင်း ဆိုရခြင်းလည်း ဖြစ်ပါ၏။ မည်သည့်နယ်ပယ်တွင်မဆို ထိုနည်းအတိုင်းသာ ဖြစ်ပါ၏။ ထိုအချင်းအရာကို အထူးသဖြင့် လူငယ်များကို သတိပြုမိကြစေလိုပါသည်။

အရေးကြီးသည်က မိမိတွင် တိကျ ခိုင်မာသောရည်မှန်းချက်နှင့် ယုံကြည်ချက်တည်ရှိနေရမည်ဖြစ်ပြီး၊ အပျော်နှင့်အပျက် ရောထွေးနေခြင်းများကို ရှောင့်ရှားနိုင်ခြင်းဖြင့် ထိန်းကျောင်းပြီး တစိုက်မတ်မတ်ကြိုးစားပုံဖော်ထုဆစ်ခြင်းဖြင့် အောင်မြင်တိုးတက်ခြင်းများအား ကိုယ်စီရရှိပိုင်ဆိုင်လာနိုင်အောင် ပုံဖော်ထုဆစ်နိုင်ကြစေလိုခြင်းသာ ဖြစ်ပါသည်။ အောင်မြင်တိုးတက်ခြင်းကို ရရှိပိုင်ဆိုင်ခြင်းသည် မိမိအတွက် ပျော်ရွှင်ခြင်းများကိုသာ ပေးစွမ်းနေပါ၏။ ထိုအရာကို မိမိ၏ဘဝရှင်သန်ခြင်း အဓိပ္ပာယ်ရှိခြင်း၊ ပျော်ရွှင်ခြင်းအစစ်အမှန် ဟုသာ ဆိုရပေလိမ့်မည်။ ထိုမှတစ်ဆင့် ဘဝအတွက် ငြိမ်းချမ်းခြင်းများအား ရရှိပိုင်ဆိုင်လိုကြလျှင်တော့ ပိုမိုမြင့်မားသော ပညာဉာဏ်ဖြင့် တည်ဆောက်ရယူရပေလိမ့်မည်။

စင်စစ် မြင့်မားစစ်မှန်သော ပညာဉာဏ်များ ကိန်းအောင်းနေသည့် နေရာသည် ဘာသာရေးအဆုံးအမများအတွင်းတွင်သာ ဖြစ်ပါ၏။ ကမ္ဘာပေါ်တွင် ဘာသာအမျိုးမျိုး ကွဲပြားစွာ တည်ရှိနေပါ၏။ မည်သို့ပင်ဆိုစေ ဘာသာတရားအားလုံးတို့သည် မေတ္တာတရားကိုသာ အခြေခံထားကြခြင်း ဖြစ်၏။

ထိုမေတ္တာတရားသည်သာ လူသားတို့၏ တစ်ကိုယ်ရေစာဘဝများစွာမှသည် ကမ္ဘာလောကကြီးတစ်ခုလုံးအား ငြိမ်းချမ်းခြင်းအစစ်အမှန်ကို အမှန်တကယ် ဖြစ်ပေါ်စေနိုင်ပါသည်။ လောကလူသားတိုင်း တစ်ဦးနှင့်တစ်ဦး မေတ္တာထားနိုင်ကြပြီး၊ ပတ်ဝန်းကျင်တိုင်းတွင် မေတ္တာစာတ်များသာ လွှမ်းခြုံနေမည်ဆိုလျှင်တော့ လူသားတို့နေထိုင်ရှင်သန်ရာ ကမ္ဘာလောကကြီးကိုလည်း ငြိမ်းချမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်ပေလိမ့်မည်သာ ဖြစ်ပါတော့သည်။

လူသားတစ်ဦးချင်းစီ၏ကုသိုလ်၊ အကုသိုလ်အပြုအမူတိုင်းသည် ကာယကံရှင် တစ်ဦးချင်းစီးမှသည် လောကပတ်ဝန်းကျင်တစ်ခုလုံးအား

အကျိုးသက်ရောက်မှုပေးနေတတ်ခြင်းသာ ဖြစ်ပါတော့သည်။ ဤနေရာတွင် လူငယ်များကိုသာ အထူးသတိပေးလိုခြင်းလည်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူငယ်များသည် နိုင်ငံနှင့်လူမျိုး၏အနာဂတ်များ ဖြစ်နေခြင်းကြောင့်ပင်။ လောကတွင် အမှားအမှန်တရားများသည် ရောယှက်ရှုပ်ထွေးနေပါ၏။ ထို့အတူ လူကြီးများသည်လည်း အမှားအမှန်များ၏ ဝဲဂယက်အကြားတွင် စုန်ဆန်ကူးခတ်နေကြပါ၏။

ထို့အတွက် နိုင်ငံနှင့်လူမျိုး၏အနာဂတ်ဖြစ်သော လူငယ်များအား အမှားအမှန်ကို ကောင်းစွာဝေဖန်ပိုင်းခြားနိုင်သည့် ပညာဉာဏ် ပြည့်ဝကြစေလိုခြင်းဖြစ်ပြီး၊ တိကျခိုင်မာသော ရည်မှန်းချက်နှင့် ယုံကြည်ချက်များ တည်ရှိခြင်းဖြင့်၊ အပျော်နှင့်အပျက် လွတ်လပ်ခြင်းနှင့် ပရမ်းပတာနိုင်ခြင်းများအား ရှောင့်ရဲနိုင်ခြင်းဖြင့် ထိန်းကျောင်း၍ အောင်မြင်တိုးတက်ခြင်းများဆီသို့ မလွဲချော်သောခွဲဖြင့် တစိုက်မတ်မတ် ကြိုးစားလျှောက်လှမ်းနိုင်ကြရန် အထူးလိုအပ်လှပါပေသည်။ အောင်မြင်တိုးတက်ခြင်းများကို ဖမ်းဆုပ်ခွင့်ရမည်ဆိုလျှင်တော့ ပျော်ရွှင်ခြင်းအစစ်အမှန်များလည်း ဖြစ်ပေါ်လာပေလိမ့်မည်သာ ဖြစ်ပါ၏။

မိမိတို့၏တစ်ကိုယ်ရေစာ အောင်မြင်တိုးတက်ခြင်းများမှသည် ကုသိုလ်အမှု၊ အကုသိုလ်အမှုဆောင်ရွက်ချက်တိုင်းသည်ပင်လျှင် နိုင်ငံနှင့်လူမျိုး၏အတွက် တစ်ဖက်တစ်လမ်းမှနေ၍ အကျိုးသက်ရောက်မှု ရှိနေခြင်းကိုလည်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး၏အနာဂတ်၊ ကမ္ဘာလောကကြီး၏ အနာဂတ်ဖြစ်သော လူငယ်တိုင်းအတွက် အထူးသတိပေးဆန္ဒပြု တင်ပြလိုက်ရခြင်းသာဖြစ်ပါတော့သည်။

ခက်ဆစ်လင်း (မြည်)

✣

လူငယ်များနှင့်အနာဂတ်ကမ္ဘာ၊ ဆောင်းပါးပြိုင်ပွဲ
စတုတ္ထဆုရ စာမူ

# ပျောက်ဆုံးနေသူများ

မောင်စိန်ကြိုင်

မကောင်းမြင်စိတ်သည် အမှောင်ဓာတ်လွှမ်းမိုးနေသလိုဖြစ်ကာ
အမှန်မြင်ဖို့ ခက်ခဲလွဲချော်သွားနိုင်သည်။
အကောင်းမြင်စိတ်သည် ယုက်သန်းနေသောကြောင့်
အမှန်အတိုင်း ရှုမြင်တတ်ဖို့ မခက်ခဲ။
လွယ်ကူစွာ ကူးပြောင်းသွားနိုင်သည်။
အကောင်းမြင်ခြင်းကို ...

# ပျောက်ဆုံးနေသူများ

အရက်စွဲ မူးယစ်ဆေးစွဲပြီး လမ်းဘေးရောက် လမ်းပေါ် ရောက်နေကြသည်ကိုမှ ပျောက်ဆုံးနေသည်ဟု ကျွန်တော်တို့က ထင်ကြတယ်။ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးမှန်းမသိ ပျောက်ဆုံးနေကြတာပါ။ အရက်မသောက်ဘဲ ဆေးလိပ်မသောက်ဘဲ ပျောက်ဆုံးနေသူတွေ အများကြီးပါ။

ယခုခေတ်မှာ လူကိုဖျက်တာ အရက်တင် မကတော့ပါဘူး။ လူကိုဖျက်တာ အင်တာနက်ဟုလည်း ဆို၍ရပြီ။ ကျွန်တော်တို့ဖေ့စ်ဘုတ်ပေါ်မှာ ပျောက်ဆုံးနေကြတယ်။ တချို့က ဆက်ဖီဆွဲရင်း ပျောက်ဆုံးနေတယ်။ အင်တာနက်ပေါ်မှာ ဟိုပုံတင်ရင်း ဒီပုံတင်ရင်း ပျောက်ဆုံးနေတယ်။ လိုက်ပေးရင်း၊ ကွန်မန့်ရေးရင်းနဲ့ ပျောက်ဆုံးနေကြတယ်။ တချို့ကတော့ ဟိုဟာပုံတွေ ဆွဲကြည့်ရင်း။ ဟိုဟာကားတွေ ဒေါင်းကြည့်ရင်း ပျောက်ဆုံးနေကြတယ်။ တချို့တွေက တစ်ယောက်နဲ့တစ်ယောက်ချက်ရင်း ကျူရင်း ပျောက်ဆုံးနေတယ်။ ဘာမဟုတ်လည်း ဟိုင်းတယ်။ အွန်လိုင်းပေါ် အမြဲလိုရှိတယ်။ ညဉ့်နက်ထိ လိုင်းပေါ်မှာ ရှိတယ်။

လူက အိပ်ပျော်နေပြီ။ အွန်လိုင်းက မအိပ်သေး။ မနက်ရောက်တော့ အိပ်ယာမှမထသေး။ လူက လိုင်းပေါ်ရောက်နေပြန်သည်။ အမြဲ အွန်လိုင်းပေါ်။ နောက်တစ်ခုကတက်လာတဲ့ ပေ့ချ်တိုင်းကို တရားဝင်ဟုတ်ဟုတ်။ မဟုတ်ဟုတ်။ အကျိုးရှိရှိမရှိရှိ။ သူ follow လုပ်ရင်းပဲ ပျောက်ဆုံးနေတယ်။

တချို့ကတော့ မနားတမ်း ဂိမ်းဆော့ရင်း ပျောက်ဆုံးကြတယ်။ ထမင်းမေ့ဟင်းမေ့ ဆော့တယ်။ ညဉ့်နက်သန်းခေါင်ထိ ဆော့တယ်။ မိဘနိုင်းတာတောင် ကူလုပ်မပေးနိုင်အောင်ကို ပျောက်ဆုံးသွားတာပါ။ အပြင်က

မိတ်ဆွေစစ်တွေ လှမ်းနှုတ်ဆက်တာတောင် ကိုယ်ပြန်မပြောနိုင်လောက်အောင်ကို ဟန်းဖုန်းမှာ ပျောက်ဆုံးနေတာပါ။ သူငယ်ချင်းတွေနဲ့ ဆိုင်ထိုင်တဲ့အခါမှာပင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆိုင်ဖြစ်ကြ။

မျက်နှာတွေက ဟန်းဖုန်းတွေပေါ်မှာ ရောက်နေကြတယ်။ တစ်ခါတလေ အတူသာထိုင်နေကြတာ။ စကားတစ်ခွန်းတောင် မပြောနိုင်ကြ။ကိုယ့်အနားရှိတဲ့ လူကိုတောင် သတိမထားမိဘဲ ဟိုင်းလိုဟိုင်း။ ဖုန်းခေါ်လိုခေါ်။ အဲလောက်ထိကို ပျောက်ဆုံးနေကြတာပါ။ စိတ်ဖိစီးမှုများပြီး ဖုန်းကြောင်ရူးများရူးသွားမလား မသိ။

စဉ်းစားကြည့်ကြစမ်းပါ။

၁။ အလုပ်အတွက် ဖုန်းကိုင်သူ ဘယ်နှယောက်များ ရှိမလဲ။

၂။ ဝါသနာအတွက် အင်တာနက်သုံးသူဘယ်နှယောက်များရှိမလဲ။

၃။ ဗဟုသုတအတွက် အင်တာနက်သုံးသူ ဘယ်နှယောက်များရှိမလဲ။

၄။ စည်းကမ်းတကျ အင်တာနက်သုံးသူ ဘယ်နှယောက်များရှိမလဲ။

၅။ အကျိုးရှိရှိ ဖုန်းအသုံးပြုသူ ဘယ်နှယောက်များရှိမလဲ။

အင်တာနက် စနစ်တကျမသုံးခဲ့လျှင်တော့ ဆုတ်ယုတ်ဖို့သာ ရှိတယ်။ ကျွန်တော်တို့ရဲ့အိပ်ချိန်ကို အင်တာနက်ကပဲ ဖွဲယူသွားမယ်။ ဂိမ်းကိုလည်း အချိန်သတ်မှတ်မဆော့ခဲ့လျှင် အိပ်ရေးပျက်ရုံ၊ ဖုန်းနာရုံသာ။

ကျွန်တော်တို့ဟာ ဟန်းဖုန်းတစ်လုံးဖြင့် မသိမသာ ပျောက်ဆုံးနေတတ်ပါတယ်။ မသိမသာ ပျောက်ဆုံးနေတာကို မသိမသာပဲ နေနေမယ်ဆိုလျှင် ဘဝဟာလည်း မသိမသာပဲ ရှိနေပါဦးမည်။ သာမန်ဘဝနှင့်ပဲ အဆင့်မတက်ဘဲ ရှိနေဦးမည်သာ။

လူတချို့က ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားရင်းပျောက်ဆုံးနေတယ်။ လည်ရင်းပတ်ရင်းနဲ့လည်း ပျောက်ဆုံးနေတယ်။ ဘုရားဖူးဖို့ မဟုတ်ဘဲ ဘုရားနားက ဆိုင်မှာထိုင်ဖို့အတွက် ဘုရားတွေကိုသွားရင်း လူစည်ကားတဲ့နေရာတွေကို လျှောက်သွားရင်း ပျောက်ဆုံးနေကြတယ်။ မြို့ထဲကဆိုင်တွေမှာ လျှောက်ထိုင်ရင်း ပျော်ရင်းပါးရင်း ပျောက်ဆုံးနေကြတယ်။ လက်ဖက်ရည်ဆိုင်နဲ့ အအေးဆိုင်လည်း သူတို့ရောက်တယ်။ မာလာဟင်းဆိုင်မှာ သူတို့ရှိတယ်။ မုန့်ဟင်းခါးဆိုင်မှာလည်း သူတို့ရှိတယ်။အကြော်

ဆိုင်မှာ သူတို့ထိုင်တယ်။ တကယ်တော့ ကော်ဖီဗွီ၊ ကလပ်တွေတက် မာဆတ် သွားမှ ပျောက်ဆုံးနေတာ မဟုတ်ပါဘူး။ အရာတိုင်းမှာ စည်းကမ်းနဲ့ သွားပါ။ ကျွန်တော်တို့က ဆေးသောက်ကွမ်းစားမှ ပျက်ဆီးနေတယ်။ပျောက်ဆုံး နေတယ်လို့ ထင်နေကြတာ။ ဘယ်အရာပဲဖြစ်ဖြစ် စည်းကမ်းနဲ့ မသွားရင် ပျောက်ဆုံးနေဦးမှာပါ။

လူငယ်တချို့က အချစ်မှာ ပျောက်ဆုံးနေတယ်။ ကောင်မလေး တစ်ယောက်ကို လိုက်ပြောတယ်။ ကိုယ့်ကိုမကြိုက်ပါဘူးဆိုမှ ရုပ်ရှင်ကား ထဲကလို အတင်းလိုက်ပြောတယ်။ အတင်းလိုက်ပြောတော့ ကောင်မလေးက သည်းမခံနိုင်သဖြင့် ပါးရိုက်လိုက်တယ်။ ပါးရိုက်တော့ ကောင်လေး အသည်း ကွဲတယ်။ အသည်းကွဲတော့ ပျောက်ဆုံးတယ်။ ပျောက်ဆုံးတော့ အချိန်ကုန် လူပင်ပန်းတယ်။ အချိန်ကုန် လူပင်ပန်းတော့ ဘဝက ဆုတ်ယုတ်သွားတယ်။ အောင်မြင်ဖို့အတွက် နောက်ကျသွားမယ်။ ကိုယ်ဝါသနာပါရာကိုတောင် မလုပ်ဖြစ်ဘဲ အချစ်မှာ ဝေဝါးရင်း ပျောက်ဆုံးနေကြပါတယ်။ လူငယ်ဘဝ ကတည်းက အောင်မြင်ရမှာကို အတော်များများ ပျောက်ဆုံးနေကြတယ်။ ကျရှုံးနေတယ်။

ဝါသနာတွေ ပျောက်ဆုံးတယ်။ ရည်ရွယ်ချက်တွေ ပျောက်ဆုံး နေတယ်။ မိမိဝါသနာကို သိရုံသိပြီး ရည်ရွယ်ချက်ကို သိရုံသိပြီး နေ့စဉ် မလုပ်ဖြစ်ဘဲ ပျောက်နေတတ်ကြတယ်။ အပေါင်းအဖော်မှာ မက်မောပြီး ပျော်ရင်းပါးရင်း အောင်မြင်ရေးအတွက် မေ့လျော့ကာ ပျောက်နေတတ် ကြတယ်။

လူတကာလုပ်ပြတာတွေကို အားကျရုံကျပြီး ကိုယ်ကဘာမှမလုပ်ဘဲ ပျောက်နေတယ်။ 'ဟာ ဟုတ်တော့ဟုတ်ရဲ့လား။ သူတို့နိုင်ငံခြားတော့ ချမ်းပဲ ချမ်းသာလွန်းတယ်။ နိုင်ငံခြားသားတွေ တော်ပဲတော်လွန်းတယ်'စသဖြင့်။

တချို့ ဟိုလူလုပ်တာလည်းလိုက်လုပ်၊ ဒီလူလုပ်တာလည်း လိုက် လုပ်ရင်း ကိုယ့်အလုပ်ကိုမလုပ်ဘဲ ပျောက်နေကြတယ်။ ကျွန်တော်တို့ ဝေဝါးရင်း ပျောက်နေတတ်ကြပြန်တယ်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ ဘာ ဝါသနာပါမှန်း မသိ။ ဘာလုပ်သင့်တယ်ဆိုတာမသိ ဖြစ်နေကြတယ်။ အဲဒီတော့ ဘာမှမလုပ်ဘဲ လမ်းပျောက်နေကြတယ်။

**လုပ်ချင်တာတွေ လုပ်ခွင့်မရဘူးဆိုတဲ့လူတွေ ရှိတယ်။ အကြောင်းပြ ပျင်းနေတဲ့လူမျိုးပါ။ လုပ်ခွင့်ပေးတဲ့အခါ၊ လုပ်ခွင့်ရတဲ့အခါမှာလည်း မလုပ်**

**ဖြစ်ကြ။ အဆောင်သင့်မဖြစ်ကြဘဲ လမ်းပျောက်နေကြပြန်တယ်။** လမ်းပျောက်သဖြင့် လမ်းမလျှောက်ချင်ကြတော့ဘူး။ လမ်းမလျှောက်တော့ ဘယ်ဆီမှ မရောက်တော့ဘဲ ပျောက်ဆုံးပဲနေကြတယ်။

တစ်လုံး၊ နှစ်လုံး၊ သုံးလုံးလောင်းကစားလုပ်ရင်းလည်း ပျောက်နေကြတယ်။ ဘောလုံးပွဲလာမည်ဆိုပါက လက်ဖက်ရည်ဆိုင်တိုင်းတွင် ပျောက်ဆုံးနေသူများနှင့် ပြည့်ကျပ်သွားသည်။ ဘောလုံးပွဲကြည့်တာ လက်ခုပ်တီး အားပေးရုံမဟုတ်ဘဲ ငွေကြေးပုံပြီး လောင်းကြတယ်။ ဘောလုံးပွဲကြည့်သလိုသာ စာကြည့်တိုက်တွေမှာ စာကြည့်ရင် ကျွန်တော်တို့လူငယ်တွေ ဘယ်လောက် ကောင်းမလဲ။ ရှိုးပွဲသွားသလိုသာ စာပေဟောပြောပွဲတွေ သွားရင်လည်း ဘယ်လောက် ကောင်းလိုက်မလဲ။

မတော်တဆပေါက်တဲ့ချဲကို လိုမ့်ထိုးရင်း ပျောက်ဆုံးနေကြပြန်တယ်။ ငွေတွေ၊ တန်ဖိုးရှိတဲ့အချိန်တွေ။ ချဲထွက်မည့်နေ့ဆိုလျှင် ပိုက်ဆံရတဲ့ အလုပ်ကိုတောင် ဖြတ်ပြီးစောင့်နားထောင်တယ်။

ကျွန်တော်တို့ တစ်ခုခုမှာ ကြိုးစားမှုတွေ၊ ဇွဲတွေ၊ စိတ်ရှည် သည်းခံမှုတွေ ပျောက်ဆုံးနေကြတယ်။ အဲဒါကြောင့် အောင်မြင်မှုတွေ ပျောက်နေကြတယ်။ လူတိုင်း ပျောက်ဆုံးဖူးတယ်။ အနည်းအများ။ ဒါပေမဲ့ ပျောက်ဆုံးရင်း ဓာတ်လမ်းသိမ်းမသွားပါစေနဲ့။ အရှုပ်ကိုရှင်းပါ။ အလုပ်ကို လုပ်ပါ။ ခံစားတာ ထားခဲ့ပါ။ ဝေဝါးတာကို ပြတ်သားစွာ ဆုံးဖြတ်ပါ။ ပျောက်ဆုံးခြင်းနေ့ရက်များမှ ရှာတွေ့ခြင်းနေ့ရက်များဆီ ဦးတည်သွားပါ။

ပျောက်ဆုံးနေသူများ ရှာတွေ့နိုင်ပါစေ။ ဘဝမှာ စည်းကမ်းရှိပြီး အလုပ်မှာ စိတ်ရှည်နိုင်ကြပါစေသလို့။

မောင်စိန်ကြိုင်
(ဒုတိယနှစ်၊ မြန်မာစာ၊ ပခုက္ကူတက္ကသိုလ်)

✣